မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

■ ၁၃၇၇ ခုနှစ်၊ ပြာသိုလဆန်း ၁၃ ရက် ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီ ၂၂ ရက်၊ သောကြာနေ့၊ အတွဲ [၅၅]၊ အမှတ် [၁၁၄]

မြတ်ဗုဒ္ဓ၏တန်ခိုးကြီးမား အသိပေးတရား

အပ္ပမာဒေန သမ္ပာဒေထ

မမေ့မလျော့ မပေါ့မတန် အစဉ်သဖြင့် သတိတရားဖြင့် နေကြလော့။ "သတ္တဝါအများ အိုချစ်သားတို့။ ကာ၊ စိတ်၊ ဥတု၊ အာဟာရ တည်းဟူသော အကြောင်းတရားလေးပါးတို့ ပြုပြင်သမျှ စီရင်သမျှခံနေကြရကုန်သော ရုပ်နာမ်နှစ်ပါး၊ သင်္ခါရတရားတို့သည် ဖြစ်လျှင်ပျက်သောသဘော ရှိကုန်၏။ မြဲမြံသောသတိဖြင့် သီလ၊ သမာဓိ၊ ပညာတရားတို့ကို ပြည့်စုံတိုးပွားအောင် အားထုတ်ရစ်ကုန်လော့။" (ဒီဃနိကာယ်မဟာဝဂ္ဂပါဠိ-၁၂၈။)

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး

ပြည်သူများအတွက် ဆောင်ရွက်သည့် စီမံကိန်း လုပ်ငန်းစဉ်များသည် ပြည်သူများ ပါဝင် ဆောင်ရွက်မှအောင်မြင်မည်ဖြစ်

စာမျက်နှာ-၇

မြတ်စွာဘုရားရှင်၏ အရိုးဓာတ်တော် သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်သို့ ကြွချီလာ၊ မန္တလေး၊ နေပြည်တော်နှင့် ရန်ကုန်မြို့အပါအဝင် မြို့ကြီးများသို့ ဒေသစာရီကြွချီမည်

စာမျက်နှာ-၁၀

ယနေ့ ဖတ်စရာ

ကမ္ဘာ့ရေနံဈေး သိသိသာသာကျဆင်း တစ်စည် ၂၇ ဒေါ်လာ အောက်အထိ ရောက်ရှိ

စာ ၄

လှိုင်သာယာမြို့နယ် အတွင်း ပြည်သူ့ဘဝ လုံခြုံရေးကို ထိပါး နှောင့်ယှက်သူများ အား အရေးယူ

စာ ၁၃

မိန်းမလှကျွန်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၌ မိကျောင်းအကောင်ရေ ၁၁၀ ကျော်ရှိ

နေပြည်တော် ဇန်နဝါရီ ၂၁

ဧရာဝတီတိုင်းဒေသကြီးအတွင်း မိန်းမလှကျွန်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောအတွင်း ၂၀၁၅ ခုနှစ်က မိကျောင်းစာရင်း နှစ်ကြိမ် ကောက်ယူခဲ့ရာ စုစုပေါင်းအကောင်ရေ ၁၁၀ ကျော်ရှိခဲ့ကြောင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၏ ကောက်ယူသောစာရင်းများအရ သိရသည်။

မိန်းမလှကျွန်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောမှဝန်ထမ်း ၁၁ ဦးတို့က အဖွဲ့နှစ်ဖွဲ့ခွဲပြီး ၁၆-၁၀-၂၀၁၅ ရက် မှ ၂၁-၁၀-၂၀၁၅ ရက်အထိ ခြောက်ရက်ကြာ သတ်မှတ်ချောင်းများအတွင်း တစ်ပြိုင်တည်း

စာမျက်နှာ ၁၁ ကော်လံ ၅ ❍

မိကျောင်း အကောင်ရေ ၁၁၀ ကျော်ရှိသည့် မိန်းမလှကျွန်း တောရိုင်းတိရစ္ဆာန် ဘေးမဲ့တောကို တွေ့ရစဉ်။

ကျေးရွာ ၄၃ ရွာသို့ လျှပ်စစ်ဓာတ်အားလုံလောက်စွာ ဖြန့်ဖြူးပေးမည့် ထရန်စဖော်မာတပ်ဆင်

မော်လူး ဇန်နဝါရီ ၂၁

ကျေးရွာပေါင်း ၄၃ ရွာသို့ လျှပ်စစ်ဓာတ်အား လုံလောက်စွာ ဖြန့်ဖြူးပေးဝေနိုင်မည့် ၃၃ ကေဗွီ၊ ၅ အမ်ဗွီအေ ထရန်စဖော်မာအသစ် တစ်လုံးတပ်ဆင်ခြင်းလုပ်ငန်းကို စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် မော်လူးဒေသ လျှပ်စစ်ဓာတ်အားခွဲရုံ၌ ဆောင်ရွက်လျက်ရှိသည်။ **(ယာပုံ)**

မော်လူးဒေသသည် ကျေးရွာအုပ်စု ၁၀ စု၊ ကျေးရွာပေါင်း ၄၃ ရွာ ရှိပြီး ကျေးလက်ဒေသများတွင် လူဦးရေ ထူထပ်ပေါများလာသည့်အလျောက် တစ်နိုင်တစ်ပိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းများ၊ ကားဝပ်ရှော့၊ ဆိုင်ကယ်ဝပ်ရှော့လုပ်ငန်းများတွင် အခြေခံကျသည့် လျှပ်စစ်မှာ မရှိမဖြစ် အရေးပါသောကြောင့် ဒေသတွင်း လျှပ်စစ်ဓာတ်အားလုံလောက်စွာ ဖြန့်ဖြူးနိုင်ရန် ဆောင်ရွက်လျက်ရှိသည်။ ထိုသို့ဆောင်ရွက်ရာတွင် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု

စာမျက်နှာ ၇ ကော်လံ ၁ ✻

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

အိမ်ရာလှုပ မြို့ပြဖွံ့ဖြိုး

လွန်ခဲ့သောတစ်နှစ်၊ နှစ်နှစ်အတွင်း ရန်ကုန်မြို့အပါအဝင် မြို့ကြီးများ၌မြို့ပြအလှအပကို ထင်ဟပ်ဖော်ပြသည့် အိမ်ရာသစ်စီမံကိန်းများ အကောင်အထည်ဖော်တည်ဆောက်လျက်ရှိပါသည်။ တစ်ချိန်တည်းမှာပင် အထပ်မြင့်နှင့် ဟိုတယ်စီမံကိန်းများလည်း အရှိန်အဟုန်မြှင့်တင် တည်ဆောက်လျက်ရှိပါသည်။ ဤသို့အိမ်ရာသစ်များနှင့် ဗိသုကာလက်ရာမြောက်သော စီမံကိန်းအဆောက်အအုံကြီးများ၊ အထပ်မြင့်တိုက်တာအဆောက်အအုံများပေါ်ပေါက်လာခြင်းသည် မြို့ပြ၏ဖွံ့ဖြိုးမှုသာမက နိုင်ငံနှင့်လူမျိုးတို့၏ ဂုဏ်ကျက်သရေကိုပါ တိုးပွားစေနိုင်ပါသည်။

မြို့ကြီးပြကြီးများတွင် အထပ်မြင့်နှင့်မိုးမျှော်တိုက်များ တိုးပွားလာခြင်းသည် နိုင်ငံ၏စီးပွားရေး ဖွံ့ဖြိုးလာမှုကို ထင်ဟပ်ဖော်ပြနေပါသည်။ လူစည်ကားရာမြို့ကြီးများနှင့် ဆိပ်ကမ်းမြို့ကြီးများ၌ နိုင်ငံတကာအဆင့်မီ အထပ်မြင့်အဆောက်အအုံများ၊ မိုးပျံတိုက်တာများ ပေါ်ပေါက်လာအောင် စနစ်တကျ အကောင်အထည်ဖော်ဆောင်ရွက်သွားရန် လိုအပ်လျက်ရှိပါသည်။ မကြာသေးမီက အထပ်မြင့်အဆောက်အအုံများ ဆောက်လုပ်ရာတွင် စည်းကမ်းလိုက်နာမှုအားနည်းနေသည့်အတွက် သတိပေးတားမြစ်မှုများ ကြားသိရသည်။ အကောင်အထည်ဖော်ဆောင်ရွက်နေသည့် **Developer** များအနေဖြင့်လည်း မိမိတို့အဆောက်အအုံစံချိန်စံညွှန်းပြည့်မီရေး၊ နိုင်ငံတကာအဆင့်မီ ဗိသုကာလက်ရာမြောက်စွာ တည်ဆောက်ရန်လိုအပ်ပါသည်။ အခြားတစ်ဖက်တွင်လည်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီကဲ့သို့ တာဝန်ရှိသည့်အဖွဲ့အစည်းများကလည်း ဖြေလျှော့နိုင်သည်များကို ဖြေလျှော့ပြီး မြို့ပြအတွင်းခေတ်မီအဆောက် အအုံများတိုးပွားလာရေးကို အလေးပေးဆောင်ရွက်သွားသင့် ပါသည်။

ယခုအခါ မြန်မာနိုင်ငံ၏အာဆီယံအဖွဲ့ဝင်နိုင်ငံများဖြစ်သော ထိုင်း၊ မလေးရှား၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်၊ ဗီယက်နမ်နိုင်ငံတို့ရှိ မြို့တော်နှင့် မြို့ကြီးများတွင် မိုးပျံတိုက်တာများ အစီအရီပေါ်ထွက်လာလျက် ရှိပါသည်။ ကျွန်ုပ်တို့မြန်မာနိုင်ငံတွင်လည်း ရန်ကုန်နှင့်မန္တလေးမြို့ကြီးများ၌ ကမ္ဘာလှည့်ခရီးသွားများအား ဆွဲဆောင်မှုရှိသော မိုးမျှော်တိုက်တာများ၊ ဗိသုကာလက်ရာမြောက်သော အထပ်မြင့်အဆောက်အအုံများ အကောင်အထည်ဖော်တည်ဆောက်သွားနိုင်မည်ဖြစ်ပါသည်။ ယခုအခါ အိမ်ရာဖွံ့ဖြိုးရေးဆုများကို အရှေ့တောင်အာရှနိုင်ငံအများစုတွင် ထုတ်ပြန်ကြေညာပေးလျက်ရှိပါသည်။ ဤသည်မှာ မြို့ပြများ စနစ်တကျဖွံ့ဖြိုးလာရေးကို တွန်းအားပေးလျက်ရှိပါသည်။

သို့ဖြစ်၍ မြို့ပြများဖွံ့ဖြိုးလာခြင်းသည် အဘက်ဘက်မှ လူမှုဘဝမြင့်မားတိုးတက်ရေးကို အထောက်အကူပြုနိုင်သည်ဖြစ်၍ မြို့ပြ၏အခြေခံလမ်းများကောင်းမွန်တိုးတက်ရေးအပြင် အခြားသော မိုးမျှော်အထပ်မြင့်အဆောက်အအုံများနှင့် မိုတယ်စီမံကိန်းများ၊ လူနေအိမ်များအရှိန်အဟုန်ဖြင့် ပေါ်ပေါက်လာရေးကို ဖြေလျှော့မှုများဖြင့် တွန်းအားပေးလုပ်ဆောင်သွားသင့်ပြီဖြစ်ပါကြောင်း။ ။

မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

စာတည်းမှူးချုပ်	-	အောင်နိုင်ဦး
စာတည်းမှူး	-	ဝင်းရွှေ
စာတည်း	-	ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်
သတင်းထောက်မှူး	-	မြင့်ဆွေ
ထုတ်ဝေခြင်းအမှတ်	-	(၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ်	-	(၀၀၈၇၇)
ကြော်ငြာ	-	၀၁-၅၄၅၈၃၄ ၊ ၀၁- ၅၅၉၁၁၈ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈
ဖြန့်ချိ	-	၀၁-၅၄၄၃၁၇၊ Fax- ၀၁-၈၆၀၄၅၄၆

ပဲခူးတိုင်းဒေသကြီး လွှတ်တော်အဆောက်အအုံသစ် ဖွင့်ပွဲအခမ်းအနားကျင်းပ

ပဲခူး ဇန်နဝါရီ ၂၁

ပဲခူးတိုင်းဒေသကြီး လွှတ်တော်အဆောက်အအုံသစ်ကို ဇန်နဝါရီ ၂၁ ရက်က ရန်ကုန်-မန္တလေးကားလမ်းမဘေးရှိ ပဲခူးတိုင်းဒေသကြီး လွှတ်တော်အဆောက်အအုံ၌ ဖွင့်လှစ်ခဲ့သည်။

အဆိုပါ အခမ်းအနားတွင် ဝန်ကြီးချုပ်ဦးညဏ်ဝင်း၊ လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းတင်နှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။ ဆက်လက်၍ ဝန်ကြီးချုပ်နှင့် လွှတ်တော်ဥက္ကဋ္ဌတို့က လွှတ်တော်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးခဲ့ပြီး လွှတ်တော်အဆောက်အအုံကို လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။

သန့်စင်(ပဲခူး)

အုတ်ဖုတ်လုပ်ငန်းများကြောင့် စားကျက်မြေများ ပျောက်ကွယ်လာနိုင်

ထင်သာမြင်သာပြုပြင်စရာ

မွန်ပြည်နယ် သထုံမြို့နယ် သုဝဏ္ဏဝတီမြို့ သိမ်ဆိပ်ဘူတာနှင့်အနီးတစ်ဝိုက် ရထားလမ်းဘေး စားကျက်မြေများနှင့် စပါးစိုက်ပျိုးသည့် လယ်ကွင်းများပေါ်တွင် အုတ်ဖုတ်လုပ်ငန်း လိုင်စင်ရရှိထားသူ အုတ်လုပ်ငန်းရှင်များ ဝင်ရောက်လုပ်ကိုင်နေကြသည်။ အချို့ အုတ်လုပ်ငန်းရှင်များသည် စပါးစိုက်လယ်ဧက ၃၀ ခန့်ကို ဝယ်ယူ၍ လယ်မြေများအတွင်း အုတ်ဖုတ် လုပ်ငန်းများ လုပ်ကိုင်နေကြသည်။

"စားကျက်မြေ လယ်မြေတွေပေါ်မှာ လုပ်ကိုင်ကြတာ မကောင်းဘူး။ အနီးအနားက လယ်မြေတွေ ပျက်စီးတယ်။ ချိုင့်တွေ၊ ကျင်းတွေဖြစ်ပြီး လမ်းတွေပျက်တယ်။ တချို့အုတ်ဖိုတွေဆိုရင် မဟာဓာတ်အားလိုင်းကြိုးအောက်မှာ လုပ်နေကြတော့ အလွန်အန္တရာယ်ရှိတယ်။ ဒါ့အပြင် အုတ်ကားတွေ၊ ထင်းကားတွေက တရားမဝင်ဖောက်ထားတဲ့ လမ်းတွေက ရထားလမ်းကို ဖြတ်ကျော်တဲ့အတွက် အန္တရာယ်များတဲ့အပြင် မြို့အင်္ဂါရပ်နဲ့လည်း မညီဘူး။ အုတ်လုပ်ငန်းအတွက်လိုအပ်တဲ့ ထင်းတွေထုတ်ယူ အသုံးပြုတဲ့အတွက် သစ်တောတွေပြုန်းလာတယ်"ဟု ဒေသခံတစ်ဦးက ပြောသည် ။

အုတ်လုပ်ငန်းရာသီမှာ နိုဝင်ဘာလမှ မေလအထိ ၂၅ ကြိမ်ခန့် အုတ်ဖုတ်ကြသည်။ ယင်းနေရာ အနီးတစ်ဝိုက်၌ အုတ်ဖို ၁၀ ဖိုရှိကြောင်း သိရသည်။

အဆိုပါ အုတ်ဖုတ်လုပ်ငန်းရှင်များသည် မြို့နယ်မှတရားဝင်ခွင့်ပြုမိန့်ရရှိထားသူများရှိသလို နားလည်မှုများနှင့်လုပ်ကိုင်နေသောသူများ ရှိနေကြောင်း

ဒေသခံပြည်သူများက ပြောဆိုနေကြပြီး အုတ်ထုတ်လုပ်မှုသည် လယ်ယာမြေ စားကျက်မြေများ ပျက်စီးပျောက်ကွယ်စေပြီး သစ်တောများ ပြုန်းတီးမှုများကြောင့် ပတ်ဝန်းကျင်အခြေအနေများတွင် ပျက်စီးနိုင်သဖြင့် ဒေသခံပြည်သူများက အုတ်ဖုတ်လုပ်ငန်းများကို စစ်ဆေးဆောင်ရွက်ပေးရန် လိုလားနေကြကြောင်း သိရသည်။

ခွန်(ဝင်းပ)

စာဖတ်ရှိန်မြင့်မားရေး ပွဲတော်ကျင်းပ

လှိုင်းဘွဲ့ ဇန်နဝါရီ ၂၁

ကရင်ပြည်နယ် ဘားအံခရိုင် လှိုင်းဘွဲ့မြို့နယ်တွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်းနှင့်ပညာရေးဌာနတို့ ပူးပေါင်း၍ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြင့်မားရေးပွဲတော်ကို အထက(လှိုင်းဘွဲ့)၌ ဇန်နဝါရီလ နောက်ဆုံးပတ်တွင်ကျင်းပသွားမည်ဖြစ်ပြီး စာပေဟောပြောပွဲများ၊ အထက်တန်းနှင့် အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲများ၊ အထက်တန်းအဆင့်ကျပန်းစကားပြောပြိုင်ပွဲ၊ မူလတန်းအဆင့်ကဗျာရွတ်ဆိုပြိုင်ပွဲများကို စည်ကားသိုက်မြိုက်စွာကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၂၁-၁-၂၀၁၆

ရွှေဈေးနှုန်း(အောင်သမာဓိ)

ရန်ကုန်	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၇၆၂၀၀၀
ရန်ကုန်	၁၅ ပဲရည်	တစ်ကျပ်သား	ကျပ် ၇၁၇၂၀၀
မန္တလေး	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၇၆၂၀၀၀

စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး)

ရန်ကုန်

ဒီဇယ်	၅၀၀	ကျပ်
အောက်တိန်း ၉၂	၅၅၀	ကျပ်
အောက်တိန်း ၉၅	၆၅၀-၆၆၀	ကျပ်
ပရီမီယံဒီဇယ်	၅၄၀-၅၆၀	ကျပ်

စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး)

မန္တလေး

ဒီဇယ်	၅၅၀-၅၈၀	ကျပ်
အောက်တိန်း ၉၂	၆၁၀-၆၄၀	ကျပ်
အောက်တိန်း ၉၅	၇၂၀-၈၀၀	ကျပ်
ပရီမီယံဒီဇယ်	၆၂၀-၆၄၀	ကျပ်

သားငါးနှင့် ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)

၁။ ငါးကြင်း	တစ်ပိဿာ	၄၅၀၀	- ၆၀၀၀
၂။ ငါးမြစ်ချင်း	တစ်ပိဿာ	၃၅၀၀	- ၅၀၀၀
၃။ ငါးရံ့	တစ်ပိဿာ	၆၀၀၀	- ၈၀၀၀
၄။ ငါးဖယ်	တစ်ပိဿာ	၆၅၀၀	- ၁၂၀၀၀
၅။ ပုစွန် (ကျော့)	တစ်ပိဿာ	၇၀၀၀	- ၁၀၀၀၀
၆။ ပုစွန်တုပ်	တစ်ပိဿာ	၁၀၀၀၀	- ၂၇၀၀၀
၇။ ငါးသလောက်	တစ်ပိဿာ	၁၀၀၀၀	- ၁၈၀၀၀
၈။ ကြက်	တစ်ပိဿာ	၅၀၀၀	- ၁၂၀၀၀
၉။ ဝက်	တစ်ပိဿာ	၅၀၀၀	- ၉၀၀၀
၁၀။ အမဲ	တစ်ပိဿာ	၇၀၀၀	- ၉၀၀၀
၁၁။ ဆိတ်	တစ်ပိဿာ	၁၃၀၀၀	- ၁၇၀၀၀
၁၂။ ဘဲ	တစ်ပိဿာ	၆၀၀၀	- ၁၃၀၀၀

နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)

အမေရိကန်	တစ်ဒေါ်လာ	၁၃၁၁.၀
ဥရောပ	တစ်ယူရို	၁၄၃၈.၄
စင်ကာပူ	တစ်ဒေါ်လာ	၉၃၂.၆၀
ထိုင်း	တစ်ဘတ်	၃၆.၁၈၇
အိန္ဒိယ	တစ်ရူပီး	၁၉.၈၅၆
တရုတ်	တစ်ယွမ်	၂၀၂.၄၃
မလေးရှား	တစ်ရင်းဂစ်	၃၀၄.၃၉

ခင်ရတနာ-စုစည်းသည်။

အပြည်ပြည်ဆိုင်ရာကမ္ဘာ့ဗုဒ္ဓစာကြည့်တိုက် ရတနာပန္နက်တော်တင်၊ တွင်းတော်ဝန်းမဟာမင်္ဂလာနှင့် အလှူတော်ငွေပေးအပ်

နေပြည်တော် ဇန်နဝါရီ ၂၁

နေပြည်တော် ပုဗ္ဗသီရိမြို့နယ် သတ္တဌာနသာသနာ့နယ်မြေ၌ တည်ဆောက်မည့် အပြည်ပြည်ဆိုင်ရာ ကမ္ဘာ့ဗုဒ္ဓစာကြည့်တိုက် ရတနာပန္နက်တော်တင်၊ တွင်းတော်ဝန်းမဟာမင်္ဂလာအခမ်းအနားနှင့် အလှူတော်ငွေပေးအပ်ပွဲ အခမ်းအနားကို ယနေ့နံနက် ၇ နာရီတွင် အဆိုပါ သာသနာ့နယ်မြေ၌ ကျင်းပရာ နေပြည်တော် သံဃမဟာနာယက အဖွဲ့ဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တပညာသာမိအမှူးပြုသော ဆရာတော်များ ကြွရောက်ချီးမြှင့်တော်မူကြသည်။ **(ယာပုံ)**

အခမ်းအနားတွင် ဧည့်ပရိသတ်များက နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဒွိပိဋကရေ မဟာဝိသုဒ္ဓါရုံ (ပါဠိတက္ကသိုလ်) ရွှေကျင်တိုက်သစ်တိုက်အုပ်ဆရာတော် ဘဒ္ဒန္တသိရီ ကဥ္စနာဘိဝံသထံမှ ကိုးပါးသီလခံယူ ဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်များ ပရိတ်တရားတော် ရွတ်ပွားမှုကိုနာယူကြကာ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ပြည်တွင်းပြည်ပ ကုမ္ပဏီများနှင့် စေတနာရှင်အလှူ

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၏ဇနီး ဒေါ်နန်းရွှေမွန် အပြည်ပြည်ဆိုင်ရာ ကမ္ဘာ့ဗုဒ္ဓစာကြည့်တိုက်အတွက် အလှူရှင်များ လှူဒါန်းသည့် အလှူငွေများ လက်ခံစဉ်။

အရှင်များက လှူဒါန်းသည့် အပြည်ပြည်ဆိုင်ရာ ကမ္ဘာ့ဗုဒ္ဓစာကြည့်တိုက်အတွက် အလှူငွေများကို ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်း၏ဇနီး ဒေါ်နန်းရွှေမွန်၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ပူးတွဲတာဝန်ကာကွယ်ရေး ဦးစီးချုပ်လေ ဗိုလ်ချုပ်ကြီး ခင်အောင်မြင့်နှင့် ပြည်ထောင်စုဝန်ကြီးများက လက်ခံကြသည်။

ဆက်လက်၍ ကမ္ဘာ့ဗုဒ္ဓစာကြည့်တိုက် ရတနာပန္နက်တော်တင်နှင့် တွင်းတော်ဝန်း မဟာမင်္ဂလာ အခမ်းအနားကိုကျင်းပရာ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ပူးတွဲတာဝန်ကာကွယ်ရေးဦးစီးချုပ်လေ ဗိုလ်ချုပ်ကြီး ခင်အောင်မြင့်၊ ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်း၊ ဦးအုန်းမြင့်၊ ဦးဝင်းထွန်း၊ ဦးခင်မောင်စိုး၊ ဦးဇေယျာအောင်၊ ဦးဝင်းမြင့်၊ နေပြည်တော်ကောင်စီဝင် ဦးသန်းဌေး၊ ဦးသက်နိုင်ဝင်းနှင့် ဦးခင်ရီတို့က ရတနာပန္နက်တော်ဌာနအသီးသီးတွင် ပန္နက်တော်များ စိုက်ထူတွင်းတော်ဝန်းကြပြီး ပရိတ်နံ့သာရည်ဖြင့် ပက်ဖျန်းပေးကြသည်။

ယင်းနောက် ဆရာတော်၊ သံဃာတော်များ ဦးဆောင်၍ အောင်ဂါထာတော်များကို ရွတ်ဆိုပူဇော်ကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယခုတည်ဆောက်မည့် အပြည်ပြည်ဆိုင်ရာ ဗုဒ္ဓစာကြည့်တိုက်သည် အလျားနှင့်အနံ ၂၉၆ ပေ သုံးလက်မစီဖြင့် နှစ်ထပ်အဆောက်အအုံဖြစ်ပြီး အပြင်ဘက်မှကြည့်လျှင် ခုနစ်ထပ်ရှိသည့်ပုံသဏ္ဍာန်ဖြစ်အောင် ဖန်တီးထားသည်။ ယင်းအဆောက်အအုံကို မြန်မာဟိုက်လန့်ကုမ္ပဏီက တာဝန်ယူဆောင်ရွက်မည်ဖြစ်ပြီး စာကြည့်တိုက်ဆောင်၊ ဓာတ်တော်များထားမည့် အဆောင်နှင့် စီမံခန့်ခွဲမှုများပြုလုပ်မည့် ရုံးခန်းများပါဝင်မည်ဖြစ်သည်။

လက်ရှိအချိန်တွင် ဗုဒ္ဓဘာသာနှင့်ပတ်သက်၍ သုတေသနပြုလေ့လာလိုပါက တစ်ကမ္ဘာလုံးရှိ ပညာရှင်များက ဘာသာပေါင်းစုံနှင့် ရေးသားထားသော ဗုဒ္ဓကျမ်းဂန်များရှိရာ အောက်စဖို့ဒ်တက္ကသိုလ် စာကြည့်တိုက်သို့ သွားရောက်လေ့လာနေကြရသည်။

"အောက်စဖို့ဒ် တက္ကသိုလ်ကို သွားရောက်လေ့လာနေကြရတဲ့ အနေအထားကနေ ဗုဒ္ဓဘာသာနဲ့ပတ်သက်ရင် မြန်မာနိုင်ငံကိုလာပြီးတော့ လေ့လာရမယ့် အခြေအနေမျိုးဖြစ်အောင် ဆောင်ရွက်ခြင်းဖြစ်တယ်။ ဒီစာကြည့်တိုက်ကြီး အောင်မြင်ရင် မြန်မာနိုင်ငံ၊ မြန်မာဗုဒ္ဓဘာသာနဲ့ စာကြည့်တိုက်တည်ရှိရာ နေပြည်တော်ကြီးဟာ တကယ့်အရေးပါတဲ့နေရာ ဖြစ်လာမှာမလွဲပါဘူး" ဟု ဗုဒ္ဓစာကြည့်တိုက် တည်ဆောက်ရေးအတွက် ဦးဆောင်နေသည့် အပြည်ပြည်ဆိုင်ရာ ဗုဒ္ဓတက္ကသိုလ်များအသင်း၏ အတွင်းရေးမှူးချုပ် အောက်စဖို့ဒ် တက္ကသိုလ်၏ ကထိကပါမောက္ခ ဒေါက်တာ ဘဒ္ဒန္တဓမ္မသာမိက မိန့်ကြားသည်။

အဆိုပါ စာကြည့်တိုက်တည်ဆောက်ရန် ငွေကျပ်သိန်းပေါင်း နှစ်သောင်းငါးထောင် ကုန်ကျနိုင်ကြောင်းခန့်မှန်းထားပြီး လက်ရှိတွင် အလှူငွေကျပ်သိန်းပေါင်း နှစ်သောင်း တစ်ထောင်ကျော် ရရှိနေပြီဖြစ်သည်။

"ဗုဒ္ဓဘာသာ ကျမ်းစာတွေ အားလုံးကို ဒီမှာထားဖို့ ရွေးချယ်ရတာကတော့ မြန်မာနိုင်ငံမှာဆိုလုံခြုံတယ်၊ စေတနာသဒ္ဓါတရား ထက်သန်တဲ့ အလှူရှင်တွေလည်းများတယ်။ အဲဒါကြောင့် ဒီနေရာကို ရွေးချယ်ရတာဖြစ်တယ်။ အပြည်ပြည်ဆိုင်ရာ ဗုဒ္ဓတက္ကသိုလ်များရဲ့ အတွင်းရေးမှူးချုပ်ဖြစ်တဲ့အတွက် ကမ္ဘာတစ်ဝန်းက အဆက်အသွယ်နဲ့ ဒီစာကြည့်တိုက်ကို ဗုဒ္ဓဘာသာကျမ်းစာတွေရောက်အောင် ဆောင်ရွက်သွားမှာဖြစ်သလို နိုင်ငံတကာ ဗုဒ္ဓဘာသာစာကြည့်တိုက်ပညာရှင်တွေလည်း ဒီမှာလာပြီး ပူးပေါင်းဆောင်ရွက်နိုင်အောင် စီစဉ်ပေးဖို့ရှိပါတယ်" ဟု ဆရာတော်က ဆက်လက်မိန့်ကြားသည်။

ထို့ပြင် ဆရာတော်က "အောက်စဖို့ဒ်တက္ကသိုလ် စာကြည့်တိုက်မှာ ဗုဒ္ဓဘာသာနဲ့ပတ်သက်ရင် မြန်မာဘာသာနဲ့ရေးထားတဲ့ ဗုဒ္ဓဘာသာစာအုပ်တွေတင် မကဘူး တရုတ်၊ သီရိလင်္ကာ၊ ထိုင်း၊ တိဗက်၊ ကိုရီးယား၊ ဂျပန် စတဲ့ဘာသာတွေအပြင် တခြားဘာသာနဲ့ရေးထားတဲ့ စာအုပ်တွေ အကုန်ရှိတာတွေ့ရတယ်။ တစ်ကမ္ဘာလုံးက ပညာရှင်တွေ သူတို့ဆီကိုလာပြီး လေ့လာရတယ်။ အဲဒါကြောင့် အပြည်ပြည်ဆိုင်ရာဗုဒ္ဓဘာသာစာကြည့်တိုက် ဆောက်ချင်ခဲ့တယ်။ အဲဒီစာကြည့်တိုက်မှာ မြန်မာပြည်မှာရှိတဲ့ ဗုဒ္ဓကျမ်းဂန်ပေစာတွေအပြင် ဘာသာစကားပေါင်းစုံနဲ့ ရေးထားတဲ့ ဗုဒ္ဓကျမ်းစာမှန်သမျှကို ထားဖို့ရည်ရွယ်တယ်" ဟု မိန့်သည်။

အဆိုပါစာကြည့်တိုက် ပြီးစီးသွားပါက ဗုဒ္ဓဥယျာဉ်ကို ဆက်လက်တည်ဆောက်သွားရန်ရှိပြီး ၎င်းဥယျာဉ်နှင့်စပ်လျဉ်း၍ ဆရာတော်က "မြတ်စွာဘုရားနဲ့ပတ်သက်တဲ့ သစ်ပင် ၁၂၀၀ ကျော်ရှိပါတယ်။ စာကြည့်တိုက် တည်ထောင်ပြီးပြီဆိုရင် ဒီဝန်းကျင်မှာ အဲ့ဒီသစ်ပင် ၁၂၀၀ ကျော်နဲ့ ဗုဒ္ဓဥယျာဉ်ဖန်တီးဖို့ရှိပါတယ်။ ဒီဥယျာဉ်ထဲမှာ မြတ်စွာဘုရားနဲ့ ပတ်သက်တဲ့ သစ်ပင်တွေကိုကြည့်ရင်းနဲ့ သစ်ပင်နားမှာရေးထားတဲ့ ပိဋကတ်သုံးပုံထဲက အကျဉ်းချုပ်တရားတွေကို တွေ့ရမှာဖြစ်ပါတယ်။ အဲဒီဥယျာဉ်ကို တစ်ပတ်ပတ်လိုက်တာနဲ့ ပိဋကတ်သုံးပုံအနှစ်ချုပ်ကို ရသွားမှာဖြစ်ပါတယ်" ဟု မိန့်ကြားသည်။

(သတင်းစဉ်)

အမှတ်(၂)တပ်မတော်ဆေးရုံ ခုတင် ၅၀၀ သို့ ဆေးရုံသုံးပစ္စည်းများလှူဒါန်း

ရန်ကုန် ဇန်နဝါရီ ၂၁

ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့် ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့တို့ပူးပေါင်း၍ ရန်ကုန်မြို့ အမှတ်(၂) တပ်မတော်ဆေးရုံ ခုတင် ၅၀၀ သို့ ကင်ဆာဆဲလ်များချေဖျက်ကုသစက်၊ ဆေးရုံသုံးပစ္စည်းများ၊ လေအေးပေးစက်နှင့် အမှိုက်ပုံးများ ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီခွဲတွင် ဆေးရုံ ကင်ဆာကုသဆောင်၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့်အဖွဲ့ဝင်များသည် ကင်ဆာကုသဆောင် တတိယထပ်၌ ခင်းကျင်းပြသထားသောလှူဒါန်းမည့် ဆေးရုံသုံးပစ္စည်းများကို လှည့်လည်ကြည့်ရှုကြသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေက အမှာစကားပြောကြားပြီး အမှတ်(၂) တပ်မတော်ဆေးရုံ ခုတင် ၅၀၀ မှ တပ်မှူး ဗိုလ်မှူးချုပ် စိန်လင်းက ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးအမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့နာယက ဒေါ်ခင်သက်ဌေးက တပ်မှူးထံသို့ ကင်ဆာဆဲလ်များချေဖျက်ကုသစက်နှင့် ဆေးရုံသုံးပစ္စည်းများကို လွှဲပြောင်းပေးအပ်ရာ တပ်မှူးက မှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့် ကလေး စောင့်ရှောက်မှုကြီးကြပ်ရေး အဖွဲ့နာယကများက အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် အမှတ်(၂) တပ်မတော်ဆေးရုံ ခုတင် ၅၀၀ အကြံပေးပါမောက္ခ ဗိုလ်မှူးကြီး ကျော်စိုးထွန်းက ကင်ဆာဆဲလ်များ ချေဖျက်ကုသစက်နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယနေ့အခမ်းအနားတွင် တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့တို့က ငွေကျပ်သိန်း ၉၁၀ တန်ဖိုးရှိ ကင်ဆာဆဲလ်များ ချေဖျက်ကုသစက်နှင့် ငွေကျပ် ၃၄၂၇၄၉၀၀ တန်ဖိုးရှိ ဆေးရုံသုံး ပစ္စည်းများ၊ လေအေးပေးစက်နှင့် အမှိုက်ပုံးများ ပေးအပ်လှူဒါန်းခဲ့ကြောင်းနှင့် လှူဒါန်းမှုစုစုပေါင်းမှာ ငွေကျပ် ၁၂၅၂၇၄၀၀၀ ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့် ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့တို့ပူးပေါင်း၍ အမှတ်(၂) တပ်မတော်ဆေးရုံ ခုတင် ၅၀၀ သို့ လှူဒါန်းသည့်ကင်ဆာဆဲလ်များ ချေဖျက်ကုသစက်ကို တွေ့ရစဉ်။

တင်စိုး(မြန်မာ့အလင်း)

ကမ္ဘာ့ရေနံဈေး သိသိသာသာကျဆင်း တစ်စည် ၂၇ ဒေါ်လာအောက်အထိ ရောက်ရှိ

စင်ကာပူ ဇန်နဝါရီ ၂၁

ကမ္ဘာ့ရေနံစိမ်းထုတ်လုပ်မှုသည် ဈေးကွက်လိုအပ်ချက်ထက် တိုးထုတ်နေသဖြင့် ကြာသပတေးနေ့က ရေနံဈေးမှာ သိသိသာသာကျဆင်းသွားခဲ့ကြောင်း ဈေးကွက်သုတေသနပညာရှင်များက ပြောသည်။

အမေရိကန် ရေနံစိမ်းတစ်စည် ၂၇ ဒေါ်လာအောက် ရောက်ခဲ့ရာ ၂၀၀၃ ခုနှစ်နောက်ပိုင်း အနိမ့်ဆုံးကျဆင်းမှုဖြစ်ကြောင်း၊ ယင်းမှာ ကမ္ဘာ့ငွေကြေးဈေးကွက်ကျဆင်းသွား၍ ဖြစ်နိုင်ကြောင်း၊ သို့သော်လည်း တရုတ်နိုင်ငံ၏ စီးပွားရေးနှေးကွေးချိန်နှင့် တိုက်တိုက်ဆိုင်ဆိုင် ရေနံများတိုးထုတ်၍ ဈေးနှုန်းကျဆင်းသွားမည်ကို ရင်းနှီးမြှုပ်နှံသူများက စိုးရိမ်လျက်ရှိကြောင်း တာဝန်ရှိသူများက ပြောသည်။

ကမ္ဘာ့ရေနံထုတ်လုပ်ရောင်းချသော နိုင်ငံများက နေ့စဉ် စည်ပေါင်း တစ်သန်းမှ နှစ်သန်းအထိ တိုးထုတ်နေသဖြင့် ဝယ်လိုအားနှင့် ရောင်းလိုအားမမျှတ၍ ဈေးနှုန်းမှာ သိသိသာသာကျဆင်းခဲ့ကြောင်း ရိုက်တာ သတင်းတစ်ရပ်တွင် ဖော်ပြသည်။

အမေရိကန် ရေနံဈေးကွက်တွင် ကြာသပတေးနေ့က တစ်စည် ၂၈ ဒသမ ၂၃ ဒေါ်လာဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ရာ ယခင်ဈေးပိတ်ချိန်ထက် ၁၂ ဆင့် ကျဆင်းသွားခဲ့သည်။

နိုင်ငံတကာရေနံဈေးကွက်တွင်လည်း ရေနံစိမ်းတစ်စည် ၂၇ ဒသမ ၇၉ ဒေါ်လာဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ရာ ၂၀၀၃ ခုနှစ်နောက်ပိုင်း အနိမ့်ဆုံးကျဆင်းခဲ့ရာ ယခင်ဈေးထက် ကျဆင်းသွားခဲ့သည်ဟု ဆိုသည်။

(ရိုက်တာ)

ရုရှားကုန်ပစ္စည်းများ တင်သွင်းခွင့် ယူကရိန်းပိတ်ပင်

ကီယက်ဗ် ဇန်နဝါရီ ၂၁

ယူကရိန်းနိုင်ငံသည် ဥရောပသမဂ္ဂနှင့် လွတ်လပ်စွာကုန်သွယ်ခွင့် ရရှိပြီးနောက် ရုရှားနိုင်ငံလုပ် ကုန်ပစ္စည်းများ နိုင်ငံအတွင်း တင်သွင်းခွင့်ကို ဇန်နဝါရီ ၂၀ ရက်က ပိတ်ပင်မှုများ တိုးမြှင့်လုပ်ဆောင်ခဲ့သည်။

ရုရှားနိုင်ငံလုပ် ကုန်ပစ္စည်းအမျိုးအစား ၇၀ ကျော်ကို ကုန်သွယ်မှု ပိတ်ပင်ထားသည့်စာရင်းထဲတွင် ထပ်မံထည့်သွင်းခဲ့ကြောင်း ယူကရိန်း အစိုးရ၏ ထုတ်ပြန်ချက်တစ်ခုတွင် ဖော်ပြထားသည်။

သွင်းကုန်ပစ္စည်းတင်သွင်းမှု ပိတ်ပင်ခြင်းကို ပို၍လုပ်ဆောင်ခဲ့ပြီး ယူကရိန်းကုန်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက အခြေခံစားသောက် ကုန်ပစ္စည်းများ၊ ဟင်းသီးဟင်းရွက်၊ ငါးအမျိုးမျိုးအစရှိသည်တို့ကိုပို၍ အလေးထား ဆောင်ရွက်သွားမည်ဟု ပြောသည်။

အစားအသောက်စာရင်းများအပြင် တင်သွင်းခွင့်ပိတ်ပင်ထားသည့် အထဲတွင် စီးကရက်များ၊ ဓာတ်မြေဩဇာများ၊ မီးရထားစက်ပစ္စည်းများ နှင့် ဒီဇယ်သုံးမီးရထားစက်ခေါင်းများလည်း ပါဝင်သည်။

ဇန်နဝါရီ ၁ ရက်က ယူကရိန်းနှင့် ဥရောပသမဂ္ဂတို့ လွတ်လပ်စွာ ကုန်သွယ်ခွင့်ပြဋ္ဌာန်းပြီးနောက် ရုရှားနိုင်ငံသည် ယူကရိန်းနှင့်ကုန်သွယ်မှု ကို ဆိုင်းငံ့ခဲ့ပြီး အိမ်နီးချင်းနိုင်ငံများမှ စားသောက်ကုန်ပစ္စည်းများ တင်သွင်းမှုကိုလည်း ပိတ်ပင်ခဲ့သည်။

ယူကရိန်းနိုင်ငံကလည်း ရုရှားနှင့်ကုန်သွယ်မှုအချို့ကို ဖျက်သိမ်းခဲ့ပြီး ရုရှားနိုင်ငံလုပ်ပစ္စည်းများ တင်သွင်းခွင့်ကို ပိတ်ပင်ခဲ့သည်။

(ဆင်ဟွာ)

ကမ္ဘာထက် ၁၀ ဆကျော်ကြီးသော ဂြိုဟ်ကြီးတစ်လုံး နေအဖွဲ့အစည်း၏ ကိုးလုံးမြောက်ဂြိုဟ် ဖြစ်လာဖွယ်ရှိ



ကိတ်ကာနာဗာရယ်(ဖလော်ရီဒါ) ဇန်နဝါရီ ၂၁

ကျွန်ုပ်တို့ နေအဖွဲ့အစည်းအတွင်း နက်ပကျွန်းဂြိုဟ်နောက်တွင် လှည့်ပတ်နေသော ကမ္ဘာထက် ၁၀ ဆကြီးသည့် ကိုးလုံးမြောက်ဂြိုဟ်ကြီးပေါ်ပေါက်လာဖွယ်ရှိကြောင်း ဇန်နဝါရီ ၂၀ ရက်က ထုတ်ပြန်သော သုတေသနအစီရင်ခံစာတွင် ဖော်ပြသည်။

နဝမမြောက် အဆိုပါဂြိုဟ်ကြီးကို အတည်ပြုနိုင်လျှင် ကမ္ဘာထက် နေမှအဆပေါင်း ၅၀ ကျော် ပိုဝေး၍ နေကိုလှည့်ပတ်ရမည်ဖြစ်ကြောင်း ပါဆာဒီးနားရှိ ကယ်လီဖိုးနီးယားနည်းပညာတက္ကသိုလ်နှင့် ပူးပေါင်းဆောင်ရွက်နေသည့် နက္ခတ္တဗေဒပညာရှင်များက ကွန်ပျူတာရုပ်ပုံများနှင့်တကွ ရှင်းလင်းပြောကြားသည်။ ယခုအချိန်ထိ သိပ္ပံပညာရှင်များက အဆိုပါ ကိုးလုံးမြောက်ဂြိုဟ်ကြီးကို စနစ်တကျလေ့လာမှုမလုပ်ရသေးဟု ဆိုသည်။

ကျွန်ုပ်တို့ နေအဖွဲ့အစည်းအတွင်း နောက်ထပ်ဂြိုဟ်တစ်လုံးကို ထည့်ပေါင်းရဖွယ်ရှိနေကြောင်း ယခုသီတင်းပတ် နက္ခတ္တဗေဒဂျာနယ်တွင် ယင်းဂြိုဟ်တွေ့ရှိမှုနှင့်ပတ်သက်၍ နက္ခတ္တဗေဒပညာရှင် မိုက်ဘရောင်းက ပြောသည်။

ဂျူပီတာခါးပတ်ဟု လူသိများသည့် နက်ပကျွန်းဂြိုဟ်အလွန်တွင် အခြားသော အရာဝတ္ထုများရှိနေသည်ဟု သိပ္ပံပညာရှင်များက ခန့်မှန်းထားသည်။ ဘရောင်း၏ ၂၀၀၆ ခုနှစ်ကပြုလုပ်သော အစောပိုင်းသုတေသနပြုချက်တွင် ပလူတိုဂြိုဟ်ကို နက်ပကျွန်းဂြိုဟ်၏နောက် ရေခဲကဲ့သို့သေးငယ်သော အရာဝတ္ထုများတွေ့ရှိခဲ့ပြီးနောက် နေအဖွဲ့အစည်း၏ ကိုးလုံးမြောက်ဂြိုဟ်အဖြစ်မှ ပယ်ဖျက်ရန် အထောက်အကူဖြစ်စေခဲ့သည်။ **(ရိုက်တာ)**

အာဖဂန်နစ္စတန်နိုင်ငံရှိ ရုရှားသံရုံးအနီး ကားဗုံးခွဲတိုက်ခိုက်၊ ရှစ်ဦးသေဆုံး

ကဘူးလ် ဇန်နဝါရီ ၂၁

အာဖဂန်အနောက်ပိုင်းမြို့တော် ကဘူးလ်ရှိ ရုရှားသံရုံးအနီးတွင် ကြာသပတေးနေ့က အသေခံကားဗုံးခွဲမှုတစ်ရပ်ဖြစ်ပွားခဲ့ရာ လူရှစ်ဦးထက်မနည်း သေဆုံးခဲ့ပြီး ၂၇ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်ဟု မျက်မြင်သက်သေများက ပြောဆိုခဲ့သည်။

အဆိုပါတိုက်ခိုက်မှုသည် ဒေသတွင်းမီဒီယာများ လိုက်ပါလာသော ခရီးသည် ၁၂ ဦးဆံ့ ယာဉ်ငယ်တစ်စီးကို ပစ်မှတ်ထားတိုက်ခိုက်ခဲ့ခြင်းဖြစ်သည်ဟု ကဘူးလ်ရဲအရာရှိချုပ် အဘဒူလ်ရာမန်ရာဟီမီက သတင်းထောက်များသို့ ပြောကြားခဲ့သည်။

အသေခံဗုံးခွဲသူနှင့် အမျိုးသမီးနှစ်ဦးအပါအဝင် မြို့ခံပြည်သူ ရှစ်ဦးသေဆုံးခဲ့ကြောင်း သိရသည်။ အာဖဂန်နစ္စတန်နိုင်ငံမှ ရာဇဝတ်မှုစုံစမ်းထောက်လှမ်းရေးဌာနက အဆိုပါတိုက်ခိုက်မှုနှင့်ပတ်သက်၍ စုံစမ်းမှုများပြုလုပ်ခဲ့ကြောင်း သိရသည်။

(ဆင်ဟွာ)

တရုတ်နိုင်ငံအနောက်မြောက်ပိုင်းတွင် ရစ်ချ်တာစကေး ၆ ဒသမ ၄ ရှိ ငလျင်လှုပ်ခတ်

ဇီနင် ဇန်နဝါရီ ၂၁

ပြင်းအား ရစ်ချ်တာစကေး ၆ ဒသမ ၄ရှိသည့် ငလျင်တစ်ခု ကြာသပတေးနေ့ နံနက်ပိုင်းက တရုတ်နိုင်ငံ အနောက်မြောက်ပိုင်း ကွမ်ဟိုင်းပြည်နယ်တွင် လှုပ်ခတ်သွားခဲ့ကြောင်း ဒေသခံအာဏာပိုင်များက ပြောသည်။

အိမ်ခြေ ၅၄ လုံး ပျက်စီးခဲ့သည့် လူအသေအပျောက်မရှိသော ငလျင်လှုပ်ခတ် ရာဇဟိုချက်တွင် လူနေထူထပ်မှုမရှိကြောင်း၊ လျှပ်စစ်ဆက်သွယ်ရေး စနစ်များလည်း ပုံမှန်အတိုင်းရှိကြောင်း သိရသည်။

ဒေသတွင်း ပြည်သူ့လုံခြုံရေးဌာနမှ အာဏာပိုင်များက ငလျင်လှုပ်ခတ်ရာနေရာသို့ ရွက်ဖျင်တဲ ၇၀၀ ပေးပို့ခဲ့သည်။ ငလျင်လှုပ်ခတ်စဉ်တွင် အပူချိန်မှာ $-20\,^{\circ}C$ ရှိပြီး အချို့ဒေသခံများမှာ ကြောက်လန့်တကြား ပြေးလွှားနေပြီး အချို့မှာ ကားအတွင်း၌ပင် ထိုင်နေကြသည်။

မြို့နယ်အတွင်း အိမ်များ၏ ၉၀ ရာခိုင်နှုန်းမှာ သဘာဝဘေးအန္တရာယ်နှင့် ကြုံတွေ့လာပါက သေကျေပျက်စီးမှုနည်းအောင် ပြုပြင်ထားကြောင်း တာဝန်ရှိသူတစ်ဦးက ပြောသည်။

(ဆင်ဟွာ)

တူရကီနယ်စပ်လုံခြုံစေရေး အမေရိကန်ကူညီမည်

အန်ကာရာ ဇန်နဝါရီ ၂၁

တူရကီနိုင်ငံအနေဖြင့် ဆီးရီးယားနှင့်ထိစပ်လျက်ရှိသည့် ၎င်း၏ နယ်စပ်တွင် တင်းကျပ်မှုများပြုလုပ်နိုင်ရေး အမေရိကန်နိုင်ငံက အကူအညီပေးသွားမည်ဟု အမေရိကန်အာဏာပိုင်များက ပြောသည်။ နယ်စပ်တစ်လျှောက် လုံခြုံရေးတင်းကျပ်နိုင်ရန် နည်းပညာပိုင်းဆိုင်ရာ အကူအညီများကို ပထမဦးဆုံးအကြိမ်ပေးမည်ဖြစ်သည်။

အမေရိကန်နှင့်ဝါရှင်တန်တို့သည် လုံခြုံမှုမရှိသည့်နယ်စပ်တစ်လျှောက် လုံခြုံမှုရရှိစေရန် လပေါင်းများစွာ ဆွေးနွေးခဲ့သည်။ အိုင်အက်စ်အဖွဲ့သည် ဆီးရီးယားနယ်စပ်တစ်လျှောက် နေရာများကို သိမ်းပိုက်ထားသည်။ နိုဝင်ဘာလတွင် ပါရီမြို့အကြမ်းဖက်တိုက်ခိုက်ခံရပြီးနောက် ယခုကဲ့သို့ တူရကီနယ်စပ်တွင် လုံခြုံရေးရရှိအောင် ကြိုးပမ်းနေခြင်းဖြစ်သည်။ ပါရီတိုက်ခိုက်မှုတွင် ပါဝင်ခဲ့သူအချို့မှာ တူရကီနှင့် ဆီးရီးယားနယ်စပ်မှတစ်ဆင့် ဥရောပသို့ ဝင်ရောက်ခဲ့သည်ဟု အာဏာပိုင်များက ပြောသည်။

အမေရိကန် ဒုတိယသမ္မတ ဂျိုးဘိုင်ဒင်သည် ကြာသပတေးနေ့က တူရကီသို့ရောက်ရှိကာ တူရကီသမ္မတနှင့် ဝန်ကြီးချုပ်တို့နှင့်အတူ အိုင်အက်စ်အဖွဲ့ ဆန့်ကျင်တိုက်ခိုက်ရေးဆွေးနွေးခဲ့သည်။

(ရိုက်တာ)

မြန်မာနိုင်ငံပြန်တမ်း

ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ အတည်ပြုခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများအား အစမ်းခန့်ကာလ(၁)နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်-

အမည်	ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူး၊ ဌာန
(က)ဒေါက်တာ ဒေါ်ခင်နိုင်ဦး	ပါမောက္ခချုပ် ရန်ကုန်စီးပွားရေးတက္ကသိုလ် အဆင့်မြင့်ပညာဦးစီးဌာန ပညာရေးဝန်ကြီးဌာန
(ခ) ဒေါက်တာ ကျော်ကျော်ခေါင်	ပါမောက္ခချုပ် ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ် အဆင့်မြင့်ပညာဦးစီးဌာန ပညာရေးဝန်ကြီးဌာန
(ဂ) ဒေါက်တာ ဒေါ်စီစီလှဘူး	ပါမောက္ခချုပ် မြိတ်တက္ကသိုလ် အဆင့်မြင့်ပညာဦးစီးဌာန ပညာရေးဝန်ကြီးဌာန
(ဃ)ဒေါက်တာ စောပြုံးနိုင်	ပါမောက္ခချုပ် စစ်ကိုင်းပညာရေးတက္ကသိုလ် အဆင့်မြင့်ပညာဦးစီးဌာန ပညာရေးဝန်ကြီးဌာန
(င) ဒေါက်တာ သန်းဝင်း	ပါမောက္ခချုပ် ကလေးတက္ကသိုလ် အဆင့်မြင့်ပညာဦးစီးဌာန ပညာရေးဝန်ကြီးဌာန
(စ) ဒေါက်တာ အောင်ဝင်းကြည်	ပါမောက္ခချုပ် လွိုင်ကော်တက္ကသိုလ် အဆင့်မြင့်ပညာဦးစီးဌာန ပညာရေးဝန်ကြီးဌာန
(ဆ) ဒေါက်တာ ကြည်ရွှင်	ပါမောက္ခချုပ် ဗန်းမော်တက္ကသိုလ် အဆင့်မြင့်ပညာဦးစီးဌာန ပညာရေးဝန်ကြီးဌာန
(ဇ) ဒေါက်တာ ဇော်မြင့်	ညွှန်ကြားရေးမှူးချုပ် မြန်မာစာနှင့် ဘာသာစကား ပညာရေးဦးစီးဌာန ပညာရေးဝန်ကြီးဌာန
(ဈ) ဦးထွန်းသန်း	ညွှန်ကြားရေးမှူးချုပ် လူမှုဖူလုံရေးအဖွဲ့ အလုပ်သမား၊အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန
(ည) ဒေါ်အေးအေးကြည်သက်	ညွှန်ကြားရေးမှူးချုပ် ပြည်ထောင်စု တရားစီရင်ရေးကြီးကြပ်မှုရုံး ပြည်ထောင်စု တရားလွှတ်တော်ချုပ်

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် စက်မှုဝန်ကြီးဌာန၊ အမှတ်(၃) အကြီးစားစက်မှုလုပ်ငန်းမှ အထွေထွေမန်နေဂျာ ဒေါက်တာ စိုးနိုင်အား ယင်းလုပ်ငန်းဦးဆောင်ညွှန်ကြားရေးမှူးအဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

သဘင်ဖောင်ဒေးရှင်းက ရွှေလှမ်းတက်ဇာတ်သဘင်အဖွဲ့ ယာဉ်တိမ်းမှောက်မှုမှ ထိခိုက်ဒဏ်ရာရသူများအား ထောက်ပံ့

ရန်ကုန် ဇန်နဝါရီ ၂၁

ဇန်နဝါရီ ၁၉ ရက်က စစ်ကိုင်းတိုင်းဒေသကြီး ပုလဲမြို့နယ် မိုင်တိုင်အမှတ် (၅၈) မိုင် နှစ်ဖာလုံတွင် ရွှေလှမ်းတက် ဇာတ်သဘင်အဖွဲ့မှ မော်တော်ယာဉ်တစ်စီး တိမ်းမှောက်မှုဖြစ်ပွားခဲ့ရာ ထိခိုက်ဒဏ်ရာရသူများ၊ အတွင်းလူနာအဖြစ် ကုသနေသူများအား သဘင်ဖောင်ဒေးရှင်းဥက္ကဌ ဦးသိန်းဇော်နှင့် တာဝန်ရှိသူများက ယနေ့နံနက်ပိုင်းက မန္တလေးမြို့၌ ကူညီထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

မန္တလေးပြည်သူ့ဆေးရုံကြီးနှင့် ခုတင် ၅၀၀ ဆံ့ အရိုးအထူးကုဆေးရုံ၊ မုံရွာပြည်သူ့ဆေးရုံကြီးတို့တွင် တက်ရောက်ဆေးကုသမှု ခံယူနေသည့် လူနာများအတွက် သဘင်ဖောင်ဒေးရှင်းက သေဆုံးသူတစ်ဦးလျှင် ငွေကျပ် သုံးသိန်း၊ အတွင်းလူနာတစ်ဦးလျှင် ငွေကျပ်တစ်သိန်းနှုန်း၊ ထိခိုက်ဒဏ်ရာရသူအတွက် တစ်ဦးလျှင် ငွေကျပ် ငါးသောင်းနှုန်းတို့ဖြင့် စုစုပေါင်းငွေကျပ် ၂၄ သိန်းကို ထောက်ပံ့ပေးခဲ့ခြင်းဖြစ်သည်။

မန္တလေးအခြေစိုက် ဇာတ်သဘင်အဖွဲ့များကလည်း ယာဉ်တိမ်းမှောက်မှုတွင် ထိခိုက်ဒဏ်ရာရသူများအား သီးခြားကူညီထောက်ပံ့ရန် စီစဉ်လျက်ရှိကြောင်း သဘင်ဖောင်ဒေးရှင်းဥက္ကဌက ပြောသည်။

ဝင်းဝင်းမော်

အသက် ၁၀၉ နှစ်ရှိ အဘိုး ဦးထိုင်အား ဂါရဝပြု

မုဒုံ ဇန်နဝါရီ ၂၁

နိုင်ငံတော်သမ္မတ၏ ဂုဏ်ပြုမှတ်တမ်းလွှာ ချီးမြှင့်ခံရပြီးဖြစ်သူနှင့် မွန်ပြည်နယ်တွင် အသက်အကြီးဆုံးဖြစ်သူ မုဒုံမြို့ မြို့မ(၄) ဗိုလ်တေဇရပ်ကွက်နေ အသက် ၁၀၉ နှစ်ရှိ အဘိုး ဦးထိုင်အား ယနေ့နံနက် ၇ နာရီခွဲတွင် ရပ်မိ ရပ်ဖများ ရပ်ကွက်သူ ရပ်ကွက်သားများ မိသားစုဝင်များက ဂါရဝပြုစုပေါင်းကန်တော့ကြပြီး အလှူငွေနှင့် အသုံးအဆောင်ပစ္စည်းများ လှူဒါန်းခဲ့ကြကြောင်း သိရသည်။

ကိုချစ်

ပြန်ကြားရေးဝန်ကြီးဌာန သတင်းထုတ်ပြန်ချက် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း အသစ်လျှောက်ထားခြင်းများနှင့် သက်တမ်းတိုးခြင်းများအား ခွင့်ပြုပေးနေမှုအခြေအနေ

ပြန်ကြားရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရ၏ သဘောတူညီချက်ဖြင့် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများကို အမိန့်ကြော်ငြာစာအမှတ် (၄၈/၂၀၁၄) ဖြင့် ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၁၀ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပါသည်။ ပြန်ကြားရေးဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီက ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း အသိအမှတ်ပြုလက်မှတ် အသစ်လျှောက်ထားခြင်း၊ ၁၉၆၂ ခုနှစ် ပုံနှိပ်သူများနှင့် ထုတ်ဝေသူများ မှတ်ပုံတင် ဥပဒေအရ ထုတ်ပေးထားသည့် မှတ်ပုံတင်သက်သေခံလက်မှတ်ရရှိထားသူများ၏ သက်တမ်းတိုးလျှောက်ထားခြင်း၊ လုပ်ငန်းအမည်ပြောင်းခြင်းနှင့် ပုံနှိပ်သူ/ ထုတ်ဝေသူအမည်ပြောင်း လျှောက်ထားခြင်းတို့ကို စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးများဖြင့် စိစစ်၍ ခွင့်ပြုပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးခဲ့ရာ ၂၁-၁-၂၀၁၆ ရက်နေ့က ပြုလုပ်သော ပြန်ကြားရေးဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီအစည်းအဝေးတွင် ပုံနှိပ်သက်တမ်းတိုးလျှောက်ထားသူတစ်ဦး၊ ပုံနှိပ်လုပ်ငန်းအသစ်လျှောက်ထားသူ ခုနစ်ဦး၊ ထုတ်ဝေခွင့်သက်တမ်းတိုးတစ်ဦး၊ ထုတ်ဝေခွင့်အတွက် အသစ်လျှောက်ထားသူ ဂျာနယ်ထုတ်ဝေခွင့် သုံးဦး၊ မဂ္ဂဇင်းထုတ်ဝေခွင့်နှစ်ဦး၊ အထွေထွေထုတ်ဝေခွင့် ခုနစ်ဦး၊ ပေါင်းလုပ်ငန်းအသစ် ၁၂ ဦး တို့အား အသိအမှတ်ပြုလက်မှတ်များထုတ်ပေးရန် ခွင့်ပြုပေးခဲ့ပါသည်။ ထုတ်ဝေသူအမည်ပြောင်း သုံးဦးတို့ကိုလည်း ခွင့်ပြုပေးခဲ့ပါသည်။

ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများပြဋ္ဌာန်းသည့် ၁၀-၁၀-၂၀၁၄ ရက်မှစ၍ ယနေ့အထိ ပုံနှိပ်လုပ်ငန်းအတွက် သက်တမ်းတိုး ၁၀၄၁ ဦးနှင့် အသစ်လျှောက်ထားသူ ၂၆၁ ဦး၊ ထုတ်ဝေခြင်းလုပ်ငန်းအတွက် သက်တမ်းတိုး ၉၉၁ ဦးနှင့် အသစ်လျှောက်ထားသူ ၆၈၇ ဦး၊ သတင်းအေဂျင်စီလုပ်ငန်း အသစ်လျှောက်ထားသူ ၂၅ ဦး၊ စုစုပေါင်းပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်း အသိအမှတ်ပြုလက်မှတ် ၃၀၀၅ စောင်အား စိစစ်ခွင့်ပြုပေးခဲ့ပြီး ဖြစ်ပါသည်။

ပုံနှိပ်သက်တမ်းတိုးလျှောက်ထားသူတစ်ဦးနှင့် မဂ္ဂဇင်းအသစ်လျှောက်ထားသူသုံးဦးတို့အား အချက်အလက်များ စိစစ်ဆောင်ရွက်ဆဲဖြစ်ကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။ **ပြန်ကြားရေးဝန်ကြီးဌာန**

နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်

နေပြည်တော် ဇန်နဝါရီ ၂၁ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ထုတ်ပြန်ချက်အရ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ **(မြန်မာ့အလင်း)**

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးပေါ်ရှိ မီးသတ်စခန်းများနှင့် တယ်လီဖုန်းနံပါတ်များ

နေပြည်တော် ဇန်နဝါရီ ၂၁

မီးသတ်ဦးစီးဌာနသည် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးတစ်လျှောက် ခရီးသွားလုပ်သားပြည်သူများ သွားလာမှုလုံခြုံချောမွေ့စေရေး၊ အရေးပေါ်မီးလောင်မှုနှင့် ရှာဖွေကယ်ဆယ်ရေးတာဝန်များ ထမ်းဆောင်နိုင်ရန်အတွက် အမြန်လမ်းမကြီး မီးသတ်စခန်းများ ကွပ်ကဲမှုရုံးနှင့်ကွပ်ကဲမှုအောက်တွင် မီးသတ်စခန်းများ ဖွင့်လှစ်ထားရှိပြီး ခရီးသွားပြည်သူများအနေဖြင့် လိုအပ်ချက်တစ်စုံတစ်ရာရှိပါက ဆက်သွယ်ဆောင်ရွက်နိုင်ရန်အတွက် အဆိုပါအမြန်လမ်းမကြီး မီးသတ်စခန်းများကွပ်ကဲမှုရုံးနှင့် မီးသတ်စခန်းအသီးသီးတို့၏ ဖုန်းနံပါတ်များကို ထုတ်ပြန်ထားသည်။

စဉ်	မီးသတ်စခန်း	တည်နေရာ		တယ်လီဖုန်းနံပါတ်
		မြို့နယ်	မိုင်တိုင်	
၁	အမြန်လမ်းမကြီးမီးသတ်စခန်းများကွပ်ကဲမှုရုံး	နေပြည်တော်	၂၀၁/၆	၀၉-၇၈၀၃၄၉၁၁၃
၂	အမှတ်(၃)လမ်းဆုံအမြန်လမ်းမကြီးမီးသတ်စခန်း	လှည်းကူး	၁၁	၀၉-၄၅၁၂၉၄၁၉၀
၃	ဘောနက်ကြီးအမြန်လမ်းမကြီးမီးသတ်စခန်း	ပဲခူး	၄၀/၂	၀၉-၂၅၄၇၇၄၀၁၄
၄	ဘောနီအမြန်လမ်းမကြီးမီးသတ်စခန်း	ဒိုက်ဦး	၅၈/၁	၀၉-၂၅၄၇၇၄၀၁၅
၅	အုတ်ရှစ်ကုန်းအမြန်လမ်းမကြီးမီးသတ်စခန်း	ဒိုက်ဦး	၇၂/၅	၀၉-၂၅၄၇၇၄၀၁၆
၆	မြို့ချောင်းအမြန်လမ်းမကြီးမီးသတ်စခန်း	ကျောက်တံခါး	၈၃/၆	၀၉-၂၅၄၇၆၅၆၀၁
၇	ဖြူးအမြန်လမ်းမကြီးမီးသတ်စခန်း	ဖြူး	၁၁၅/၂	၀၉-၃၁၅၄၀၉၈၂
၈	ဇောဓိကုန်းအမြန်လမ်းမကြီးမီးသတ်စခန်း	အုတ်တွင်း	၁၃၇(၁/၂)	၀၉-၇၈၃၄၈၅၃၁၅
၉	သာဂရအမြန်လမ်းမကြီးမီးသတ်စခန်း	ရေတာရှည်	၁၇၂/၆	၀၉-၂၅၄၇၆၅၆၀၂
၁၀	ပလွေးအမြန်လမ်းမကြီးမီးသတ်စခန်း	ဒက္ခိဏသီရိ	၂၀၁/၆	၀၉-၃၁၅၄၀၉၈၀
၁၁	ပန်းတင်အမြန်လမ်းမကြီးမီးသတ်စခန်း	ဥတ္တရသီရိ	၂၂၀(၁/၂)	၀၉-၂၅၄၆၂၄၃၈၅
၁၂	ဘုရားတောင်အမြန်လမ်းမကြီးမီးသတ်စခန်း	တပ်ကုန်း	၂၃၃(၅/၆)	၀၉-၂၅၄၆၂၄၃၈၆
၁၃	ပေပင်လေးအမြန်လမ်းမကြီးမီးသတ်စခန်း	ပျော်ဘွယ်	၂၆၂/၃	၀၉-၇၉၈၉၀၁၂၅၇
၁၄	သီးကုန်းအမြန်လမ်းမကြီးမီးသတ်စခန်း	မိတ္ထီလာ	၂၈၄/၄	၀၉-၃၁၅၄၀၉၈၁
၁၅	ပြင်စည်အမြန်လမ်းမကြီးမီးသတ်စခန်း	နွားထိုးကြီး	၃၂၅/၄	၀၉-၂၅၉၄၃၀၅၆၅
၁၆	စကားအင်းအမြန်လမ်းမကြီးမီးသတ်စခန်း	တံတားဦး	၃၅၂/၂	၀၉-၇၈၁၆၇၈၂၁၅

(သတင်းစဉ်)

စီးပွားရေး၊ လူမှုရေးနှင့်ပတ်ဝန်းကျင်ထိန်းသိမ်းရေး အဓိကမဏ္ဍိုင်(၃)ရပ် ဟန်ချက်ညီဖွံ့ဖြိုးမှသာ ရေရှည်ဖွံ့ဖြိုးနိုင်မည်

ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းနှင့်အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာအရည်အသွေး(ထုတ်လွှတ်မှု) လမ်းညွှန်ချက်များအားထုတ်ပြန်ပြီးကြောင်း သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများသို့ တရားဝင်အသိပေးကြေညာသည့် အခမ်းအနားကို ဇန်နဝါရီ ၁၄ ရက်တွင် နေပြည်တော်ရှိ သင်္ဂဟဟိုတယ်၌ကျင်းပရာ ယင်းအခမ်းအနားနှင့်ပတ်သက်၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးနေအေးအား တွေ့ဆုံမေးမြန်းခဲ့မှုများကို ဖော်ပြလိုက်ပါသည်-

မေး ။ ဒီကနေ့ အခမ်းအနားကျင်းပရခြင်းရဲ့ ရည်ရွယ်ချက်ကိုသိပါရစေ။

ဖြေ ။ သက်ဆိုင်ရာဝန်ကြီးဌာနတွေ၊ အဖွဲ့အစည်းတွေ၊ လုပ်ငန်းရှင်တွေ၊ ပညာရှင်တွေအနေနဲ့ စီးပွားရေးနဲ့ ဖွံ့ဖြိုးရေးလုပ်ငန်းတွေကို ခွင့်ပြုဆောင်ရွက်ရာမှာ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းနဲ့ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး(ထုတ်လွှတ်မှု) လမ်းညွှန်ချက်တွေနဲ့အညီ လိုက်နာဆောင်ရွက်သွားဖို့၊ ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်သွားနိုင်ဖို့ ရည်ရွယ်ပြီး ဒီကနေ့အခမ်းအနားကို ကျင်းပရခြင်းဖြစ်ပါတယ်။

မေး ။ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း (Environmental Impact Assessment-EIA) စနစ်ကို စီးပွားရေးနဲ့ ဖွံ့ဖြိုးရေးလုပ်ငန်းတွေလုပ်ကိုင်ရာမှာ National Instrument အဖြစ် အသုံးပြုဖို့ ဖြစ်ပေါ်လာခဲ့ရတဲ့ သမိုင်းကြောင်းလေးကို သိပါရစေ။

ဖြေ ။ စီးပွားရေးဖွံ့ဖြိုးမှုတွေကြောင့် ပတ်ဝန်းကျင်ဆိုင်ရာယိုယွင်းမှုတွေ ရှောင်လွှဲနိုင်ဖို့နဲ့ လျော့ပါးစေဖို့အတွက် ၁၉၆၀ ပြည့်နှစ်လောက်ကစပြီး အမေရိကန်နိုင်ငံမှာ အမျိုးသားပတ်ဝန်းကျင်အက်ဥပဒေကို စတင်အသုံးပြုခဲ့ပါတယ်။

၁၉၇၂ ခုနှစ်တွင် ဆွီဒင်နိုင်ငံ စတော့ဟုမ်းမြို့မှာကျင်းပခဲ့တဲ့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ထိပ်သီးညီလာခံက EIA စနစ်ကိုဖွံ့ဖြိုးရေးစီမံကိန်းတွေမှာ အသုံးပြုဖို့ အတည်ပြုခဲ့ပြီး ၁၉၉၂ ခုနှစ် ကမ္ဘာမြေထိပ်သီးညီလာခံရဲ့ ကြေညာချက်အပိုဒ်(၁၇)မှာ EIA စနစ်ကို အဆိုပြုဖွံ့ဖြိုးရေးလုပ်ငန်းတွေအပေါ် အဆုံးအဖြတ်ပေးရာမှာ National Instrument အဖြစ် အသုံးပြုဖို့ ပြဋ္ဌာန်းချမှတ်ခဲ့ကာ ယနေ့ကမ္ဘာပေါ်ရှိ စက်မှုဖွံ့ဖြိုးပြီး နိုင်ငံတွေ၊ ဖွံ့ဖြိုးဆဲနိုင်ငံတွေမှာ EIA စနစ်ကို ကျယ်ပြန့်စွာ အသုံးပြုလျက်ရှိပါတယ်။

မေး ။ ပတ်ဝန်းကျင် ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း ရေးဆွဲထုတ်ပြန်ရခြင်းရဲ့ ရည်ရွယ်ချက်ကို သိပါရစေ။

ဖြေ ။ နိုင်ငံတော်အစိုးရအနေနဲ့ နိုင်ငံရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ်ကို ဖော်ဆောင်တဲ့အခါမှာ စီးပွားရေးအလျင်အမြန်ဖွံ့ဖြိုးတိုးတက်ရေးမဟာဗျူဟာအရ နိုင်ငံတော်ရဲ့ လူမှုစီးပွားဖွံ့ဖြိုးရေးကို အချိန်တိုအတွင်းမှာ အထောက်အကူဖြစ်စေတဲ့ ပြည်ပရင်းနှီးမြှုပ်နှံမှုတွေကို ကျယ်ကျယ်ပြန့်ပြန့် ဖိတ်ခေါ်ဆောင်ရွက်ခဲ့ပါတယ်။ ဒီလိုဆောင်ရွက်တဲ့အခါမှာ ကိုယ့်ရှေ့ကနေ ဒီလိုဆောင်ရွက်ခဲ့ကြတဲ့ အိမ်နီးချင်းနိုင်ငံတွေနဲ့ ကမ္ဘာ့နိုင်ငံတွေရဲ့ဖြစ်စဉ်တွေကို လေ့လာတဲ့အခါ ဖွံ့ဖြိုးဆဲနိုင်ငံတွေမှာ အရင်ကဆိုရင် ပတ်ဝန်းကျင်ပြဿနာအနေနဲ့ ဆင်းရဲမှု၊ ဖွံ့ဖြိုးရေးနိမ့်ကျမှု၊ လူဦးရေများပြားမှုနဲ့ စီးပွားရေးအခြေအနေဆိုးတွေကြောင့် သဘာဝအရင်းအမြစ်တွေအပေါ်မှာ အလွန်အမင်းမှီခိုအားထားရတဲ့အတွက် သဘာဝပတ်ဝန်းကျင်ယိုယွင်းပျက်စီးမှုပြဿနာကိုသာ အဓိကရင်ဆိုင်ကြရပါတယ်။

ဒါပေမယ့် ဒီနေ့အချိန်အခါမှာ စက်မှုနိုင်ငံကြီးတွေဟာ သူတို့နိုင်ငံအတွင်းမှာ ကာဗွန်ထုတ်လွှတ်မှု လျော့ကျသွားစေဖို့နဲ့ အခြားစက်မှုညစ်ညမ်းပစ္စည်းမျိုးစုံ ထုတ်လွှတ် ထွက်ရှိမှုတွေ လျော့နည်းသွားစေဖို့ သူတို့နိုင်ငံတွင်းမှာရှိတဲ့ စက်မှုကုန်ထုတ်လုပ်ငန်းတွေကို ဖွံ့ဖြိုးဆဲနိုင်ငံတွေကို ပြောင်းရွှေ့ပြီး ရင်းနှီးမြှုပ်နှံလုပ်ကိုင်လာကြပါတယ်။ ဖွံ့ဖြိုးဆဲနိုင်ငံတွေအနေနဲ့ကလည်း ကိုယ့်နိုင်ငံရဲ့စီးပွားဖွံ့ဖြိုးမှုလိုအပ်ချက်အရ အဲဒီစက်မှုကုန်ထုတ်လုပ်ငန်းကြီးတွေကို လက်ခံဆောင်ရွက်လာကြတဲ့အခါ စီးပွားဖွံ့ဖြိုးမှုတိုးတက်ကြီးထွားလာတာမှန်သော်လည်း တစ်ဖက်မှာ စက်မှုဆိုင်ရာ ညစ်ညမ်းမှုပြဿနာတွေ၊ နောက်ဆက်တွဲဖြစ်စဉ်တွေနဲ့ ရင်ဆိုင်လာကြရတာကို လေ့လာတွေ့ရှိရပါတယ်။

ဒါတွေကိုသင်ခန်းစာယူပြီး ရင်းနှီးမြှုပ်နှံမှု စီမံကိန်းတွေ၊ စီးပွားရေးလုပ်ငန်းတွေကြောင့် ပတ်ဝန်းကျင်ညစ်ညမ်းမှုမဖြစ်စေဖို့၊ ပတ်ဝန်းကျင်နဲ့လူမှုရေးအပေါ် ဖြစ်ပေါ်လာနိုင်တဲ့ ဆိုးကျိုးသက်ရောက်နိုင်မှုတွေကို ရှောင်ရှားနိုင်ဖို့၊ အနည်းဆုံးဖြစ်အောင် လျှော့ချတားဆီးနိုင်ဖို့အတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ စီမံဆောင်ရွက်မှုတွေ မဖြစ်မနေထားရှိဖို့ လိုအပ်လာပါတယ်။

သိကြတဲ့အတိုင်းပတ်ဝန်းကျင် ယိုယွင်းပျက်စီးမှုတွေနဲ့ နောက်ဆက်တွဲဖြစ်စဉ်တွေကြောင့် လူသားတွေနဲ့ သဘာဝပတ်ဝန်းကျင်အပေါ် ထိခိုက်စေမှုတွေဟာ များသောအားဖြင့် ရေတိုကာလအတွင်းမှာ မသိသာလှဘဲ နှစ်ကာလအတန်ကြာမှသာ သိသာ သိရှိစေနိုင်ပါတယ်။ သိလာတဲ့အချိန်မှာတော့ ယိုယွင်းပျက်စီးမှုပမာဏကြီးမားပြီး ပြန်လည်ကုစားဖြေရှင်းဖို့ အလွန်ခက်ခဲတတ်ပါတယ်။

စီးပွားရေး၊ လူမှုရေးနဲ့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုတဲ့ အဓိကမဏ္ဍိုင်(၃)ရပ်လုံး ဟန်ချက်ညီညီဖွံ့ဖြိုးမှုသာ ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုရရှိနိုင်မှာဖြစ်တဲ့အတွက် လူမှုစီးပွားဖွံ့ဖြိုးရေးလုပ်ငန်းစဉ်တွေမှာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကို မဖြစ်မနေပေါင်းစပ်ဆောင်ရွက်သွားဖို့ လိုအပ်ပါတယ်။

ပတ်ဝန်းကျင် ထိခိုက်မှုဆန်းစစ်ခြင်း (Environmental Impact Assessment-EIA) ဆိုတာ ဆောင်ရွက်ဖို့ အဆိုပြုထားတဲ့စီမံကိန်း၊ စီးပွားရေးလုပ်ငန်း၊ ဝန်ဆောင်မှု ဒါမှမဟုတ် လုပ်ဆောင်မှုတစ်ခုခုကို ခွင့်ပြုဖို့ သင့်၊ မသင့် ဆုံးဖြတ်နိုင်ဖို့အတွက် အဲဒီလုပ်ငန်းလုပ်ဆောင်မှုကြောင့် ပတ်ဝန်းကျင်ရဲ့ ရုပ်ပိုင်း၊ လူနဲ့သက်ရှိလောက၊ လူမှုရေးနဲ့ လူမှုစီးပွားရေးတွေအပေါ်မှာ ထင်ရှားသိသာတဲ့ ထိခိုက်ပြောင်းလဲမှုတွေ ဖြစ်ပေါ်စေနိုင်တဲ့ အလားအလာတွေ၊ ထိခိုက်ပြောင်းလဲမှုဖြစ်စဉ်တွေ ရှိ မရှိကို စနစ်တကျဆန်းစစ်တဲ့ လုပ်ငန်းစဉ်တစ်ရပ်ဖြစ်ပါတယ်။ ဒီလိုဆန်းစစ်လေ့လာခြင်းအားဖြင့် တွေ့ရှိလာရတဲ့ ပတ်ဝန်းကျင်အပေါ် ဆိုးကျိုးသက်ရောက်မှုတွေကို တားဆီးကာကွယ်နိုင်ဖို့၊ အနည်းဆုံးဖြစ်အောင် လျှော့ချနိုင်ဖို့ လုပ်ငန်းအစီအစဉ်တွေရေးဆွဲအကောင်အထည်ဖော်နိုင်မှာ ဖြစ်ပါတယ်။ အတိုချုပ်ပြောရရင်တော့ ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းဆိုတာ စီးပွားရေးလုပ်ငန်းစဉ်တွေထဲမှာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကို ထည့်သွင်းပေါင်းစပ်ပေးတဲ့ လုပ်ငန်းစဉ်တစ်ရပ်လို့ ပြောလို့ရပါတယ်။

ဒါကြောင့် နိုင်ငံတော်ရဲ့ လူမှုစီးပွားဖွံ့ဖြိုးရေးလုပ်ငန်းစဉ်တွေမှာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကို မဖြစ်မနေပေါင်းစပ်အကောင်အထည်ဖော်နိုင်ဖို့အတွက် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းကို ရေးဆွဲထုတ်ပြန်ရခြင်းဖြစ်ပါတယ်။

မေး ။ ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း ရေးဆွဲထုတ်ပြန်နိုင်ဖို့အတွက် ဘယ်လိုကြိုးပမ်းဆောင်ရွက်ခဲ့ရလဲဆိုတာကို သိပါရစေ။

ဖြေ ။ ၂၀၁၂ ခုနှစ် မတ်လ ၃၀ ရက်နေ့မှာပြဋ္ဌာန်းခဲ့တဲ့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေထဲက ဝန်ကြီးဌာနက ဆောင်ရွက်ရမယ့် လုပ်ငန်းတာဝန်တွေကို သတ်မှတ်ထားရာမှာ ပုဒ်မ ၇ ပုဒ်မခွဲ(ဃ)၌ **"အစိုးရဌာန၊ အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးက ပြုလုပ်မည့် စီမံချက်သို့မဟုတ် လုပ်ဆောင်မှုသည် ပတ်ဝန်းကျင်ကို သိသာထင်ရှားစွာ ထိခိုက်စေနိုင်ခြင်း ရှိ မရှိနှင့်စပ်လျဉ်း၍ ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်သည့်စနစ်နှင့် လူမှုရေးအရ ထိခိုက်မှုဆန်းစစ်သည့် စနစ်တစ်ရပ်ကို ချမှတ်ဆောင်ရွက်စေခြင်း"** ဆိုတဲ့ တာဝန်တစ်ရပ်ကို ထည့်သွင်းပြဋ္ဌာန်းထားပါတယ်။

> ❛ ရင်းနှီးမြှုပ်နှံမှု စီမံကိန်းတွေ၊ စီးပွားရေးလုပ်ငန်းတွေကြောင့် ပတ်ဝန်းကျင်ညစ်ညမ်းမှုမဖြစ်စေဖို့၊ ပတ်ဝန်းကျင်နဲ့လူမှုရေးအပေါ် ဖြစ်ပေါ်လာနိုင်တဲ့ ဆိုးကျိုးသက်ရောက်နိုင်မှုတွေကို ရှောင်ရှားနိုင်ဖို့၊ အနည်းဆုံးဖြစ်အောင် လျှော့ချတားဆီးနိုင်ဖို့အတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ စီမံဆောင်ရွက်မှုတွေ မဖြစ်မနေထားရှိဖို့ လိုအပ် ❜

ဥပဒေပြဋ္ဌာန်းချက်နဲ့အညီ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းတစ်ရပ် ပေါ်ပေါက်လာစေရေးအတွက် အာရှဖွံ့ဖြိုးရေးဘဏ်၊ မဲခေါင်ဒေသခွဲပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းဗဟိုဌာနမှ ကျွမ်းကျင်ပညာရှင်တွေရဲ့ နည်းပညာထောက်ပံ့မှုနဲ့ဒေသတွင်း နိုင်ငံများဖြစ်တဲ့ ကမ္ဘောဒီးယား၊ လာအို၊ မလေးရှား၊ ထိုင်း၊ ဗီယက်နမ်နိုင်ငံတွေရဲ့ အတွေ့အကြုံတွေကို မှီငြမ်းပြီး နိုင်ငံတကာအဆင့်မီ IFC စံနှုန်းနဲ့ကိုက်ညီစေမယ့် လုပ်ထုံးလုပ်နည်း ရေးဆွဲခြင်းလုပ်ငန်းကို ၂၀၁၂ ခုနှစ် နှစ်ကုန်ပိုင်းလောက်ကစပြီး ဆောင်ရွက်ခဲ့ပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ သဘောတူခွင့်ပြုချက်နဲ့ သက်ဆိုင်ရာဌာနအဖွဲ့အစည်းတွေ၊ အစိုးရမဟုတ်တဲ့ အဖွဲ့အစည်းတွေက ကိုယ်စားလှယ် ၅၃ ဦးပါဝင်တဲ့ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းရေးဆွဲပြုစုရေးအဖွဲ့ကို ဖွဲ့စည်းခဲ့ပြီး ဌာနဆိုင်ရာအသီးသီး၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၊ ပြည်တွင်း ပြည်ပ အဖွဲ့အစည်းတွေ၊ ပညာရှင်တွေနဲ့ညှိနှိုင်းဆွေးနွေးပွဲ ခြောက်ကြိမ်၊ ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီနဲ့ ဂျပန်နိုင်ငံ နီပွန်ကိုအီကုမ္ပဏီအပါအဝင် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းတွေ၊ လုပ်ငန်းနဲ့ ပတ်သက်ဆက်နွှယ်သူတွေနဲ့ ရှင်းလင်းဆွေးနွေးပွဲ သုံးကြိမ် စုစုပေါင်း ကိုးကြိမ် ဆောင်ရွက်ခဲ့ပြီး ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနအနေဖြင့် ၂၉-၁၂-၂၀၁၅ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်(၆၁၆/၂၀၁၅)နဲ့ ထုတ်ပြန်နိုင်ခဲ့ပါတယ်။

မေး ။ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး(ထုတ်လွှတ်မှု) လမ်းညွှန်ချက်တွေ ထုတ်ပြန်နိုင်ဖို့ ဘယ်လိုဆောင်ရွက်ခဲ့ရသလဲဆိုတာကိုသိပါရစေ။

ဖြေ ။ မြေပေါ်ရေ၊ မြေအောက်ရေ၊ ပင်လယ်ကမ်းရိုးတန်းနဲ့ မြစ်ဝဒေသရေ၊ လေ၊ အသံနဲ့တုန်ခါမှု၊ ထုတ်လွှတ်အခိုးအငွေ့၊ စွန့်ထုတ်အရည်၊ စွန့်ထုတ်အစိုင်အခဲ စတာတွေနဲ့ပတ်သက်တဲ့ စံချိန်စံညွှန်းတွေ သတ်မှတ်ဖို့ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေပုဒ်မ ၁၀ မှာ ပြဋ္ဌာန်းထားပါတယ်။

ပတ်ဝန်းကျင်ဆန်းစစ်ခြင်းလုပ်ငန်းစဉ်တွေကို ဆောင်ရွက်တဲ့နေရာမှာပတ်ဝန်းကျင်အရည်အသွေးထိန်းသိမ်းရေးနဲ့ အရည်အသွေးမြှင့်တင်ရေးတို့အတွက် သတ်မှတ်ထားတဲ့ စံချိန်စံညွှန်းတွေနဲ့အညီ ဆောင်ရွက်သွားရမှာဖြစ်တာကြောင့် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းထုတ်ပြန်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်နေတဲ့ တစ်ချိန်တည်းမှာပဲ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေပုဒ်မ ၁၀ အရ အမျိုးသားပတ်ဝန်းကျင် အရည်အသွေးစံချိန်စံညွှန်းတွေ သတ်မှတ်ဖို့ကိုလည်း အလေးထားဆောင်ရွက်ခဲ့ရာမှာ စံချိန်စံညွှန်းတွေ သတ်မှတ်နိုင်ဖို့ အချိန်ယူဆောင်ရွက်ရမှာ ဖြစ်တဲ့အတွက် ဒီစံချိန်စံညွှန်းတွေ မသတ်မှတ်မီမှာ လိုက်နာကျင့်သုံးဆောင်ရွက်နိုင်ဖို့ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး(ထုတ်လွှတ်မှု)လမ်းညွှန်ချက်တွေ ထုတ်ပြန်နိုင်ရေးအတွက် ၂၀၁၃ ခုနှစ် နှစ်ကုန်ပိုင်းလောက်ကစပြီး ကြိုးပမ်းဆောင်ရွက်ခဲ့ပါတယ်။

ဒီလိုဆောင်ရွက်ရာမှာ အာရှဖွံ့ဖြိုးရေးဘဏ်၊ မဲခေါင်ဒေသခွဲပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းဗဟိုဌာနရဲ့ ငွေကြေးနဲ့နည်းပညာအကူအညီ၊ European Union(EU)/International Management Group (IMG)၊ ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီနဲ့ ဂျပန်နိုင်ငံ နီပွန်ကိုအီကုမ္ပဏီတို့ရဲ့ နည်းပညာအကူအညီကို ရယူပြီး အာရှဖွံ့ဖြိုးရေးဘဏ်၊ မဲခေါင်ဒေသခွဲပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းဗဟိုဌာနနဲ့ တွေ့ဆုံဆွေးနွေးမှု ငါးကြိမ်၊ သက်ဆိုင်ရာဝန်ကြီးဌာနတွေ၊ အဖွဲ့အစည်းတွေနဲ့ တွေ့ဆုံဆွေးနွေးမှု နှစ်ကြိမ်၊ လုပ်ငန်းနဲ့ပတ်သက်ဆက်နွှယ်သူတွေကို ရှင်းလင်းဆွေးနွေးပွဲ နှစ်ကြိမ် စုစုပေါင်း ကိုးကြိမ် ဆောင်ရွက်ခဲ့ပြီးနောက် အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး(ထုတ်လွှတ်မှု) လမ်းညွှန်ချက်တွေကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနအနေနဲ့ ၂၉-၁၂-၂၀၁၅ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်(၆၁၅/၂၀၁၅)နဲ့ ထုတ်ပြန်နိုင်ခဲ့ပါတယ်။

မေး ။ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းနဲ့ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်တွေကို ထုတ်ပြန်ခြင်းနဲ့စပ်လျဉ်းပြီး ပြည်သူလူထုကို ဘာများအသိပေးချင်ပါသလဲ။

ဖြေ ။ အစောပိုင်းကပြောခဲ့တဲ့အတိုင်း ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းဆိုတာ စီးပွားရေးလုပ်ငန်းစဉ်တွေထဲမှာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကို ထည့်သွင်းပေါင်းစပ်ပေးတဲ့ လုပ်ငန်းစဉ်တစ်ရပ်ဖြစ်ပါတယ်။ ဒီလုပ်ငန်းစဉ်ကို သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းတွေ၊ စီးပွားရေးလုပ်ငန်းလုပ်ကိုင်သူတွေ၊ ပြည်သူတွေအားလုံးက အပြည့်အဝပူးပေါင်းပါဝင်ဆောင်ရွက်သွားမယ်ဆိုရင် ကျွန်တော်တို့နိုင်ငံအနေနဲ့ စီးပွားရေး၊ လူမှုရေးနဲ့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုတဲ့ အဓိကမဏ္ဍိုင်(၃)ရပ်လုံး ဟန်ချက်ညီညီဖွံ့ဖြိုးပြီး ရေရှည်စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုရရှိနိုင်မှာဖြစ်ပါတယ်။

ဒီလုပ်ငန်းစဉ်ဟာ ဖွံ့ဖြိုးရေးစီမံကိန်းတွေ ရေးဆွဲအကောင်အထည်ဖော်ဖို့ ဆုံးဖြတ်ချက်ချမှတ်တဲ့အပိုင်းမှာ လုပ်ငန်းဆောင်ရွက်လုပ်ကိုင်မယ့် နေရာဒေသက ဒေသခံပြည်သူတွေ၊ ပတ်သက်ဆက်နွှယ်သူတွေ အပါအဝင် ပြည်သူတွေရဲ့သဘောဆန္ဒကို အလေးထားရတဲ့အတွက် ဖွံ့ဖြိုးရေးလုပ်ငန်းတွေအတွက် ဆုံးဖြတ်ချက်ချမှတ်မှုအပိုင်းမှာ ပြည်သူတွေရဲ့အခန်းကဏ္ဍကို မြှင့်တင်ရာရောက်သလို ရင်းနှီးမြှုပ်နှံသူတွေ၊ စီးပွားရေးလုပ်ငန်းရှင်တွေအတွက် ရေရှည်အကျိုးဖြစ်ထွန်းစေတဲ့ လုပ်ငန်းစဉ်တစ်ရပ်ဖြစ်ပါတယ်။

အရင်ကဒီလိုအတွေ့အကြုံနဲ့ အလေ့အကျင့်တွေမရှိခဲ့တဲ့အတွက် ဆန်းစစ်ခြင်းကို ဆောင်ရွက်ရတဲ့အခါမှာ ကုန်ကျစရိတ်ရှိတာတွေ အပါအဝင် အခြားအခက်အခဲတွေ ဖြစ်ပေါ်တာမှန်သော်လည်း လုပ်ငန်းကို ရေရှည်ဆောင်ရွက်သွားနိုင်အောင် အများကြီးအထောက်အကူဖြစ်စေပါတယ်။

ဒီလုပ်ငန်းစဉ်အရ ပတ်ဝန်းကျင်အရည်အသွေးထိန်းသိမ်းမြှင့်တင်ရေးနဲ့စပ်လျဉ်းတဲ့ လုပ်ငန်းတွေ ဆောင်ရွက်ရာမှာလည်း သတ်မှတ်ထားတဲ့ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာအရည်အသွေး(ထုတ်လွှတ်မှု)လမ်းညွှန်ချက်တွေနဲ့အညီ လိုက်နာဆောင်ရွက်ခြင်းအားဖြင့် ကောင်းမွန်သန့်ရှင်းတဲ့ ပတ်ဝန်းကျင်အရည်အသွေးကို ထိန်းသိမ်းမြှင့်တင်ရာရောက်မှာ ဖြစ်ပါတယ်။

ဒါကြောင့် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ငန်းစဉ်ကို ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း လုပ်ထုံးလုပ်နည်းနဲ့ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး(ထုတ်လွှတ်မှု) လမ်းညွှန်ချက်တွေနဲ့အညီ အကောင်အထည်ဖော်ဆောင်ရွက်တဲ့အခါမှာ ရင်းနှီးမြှုပ်နှံသူတွေ၊ စီးပွားရေးလုပ်ငန်းရှင်တွေအနေနဲ့ အပိုလုပ်ငန်းတစ်ခု၊ ဝန်ထုပ်ဝန်ပိုးတစ်ခုလို့ မသတ်မှတ်ဘဲ ကိုယ့်ရဲ့လုပ်ငန်း ရေရှည်ရပ်တည်ဆောင်ရွက်သွားနိုင်ဖို့အတွက် ရင်းနှီးမြှုပ်နှံမှုတစ်ခုလို့ မှတ်ယူပြီးလိုက်နာဆောင်ရွက်အကောင် အထည်ဖော်ဖို့ လိုအပ်သလို ပြည်သူတွေအနေနဲ့ မိမိရဲ့အကျိုးစီးပွား၊ မိမိဒေသရဲ့ အကျိုးစီးပွားနဲ့ နိုင်ငံတော်ရဲ့ အကျိုးစီးပွားအတွက် ပူးပေါင်းပါဝင်ဆောင်ရွက်ဖို့ လိုအပ်ပါတယ်။

အထူးတင်ပြချင်တာက ဖွံ့ဖြိုးရေးလုပ်ငန်းတွေဆောင်ရွက်နေကြတဲ့ ဌာန၊ အဖွဲ့အစည်းတွေ၊ အဲဒီလုပ်ငန်းတွေဆောင်ရွက်နိုင်ဖို့ စိစစ်ခွင့်ပြုတဲ့ ဌာန၊ အဖွဲ့အစည်းတွေနဲ့ စစ်ဆေးကြပ်မတ်ဖို့တာဝန်ရှိတဲ့ ဌာန၊ အဖွဲ့အစည်းတွေအနေနဲ့ နိုင်ငံတော်နဲ့နိုင်ငံသားတွေရဲ့ ရေရှည်အကျိုးစီးပွားအတွက် ဒီလုပ်ငန်းစဉ်ကို အကောင်အထည်ဖော်ရာမှာ မဖြစ်မနေပူးပေါင်းပါဝင်အကောင်အထည်ဖော်ဆောင်ရွက်သွားဖို့ လိုအပ်ပါတယ်လို့ ပြောလိုပါတယ်။

မြန်မာ့အလင်း

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး

ပြည်သူများအတွက်ဆောင်ရွက်သည့် စီမံကိန်းလုပ်ငန်းစဉ်များသည် ပြည်သူများပါဝင်ဆောင်ရွက်မှ အောင်မြင်မည်ဖြစ်

နေပြည်တော် ဇန်နဝါရီ ၂၁

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၃၅ ရက်မြောက်နေ့ကို ယနေ့ မွန်းလွဲ ၁၂ နာရီခွဲတွင်ကျင်းပရာ **(ယာပုံ) ကျေးရွာနှင့် မြို့များတိုးချဲ့ ပြင်ဆင်ဖွဲ့စည်းခြင်းကို မှတ်တမ်းတင်ခြင်း၊ အစီရင်ခံစာတစ်ခု ဖတ်ကြားခြင်း**နှင့် **ဒုတိယကာလတို ငါးနှစ်စီမံကိန်း**နှင့်စပ်လျဉ်း၍ ဆွေးနွေးမှတ်တမ်းတင်ခြင်းတို့ကို ဆောင်ရွက်ကြသည်။

အစည်းအဝေးတွင် နိုင်ငံတော်သမ္မတရုံးမှ ပေးပို့သည့် **မွန်ပြည်နယ်အတွင်း ကျေးရွာငါးရွာ တိုးချဲ့ဖွဲ့စည်းခြင်း၊ ရပ်ကွက် တစ်ရပ်ကွက်နှင့် ကျေးရွာ ၁၂ ရွာ နယ်နိမိတ်ဧရိယာ ပြင်ဆင်ဖွဲ့စည်းခြင်းနှင့် ရခိုင်ပြည်နယ် မောင်တောခရိုင် မောင်တောမြို့နယ်တွင် ရပ်ကွက် ငါးရပ်ကွက်ပါဝင်သော ခမောင်းဆိပ်မြို့နှင့် ရပ်ကွက် ရှစ်ရပ်ကွက်ပါဝင်သော မြင်းလွှတ်မြို့များ တိုးချဲ့ပြင်ဆင်ဖွဲ့စည်းခြင်း**ကို လွှတ်တော်က မှတ်တမ်းတင်ကြောင်း ပြည်ထောင်စုလွှတ်တော်နာယက သူရဦးရွှေမန်းက ကြေညာသည်။

ထို့နောက် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှ ပေးပို့သော **၂၀၁၄ - ၂၀၁၅ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေနှင့်စပ်လျဉ်းသည့် စစ်ဆေးတွေ့ရှိချက် အစီရင်ခံစာ**အပေါ် ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်အစီရင်ခံစာ(၂/၂၀၁၆)ကို ပူးပေါင်းကော်မတီဝင် စစ်ကိုင်းတိုင်းဒေသကြီး ကသာမဲဆန္ဒနယ်မှ ဦးမိုးဇော်ဟိန်းက ဖတ်ကြားတင်ပြရာ ပြည်ထောင်စုလွှတ်တော်နာယကက ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် ပြည်ထောင်စုအစိုးရအဖွဲ့မှပေးပို့သည့် **ဒုတိယကာလတို ငါးနှစ်စီမံကိန်း (၂၀၁၆ - ၂၀၁၇ ဘဏ္ဍာနှစ်မှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အထိ) မူကြမ်း**နှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ် ၁၁ ဦးက ပါဝင်ဆွေးနွေးကြပြီး အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

မန္တလေးတိုင်းဒေသကြီး ပုဂံညောင်ဦး မဲဆန္ဒနယ်မှ ဦးအောင်ကြိုင်က မြန်မာနိုင်ငံ မိုးတွင်းကာလ၌ ဧရာဝတီမြစ်ရေကြီးချိန်တွင် ရေတံခါးတည်ဆောက်ပြီး ရေမြောင်းတူး၍ ရေသိုလှောင်ထိန်းသိမ်းထားနိုင်ပါက လယ်ယာများသို့ ရေပေးဝေနိုင်မည်ဖြစ်ပါကြောင်း၊ ရေမြောင်းဘေးပတ်ဝန်းကျင်တွင်လည်း ရေအစိုဓာတ်ရရှိမှု မြင့်တက်လာပြီး ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်လာမည်ဖြစ်ပါကြောင်း၊ အနီးပတ်ဝန်းကျင်ကျေးရွာများမှလူများ၊ တိရစ္ဆာန်များအတွက် သောက်သုံးရေကိုလည်း ရရှိနိုင်မည်ဖြစ်ပါကြောင်း၊ ထို့ပြင် နိုင်ငံတစ်ဝန်း မြေလွတ် မြေရိုင်း မြေလပ်များကို စက်ယန္တရားကြီးများ အသုံးပြု၍ လယ်ယာမြေတိုးချဲ့စိုက်ပျိုးခြင်း (သို့မဟုတ်) သစ်တောသစ်ပင်များ တိုးချဲ့စိုက်ပျိုးခြင်းပြုသင့်ပါကြောင်း အကြံပြုဆွေးနွေးသည်။

ဧရာဝတီတိုင်းဒေသကြီး မအူပင်မဲဆန္ဒနယ်မှ ဦးစိန်ဝင်းက မြန်မာနိုင်ငံအောက်ပိုင်း ရေကြီးနစ်မြုပ်မှုမှ ကာကွယ်ရန် ကောနေသော မြောင်းများတူးဖော်ခြင်းနှင့် စိုက်ပျိုးရေးကို အခြေခံပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်စေရန် မြေနှင့်ရေကို အကျိုးရှိရှိ အသုံးချရေးလုပ်ငန်းများကို ဆောင်ရွက်ရန်လိုအပ်ပါကြောင်း၊ ကျေးလက်လူထုဗဟိုပြုဖွံ့ဖြိုးမှုမူဝါဒနှင့် လယ်ယာကဏ္ဍရင်းနှီးမြှုပ်နှံမှုတို့ကို ဦးစားပေးဆောင်ရွက်သင့်ပါကြောင်း၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သဘာဝအန္တရာယ်ကြိုတင်ကာကွယ်စီမံမှုများကိုလည်း ဆောင်ရွက်ရန်လိုအပ်ပါကြောင်း အကြံပြုဆွေးနွေးသည်။

ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်များ၏ ဆွေးနွေးအကြံပြုချက်များနှင့်စပ်လျဉ်း၍ **ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်**က ဒုတိယ ငါးနှစ်စီမံကိန်း၏ ဖွံ့ဖြိုးရေးမူဝါဒအနေဖြင့် ပြည်သူဗဟိုပြုအဖြစ် ဆက်လက်ဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း၊ ပြည်သူများ ပါဝင်ဆောင်ရွက်နိုင်သည့် စီမံကိန်းများဖြစ်ရန် ရေးဆွဲသွားမည်ဖြစ်ပါကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင် ပြည်သူများအနေဖြင့် စီမံကိန်းရေးဆွဲမှုများကို အကျွမ်းဝင်လာစေရန်နှင့် ၎င်းတို့၏ လိုအပ်ချက်များကို တင်ပြထည့်သွင်းရေးဆွဲနိုင်သည်အထိ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ စီမံကိန်းများ၏ အောင်မြင်မှုမှာ ပြည်သူများ ပါဝင်ဆောင်ရွက်ခြင်းသည် အဓိကသော့ချက်ဖြစ်၍ အရေးကြီးပါကြောင်း၊ ပြည်သူများအတွက် ဆောင်ရွက်သည့် စီမံကိန်းလုပ်ငန်းစဉ်များသည် ပြည်သူများ ပါဝင်ဆောင်ရွက်မှသာလျှင် အမှန်တကယ် အောင်မြင်မည်ဖြစ်ပါကြောင်း။

ဒုတိယ ငါးနှစ်စီမံကိန်း၏ အဓိကရည်ရွယ်ချက်သည် စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှု အခြေခံကောင်းများ ပိုမိုဖြစ်ပေါ်စေခြင်းမှတစ်ဆင့် စက်မှုဖွံ့ဖြိုးမှုဆီသို့ ဖြစ်ပါကြောင်း၊ စက်မှုဖွံ့ဖြိုးမှုဆီသို့ ဦးတည်သော်လည်း လယ်ယာထုတ်ကုန်များကို တန်ဖိုးမြှင့်တင် ထုတ်လုပ်နိုင်ရန်၊ စက်မှုကဏ္ဍအတွက် လိုအပ်သော ကုန်ကြမ်းသွင်းအားစုများဖြစ်ပေါ်စေရန်၊ ပြည်တွင်းစားသုံးမှု ဖူလုံစေရေးနှင့် ဝယ်လိုအားရှိသည့် ပို့ကုန်ဈေးကွက်အတွက် ပိုမိုစီးပွားဖြစ်စေသည့် စိုက်ပျိုးရေးထုတ်ကုန်နှင့် သီးနှံများ ထုတ်လုပ်ပေးရန်၊ လယ်ယာကဏ္ဍကို ခေတ်မီစက်မှုလယ်ယာသို့ ကူးပြောင်းရန်နှင့် စိုက်ပျိုးရေးကဏ္ဍထုတ်လုပ်နိုင်စွမ်း တိုးတက်ရန်တို့ကို ပူးတွဲဆောင်ရွက်ရန်ဖြစ်ပါကြောင်း။

မြန်မာ့လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ပြီး အရည်အသွေးမြင့်ထုတ်ကုန်နှင့် အဆင့်မြင့်ထုတ်လုပ်မှုလုပ်ငန်းစဉ်များဆီသို့ ဦးတည်နိုင်ရန်အတွက် စိုက်ပျိုးမြေချဲ့ထွင်ခြင်း၊ လုပ်သားနှင့် မြေယာကုန်ထုတ်စွမ်းအားမြှင့်တင်ပေးခြင်း၊ ထုတ်လုပ်မှုစွမ်းအား တိုးမြှင့်ပေးခြင်းတို့ကို ဆောင်ရွက်ပြီး ဒုတိယကာလတို ငါးနှစ်စီမံကိန်းအတွင်း စက်မှုလယ်ယာဖော်ထုတ်မှုကို အရှိန်အဟုန်မြှင့်ဆောင်ရွက်ရန်ရည်မှန်းထားရှိပါကြောင်း၊ ထိုမှ တစ်ဆင့် လယ်ယာကဏ္ဍထုတ်ကုန်များကို စက်မှုကဏ္ဍနှင့် ချိတ်ဆက်၍ လယ်ယာမှသည် စက်မှုဆီသို့ အသွင်ပြောင်းနိုင်ရေးကိုဆောင်ရွက်ရမည်ဖြစ်ပါကြောင်း ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

ပြည်ထောင်စုအစိုးရအဖွဲ့မှပေးပို့သည့် **ဒုတိယကာလတို ငါးနှစ်စီမံကိန်း (၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အထိ)မူကြမ်း**နှင့်စပ်လျဉ်း၍ လွှတ်တော်က မှတ်တမ်းတင်ကြောင်း ပြည်ထောင်စုလွှတ်တော်နာယကက ကြေညာသည်။ ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၃၆ ရက်မြောက်နေ့ကို ဇန်နဝါရီ ၂၂ ရက်တွင် ဆက်လက်ကျင်းပရန် လျာထားကြောင်း သိရသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံအမျိုးသမီးများနှင့် ကလေးသူငယ်များဘဝမြှင့်တင်ရေးအသင်းရုံး အဆောက်အအုံဆောက်လုပ်လှူဒါန်းခြင်း သဘောတူညီမှုလက်မှတ်ရေးထိုး

မြန်မာနိုင်ငံအမျိုးသမီးများနှင့် ကလေးသူငယ်များဘဝမြှင့်တင်ရေးအသင်းရုံး အဆောက်အအုံဆောက်လုပ်လှူဒါန်းခြင်း သဘောတူညီမှုလက်မှတ်ရေးထိုးပွဲတွင် MWCDF အသင်းဥက္ကဋ္ဌနှင့် MFFG Co.,Ltd. ဥက္ကဋ္ဌတို့ သဘောတူစာချုပ် အပြန်အလှန်ပေးအပ်စဉ်။

နေပြည်တော် ဇန်နဝါရီ ၂၁

မြန်မာနိုင်ငံအမျိုးသမီးများနှင့် ကလေးသူငယ်များ ဘဝမြှင့်တင်ရေးအသင်း(MWCDF)အတွက် အသင်းရုံးအဆောက်အအုံ ဆောက်လုပ်လှူဒါန်းခြင်းအခမ်းအနားကို ဇန်နဝါရီ ၂၁ ရက် နံနက် ၁၀ နာရီက ယင်းအသင်းရုံးချုပ်၌ကျင်းပရာ MWCDF ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့်အဖွဲ့များ၊ Myanmar First Financial Group Co., Ltd. မှ ဥက္ကဋ္ဌဖြစ်သူ Mr.Duan Zengli နှင့်ဇနီး၊ ဧည့်သည်တော်များနှင့်အဖွဲ့ဝင်များ တက်ရောက်သည်။

အခမ်းအနားတွင် MWCDF အသင်းဥက္ကဋ္ဌနှင့် MFFG Co.,Ltd. ဥက္ကဋ္ဌတို့က အမှာစကားပြောကြားကြပြီး သဘောတူစာချုပ် လက်မှတ်ရေးထိုးကြရာ MWCDF အသင်း ဒုတိယဥက္ကဋ္ဌက MFFG Co.,Ltd. မှ MWCDF အသင်းရုံးဆောက်လုပ်လှူဒါန်းခြင်းအပေါ် ကျေးဇူးတင်ကြောင်း ပြောကြားခဲ့သည်။ **(သတင်းစဉ်)**

မြန်မာ-ဂျပန်ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေး

နေပြည်တော် ဇန်နဝါရီ ၂၁

JICA မှ Chief Representative ဖြစ်သူ Mr. Keiichiro NAKAZAWA နှင့်အဖွဲ့သည် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာထွန်းရှင်အား ပြည်ထောင်စုရှေ့နေချုပ်ရုံး၌ ယနေ့ညနေ ၄ နာရီခွဲတွင် လာရောက်တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုရှေ့နေချုပ်ရုံး ဥပဒေပညာပြန့်ပွားရေးအတွက် အထောက်အကူပြုမှုများနှင့် မြန်မာ-ဂျပန်ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လွှတ်တော်အစည်းအဝေး လာရောက်လေ့လာ

နေပြည်တော် ဇန်နဝါရီ ၂၁

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော်(၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၃၅ ရက်မြောက်နေ့သို့ ဖြူးမြို့နယ် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီးဦးဆောင်၍ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ ၄၃ ဦး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၏ မိတ်ဆွေ ၁၂ ဦး၊ တောင်ငူမြို့နယ်မှ ဗိုလ်ချုပ်ကြေးရုပ်ဖြစ်မြောက်ရေး ကော်မတီဝင်ခြောက်ဦး စုစုပေါင်း ၆၁ ဦးတို့သည် ပြည်ထောင်စုလွှတ်တော် အစည်းအဝေးကျင်းပနေပုံနှင့် လွှတ်တော်အဆောက်အအုံများကို လာရောက်လေ့လာကြည့်ရှု၍ ပြန်လည်ထွက်ခွာသွားသည်။ **(သတင်းစဉ်)**

* **ရှေ့ဖုံးမှ**

ဘတ်ဂျက်ရန်ပုံငွေဖြင့် မော်လူးမြို့နယ်လျှပ်စစ်ဝင်းအတွင်း (၃၆ × ၂၄)ပေ တစ်ထပ်သံကူကွန်ကရစ် တည်ဆောက်ခြင်းလုပ်ငန်းကို Sonic Ray. Co., Ltd. က လည်းကောင်း၊ Japan ODA Loan (JICA)ဖြင့် ဆောင်ရွက် မည့် ၃၃/၁၁ ကေဗွီ၊ ငါးအမ်ဗွီအေ ဓာတ်အားခွဲရုံတစ်ရုံကို ZEYA Associates Co., Ltd. ကလည်းကောင်း တည်ဆောက်လျက်ရှိကြောင်း၊ မော်လူးဒေသအတွင်း ဖြန့်ဖြူးလျက်ရှိသော လျှပ်စစ်ဓာတ်အားမှာ နဘားဓာတ်အားခွဲရုံမှ ၃၃ ကေဗွီလိုင်း ၁၇ ဒသမ ၅မိုင်၊ ၁၁ ကေဗွီဓာတ်အားလိုင်းနှစ်မိုင်၊ ဗို့ ၄၀၀ ဓာတ်အားလိုင်းတစ်မိုင်တို့ကို သွယ်ယူတပ်ဆင်နိုင်ခဲ့ပြီး မော်လူးတွင် ၁၁/၀ ဒသမ ၄ ကေဗွီ၊ ၂၀၀ ကေဗွီအေ ဓာတ်အားခွဲရုံငယ် သုံးရုံကို (ကောင်းဝင်းစံကုမ္ပဏီ)က တာဝန်ယူတည်ဆောက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ ၃၃/၁၁ ကေဗွီ၊ ငါးအမ်ဗွီအေ ဓာတ်အားခွဲရုံ တည်ဆောက်ပြီးစီးပါက မော်လူးဒေသ ၁၀ အုပ်စု ကျေးရွာ ၄၃ ရွာနှင့် ကချင်ပြည်နယ်မှ ကျေးရွာငါးရွာတို့ကို လျှပ်စစ်ဓာတ်အား လုံလောက်စွာ ဖြန့်ဖြူးပေးဝေနိုင်တော့မည်ဖြစ်ပြီး ဓာတ်အားသုံးစွဲသူ ပြည်သူများ ဗို့အားပြည့်မီစွာ သုံးစွဲနိုင်တော့မည်ဖြစ်ကြောင်း မော်လူးမြို့နယ်လျှပ်စစ်မှူး ဦးမောင်မောင်ငြိမ်းထံမှ သိရသည်။

ဆက်လက်ပြီး မော်လူးဒေသ ကျေးရွာပေါင်း ၄၃ ရွာနှင့် ကချင်ပြည်နယ်၏ နယ်စပ်ဒေသကျေးရွာများဖြစ်သည့် နန့်စီးအောင် မြိုင်သာယာ၊ မြိုင်သီတာ၊ ပင်လုံ၊ သာယာကုန်းကျေးရွာများအထိ လျှပ်စစ်မီးကို လုံလောက်စွာ ဖြန့်ဖြူးပေးဝေနိုင်မည်ဖြစ်သည်။ **နီတိုး**

အနိမ့်ဆုံးအပူချိန် စံချိန်သစ်

၂၁-၁-၂၀၁၆

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ဇန်နဝါရီ ၂၁ရက် ထုတ်ပြန်သည့် မိုးမိတ်စခန်း၌ တိုင်းထွာရရှိသည့် အနိမ့်ဆုံးအပူချိန်စံချိန်သစ်မှာ ၅ ဒသမ ၈ ဒီဂရီစင်တီဂရိတ်(၄၂ ဒသမ ၄ ဒီဂရီဖာရင်ဟိုက်)ဖြစ်သည်။ ယခင်စံချိန်ဟောင်းမှာ ၁၃-၁-၂၀၁၅ ရက်က တိုင်းထွာရရှိသည့် ၆ ဒီဂရီစင်တီဂရိတ် (၄၂ ဒသမ ၈ ဒီဂရီဖာရင်ဟိုက်)ဖြစ်သည်။ ယခုစံချိန်မှာ စခန်းဖွင့်သည့်နှစ်မှစ၍ နှစ်ပေါင်း ၃၃ နှစ်အတွင်းအနိမ့်ဆုံးအပူချိန်ဖြစ်သည်။ **(မြန်မာ့အလင်း)**

ဒုတိယအကြိမ်လွှတ်တော် ပုံမှန်အစည်းအဝေးများသို့တက်ရောက်မည့် လွှတ်တော်ကိုယ်စားလှယ်များ တည်းခိုရေးနှင့်နေရာချထားရေးညှိနှိုင်းစည်းဝေး

နေပြည်တော် ဇန်နဝါရီ ၂၁

ပြည်ထောင်စု လွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ယနေ့နံနက် ၈ နာရီခွဲတွင် နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဧည့်ရိပ်သာ (၂)၌ ကျင်းပသည့် ဒုတိယအကြိမ်လွှတ်တော်ပုံမှန်အစည်းအဝေးများသို့ တက်ရောက်မည့် လွှတ်တော်ကိုယ်စားလှယ်များအတွက် တည်းခိုရေးနှင့် နေရာချထားရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်သည်။ **(ယာပုံ)**

ရှေးဦးစွာ နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဧည့်ရိပ်သာတာဝန်ခံက ဒုတိယအကြိမ်လွှတ်တော်ပုံမှန်အစည်းအဝေးများသို့ တက်ရောက်မည့် လွှတ်တော်ကိုယ်စားလှယ်များအတွက် တည်းခိုရေးနှင့် နေရာချထားရေးဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ စီမံဆောင်ရွက်ထားမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက ဒုတိယအကြိမ် လွှတ်တော်အစည်းအဝေးများ ခေါ်ယူကျင်းပခြင်းနှင့် လုပ်ဆောင်ရမည့်လုပ်ငန်းအစီအစဉ်များသည် ဖွဲ့စည်းပုံအခြေခံဥပဒေ အပါအဝင် တည်ဆဲဥပဒေ၊ နည်းဥပဒေများအရ ဆောင်ရွက်ခြင်းဖြစ်ပါကြောင်း၊ ဒုတိယအကြိမ်လွှတ်တော် အစည်းအဝေးသို့ တက်ရောက်လာမည့် နိုင်ငံရေးပါတီများမှ လွှတ်တော်ကိုယ်စားလှယ်များအတွက် တည်းခိုနေထိုင်စားသောက်ရေး၊ ကျန်းမာရေး၊ လုံခြုံရေး၊ သွားလာရေး၊ ပို့ဆောင်ဆက်သွယ်ရေးလုပ်ငန်းများ အဆင်ပြေချောမွေ့စေရေးအတွက် စီစဉ်ဆောင်ရွက်ပေးကြသည့် တာဝန်ရှိသူများကို ကျေးဇူးတင်ရှိကြောင်း ပြောကြားသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသူများက အထွေထွေ ဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုလွှတ်တော်နာယက က လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ ပြည်ထောင်စုလွှတ်တော်နာယကနှင့်အတူ ပြည်သူ့လွှတ်တော်၊ တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကော်မတီဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်သူ့လွှတ်တော်ကော်မရှင်အဖွဲ့ဝင်များ၊ လွှတ်တော်ရုံးများမှ တာဝန်ရှိသူများ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများတက်ရောက်ကြသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယကသည် တည်းခိုဆောင်များ ပြင်ဆင်ဆောင်ရွက်ထားရှိမှုကို လိုက်လံကြည့်ရှုသည်။

(သတင်းစဉ်)

❖ *ကျော်ဖုံးမှ*

အရေးပေါ်မီးတန်းများကိုဆင်မြန်းထားသည့် အရေးပေါ်ဆလွန်းကားက "သက်တော်စောင့်"ပရဟိတအဖွဲ့ပိုင်ကားဖြစ်သည်။

ထိုအဖွဲ့က အမြန်လမ်းပေါ်ရှိ ယာဉ်မတော်တဆဖြစ်မှုများသာမက ခရီးသွားတို့၏ မော်တော်ယာဉ်များ ဘီးပေါက်ရာတွင်လည်း သွားရောက်ကူညီသည်။ ယာဉ်အန္တရာယ်မဖြစ်စေရေးအတွက် အမြန်လမ်းမပေါ်ရှိ ခွေးသေများကို မရွံမရှာ သွားရောက်ဖယ်ရှားပေးသည်။

သက်တော်စောင့်အဖွဲ့ဟုဆိုသော်လည်း အမှန်စင်စစ် သက်တော်စောင့်က တစ်ဦးတည်းသာဖြစ်ပြီး မိသားစုများက ၎င်း၏ ပရဟိတလုပ်ငန်းကို ဝိုင်းဝန်းကူညီပေးကြခြင်းဖြစ်သည်။

"ငယ်စဉ်ကတည်းက သူများတွေ အခက်အခဲဖြစ်ရင် ဝါသနာအရ ကူညီလေ့ရှိတယ်။ ကူညီလိုက်ရရင် စိတ်ထဲကျေနပ်သွားတာပဲသိတယ်။ အခုမှ ဒါဟာ ပရဟိတ အလုပ်ဆိုတာကို သိလာတယ်"ဟု အမြန်လမ်း၏ တစ်ကိုယ်တော် သက်တော်စောင့်ဖြစ်သူ အသားခပ်ညိုညို အသက် ၅၅ နှစ် အရွယ်ရှိ ဦးဝင်းအောင်က ဆိုသည်။

ပရဟိတလုပ်ငန်းကို ငယ်စဉ်ကတည်းက စိတ်ဝင်စားသူ ဦးဝင်းအောင်သည် ငယ်စဉ်က အပျော်တမ်းလက်ဝှေ့အားကစားသမား တစ်ဦးဖြစ်သည်။ တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ နယ်စပ်ဒေသ၌ ဟိုတယ်လုပ်ငန်း အပါအဝင် ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းဖြင့် ရပ်တည်လျက်ရှိသည်။ စီးပွားရေးလုပ်ငန်းရှင်ဖြစ်သော်လည်း သူငယ်စဉ်ဝါသနာပါရာ ပရဟိတလုပ်ငန်းကိုတော့ လက်မလွှတ်ပါ။

တစ်ဖက်ထိုင်းနိုင်ငံသို့ သွားရောက်အလုပ်လုပ်ကိုင်နေကြသည့် မြန်မာလုပ်သားများ နေရပ်ပြန်လိုပါက ကော့သောင်း၊ မောတောင်၊ မြိတ်၊ ရှမ်းပြည်နယ်၊ တာချီလိတ် စသည့် နယ်စပ်မြို့များမှတစ်ဆင့် အခမဲ့ဆောင်ရွက်ကူညီပေးခဲ့သည်။ အနှစ် ၂၀ ကျော်ကြာ ဆောင်ရွက်ပေးခဲ့၍ ၎င်းကို ယင်းဒေသများ၌ နယ်စပ်လုပ်ငန်းရှင် ဝင်းအောင်(ခ) ပတ္တလားဟု လူသိများကြသည်။

ရန်ကုန်-မန္တလေး အမြန်လမ်းမပေါ်ပေါက်လာသည့်အခါတွင်မူ ယာဉ်မတော်တဆမှုများနှင့်အတူ အသက်အန္တရာယ်ဆုံးရှုံးမှုများ ဖြစ်ပေါ်သည်ကို ကြားသိရသောကြောင့် ရန်ကုန်သို့ ၂၀၁၃ ခုနှစ်တွင် ၎င်းရောက်ရှိလာသည်။ တစ်ဆက်တည်းမှာပင် အမြန်လမ်း မိုင်တိုင်အမှတ် ၁၆၇ တွင် မြေကွက် ငါးကွက် ဝယ်ယူခဲ့ကာ ခရီးသည်များနှင့် ယာဉ်မောင်းများ ခေတ္တနားနေရန်နှင့် ကျန်းမာရေးအပေ့ါအပါးအတွက် အိမ်သာအလုံး ၂၀ ပါ အဆောက်အအုံ ၁၀ လုံး၊ အဆောက်အအုံကြီး နှစ်လုံးကို ဆောက်လုပ်လှူဒါန်းထားခဲ့သည်။ အမြန်လမ်းထက်က ပရဟိတသက်တော်စောင့်အလုပ်ကို ၎င်းပါဝင်လုပ်ဆောင်ခဲ့သည်။

ယာဉ်မတော်တဆမှု ဖြစ်ပွားတတ်သည့် နေရာများတွင် အကူအညီပေးနိုင်ရန်အတွက် နေပြည်တော်အမြန်လမ်းပေါ်၌ မိုင်တိုင် ၁၆၇၊ လေးဖာလုံအတွင်းသက်တော်စောင့်အဖွဲ့ (Highway Bodyguard) အခြေစိုက်ရုံးထားရှိကာပရဟိတလုပ်ငန်းကို ၂၀၁၄ ခုနှစ်က စတင်လုပ်ဆောင်ခဲ့ပြီး ပြည်ထဲရေးဝန်ကြီးဌာန၏ ခွင့်ပြုချက်လိုင်စင်ကို ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလက ရရှိခဲ့သည်။ အဆိုပါ အနီးတစ်ဝိုက် မိုင် ၁၀၀ ပတ်လည်အတွင်းအကြောင်းကြောင်းကြောင့် အကူအညီရယူလိုသည့် ခရီးသည်နှင့် ယာဉ်မောင်းများအတွက် ဆေးကုသမှု၊ ခေတ္တနားခိုရန် အခြားဝန်ဆောင်မှုများကို ၂၄ နာရီပတ်လုံး၊ ကိုယ်ပိုင်ကား နှစ်စီးဖြင့် အခမဲ့ဝန်ဆောင်မှုပေးလျက်ရှိသည်။

"သက်တော်စောင့်နာမည်နဲ့ကိုက်ညီအောင် အမြန်လမ်းက ခရီးသွားတွေ လုံခြုံမှုရှိအောင် ဆောင်ရွက်နေပါတယ်။ ကိုယ်ကျိုးစီးပွားအတွက်လုပ်တာ မဟုတ်ပါဘူး။ အများကို ကူညီချင်တဲ့စိတ်နဲ့ လုပ်ပေးတာပါ၊ ၂၄ နာရီအတွင်း အမြန်လမ်းပေါ်မှာ အကြောင်းကြောင်းကြောင့် အကူအညီလိုအပ်လို့ ဆက်သွယ်လာတဲ့ ဖုန်းခေါ်ဆိုမှုတွေကို လက်ခံတယ်။ အမြန်လမ်းပေါ်မှာ ကားစက်ချွတ်ယွင်းတာ၊ ကားဘီးပေါက်တာ။ ကားမတော်တဆဖြစ်တာတွေကို ကိုယ်တိုင်လည်း လက်လှမ်းမီသမျှ ဆောင်ရွက်ပေးတယ်။ ဝပ်ရှော့ဆရာလည်း ခေါ်ပေးတယ်။ ကျွန်တော် သိသလောက်လည်း ပြောပြပေးတယ်။ လိုအပ်ရင် ရဲစခန်းနဲ့ သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းတွေနဲ့ ပူးပေါင်းဆက်သွယ်ပြီး ကူညီပေးတယ်"ဟု သက်တော်စောင့် လူမှုကယ်ဆယ်ရေး ကူညီဆောင်ရွက်သူ ဦးဝင်းအောင်က ဆိုသည်။

"နေ့စဉ်အမြန်လမ်းမှာ လူအသေအပျောက် တော်တော်များများရှိတာကို သိတာကြောင့် အခုလိုရောက်ရှိပြီး ပရဟိတလုပ်ဖို့ ရည်ရွယ်ခဲ့တယ်။ ဒီအလုပ်ကိုလုပ်စဉ်က လိုင်စင်ရှိရမယ်ဆိုတာ မသိပါဘူး၊ ၂၀၁၅ ခုနှစ်က ပြည်ထဲရေးက လိုင်စင်ထုတ်ပေးခဲ့ပါတယ်။ ကူညီမှုတွေကို မှတ်တမ်းတွေထားတယ်။

အမြန်လမ်းမကြီးပေါ်၌ ခရီးသွားမော်တော်ယာဉ်တစ်စီး ဘီးပေါက်သဖြင့် သက်တော်စောင့် ပရဟိတအဖွဲ့က ကူညီဆောင်ရွက်ပေးမှုကို တွေ့ရစဉ်။

"ဒီလိုကူညီမှုတွေလုပ်ရင်း မတော်တဆအဖြစ်များတဲ့ အကြောင်းရင်းကို သိလာတာက လမ်းခရီးမှာ တည်းခိုနားနေဖို့ နေရာမရှိတဲ့အတွက် လုံခြုံမှုမရတဲ့အခါ မအိပ်တော့ဘဲ ခရီးဆက်ရင်း ယာဉ်မောင်းက သတိတစ်ချက်လွတ်၊ အိပ်ငိုက်တာကြောင့် မတော်တဆဖြစ်ကြတယ်။ မိတ္ထီလာနဲ့ နေပြည်တော်ကြားတစ်ချက်၊ ဘုရားကြီးနဲ့ ၁၀၅ မိုင်ကြားတစ်ချက် အဖြစ်များတယ်" ဟု ၎င်း၏ အမြင်ကို သုံးသပ်ပြောကြားသည်။

သို့သော် ဦးဝင်းအောင်နှင့် အလှူရှင်များဆောက်လုပ်လှူဒါန်းထားသော ၁၆၇ မိုင်ရှိ အခမဲ့နားနေဆောင်များကို ၂၀၁၅ ခုနှစ် ဒီဇင်ဘာလအတွင်းက သတ်မှတ်ထားသော စည်းမျဉ်းစည်းကမ်းအရ ဖျက်သိမ်းခံခဲ့ရကြောင်း သိရသည်။

"အခုလို အဆောက်အအုံတွေ ဖျက်သိမ်းခံခဲ့ရတာက ကျွန်တော့်အတွက် မဆုံးရှုံးပါဘူး။ ခရီးသည်တွေ၊ ယာဉ်မောင်းတွေလုံခြုံမှုမရှိတာကိုဘဲ စိုးရိမ်မိတယ်။ ဒီအမြန်လမ်းမကြီးပေါ်မှာ ရန်ကုန်-မော်လမြိုင် လမ်းတစ်လျှောက်လိုပဲ လူခြေမပြတ် ထားပေးရင်ကောင်းမယ်လို့ထင်တယ်။ အဆောက်အအုံက စနစ်တကျနဲ့ပေါ့၊ ဒါဆို အမြန်လမ်း ပတ်ဝန်းကျင်တစ်လျှောက်က ရွာသူရွာသားတွေ ဈေးရောင်းရင်း ဝင်ငွေလည်းရရှိနိုင်မယ်။ ခရီးသည်တွေလည်း လုံခြုံမှုရမယ်။ နှစ်ဦးနှစ်ဖက်အပြန်အလှန် အကျိုးရှိမယ်"ဟု ၎င်းက သုံးသပ်ပြောကြားသည်။

ပရဟိတသမား လုပ်ငန်းရှင်တစ်ဦးဖြစ်သော ဦးဝင်းအောင်၏ အဆိုပါ အဆောက်အအုံများမှာ စည်းမျဉ်းစည်းကမ်း လုပ်ထုံးလုပ်နည်းအရ ဖျက်သိမ်းခံခဲ့ရသော်လည်း ၎င်း၏တစ်ကိုယ်တော် ပရဟိတသက်တော်စောင့်လုပ်ငန်းကိုမူ အရှိန်အဟုန်မပျက် ခရီးဆက်ဆဲ ....။

၎င်း၏ ပြည်တွင်းသက်တော်စောင့်အဖွဲ့ (Highway Bodyguard) ပရဟိတလုပ်ငန်းကို မိုင်တိုင် ၁၆၇ နှင့် ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ကျွန်းကလေးကျေးရွာ၌ အခြေစိုက်ထားရှိပြီး ခရီးသွားပြည်သူများ အခက်အခဲဖြစ်ပေါ်ပါက ဖုန်းနံပါတ်- ၀၉ - ၇၉၉၁၈၇၂၃၀၊ ၀၉- ၇၉၄၄၇၃၀၅၁၊ ၀၉- ၇၉၆၉၄၀၄၈၇ တို့သို့ ၂၄ နာရီပတ်လုံး ဆက်သွယ်ရန် နှိုးဆော်လျက်ရှိသည်။

အလားတူ ရန်ကုန်-မန္တလေး အမြန်လမ်းကြောင်းပေါ်တွင် အရေးပေါ်အခြေအနေများအတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် မီးသတ်တပ်ဖွဲ့တို့အပြင် မြန်မာနိုင်ငံ ကြက်ခြေနီအသင်းကလည်း သက်ဆိုင်ရာ တာဝန်များအလိုက် အချိန်နှင့်တစ်ပြေးညီ တုံ့ပြန်မှုများဖြင့် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံ၌ ၂၀၀၈ ခုနှစ် နာဂစ်မုန်တိုင်းဖြစ်ပွားပြီးနောက်ပိုင်းမှစ၍ ပရဟိတလုပ်ငန်းများ အရှိန်အဟုန်ဖြင့် ကျယ်ပြန့်လာသည်။

ပရဟိတလုပ်ငန်းများနှင့် ဆက်စပ်၍လည်း -

"အများအကျိုးအတွက် ဆောင်ရွက်နေ
ပရဟိတ လုပ်ငန်းတွေ
ကိုယ်ကျိုးကို သူတကယ်မဖက်လို့
ထမ်းရွက်ခဲ့ချိန်တွေ"ဆိုသည့် တေးသီချင်းသံကလည်း ပြည်မြန်မာဝယ် လွှမ်းခြုံနေဆဲ။

Highway Bodyguard ကဲ့သို့သော လူမှုအဖွဲ့အစည်းများကလည်း အမြန်လမ်းမကြီးပေါ်၌ အရေးပေါ်အခြေအနေများအတွက် ကယ်ဆယ်ရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်လျက်ရှိသည်။ လမ်းကြောင်းပေါ်၌ သွားလာလျက်ရှိသည့် ယာဉ်အမျိုးမျိုးအတွက် လိုအပ်သည့် ယာဉ်အပိုပစ္စည်းအသေးအဖွဲမှစ၍ ဝန်ဆောင်မှုလုပ်ငန်းများကို တက်ကြွစွာ ပါဝင်ဆောင်ရွက်နေခြင်းဖြင့် ခရီးသွားပြည်သူများနှင့် ယာဉ်များအတွက် အထောက်အကူပြုပေးလျက်ရှိသည်။

သို့တစေ ရန်ကုန်-မန္တလေး အမြန်လမ်းမပေါ်မှ တစ်ကိုယ်တော် သက်တော်စောင့် ဦးဝင်းအောင်ကမူ လူလတ်ပိုင်းကျော်စ အသက် ၅၅ နှစ်အရွယ်ရောက်လင့်ကစား အမြန်လမ်းထက်ဝယ် စုန်ချည် ဆန်ချည် လူးလာတုံ့ခေါက်သွားလာလျက် ၎င်းငယ်စဉ်က ဝါသနာပါရာ ပရဟိတအလုပ်ကို ကျေကျေနပ်နပ်ကြီး ကျေပွန်စွာထမ်းဆောင်နေဆဲ ....။

သို့ဖြစ်ရာ ပြည်သူလူထုအတွက် တက်ကြွစွာဝန်ဆောင်မှုပေးနေသော လူမှုအဖွဲ့အစည်းများကို ဂုဏ်ပြုရေးသားရင်း အလားတူ လူမှုရေးအသင်းအဖွဲ့များ၊ ပရဟိတသမားများ ထပ်မံ တိုးတက်ပေါ်ထွန်းလာစေရန် ရည်သန်လျက်။ ။

AIIB အနေဖြင့် အခြေခံအဆောက်အအုံဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်သွားမည်ဖြစ်

နေပြည်တော် ဇန်နဝါရီ ၂၁

အာရှအခြေခံအဆောက်အအုံ ရင်းနှီးမြှုပ်နှံမှုဘဏ် (Asian Infrastructure Investment Bank-AIIB) ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၁၆ ရက်က တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့ နိုင်ငံတော်ဧည့်ဂေဟာ၌ ကျင်းပခဲ့သည်။ **(ယာပုံ)**

အခမ်းအနားတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာ ရှီကျင့်ဖျင် တက်ရောက်အမှာစကား ပြောကြားခဲ့ပြီး ယင်းဖွင့်ပွဲသို့ ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့သည်။

AIIB ၏ ဂါဗနာဘုတ်အဖွဲ့အစည်းအဝေးကို ဇန်နဝါရီ ၁၆ ရက်နှင့် ၁၇ ရက်တို့တွင် ကျင်းပခဲ့ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ လီခချန်း တက်ရောက်အမှာစကားပြောကြားပြီး ဆက်လက်၍ ဇန်နဝါရီ ၁၇ ရက်နှင့် ၁၈ ရက်တို့တွင် ဒါရိုက်တာ ဘုတ်အဖွဲ့အစည်းအဝေးကိုကျင်းပခဲ့သည်။ ယင်းအစည်းအဝေးတွင် အဖွဲ့ဝင်နိုင်ငံအလိုက် ဂါဗနာနှင့် အလှည့်ကျဂါဗနာတစ်ဦးစီ ခန့်အပ်ခြင်း၊ မဲပေးအုပ်စုအလိုက် ဂါဗနာများက ဒါရိုက်တာနှင့် အလှည့်ကျဒါရိုက်တာအား ရွေးချယ်ခန့်ထားခြင်းနှင့် ဆုံးဖြတ်ချက် ၁၃ ခုကို အတည်ပြုမှတ်တမ်းတင်ခြင်းများ ဆောင်ရွက်ခဲ့သည်။

AIIB ကို အာရှဒေသတွင်း ဆက်သွယ်မှုနယ်ပယ် ချဲ့ထွင်ပြီး ဒေသတွင်းပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်လာစေရန်၊ ယင်းမှတစ်ဆင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ အာရှဒေသတွင်း ပြည်သူလူထု၏ လူမှုဘဝ စဉ်ဆက်မပြတ် တိုးတက်လာစေရန်နှင့် တစ်ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးအရှိန်အဟုန်တိုးတက်မှုတွင် ပူးပေါင်းဆောင်ရွက်စေနိုင်မည့် အခြေခံအဆောက်အအုံဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုပြုလုပ်ရန်ရည်ရွယ်၍ ဖွဲ့စည်းတည်ထောင်ခဲ့ခြင်းဖြစ်သည်။

မြန်မာနိုင်ငံအနေဖြင့် AIIB တွင် မူလအဖွဲ့ဝင်နိုင်ငံအဖြစ် ပါဝင်ရန် ၂၄-၁၁- ၂၀၁၄ ရက်တွင် ကျင်းပသော ပထမအကြိမ် ပြည်ထောင်စုလွှတ်တော်၏ (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ၃၂ ရက်မြောက်နေ့၌ အတည်ပြုခဲ့သည်။

AIIB ၏ သင်းဖွဲ့စည်းမျဉ်းကို အဖွဲ့ဝင် ၅၇ နိုင်ငံက လက်မှတ်ရေးထိုးခဲ့ပြီး AIIB ၏ ခွင့်ပြုမတည်ငွေရင်းကို အမေရိကန်ဒေါ်လာ ၁၀၀ ဘီလီယံသတ်မှတ်ထားသည်။ ယင်း၏ ၂၀ ရာခိုင်နှုန်းကို ထည့်ဝင်မတည်ငွေရင်းအဖြစ်လည်းကောင်း၊ ကျန် ၈၀ ရာခိုင်နှုန်းကို လိုအပ်ပါက ထပ်ထည့်ရမည့် မတည်ငွေရင်းအဖြစ် လည်းကောင်း အဖွဲ့ဝင်နိုင်ငံများက ထည့်ဝင်ရမည်ဖြစ်ပါသည်။

AIIB အနေဖြင့် နိုင်ငံတကာငွေရေးကြေးရေးအဖွဲ့အစည်းများနှင့် ပေါင်းစပ်ဆက်နွှယ်၍ အခြေခံအဆောက်အအုံဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်သွားမည်ဖြစ်သည်။ အထူးသဖြင့် ရထားလမ်းများ၊ ဆိပ်ကမ်းများ၊ အဝေးပြေးလမ်းမများ ဖောက်လုပ်ခြင်းနှင့် ဆက်သွယ်ရေး၊ စွမ်းအင်နှင့် လျှပ်စစ်ကဏ္ဍတို့တွင် ရင်းနှီးမြှုပ်နှံမည်ဖြစ်ပြီး AIIB ရုံးချုပ်ကို ပေကျင်းမြို့၌ ဖွင့်လှစ်ထားရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မဲခေါင်မြစ်အထက်ပိုင်း ကုန်သွယ်ရေကြောင်းသွားလာရေးဆိုင်ရာ လေးနိုင်ငံပူးတွဲညှိနှိုင်းစည်းဝေး

နေပြည်တော် ဇန်နဝါရီ ၂၁

မြန်မာနိုင်ငံက အလှည့်ကျအိမ်ရှင်အဖြစ် ကျင်းပသည့် (၁၄)ကြိမ်မြောက် မဲခေါင်မြစ်အထက်ပိုင်း ကုန်သွယ်ရေကြောင်းသွားလာရေးဆိုင်ရာ လေးနိုင်ငံပူးတွဲညှိနှိုင်းကော်မတီ အစည်းအဝေးဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ သင်္ဂဟဟိုတယ်၌ ကျင်းပရာ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဟန်စိန်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံမှ (JCCCN) အဖွဲ့ခေါင်းဆောင်၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းလွင်ဦး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ဝင်များ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ မစ္စတာ ရန်ထင်ရန်း ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ဝင်များ၊ လာအို ဒီမိုကရက်တစ်သမ္မတနိုင်ငံမှ မစ္စတာ ဗန်သောင်ဆွမ်ပါဗက်တ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ဝင်များ၊ ထိုင်းနိုင်ငံမှ မစ္စတာ ကရစ်တ်ပတ်ချိုင်ချွေး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဒုတိယဝန်ကြီး ဦးဟန်စိန်က ယခုအစည်းအဝေး၌ မဲခေါင်မြစ်အထက်ပိုင်း အပြည်ပြည်ဆိုင်ရာ ရေကြောင်းသွားလာရေးအတွက် ဖွံ့ဖြိုးရေးစီမံချက်ကို ထည့်သွင်း ဆွေးနွေးကြမည်ဖြစ်ပြီး အဆိုပါစီမံချက်သည် မဲခေါင်မြစ်အထက်ပိုင်း ရေကြောင်းသွားလာမှုအတွက် အရေးပါပြီး ကုန်သွယ်ရေကြောင်းသွားလာရေး ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုမည်ဖြစ်ပါကြောင်း၊ မြစ်ကြောင်းဖြင့် ရေလမ်းသယ်ယူပို့ဆောင်ရေးသည် နိုင်ငံတစ်နိုင်ငံ၏ ကူးသန်းရောင်းဝယ်မှုနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါသည့် ကဏ္ဍတစ်ခုဖြစ်ပါကြောင်း၊ ယင်းအစည်းအဝေးမှ ရလဒ်ကောင်းများသည် မဲခေါင်မြစ်အထက်ပိုင်း ကုန်သွယ်ရေကြောင်းသွားလာမှုကို တိုးတက်ကောင်းမွန်စေမည် ဖြစ်ပါကြောင်း ပြောကြားသည်။

အစည်းအဝေးတွင် (၁၃)ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုများ၊ မဲခေါင်မြစ်အထက်ပိုင်း အပြည်ပြည်ဆိုင်ရာရေကြောင်း သွားလာရေးအတွက် ဖွံ့ဖြိုးရေးစီမံချက်၊ မဲခေါင်မြစ်ရေကြောင်းသွားလာမှု ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးတွဲညှိနှိုင်းဆောင်ရွက်နေသည့် လုပ်ငန်းအဖွဲ့များမှ စတင်အကောင်အထည်ဖော်ဆောင်နေသည့် အကြိုလုပ်ငန်းများ၊ အဖွဲ့ဝင်နိုင်ငံများမှ သက်ဆိုင်ရာ အာဏာပိုင်များအကြား မဲခေါင်မြစ်အထက်ပိုင်းတွင် ရှာဖွေရေးနှင့် ကယ်ဆယ်ရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်မှု၊ မဲခေါင်မြစ်အထက်ပိုင်းတွင် ဖြစ်ပွားသည့် မတော်တဆမှုများအတွက် အဖွဲ့ဝင်နိုင်ငံများအကြား ပြင်ဆင်ရေးဆွဲထားသည့် အရေးပေါ်စီမံချက်အရ ပူးပေါင်းဆောင်ရွက်ရန်၊ မြစ်ကြောင်းအတွင်း ရေနံနှင့် ရေနံထွက်ပစ္စည်းများ သယ်ယူမှု၊ အဖွဲ့ဝင် လေးနိုင်ငံရှိ ဆိပ်ကမ်းများအကြား သတင်းအချက်အလက်မျှဝေမှု စသည့်ကိစ္စရပ်ဆိုင်ရာများအပေါ် ဆွေးနွေးကြမည်ဖြစ်ပြီး ဆွေးနွေးပွဲကို ဇန်နဝါရီ ၂၁ ရက်မှ ၂၂ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

မြေကွက်များချထားပေးမည်ဆိုသည့်သတင်းမှားကြောင့် ပင်စင်စားသက်ကြီးဝါကြီးများ ပင်ပန်းနွမ်းနယ်ခဲ့ရမှုအပေါ် စိတ်မကောင်းဖြစ်မိကြောင်း တိုင်းဒေသကြီးဝန်ကြီးပြောကြား

ရန်ကုန် ဇန်နဝါရီ ၂၁

ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ပြည်သူ့ဗဟိုပြုစီမံကိန်းလုပ်ငန်းများနှင့် စပ်လျဉ်း၍ အများပြည်သူများသိရှိလိုပါက တိုင်းဒေသကြီးအတွင်းရှိ ခရိုင်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူးရုံးများသို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း တိုင်းဒေသကြီး သစ်တောနှင့် စွမ်းအင်ဝန်ကြီး ဦးကျော်စိုး **(ယာပုံ)**က မြန်မာ့သတင်းစဉ်သို့ ယနေ့ ပြောကြားလိုက်သည်။

ပြီးခဲ့သည့် ရက်ပိုင်းအတွင်းက အငြိမ်းစားဝန်ထမ်းများအား ရန်ကုန်တိုင်းဒေသကြီးအတွင်း မြေကွက်များ ချထားပေးမည်ဟူသည့် ကောလာဟလ သတင်းမှားကြောင့် ရန်ကုန်စာတိုက်ကြီးနှင့် မြို့နယ်စာတိုက်များ၌ သက်ကြီးရွယ်အို အငြိမ်းစားဝန်ထမ်းအများစုမှာ မြေကွက်လျှောက်လွှာများ စုပြုံလျှောက်ထားခဲ့ကြမှုအပေါ် ဝန်ကြီးက ရည်ညွှန်း၍ ပြောကြားခြင်းဖြစ်သည်။

ယခုကိစ္စနှင့်စပ်လျဉ်းပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့ အနေဖြင့် မြေကွက် လျှောက်လွှာများကို လျှောက်လွှာပုံစံ သတ်မှတ်ပေးခြင်း မရှိဘဲ ပြင်ပ၌သာ ရောင်းချနေသည်ကို တွေ့ရကြောင်း၊ သို့အတွက် ပင်စင်စား သက်ကြီးဝါကြီးများ ပင်ပန်းနွမ်းနယ်မှု ဖြစ်ခဲ့ရသည်ကို စိတ်မကောင်း ဖြစ်မိကြောင်းလည်း ဝန်ကြီးက ဆိုသည်။

"ကျွန်တော်တို့ တိုင်းဒေသကြီး အစိုးရအဖွဲ့ရဲ့ ငါးနှစ်တာကာလ တာဝန်ယူစဉ်အတွင်းမှာ တိုင်းဒေသကြီးအတွင်းရှိ ပြည်သူတွေရဲ့ လိုအပ်ချက်အဝဝကို တတ်နိုင်သမျှ ဖြည့်ဆည်းပေးနိုင်ဖို့ ကြိုးပမ်းဆောင်ရွက်ခဲ့ပါတယ်။ စီးပွားရေးမြို့တော် ရန်ကုန်မြို့ရဲ့ တည်ငြိမ်အေးချမ်းရေးကို ထိန်းသိမ်းဆောင်ရွက်နိုင်ခဲ့တဲ့အတွက်လည်း ပီတိဖြစ်ရပါတယ်" ဟု တိုင်းဒေသကြီးဝန်ကြီး ဦးကျော်စိုးက တစ်ဆက်တည်း ပြောကြားသည်။

ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်ရှိ ဗိုလ်ဗထူးအိမ်ရာ၊ ဗိုလ်မင်းရောင်အိမ်ရာနှင့် လှိုင်သာယာမြို့နယ်ရှိ ရွှေလင်ပန်းအိမ်ရာတို့တွင် အလွှာအသီးသီးမှ ဒေသခံပြည်သူများအား မဲစနစ်ဖြင့် ချထားပေးမှုများ ရှိခဲ့သည်။ ထိုစဉ်က အငြိမ်းစားဝန်ထမ်းများ အပါအဝင်

ပြည်သူတို့၏ လျှောက်လွှာပေါင်း ခြောက်သောင်းကျော် လက်ခံရရှိခဲ့ကာ အချို့မှာ လူတစ်ဦးလျှင် လျှောက်လွှာ ၁၀ စောင်အထိ လျှောက်တင်ခဲ့ကြပြီး အချို့မှာ မဲပေါက်သော်လည်း လာရောက်ဆက်သွယ်မှုမရှိကြောင်း သိရသည်။

တိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ပြနှင့်အိမ်ရာ ဖွံ့ဖြိုးရေးဦးစီးဌာန (နေပြည်တော်)မှ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့က စီမံခန့်ခွဲရန် လွှဲပြောင်းပေးထားသော တိုက်ခန်းနှင့် မြေကွက်အချို့ကို တိုင်းဒေသကြီးအတွင်း ဝန်ထမ်းအဖြစ် လတ်တလော တာဝန်ထမ်းဆောင်လျက်ရှိပြီး အငြိမ်းစားယူခါနီး နေရေးအခက်အခဲရှိသူများ၊ ဆောက်လုပ်ရေး ဝန်ကြီးဌာနမှ မြေကွက်နှင့် တိုက်ခန်းမရရှိခဲ့ဖူးသူများကိုသာ မြေကွက် သို့မဟုတ် တိုက်ခန်းဝယ်ယူခွင့် လျှောက်ထားလာပါက စိစစ်ဆောင်ရွက်ပေးခဲ့ကြောင်းလည်း သိရသည်။

လက်ရှိကာလတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် ရန်ကုန်မြို့ရှိ ကိုယ်ပိုင်အိမ်ရာမရှိသူ မိသားစုများအတွက် တိုင်းဒေသကြီးရန်ပုံငွေဖြင့် ဒဂုံမြို့သစ်(တောင်ပိုင်း) အမှတ်(၂) လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၌ မဟာဗန္ဓုလ အငှားအိမ်ရာစီမံကိန်းကို ယခုနှစ် ဘတ်ဂျက်အမီ စတင်တည်ဆောက်လျက်ရှိသည်။ အဆိုပါ အငှားအိမ်ရာစီမံကိန်းမှာ ရေ၊ မီး အစုံအလင်ပါဝင်သော ယူနစ် ၁၂၀၀ ပါဝင်ပြီး ငှားရမ်းခွင့်ရသူများထံမှ စပေါ်ငွေမယူဘဲ သတ်မှတ်ယူနစ်ထက်ပို၍ လျှောက်ထားပါက မဲစနစ်ဖြင့် စိစစ်ဆောင်ရွက်သွားမည်ဖြစ်သည်။

အလားတူ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် မြနန္ဒာလမ်းနှင့် ရွှေလီလမ်းထောင့်ရှိ အစိုးရမြေ ၁၈၃ ဒသမ ၅၀၅ ဧက၌ ယူနစ် ၃၀၀၀ ရရှိမည့် တန်ဖိုးနည်းအိမ်ရာများ ထပ်မံတည်ဆောက်ရန် ကုမ္ပဏီများကို တင်ဒါစိစစ် ရွေးချယ်ဆောင်ရွက်နေသကဲ့သို့ တိုက်ခန်းယူနစ် ၁၀၀၀၀ ပါဝင်သည့် ရန်ကုန်မြို့သစ်စီမံကိန်းကိုလည်း တင်ဒါတင်သွင်းသည့် ကုမ္ပဏီများအား စိစစ်ဆောင်ရွက်လျက်ရှိကြောင်း တိုင်းဒေသကြီး အစိုးရအဖွဲ့ထံမှ သိရသည်။

သတင်း-ခင်မောင်ထွေး
ဓာတ်ပုံ-ဇော်မင်းလတ်

အများအားဖြင့် သာယာမည် **နေပြည်တော် ဇန်နဝါရီ ၂၁** နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။ ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။ မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။ **(မိုး/ဇလ)**

မြတ်စွာဘုရားရှင်၏အရိုးဓာတ်တော် သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်သို့ ကြွချီလာ မန္တလေး၊ နေပြည်တော်နှင့် ရန်ကုန်မြို့အပါအဝင် မြို့ကြီးများသို့ ဒေသစာရီကြွချီမည်

သတင်း-ခင်ရတနာ

ဓာတ်ပုံ-မေဦးမိုး

စစ်ကိုင်း ဇန်နဝါရီ ၂၁

များပြားလှသည့် တိဗက်ဘုန်းတော်ကြီးများ၏ ဘုရားရှိခိုးသံသည် မြတ်စွာဘုရားရှင်၏ အရိုးဓာတ်တော်ကို ဖူးမြော်ရန် ရောက်ရှိလာသူ အပေါင်းကို ချမ်းမြေ့စေသည်။ များပြားလှသည့် မြန်မာရဟန်းတော်များ၊ သီလရှင်များနှင့် ပရိသတ်ကြီးက သောင်းသောင်းဖြဖြ ကြည်ညို ဖူးမြော်ကြသည့် မြင်ကွင်းကိုလည်း တိဗက် ဘုန်းတော်ကြီးများက ဝမ်းသာလှိုက်လှဲစွာ ကြည့်ရှုနေသည်မှာ အေးချမ်းလှသည့် သာသနာ့နယ်မြေ စစ်ကိုင်းတောင်ခြေတွင် အေးမြသည့်ရာသီဥတုနှင့်အတူ ငြိမ်းချမ်းအေးမြမှုကို ပေးပါသည်။

"ဗုဒ္ဓဘုရားရှင်ရဲ့ အနောက်ဘက် ကျောရိုးဓာတ်တော်ဖြစ်ပါတယ်။ ဘိုးစဉ်ဘောင်ဆက် အမြတ်တနိုးတန်ဖိုးထား ထိန်းသိမ်းလာတာဖြစ်ပြီး ပထမဆုံးအကြိမ်အနေနဲ့ မြန်မာပြည်သူ ပြည်သားတွေ ဖူးမြော်နိုင်ဖို့ သီတဂူဆရာတော်ရဲ့ပင့်ဖိတ်မှုကို လက်ခံပြီး ဒေသစာရီကြွခွင့်ပြုရခြင်းဖြစ်ပါတယ်။ ဗုဒ္ဓရဲ့ အဆုံးအမကို ခံယူကြတဲ့ မြန်မာနိုင်ငံကို ပင့်ဆောင်ခွင့်ရလို့ ဂုဏ်ယူပါတယ်"ဟု Ven.Sonam Wangdi က မိန့်ကြားသည်။

အိန္ဒိယနိုင်ငံ မြောက်ဖျားဒေသရှိ ဂျမူးကက်ရှ်မီးယားပြည်နယ်သည် အလွန်ပင်သာယာလှပသည့် ဟိမဝန္တာတောင်တန်းကြီးပေါ်တွင် တည်ရှိပြီး ယင်းပြည်နယ်တွင် လူဦးရေ သုံးသိန်းခန့်ရှိသော ဗုဒ္ဓဘာသာဝင်တို့သည် အလွန်ပင်ရှေးကျသည့် ဗုဒ္ဓကိုးကွယ်သူများ ဖြစ်ကြသည်။ ဧရိယာအကျယ်အဝန်း မီတာ ၃၀၀၀ ခန့်ရှိသည့် အဆိုပါဒေသကို Ladakh ခရိုင်ဟု ခေါ်ဆိုပြီး ဒေသရှိ လာဒလူမျိုးများသည် မြတ်စွာဘုရားရှင်၏ အနောက်ဘက် ကျောရိုးဓာတ်တော်ကို ဘုရားပရိနိဗ္ဗာန် စံဝင်ပြီးကတည်းက အမြတ်တနိုးတန်ဖိုးထား ထိန်းသိမ်း စောင့်ရှောက်ခဲ့ကြပြီး မျိုးရိုးစဉ်ဆက် တစ်သျှောက်လုံးပင် ကာကွယ်ထားသူများ ဖြစ်ကြသည်။

မြတ်စွာဘုရားရှင်၏အရိုးဓာတ်တော်ကို ကြည်ညိုဖွယ်ရာ ဖူးတွေ့ရစဉ်။

မှန်ကျောင်းဆောင် အတွင်း ကိန်းဝပ်စံပယ်နေသည့် အဆိုပါ ဓာတ်တော်ကို အိန္ဒိယမှ ထိုင်းနိုင်ငံ ဗန်ကောက်မြို့သို့ ပင့်ဆောင်ခဲ့ပြီး ထိုမှတစ်ဆင့် မန္တလေးမြို့ တံတားဦးလေဆိပ်သို့ TG 2309 လေယာဉ်ဖြင့် အိန္ဒိယနိုင်ငံမှ တာဝန်ရှိသူ မစ္စတာ H.E. Drukpa Thuksey Rinpoche နှင့် ဟိမဝန္တာမှ ရဟန်းတော်များက ပင့်ဆောင်လာခဲ့ရာ ယနေ့ နံနက် ၁၁ နာရီခွဲတွင် စတင်ရောက်ရှိလာခဲ့သည်။

မြတ်စွာဘုရားရှင် ဓာတ်တော်အား သာသနာရေးဝန်ကြီးဌာန တာဝန်ရှိသူများနှင့် သီတဂူသာသနာပြုအဖွဲ့က ကြိုဆိုခဲ့ကြပြီး မန္တလေးမြို့သို့ ပင့်ဆောင်လာခဲ့ကာ ထိုမှတစ်ဆင့် စစ်ကိုင်းမြို့ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်သို့ ပင့်ဆောင်ခဲ့ပြီး တက္ကသိုလ်အတွင်းကိန်းဝပ်စံပယ်လျက်ရှိနေပြီဖြစ်သည်။

"ကြိုဆိုရေး စတင်ဆောင်ရွက်ချိန်ကနေစပြီး အလွန်စိတ်လှုပ်ရှားခဲ့ပါတယ်။ ကျွန်တော်တို့အတွက် ထူးခြားတဲ့ ကြိုးပမ်းမှုဖြစ်သလို မြန်မာနိုင်ငံသူ နိုင်ငံသားတွေအားလုံး ကြည်ညိုသဒ္ဒါပွားခွင့်ရလို့ ဝမ်းမြောက်ပါတယ်။ ဗုဒ္ဓဘုရားရှင်ရဲ့ ဓာတ်တော်ကို ၂၉ ရက်နေ့ ညနေအထိ မြန်မာနိုင်ငံမှာ ကိန်းဝပ်ဖို့ လျာထားပါတယ်။ သီတဂူသာသနာပြုအဖွဲ့အနေနဲ့ ဟိမဝန္တာရဟန်းတော် ၅၂ ပါးကိုလည်း တစ်ပါတည်းပင့်ဆောင်ပြီး ကမ္ဘာ့ဗုဒ္ဓဘာသာ ငြိမ်းချမ်းရေးညီလာခံကို တက်ရောက်ဖို့ ဖိတ်ကြားခဲ့တာဖြစ်ပါတယ်" ဟု သီတဂူသာသနာပြုအဖွဲ့မှ မြတ်ဗုဒ္ဓ၏ ဓာတ်တော်ပင့်ဆောင်ရေး တာဝန်ယူထားသူ သီတဂူ ဦးမောင်သောင်းက ပြောကြားသည်။

ဘုရားရှင်ဓာတ်တော်ကို သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်ရှိ ကိန်းဝပ်စံပယ်တော်မူရာ အဆောင်သို့ ပင့်ဆောင်ပြီးချိန်တွင် သီတဂူဆရာတော်အရှင်ဉာဏိဿရက ဦးဆောင်ကြိုဆိုခဲ့ကာ အလွန်ကြည်ညိုဖွယ်ရာနှင့် ထူးခြား အံ့ဩဖွယ်ရာကောင်းသည့် အချိန်အခါဖြစ်ကြောင်းကို ဟိမဝန္တာရဟန်းတော်များ၏ အကြီးအကဲအား မိန့်ကြားပြီး ဓာတ်တော်ကို ပင့်ဆောင်ဖူးမြော်ခဲ့သည်။

"အလွန်မင်္ဂလာရှိတဲ့ အချိန်ကာလဖြစ်ပါတယ်။ ဗုဒ္ဓဘာသာဟာ ကိုယ်တိုင်ရော၊ သူတစ်ပါးအပေါ်မှာပါ အေးချမ်းမှု၊ ငြိမ်းချမ်းမှုကို ပေးစွမ်းတာမို့ အခုလို ကမ္ဘာ့ဗုဒ္ဓဘာသာ ငြိမ်းချမ်းရေးညီလာခံ ကျင်းပတာကရော၊ ဗုဒ္ဓရဲ့ဓာတ်တော် ဖူးမြော်ရတာကရော အလွန်မင်္ဂလာရှိတယ်။ တစ်သက်မှာ တစ်ခါသာ ပထမဆုံးအကြိမ် ကြွချီတာကြောင့် ကြုံတောင့်ကြုံခဲမို့ ဖူးမြော်သင့်တယ်" ဟု ဆရာတော် အရှင်ဆေကိန္ဒက မိန့်ကြားသည်။

ဘုရားရှင် ဓာတ်တော်ကို စစ်ကိုင်းမြို့ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်တွင် ဇန်နဝါရီ ၂၂ ရက်အထိ ပူဇော်ခံမည်ဖြစ်ပြီး ညနေပိုင်းတွင် ကောင်းမှုတော်စေတီ၌လည်းကောင်း၊ မန္တလေးမြို့ရှိ မဟာမြတ်မုနိဘုရားကြီး၊ နေပြည်တော်ရှိ ဥပ္ပါတသန္တိစေတီတော်၊ မိတ္ထီလာမြို့ရှိ သာသနာ့ဗိမာန်၊ အုတ်ဖို(ဥတို)မြို့ရှိ အောင်ချမ်းသာဘုရား၊ တောင်ငူမြို့ရှိ ရွှေဆံတော်ဘုရားနှင့် ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီး (ချမ်းသာကြီးတန်ဆောင်း) တို့တွင်လည်းကောင်း အပူဇော်ခံ ဒေသစာရီ ကြွချီတော်မူမည်ဖြစ်ပြီး ဇန်နဝါရီ ၂၉ ရက်တွင် ဟိမဝန္တာသို့ ပြန်လည်ကြွချီမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ လာဒလူမျိုး ဗုဒ္ဓဘာသာ ဘုန်းတော်ကြီးများသည် ဗုဒ္ဓ၏ တရားတော်နှင့်အညီ ကျင့်ကြံ အားထုတ်နေကြသူများဖြစ်ပြီး ဘာသာရေးအပြင် ငြိမ်းချမ်းရေး အတွက်လည်း ကြိုးပမ်းကြသူများ ဖြစ်ကြောင်း သိရသည်။ ဗုဒ္ဓဘာသာဝင်များအနေဖြင့် ဖူးမြော်ခွင့်ရသည့်အခါ အခိုက်တွင် ဗုဒ္ဓဓာတ်တော်များကို ကြည်ညိုသဒ္ဒါပွား ဖူးမြော်နိုင်ကြမည်ဖြစ်သည်။

"ဗုဒ္ဓဝံသကျမ်းမှာ ဗုဒ္ဓရဲ့ ဓာတ်တော်တွေအကြောင်းကို ရေးသားထားတာရှိပါတယ်။ ဒါ့အပြင် အရိုးဆက်ရဲ့ သဘောက လူဆိုရင် တွေ့ဆက်၊ ရဟန္တာနဲ့ ပစ္စေကဗုဒ္ဓါတွေမှာဆိုရင် ချိတ်ဆက်ဖြစ်ပြီး ဘုရားရှင်ဆိုရင် ကွင်းဆက်ဖြစ်ပါတယ်" ဟု သုံးပိုင်း ပါရမီကျောင်းဓာတ်တော်တိုက်မှ ဦးပဏ္ဍဝနှင့် ဦးခမ္မိကတို့က မိန့်ကြားသည်။

မြတ်စွာဘုရားရှင်၏အရိုးဓာတ်တော်အား သီတဂူဆရာတော်ကြီး၊ သံဃာတော်များနှင့် တာဝန်ရှိသူများက ဖူးမြော်ကြည်ညိုကြစဉ်။

ဗုဒ္ဓဘာသာငြိမ်းချမ်းရေးညီလာခံတက်ရောက်ရန် ပြည်တွင်း ပြည်ပဘာသာရေးပညာရှင်များနှင့် လေ့လာသူများရောက်ရှိ

စစ်ကိုင်း ဇန်နဝါရီ ၂၁

မန္တလေးအပြည်ပြည်ဆိုင်ရာ တံတားဦးလေဆိပ်သို့ ကမ္ဘာ့ဗုဒ္ဓဘာသာငြိမ်းချမ်းရေး ညီလာခံသို့ တက်ရောက်ကြမည့် ဘာသာရေးခေါင်းဆောင်များ၊ နိုင်ငံအသီးသီးမှ အကြီးအကဲများနှင့် ဗုဒ္ဓဘာသာဝင်များ၊ လေ့လာသူစုစုပေါင်း ၁၅၀ ခန့်သည် ဇန်နဝါရီ ၂၁ ရက်တွင် လေကြောင်းလိုင်းအသီးသီးမှတစ်ဆင့် ရောက်ရှိလာကြကြောင်း သိရသည်။ **(ဓါတ်ပုံ)**

ရောက်ရှိလာသည့် ဧည့်သည်တော်များအား သီတဂူ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်မှ အုပ်ချုပ်ရေးတာဝန်ယူ ဦးဆောင်သည့် ဘုန်းတော်ကြီးများနှင့် သီတဂူသာသနာပြုအဖွဲ့ဝင်များ၊ သာသနာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက ကြိုဆိုခဲ့ကြသည်။

"အရင်က ဆိုက်ရောက်ဆောင်မှာအဲဒီလောက်လူမများဘူး။ အခု ဗုဒ္ဓဘာသာငြိမ်းချမ်းရေးညီလာခံကို တက်ရောက်ကြမယ့်သူတွေများလာလို့ ဒီရက်ပိုင်းမှာ ဆိုက်ရောက်လူဦးရေမြင့်တက်နေပါတယ်။ လေကြောင်းလိုင်းပေါင်းစုံက လေယာဉ်အစင်း ၄၀ ဆိုက်ရောက်ခဲ့တယ်။ ပြည်ပတိုက်ရိုက်လေယာဉ် ခြောက်စင်းနဲ့ ပြည်တွင်းသုံးစင်းက ဧည့်သည်တွေကို တင်ဆောင်လာကြတာဖြစ်ပါတယ်။ ဒါ့အပြင် မြတ်စွာဘုရားရဲ့ ဓာတ်တော်တွေ ကြွလာမယ်ဆိုလို့ လာရောက်စောင့်ကြိုဖူးမြော်သူတွေလည်းရှိခဲ့တယ်"ဟု တံတားဦးလေဆိပ်မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ညီလာခံသို့ လာရောက်ကြသူများအား ကြိုဆိုရေးအစီအစဉ်များဖြင့် မန္တလေးမြို့ရှိ ဟိုတယ်များနှင့် စစ်ကိုင်းသီတဂူ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်သို့ ခေါ်ယူခြင်း၊ ပင့်ဆောင်ခြင်းများ ဆောင်ရွက်ထားပြီး ဇန်နဝါရီ ၂၂ ရက် နံနက် ၈ နာရီတွင် ဘာသာရေးပညာရှင်ပေါင်း ၇၀၀ နီးပါးက ဗုဒ္ဓတရားတော်နှင့်အညီ ငြိမ်းချမ်းရေးအတွက် အကျိုးပြုဆောင်ရွက်ကြရန် ညီလာခံအတွင်း ဆွေးနွေးကြစေရေးအတွက် စတင်ဖွင့်လှစ်မည်ဖြစ်သည်။

ညီလာခံကြီးအား နိုင်ငံပေါင်း ၅၂ နိုင်ငံမှ ဘာသာရေးကျွမ်းကျင်သူ ပညာရှင်များက စာတမ်းပေါင်း ၆၀ ကျော် ဖတ်ကြားတင်သွင်းကြမည်ဖြစ်ပြီး ဇန်နဝါရီ ၂၄ ရက်တွင် ညီလာခံပြီးဆုံးမည်ဖြစ်ကြောင်း သိရသည်။ **သတင်း-ခင်ရတနာ၊ မင်းထက်အောင်(မန်းကိုယ်ပွား)**

ဓာတ်ပုံ-တင်မောင်(မန္တလေး)

၂၀၁၃ ခုနှစ် စာပေဗိမာန်စာမူဆုရ စာအုပ်သစ်များ ဖြန့်ချိရောင်းချပေးလျက်ရှိ

ရန်ကုန် ဇန်နဝါရီ ၂၁

၂၀၁၃ ခုနှစ် စာပေဗိမာန်စာမူဆုပြိုင်ပွဲတွင် ဆုရရှိခဲ့သောစာမူများကို စာအုပ်အဖြစ် ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း စာပေဗိမာန်က ထုတ်ဝေဖြန့်ချိရောင်းချပေးလျက်ရှိသည်။

အဆိုပါစာအုပ်များမှာ သုတပဒေသာ(ဝိဇ္ဇာပညာရပ်) ပထမဆုရ ယဉ်ယဉ်မွန် (ရှေးဟောင်းသုတေသန)၏ **ဘုရင့်နောင်မင်းတရားကြီးနှင့် ကမ္ဘောဇသာဒီလက်ရာမွန်** ရောင်းဈေး ငွေကျပ် ၆၀၀၊ ကဗျာပေါင်းချုပ် ဒုတိယဆုရ မောင်ကြည်နွယ်(ပင်လည်ဘူး)၏ **မူးမြစ်အင်းကော လယ်တောယာရိပ်ကဗျာများ** ရောင်းဈေး ငွေကျပ် ၁၀၀၀၊ ကဗျာပေါင်းချုပ် တတိယဆုရ မင်းသွေးနွယ် (ဇီးကုန်း)၏ **အလှရုပ်ဝန်း အောင်မြေကွန်းကဗျာစု** ရောင်းဈေး ငွေကျပ် ၈၀၀ တို့ ဖြစ်သည်။

အမှတ် ၅၂၉-၅၃၁ ကုန်သည်လမ်းရှိစာပေဗိမာန်စာအုပ်ဆိုင် ဖုန်း ၀၁- ၂၄၉၀၃၁၊ ၀၁-၃၈၀၄၄၈၊ အမှတ် (တ-၅၅) သပြေကုန်းဈေး နေပြည်တော်ရှိ စာပေဗိမာန်စာအုပ်ဆိုင် ဖုန်း ၀၆၇-၄၁၄၆၈၁၊ ၈၆ လမ်း ၂၁ လမ်းနှင့် ၂၂ လမ်းကြား မန္တလေးမြို့ရှိ စာပေဗိမာန်စာအုပ်ဆိုင် ဖုန်း၀၂-၃၀၁၈၆ နှင့် အမြို့မြို့ရှိ စာပေဗိမာန်ကိုယ်စားလှယ်များထံတွင် ဆက်သွယ်ဝယ်ယူနိုင်ကြောင်းနှင့် လက်ကားမှာယူလိုပါက အမှတ် ၅၂၉-၅၃၁ ကုန်သည်လမ်းရှိ စာပေဗိမာန်အရောင်းဌာန ဖုန်း ၀၁-၂၄၉၀၃၁၊ ၃၈၀၄၄၈ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

❍ *ရှေ့ဖုံးမှ*

မျက်မြင်စာရင်းကောက်ယူခြင်း၊ စာရင်းကောက်ချောင်းများအလိုက် ညပိုင်းဒီရေကျချိန် ရေငန်ဓာတ်တိုင်းတာခြင်း၊ GPS စနစ်သုံး၍ တွေ့ရှိသောနေရာ၊ အရွယ်အစားခန့်မှန်းခြင်း၊ ဓာတ်ပုံမှတ်တမ်းများရယူခြင်း၊ စမှတ်၊ ဆုံးမှတ် အကွာအဝေး မှတ်သားခြင်းစသောနည်းလမ်းစုံဖြင့် စာရင်းကောက်ယူခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုသို့ စာရင်းကောက်ယူရာတွင် ပြီးခဲ့သည့် ၂၀၁၅ ခုနှစ် ဇန်နဝါရီလက အရွယ်စုံ ၃၁ ကောင်၊ အောက်တိုဘာလက အရွယ်စုံ ၈၂ ကောင်ရှိခဲ့ကြောင်း သိရသည်။

နှစ်အလိုက် မိကျောင်းစာရင်းကောက်ယူရရှိမှုမှာ ၂၀၁၁ ခုနှစ်က ၄၅ ကောင်၊ ၂၀၁၃ ခုနှစ်က အရွယ်စုံ ၈၉ ကောင်၊ ၂၀၁၄ ခုနှစ်က အရွယ်စုံ ၃၄ ကောင်၊ ၂၀၁၅ ခုနှစ်က နှစ်ကြိမ်ကောက်ယူရာတွင် စုစုပေါင်း အရွယ်စုံ ၁၁၃ ကောင်ရှိခဲ့ကြောင်း အဆိုပါဝန်ကြီးဌာနမှ ထုတ်ပြန်သော စာရင်းများအရ သိရသည်။

ပြီးခဲ့သည့် ၂၀၁၅ ခုနှစ်အတွင်း မိကျောင်းစာရင်းနှစ်ကြိမ်ကောက်ယူရာတွင် မိကျောင်းအသိုက်လေးခု၊ ဘေးမဲ့တောဧရိယာအတွင်း မိကျောင်းအသိုက် ရှစ်ခုမှ ကိုးခုကြားအထိ ရှိနိုင်သည်ဟု ခန့်မှန်းရကြောင်း၊ အသိုက်ပြုလုပ်ချိန်နှင့် သားပေါက်ချိန် ကြားကာလတွင် မိုးကြီးခြင်းနှင့် ရေလွှမ်းခြင်းများ အနည်းငယ်ရှိခဲ့သောကြောင့် သားပေါက်ရာခိုင်နှုန်း အနည်းငယ်ကျဆင်းခဲ့ကြောင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၏ ထုတ်ပြန်မှုများအရ သိရသည်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန သစ်တောဦးစီးဌာန သဘာဝပတ်ဝန်းကျင်နှင့် သားငှက်တိရစ္ဆာန် ထိန်းသိမ်းရေးဌာနအောက်ရှိ မိန်းမလှကျွန်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၌ ဒီရေတောပေါက်ရောက်ရာဒေသတွင် သဘာဝအတိုင်းနေထိုင်ကျက်စားလျက်ရှိသည့် ရေချို၊ ရေငန်စပ် မိကျောင်းများမျိုးသုဉ်းပျောက်ကွယ်မှုမရှိစေရေး၊ သဘာဝကျက်စားရာဒေသအတွင်းရှိအကောင်ရေတိုးပွားမှုနှင့် ပျံ့နှံ့ကျက်စားမှုကို သိရှိနိုင်ရေးနှင့် ဒီရေတောဂေဟစနစ်ကို ထိန်းသိမ်းစောင့်ရှောက်နိုင်ရေးတို့အတွက် ရည်ရွယ်၍ မိကျောင်းစာရင်းကို နှစ်စဉ်ကောက်ယူဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

❊ *ကျောဖုံးမှ*

လောလောဆယ်လျာထား ကန့်သတ်ဖို့ရှိတယ်။ သတ်မှတ်တဲ့ အခါမှာလည်း နိုင်ငံတကာလေကြောင်းအာဏာပိုင်အဖွဲ့အစည်းအသီးသီးရဲ့ အလေးချိန်ကန့်သတ်ချက်တွေကို လေ့လာမှီငြမ်းပြီး ကိုယ့်နိုင်ငံနဲ့ လိုက်လျောညီထွေမှုရှိအောင် စီစဉ်နေပါတယ်” ဟု အဆိုပါဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ထိုသို့စီစဉ်ဆောင်ရွက်ရာတွင် သတ်မှတ်အလေးချိန်အောက် ကစားစရာမှအပ သတ်မှတ်အလေးချိန် အထက်ကျော်လွန်သည့် ဒရုန်းများကို လေကြောင်းဦးစီးဌာနတွင် မှတ်ပုံတင်ရန် အစီအစဉ်များပါရှိပြီး ဝါသနာရှင်များအတွက် အပျော်တမ်းနေရာ သီးခြားသတ်မှတ်ခြင်းနှင့် အမြင့်ပေ သတ်မှတ်ပေးခြင်းတို့ပါဝင်ကြောင်း သိရသည်။

“မှတ်ပုံတင်တယ်ဆိုတာကလည်း ဘယ်နေရာမှာနေတဲ့ ဘယ်သူက ဒီပစ္စည်းကိုပိုင်ဆိုင်တယ်ဆိုတဲ့အကြောင်း သိရှိအောင် စီးရီးနံပါတ်နဲ့ အမျိုးအစားကို မှတ်ပုံတင်ထားတာပါ။ အကြောင်းအရာတစ်စုံတစ်ခုဖြစ်ရင် စီစဉ်နိုင်အောင် ဆောင်ရွက်တဲ့ သဘောပါ။ နေရာသတ်မှတ်ပေးတဲ့အခါမှာလည်း လေကြောင်းလမ်းနဲ့ ကန့်သတ်ဧရိယာ လွတ်ကင်းပြီး ပတ်ဝန်းကျင်အတွက် အနှောင့်အယှက် မဖြစ်စေဘဲ လွတ်ကင်းတဲ့ နေရာမျိုးမှာ သတ်မှတ်ပေးသွားဖို့ ရှိပါတယ်”ဟု ၎င်းက ဆက်လက်ပြောကြားသည်။

မြန်မာနိုင်ငံ၌ အဝေးထိန်းစနစ်ဖြင့် ပျံသန်းနေသည့် ယာဉ်များအတွက် ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း စည်းကမ်းများ မရှိသေးသဖြင့် ဥပဒေနှင့်အညီ ထိန်းချုပ်နိုင်ရန် သက်ဆိုင်ရာကရေးဆွဲဆောင်ရွက်လျက်ရှိပြီး အတည်ပြုပြီးစီးပါက သတင်းထုတ်ပြန်ပေးသွားမည်ဖြစ်ကြောင်း အဆိုပါဦးစီးဌာနမှ သိရသည်။

အဆိုပါကိစ္စနှင့်ပတ်သက်၍ ဇန်နဝါရီ ၆ ရက်က နေပြည်တော်၌ ကျင်းပသည့် ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၂၁ ရက်မြောက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ် (၂) မှ လွှတ်တော်ကိုယ်စားလှယ် ဦးညွန့်တင်၏ မြန်မာနိုင်ငံ၌ ယခုအခါ မောင်းသူမဲ့လေယာဉ်၊ ရဟတ်ယာဉ် (ဒရုန်း)များကို စနစ်တကျ အသုံးပြုခွင့်မှတ်ပုံတင်ခြင်းလုပ်ရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့် စပ်လျဉ်း၍ ပို့ဆောင်ရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးဇင်ယော်က မောင်းသူမဲ့လေယာဉ်၊ ရဟတ်ယာဉ်များကို ဓာတ်ပုံ၊ ဗီဒီယိုရိုက်ကူးရေးလုပ်ငန်း၊ရာသီဥတုနှင့် ဘေးအန္တရာယ်လေ့လာရေးလုပ်ငန်း၊ ဆက်သွယ်ရေးလုပ်ငန်း၊ စိုက်ပျိုးရေးလုပ်ငန်း၊ တံတားနှင့်အထပ်မြင့် အဆောက်အအုံများကြံ့ခိုင်မှုစစ်ဆေးခြင်းလုပ်ငန်း၊ လမ်းပိတ်ဆို့မှုစောင့်ကြည့်ရေးလုပ်ငန်း၊သုတေသနလုပ်ငန်း၊ ကာကွယ်ရေးလုပ်ငန်း စသည့် လူသားအကျိုးပြုလုပ်ငန်းများတွင် အသုံးဝင်သကဲ့သို့ အကြမ်းဖက်လုပ်ရပ်များတွင်လည်း အသုံးပြုလာနိုင်သည့်အတွက် လိုအပ်သော လုပ်ထုံးလုပ်နည်းများထုတ်ပြန်နိုင်ရန် ကာကွယ်ရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန၊ ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနအပါအဝင် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံ၌ မောင်းသူမဲ့လေယာဉ်၊ ရဟတ်ယာဉ်များကို အလေးချိန်နှင့်စွမ်းဆောင်မှုအပေါ် မူတည်၍ အတန်းအစားခွဲခြားသတ်မှတ်ပြီး စနစ်တကျမှတ်ပုံတင်ခြင်း၊ စီးပွားရေးလုပ်ငန်းအသုံးပြုခွင့် လက်မှတ်ထုတ်ပေးခြင်း၊ မြေပြင်မှထိန်းချုပ်မောင်းနှင်သူများကို စိစစ်ခြင်းများအတွက် လိုအပ်သောလုပ်ထုံးလုပ်နည်းများအား ပို့ဆောင်ရေးဝန်ကြီးဌာန၊ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ Advisory Circular အဖြစ်ထုတ်ပြန်ရန် စီမံဆောင်ရွက်လျက်ရှိကြောင်း ဖြေကြားခဲ့ကြောင်း သိရသည်။

ရန်ကုန် - မန္တလေးလမ်းဟောင်းမှ ဆီဆိုင်အချို့ စက်သုံးဆီ ဒီဇယ်တစ်လီတာ ငွေကျပ် ၆၀၀ ကျော်မှ ၇၀၀ ကျော်အထိ ရောင်းချနေ

ရန်ကုန် ဇန်နဝါရီ ၂၁

စက်သုံးဆီဈေးနှုန်း ထိန်းသိမ်းရေးအဖွဲ့က နေ့စဉ် ငွေလဲလှယ်ဈေးနှုန်း၊ ပြည်တွင်းဝယ်လိုအား၊ ကမ္ဘာ့ရေနံစိမ်းဈေးနှုန်းတို့ဖြင့် ချိန်ညှိလျက် ပြည်တွင်းစက်သုံးဆီဈေးကွက်တွင် ရိုးရိုးဒီဇယ်ဆီဈေးနှုန်း တစ်လီတာလျှင် ငွေကျပ် ၅၀၀ နှုန်းဖြင့် ရောင်းချရန် သတ်မှတ်ခဲ့သော်လည်း ရန်ကုန်-မန္တလေးလမ်းဟောင်းပေါ်ရှိ စက်သုံးဆီဆိုင်အချို့၌ တစ်လီတာလျှင် ငွေကျပ် ၆၀၀ ကျော်မှ ၇၀၀ ကျော်အထိ ရောင်းချနေဆဲဖြစ်ကြောင်း သိရသည်။

ကမ္ဘာ့ရေနံဈေးနှုန်းကျဆင်းနေသည်မှာ နှစ်နှစ်ကာလနီးနီးရှိနေချိန်အထိ ပြည်တွင်းစက်သုံးဆီဈေးနှုန်းများမှာ ကျဆင်းခြင်း မရှိသောကြောင့် ပြည်တွင်းစက်သုံးဆီဆိုင်များအနေဖြင့် သတ်မှတ်ဈေးနှုန်း ဒီဇယ်တစ်လီတာလျှင် ငွေကျပ် ၅၀၀ နှုန်းဖြင့် ဇန်နဝါရီ ၁၉ ရက်မှ စတင်ရောင်းချရန် စက်သုံးဆီ ဈေးနှုန်းထိန်းသိမ်းရေးအဖွဲ့က ညွှန်ကြားခဲ့သည်။

ယနေ့တွင် ရန်ကုန်မြို့ပြင် စက်သုံးဆီဆိုင်များ၌ ဒီဇယ်ရိုးရိုး တစ်လီတာ ငွေကျပ် ၅၅၀ နှုန်းဝန်းကျင်၊ ရန်ကုန်-မန္တလေးအမြန်လမ်း စက်သုံးဆီဆိုင်များနှင့် နေပြည် တော်၊ ပျဉ်းမနားမြို့နယ်ဆိုင်များ၌ ငွေကျပ် ၅၅၀ နှင့် ငွေကျပ် ၅၆၀ ဝန်းကျင် ဈေးနှုန်းများဖြင့် ရောင်းချနေသည်ကို တွေ့ရပြီး နေပြည်တော် ပျဉ်းမနားမြို့နယ်နှင့် တပ်ကုန်းမြို့နယ်အကြား ရန်ကုန်-မန္တလေးလမ်းဟောင်း တစ်လျှောက် ဆီဆိုင်များ၌ တစ်လီတာလျှင် ငွေကျပ် ၅၈၀မှ ၇၀၀ ကျော်ဝန်းကျင်အထိ ရောင်းချနေသည်ကိုတွေ့ရသည်။

စက်သုံးဆီဈေးနှုန်း ကျဆင်းခြင်းဖြင့် ကုန်စည်ထုတ်လုပ်ရာတွင်လည်းကောင်း၊ ကုန်စည်များ သယ်ဆောင် ရောင်းချရာတွင် လည်းကောင်း စရိတ်ကုန်ကျမှု သက်သာစေကာ ကုန်ဈေးနှုန်းကျဆင်းရေးအတွက် အထောက်အကူဖြစ်စေမည်ဖြစ်ပြီး ရန်ကုန်မြို့ သာမက အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များတွင်ပါ စက်သုံးဆီဈေးနှုန်း တစ်ပြေးညီလျော့ကျလာရန် ဒေသနေ ပြည်သူများက မျှော်လင့်နေကြကြောင်း သိရသည်။ **ကိုကိုနေ**

■ *ကျောဖုံးမှ*

စေတနာရှင် အလှူရှင်များ၏ အကူအညီများရယူကာ စီမံဆောင်ရွက်ပေးလျက်ရှိသည်။

ပင်လယ်နှင့်ကိုက် ၅၀ အကွာတွင် ရေတွင်းတူးပါက သောက်သုံးရေရရှိနိုင်သည်ဟု သင်ကြားခဲ့ရသော်လည်း အချို့နေရာများတွင် မရရှိကြောင်း ကိုယ်တွေ့ကြုံမှုသိရသည်။ မြစ်ဝကျွန်းပေါ်ဒေသသည် သဘာဝအနေအထားအရ အညာဒေသနှင့် နှိုင်းယှဉ်ပါက သောက်သုံးရေ နေရာတိုင်းရရှိနိုင်မည်ဟု ထင်ကြသည်။ ဧရာဝတီတိုင်းဒေသကြီးအတွင်း ဖျာပုံခရိုင် ဖျာပုံမြို့၌ တစ်ချိန်က ရေအရင်းအမြစ်ဦးစီးဌာနနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနတို့က မြို့မရပ်ကွက်များနှင့် ဖျာပုံမြို့ ပတ်ဝန်းကျင်နေရာများ၌ အဝီစိတွင်းများ စမ်းသပ်တူးဖော်ခဲ့ကြသည်။

ရေကြည်သော်လည်း အနက်ဘယ်လောက်တူးတူး အငန်ဓာတ်ပါသဖြင့် ရေချိုရေကောင်းရေသန့်ရရှိရေး လက်လျှော့ခဲ့ရကြောင်း သိရသည်။ သို့အတွက်ကြောင့် ဖျာပုံမြို့သည် သောက်ရေနှင့်သုံးရေ ရှားပါးသည့် မြို့နယ်တစ်မြို့နယ်ဖြစ်သည်။ သောက်ရေအတွက် မိုးတွင်းကာလတွင် မိုးရေကို နေအိမ်များ၌ နည်းအမျိုးမျိုးဖြင့် သိုလှောင်ထားကြရသကဲ့သို့ မြို့မရပ်ကွက်များအတွင်း မိုးရေသိုလှောင်ရန် တောင်ပိုင်းကန်တော်ကြီး ရေကန်နှင့် မြောက်ပိုင်း ချောင်းတွင်းရေကန်အပါအဝင် မြေသားတည် မိုးရေလှောင်ကန် ၆၀ ကျော်ဖြင့် သိုလှောင်ထားရသည်။ မိုးရွာသွန်းမှုနည်းပါးသည့် နှစ်တွင် သောက်ရေအခက်အခဲ ကြုံတွေ့ရသည်။

အနာဂတ်ကာလ ဖျာပုံမြို့သူမြို့သားတို့ ရေအတွက် ပူပင်သောကရောက်ရန် မလိုတော့ပေ။ အရိပ်လိုချင် နေပူကစောင့်ဆိုသည့်အတိုင်း ဖျာပုံမြစ်ရေကို အဆင့်မြင့်သန့်စင်ပြီး မြို့မရပ်ကွက် ၁၉ ရပ်ကွက်ရှိသည့်အနက် ရပ်ကွက်ပေါင်း ၁၃ ရပ်ကွက်မှ အိမ်ထောင်စုပေါင်း ၄၀၇၀ လူဦးရေပေါင်း ၃၀၀၀၀ အတွက် တစ်ရက်လျှင် ရေဂါလန်ပေါင်း ခြောက်သိန်းကို ရေကောင်းရေသန့်ပေးဝေနိုင်ရေးအတွက် ဖျာပုံမြို့နယ်စည်ပင်သာယာရေးကော်မတီက JICA (ODA Loan) ဖြင့် ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၁ ရက်ကစတင်၍ လုပ်ငန်းများဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဖျာပုံမြို့ ၆ လမ်းတွင် နေထိုင်သည့် အသက် ၈၀ အရွယ်ရှိ ဦးကောင်းလှက “အဘက ဖျာပုံမှာမွေး၊ ဖျာပုံမှာအခြေချပြီး ကြီးပြင်းလာတာပါ။ ဖျာပုံမြို့မှာ သောက်ရေအဖြစ် မိုးရေကို အဓိကထားပြီး သုံးရေကတော့ မြစ်၊ ချောင်းတွေနဲ့ မြစ်ချောင်းတွေက စီးဆင်းဝင်ရောက်လာတဲ့ မြောင်းရေကို သုံးရပါတယ်။ မြေသားနဲ့ တည်ဆောက်ထားတဲ့ မိုးရေသိုလှောင်ကန်တွေရှိပေမယ့် မိုးနည်းတဲ့နှစ်တွေမှာ တိုးတက်လာတဲ့လူဦးရေနဲ့ ရေကန်က ရေပြတ်တာတွေလည်း ကြုံတွေ့ခဲ့ရတယ်။ ဒီကြားထဲ တပေါင်းနဲ့ တန်ခူးလတွေမှာ ဖျာပုံမြစ်ထဲ ပင်လယ်ရေဝင်လာရင် ရေအခက်အခဲနဲ့ ကြုံတွေ့ခဲ့ရတဲ့နှစ်တွေလည်း ရှိတယ်။ အခုလို မြစ်ရေကို သန့်စင်ပြီး မြို့ရေပေးဝေမယ်ဆိုတော့ အဘ အလွန်ဝမ်းသာပါတယ်။ အဘတို့ သားမြေးမြစ်တွေ ရေအတွက် သောကမရောက်ရတော့ဘူး” ဟု ပြောကြားသည်။

ဖျာပုံမြစ်ရေကို ရေကောင်းရေသန့်အဖြစ် ထုတ်လုပ်ပေးနိုင်ရန် JICA (ODA Loan) ဂျပန်နှစ်ရှည်ချေးငွေ မြန်မာငွေကျပ် သန်း ၄၀၀၀ (လေးဘီလီယံ)ကျော်ဖြင့် လုပ်ကိုင်မည်ဖြစ်ပြီး ချေးငွေကာလ နှစ် ၄၀ သတ်မှတ်၍ ပထမ ၁၀ နှစ် ဆိုင်းငံ့ထားကာ ကျန်နှစ်များတွင် ချေးငွေကို ပြန်ဆပ်ရမည်ဖြစ်ကြောင်း၊ မြို့နေပြည်သူများ ရေလုံလောက်စွာ သုံးစွဲနိုင်ရန်အတွက် ဖျာပုံမြို့ ၅ လမ်းရှိ ကန်အမှတ်(၂)ကို ရေစုကန်၊ ကန်အမှတ်(၁)ကို ရေစစ်ကန်အဖြစ် တည်ဆောက်ပြီး ယခုနှစ် ဇူလိုင်လတွင် ရေပေးဝေနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ ဇန်နဝါရီ ၂၁ ရက်အထိ တည်ဆောက်မှု ၂၀ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်ကြောင်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမြင့်မောင်ကပြောသည်။

ဖျာပုံမြို့၌ ရပ်ကွက်ပေါင်း ၁၉ ရပ်ကွက်ရှိ၍ JICA (ODA Loan) ဖြင့် ရပ်ကွက် ၁၃ ရပ်ကွက်တို့ကို တစ်ရက်လျှင် မြစ်ရေသန့်စင်ပြီး ရေဂါလန် ခြောက်သိန်း ပေးဝေမည်ဖြစ်သကဲ့သို့ ကျန်ရပ်ကွက်များဖြစ်သည့် ၁၃၊ ၁၄၊ ၁၆၊ ၁၇၊ ၁၈၊ ၁၉ ရပ်ကွက်တို့ကို ရေဂါလန် ၃၅ သန်း မိုးရေသိုလှောင်ထားသည့် တောင်ပိုင်းကန်တော်ကြီးနှင့် ရေဂါလန် သန်း ၂၀ မိုးရေသိုလှောင်ထားသည့် မြောက်ပိုင်းချောင်းတွင်းကန်တော်ကြီးတို့မှ လက်ရှိ ပေးဝေနေသည့်စနစ်အတိုင်းပေးဝေသွားမည်ဖြစ်ကြောင်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ သိရသည်။

မိုးရေနှင့် မြစ်၊ ချောင်းရေကိုသာ အဓိကထားသောက်သုံးနေရသည့် ဖျာပုံမြို့နေပြည်သူများအတွက် အလှမ်းမဝေးတော့သည့်ကာလတွင် ရေကောင်းရေသန့်လုံလောက်စွာ ရရှိတော့မည့်အရေး မျှော်တွေးရင်းဖြင့် . . .။

ပြည်လမ်းမပေါ်ရှိ တံတားဖြူမှတ်တိုင်အနီး လူကူးခုံးကျော်တံတားဆောက်လုပ်လျက်ရှိ

ရန်ကုန် ဇန်နဝါရီ ၂၁

ရန်ကုန်မြို့၏ အဓိကလမ်းမကြီးများအနက် ပြည်လမ်းကို ဖြတ်သန်း အသုံးပြုနေရသူများအတွက် အန္တရာယ်ကင်းစွာ သွားလာနိုင်ရန် လူကူးခုံးကျော်တံတားများကို ဆောက်လုပ်ပေးလျက်ရှိရာ ပြည်လမ်းမပေါ်ရှိ တံတားဖြူမှတ်တိုင်အနီးတွင်လည်း လူကူးခုံးကျော်တံတားတစ်စင်း ဆောက်လုပ်လျက်ရှိကြောင်း သိရသည်။

တံတားသည် ယာဉ်သွားလမ်းကင်းလွတ်အမြင့်မှာ ၁၈ ပေဖြစ်ပြီး တံတားပေါ်၌ လူသွားလမ်းအကျယ် ခြောက်ပေရှိကြောင်း သိရသည်။ တံတားအရှည်မှာ ၉၁ ပေရှိပြီး အတက်အဆင်း ပြုလုပ်ရန်အတွက် လှေကားလေးစင်းပါဝင်မည်ဖြစ်ကြောင်း၊ သံကူကွန်ကရစ်တံတားအမျိုးအစားဖြစ်ပြီး ၂၀၁၅ ခုနှစ် အောက်တိုဘာလက စတင်ဆောက်လုပ်ခဲ့ကြောင်း၊ တံတားကို အချောသပ်လုပ်ငန်းများ စတင်လုပ်ကိုင်နေပြီး မကြာမီ အသုံးပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါတံတားကို ပြည်သူများ ဖြတ်သန်းသွားလာခွင့် ရရှိပါက နေ့စဉ် နံနက်ခင်း အင်းလျားကန်ပေါင်ပေါ်၌ ကျန်းမာရေးအတွက် လမ်းလျှောက်နေသူများ၊ ညနေခင်း အပန်းဖြေအနားယူသူများနှင့် ပြည်လမ်းကို နေ့စဉ် ဖြတ်သန်းသွားလာနေသော ပြည်သူများ အန္တရာယ်ကင်းစွာ သွားလာနိုင်တော့မည် ဖြစ်သည်။

(၁၆၃)

မြစိမ်းရောင်ကျေးရွာစီမံကိန်း အလုပ်ရုံဆွေးနွေး

လက်ပံတန်း ဇန်နဝါရီ ၂၁

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် လက်ပံတန်းမြို့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ မြစိမ်းရောင်စီမံကိန်း ကျေးရွာများ အလုပ်ရုံဆွေးနွေးပွဲကို ဇန်နဝါရီလ တတိယပတ်က မြို့နယ်ခန်းမဆောင်၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူးက အမှာစကားပြောကြားပြီး တက်ရောက်ကြသည့် ကော်မတီဝင်များက မြစိမ်းရောင်စီမံကိန်းမှ ရရှိလာသည့် ရန်ပုံငွေအတိုးကို ကျေးရွာဖွံ့ဖြိုးရေးအတွက် စည်းကမ်းချက်များနှင့်အညီ အသုံးပြုနိုင်ရန် ဆွေးနွေးကြကြောင်း သိရသည်။ **အောင်ဆင့်(လက်ပံတန်း)**

ဇလုံတောင်ခြေရင်းက ရှားပါးကျားလက်ဝါးဆေးမြစ်ပင်

ဖန်းမောက် ဇန်နဝါရီ ၂၁

စစ်ကိုင်းတိုင်းဒေသကြီး ဖန်းမောက်မြို့နယ်တွင်ရှိသော ဇလုံတောင်ခြေရင်း၌ ဆေးဖက်ဝင်တစ်မျိုးဖြစ်သည့် ကျားလက်ဝါးဆေးပင်တစ်မျိုးကို တွေ့ရှိနိုင်ကြောင်း သိရသည်။ **(ဓါပုံ)**

"ကျားလက်ဝါးခေါ်တဲ့ ဆေးမြစ်ပင်က ဇလုံတောင်ခြေရင်းမှာရှိပါတယ်။ ဒါပေမယ့် မပေါ်ဘူး။ အရွက်ကစိမ်းတယ်။ ကျားလက်ဝါးခြေရာ ပုံစံပါ" ဟု ဇလုံတောင်ခြေရင်းတွင် ခေတ္တနေထိုင်ပြီး ဆေးမြစ်များရှာဖွေကာ ရောင်းချနေသည့် ဆိုင်ရှင်တစ်ဦးက ပြောသည်။

ဆေးမြစ်ပင်ပေါက်ရောက်သော ဇလုံတောင်တောသည် ဖန်းမောက်မြို့နှင့် ၁၂ မိုင်အကွာအဝေးရှိသည်။ မြို့၏မြောက်ဘက်တွင်ရှိပြီး တောတောင်များမှာလည်း ထူထပ်ကာနက်ရှိုင်းသောနေရာဖြစ်ကြောင်း သိရသည်။

"ဆေးမြစ်ပင်ရဲ့ အာနိသင်ကတော့ သွေးတိုးရောဂါ၊ သွေးပေါင်ကျနဲ့ နှလုံးအားနည်းတာတွေကို ပြုတ်သောက်ရင်ပျောက်ပါတယ်။ ဒါပေမယ့် ကျားလက်ဝါးဆေးမြစ်ပင်စစ်ဖို့တော့ လိုပါတယ်"ဟု ဆေးမြစ်ရောင်းချသူ ဆိုင်ရှင်တစ်ဦးက ထပ်မံပြောကြားခဲ့သည်။

သန်းမောင်လေး(ကချင်မြေ)

တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်) နှစ် ၁၁၀ ပြည့်ပွဲတော် ကျင်းပမည်

နေပြည်တော် ဇန်နဝါရီ ၂၁

တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်)၏ နှစ် ၁၁၀ ပြည့်ပွဲတော်ကို ဇန်နဝါရီ ၂၃ ရက်မှ ၂၅ ရက်အထိ သုံးရက်ကြာ ကျင်းပမည်ဟု သိရသည်။

ပွဲတော်ပထမနေ့တွင်ခြင်းအလှခတ်ပြပွဲကို နံနက် ၁၀ နာရီ မိနစ် ၂၀ မှ ၁၀ နာရီမိနစ် ၅၀ အထိလည်းကောင်း၊ မျက်လှည့်ပြပွဲကို နံနက် ၁၁ နာရီမှမွန်းတည့် ၁၂ နာရီအထိလည်း ကောင်း၊ တိရစ္ဆာန်လိမ္မာနှင့် ဆင်ကပွဲကို မွန်းလွဲ ၁ နာရီမှ ၂ နာရီအထိလည်းကောင်း၊ တိရစ္ဆာန်လိမ္မာလေးများနှင့် ဓာတ်ပုံရိုက်ကူးခြင်းကိုလည်းကောင်း ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ဇန်နဝါရီ ၂၄ ရက်တွင် စိတ်ကြိုက်တေးဂီတအဖွဲ့ Unplugged Show၊ တိရစ္ဆာန်လိမ္မာနှင့် ဆင်ကပွဲကိုလည်းကောင်း၊ Unplugged Show နှင့် Myanmar Got' Talent တို့ကိုလည်းကောင်း၊ Comedian Thura Thein၊ Beat Boxer Si Phyo Min၊ Dangerous Magician Oliver Zaw၊ U Sein Aye Myint တို့၏ (ရုပ်သေးအစီအစဉ်)၊ MC သဲသဲ၏ Games အစီအစဉ်များပါဝင်ကြောင်း သိရသည်။

ဇန်နဝါရီ ၂၅ ရက်တွင် နှစ် ၁၁၀ ပြည့်အထိမ်းအမှတ်အဖြစ် တိရစ္ဆာန်များအတွက် နံနက် ၉ နာရီမှစတင်၍ အစာခြင်းများကို ဧည့်သည်များအား လက်ဆောင်ပေးခြင်း အစီအစဉ်များအပြင် ပွဲတော်ရက်အတွင်း မိသားစုဈေးရောင်းပွဲတော်များကိုလည်း ကျင်းပသွားမည်ဖြစ်ကြောင်း ရန်ကုန်တိရစ္ဆာန်ဥယျာဉ် ပြန်ကြားရေးဌာန တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

ဖိုးသန့်

မီးဘေးကြိုတင်ကာကွယ်ရေး ဟောပြောပွဲနှင့် သရုပ်ပြလေ့ကျင့်မှုပြုလုပ်

ဗဟန်း ဇန်နဝါရီ ၂၁

ဗဟန်းမြို့နယ်ရှိ ဗဟန်းမြို့မရဲစခန်းဓမ္မာရုံ၌ မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲနှင့် သရုပ်ပြလေ့ကျင့်မှုကို ဇန်နဝါရီလတတိယပတ်က မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးခင်မောင်ကြည်ဦးဆောင်၍ အနောက်ပိုင်းခရိုင် မီးသတ်ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးငွေဝင်းနှင့်အဖွဲ့တို့က ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါ ဟောပြောပွဲတွင် မီးသတ်ဦးစီးဌာန(လက်ထောက်ညွှန်ကြားရေးမှူး)နှင့်အဖွဲ့တို့က မီးလောင်မှုဖြစ်စဉ်များကို ပရိုဂျက်တာဖြင့် ရှင်းလင်းပြသပြီး မီးသတ်ဆေးဘူးများဖြင့် မီးငြိမ်းသတ်နည်းများကို လက်တွေ့သရုပ်ပြသခဲ့ကြောင်း သိရသည်။

မောင်မောင်

ဘွဲ့ရအမျိုးသမီးပိုလ်လောင်းဝင်ခွင့်သင်တန်း

ရာသက်ပန်မှတ်တိုင်၊

၂(က) စံပြရပ်ကွက်၊ မင်္ဂလာဒုံ။

ဖုန်း-၀၉-၇၃၀၆၁၈၅၀၊ ၀၉-၂၅၄၃၇၆၂၇၂

ပိုးမ

တာသင်ပိုင်း

[illegible]

[illegible]

သစ်တောဦးစီးဌာန၊ ဘိုကလေးမြို့နယ်၊ ပုံစံ(၈)ဝင် လှေ ၂၁ စင်းအား ရောင်းချရန်ကြော်ငြာခြင်း

၁။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောဦးစီးဌာန၊ ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြခရိုင်၊ သစ်တောဦးစီးဌာန၊ ဘိုကလေးမြို့နယ်မှ ပုံစံ(၈)ဝင်လှေ ၂၁စင်းအား ဦးစီးအရာရှိရုံး၊ သစ်တောဦးစီးဌာန၊ ဘိုကလေးမြို့၌ ၂၈-၁-၂၀၁၆ရက် နံနက် ၁၀နာရီတွင် လက်ရှိမျက်မြင်အခြေအနေအတိုင်း ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။ အထက်ပါ လေလံတင်ရောင်းချသည့်ပုံစံ(၈)ဝင် လှေများအား တိုင်းကျော်သယ်ယူခွင့်မပြုပါ။

၂။ လေလံလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို သစ်တောဦးစီးဌာန၊ ဘိုကလေးမြို့နယ်၊ ဦးစီးအရာရှိရုံး၌ ကြော်ငြာပါသည့်ရက်မှစ၍ ၂၇-၁-၂၀၁၆ရက် ရုံးချိန်အတွင်း နောက်ဆုံးထားဝယ်ယူလျှောက်ထားနိုင်ပါသည်။

၃။ အသေးစိတ်သိရှိလိုပါက ဖုန်းနံပါတ်- ၀၄၅-၄၅၅၆၆၊ ၀၉-၄၂၂၄၇၈၇၆၆တို့သို့ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ဥက္ကဋ္ဌ
လေလံတင်ရောင်းချရေးကော်မတီ

ဒေါ်ဇာဇာထွန်းနှင့်အများသိစေရန်ကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့၊ ရွှေတံခါးရပ်ကွက်၊ ရွှေတံခါးကွင်း၊ အကွက်အမှတ်(၁၄)၊ မြေကွက်အမှတ် (၁၉၆)၊ အလျား ပေ ၆၀၊ အနံ ပေ ၄၀ အကျယ်ရှိသော မြေနှင့်မြေပေါ်တွင် ဆောက်လုပ်ထားသော အဆောက်အအုံအပါအဝင် အရပ်ရပ်အကျိုးခံစားခွင့်များကို မိဘများမှ ဒေါ်ဇာဇာထွန်း ၇/ပမန(နိုင်)၀၈၂၂၀၆ အား ဥပဒေနှင့် အညီ စာချုပ်စာတမ်းများဖြင့် လွှဲပြောင်းပေးအပ်ထားသဖြင့် အထက်ဖော်ပြပါမြေနှင့် မြေပေါ်တွင် ဆောက်လုပ်ထားသော အဆောက်အအုံအပါအဝင် အရပ်ရပ်အကျိုးခံစားခွင့်များကို ဒေါ်ဇာဇာထွန်းမှ ဥပဒေနှင့်အညီ တရားဝင်ပိုင်ဆိုင် အကျိုးခံစားလျက်ရှိပါသည်။အဆိုပါမြေနှင့်မြေပေါ်ရှိ အဆောက်အအုံအပါအဝင်အရပ်ရပ်အကျိုးခံစားခွင့်များကို ဒေါ်ဇာဇာထွန်းမှ ဒေါ်သူဇာအောင်ထံသို့ ရောင်းချခဲ့ပြီးဖြစ်ပါသဖြင့် ဖော်ပြပါ မြေနှင့်အဆောက်အအုံ အပါအဝင် အရပ်ရပ်အကျိုးခံစားခွင့်များနှင့် ဆက်နွယ်သော စာရွက်စာတမ်းများအားလုံးကို ဒေါ်သူဇာအောင်ထံသို့ လွှဲပြောင်းပေးအပ်ခဲ့ပြီးဖြစ်ပါသည်။သို့ရာတွင် အထက်ဖော်ပြပါမြေနှင့် အဆောက်အအုံအား ဒေါ်သူဇာအောင်၏ လက်ဝယ်သို့အပြီးအပိုင် လွှဲပြောင်းပေးရမည့်အချိန်တွင် ဒေါ်ဇာဇာထွန်းမှ အဆက်အသွယ်ဖြတ်ထားပါသည်။ သို့ဖြစ်ပါ၍ ဒေါ်ဇာဇာထွန်းမှ အထက်ဖော်ပြပါ မြေနှင့်မြေပေါ်ရှိ အဆောက်အအုံနှင့် ပတ်သက်၍ ဒေါ်သူဇာအောင်ထံသို့ အမြန်ဆုံးလာရောက်ဖြေရှင်းရန်နှင့်အထက်ဖော်ပြပါမြေကွက်နှင့် အဆောက်အအုံအား ဒေါ်သူဇာအောင်၏ခွင့်ပြုချက်မရဘဲ ရောင်းချခြင်း၊ ဝယ်ယူခြင်း၊ ပေါင်နှံခြင်း၊ အပေါင်ခံခြင်း၊ လွှဲပြောင်းခြင်း၊ လက်ခံခြင်း၊ အာမခံထားခြင်း၊ အာမခံလက်ခံခြင်း၊ ပေးကမ်းလှူဒါန်းခြင်း၊ အမည်ပြောင်းခြင်းများ မပြုလုပ်ရန် အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ဒေါ်သူဇာအောင် ၉/အမန(နိုင်)၀၁၁၅၄၂ ၏ လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ဖြိုးသဉ္ဇာမြင့်သောင်း LL.B
အထက်တန်းရှေ့နေ (စဉ်-၂၇၀၈၉)
အမှတ် ၁၄၃၊ ရွှေတစ်ချောင်းလမ်း၊ ကိုးသောင်း၊ ဂျပန်ကွက်၊ ရှာဘဲနယ်မြေ၊ ပြည်မြို့၊
ဖုန်း-၀၉-၅၃၆၃၆၂၅၊ ၀၉-၄၄၈၅၃၆၉၁၆

၂၀၁၆ခုနှစ် အာဆီယံစွမ်းအင်ဆိုင်ရာ ဆုတံဆိပ်များပြိုင်ပွဲအတွက် ပြိုင်ပွဲဝင်များ ဖိတ်ခေါ်ခြင်း

နေပြည်တော်၊ ၂၀၁၆ခုနှစ် ဇန်နဝါရီ ၁၈ရက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၊ စွမ်းအင်ဝန်ကြီးဌာနနှင့် အာဆီယံစွမ်းအင်ဆိုင်ရာ ဗဟိုဌာန (ASEAN Centre for Energy-ACE)တို့မှ ကြီးမှူး၍ ၂၀၁၆ခုနှစ် စွမ်းအင်ထိရောက်စွာ အသုံးပြုထားသော ပြန်ပြည့်မြဲစွမ်းအင်စီမံကိန်းများ (Rene-wable Energy Awards)ပြိုင်ပွဲ၊ အဆောက်အအုံများ (Energy Efficiency Buil-ding Awards)ပြိုင်ပွဲ၊ အဆောက်အအုံများနှင့် စက်ရုံများ၏ အကောင်းဆုံးစွမ်းအင်စီမံခန့်ခွဲမှုစနစ် (Energy Management Awards)နှင့် စိမ်းလန်းအဆောက်အအုံများ (Green Building Awards)ပြိုင်ပွဲများကို ကျင်းပမည်ဖြစ်ပြီး နိုင်ငံပိုင်ကဏ္ဍသာမက ပုဂ္ဂလိကပိုင်ကဏ္ဍများမှလည်း ပါဝင်ယှဉ်ပြိုင်နိုင်ပါသည်။

၂၀၁၆ခုနှစ် အာဆီယံစွမ်းအင်ဆိုင်ရာ ဆုတံဆိပ်ပြိုင်ပွဲများအတွက် ပါဝင်ယှဉ်ပြိုင်လိုသူများသည် မိမိတို့၏လုပ်ငန်းစီမံကိန်း/အဆောက်အအုံ/စက်ရုံ/ရုံးဌာနတို့၏အမည်၊ တည်နေရာ၊ လုပ်ငန်းသဘာဝ၊ ဆက်သွယ်ရန်ပုဂ္ဂိုလ်နှင့် ၎င်း၏လိပ်စာ၊ ဖုန်းနံပါတ်၊ ဖက်စ်နံပါတ်များ ဖော်ပြပြီး ၂၀၁၆ခုနှစ် မတ် ၁၈ရက် (သောကြာနေ့) နောက်ဆုံးထား၍ ပါဝင်ယှဉ်ပြိုင်လိုကြောင်း ရွေးချယ်စိစစ်ရေးအမျိုးသားကော်မတီ၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း၊ လှိုင်တက္ကသိုလ်ဝင်း၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့ (ဖုန်း -၀၁-၅၁၉၆၇၃-၇၆၊ ဖက်စ်-၀၁-၅၁၉၆၈၁၊ ၀၁-၅၇၁၂၈၈) တို့သို့ စာရင်းပေးသွင်းနိုင်ပါသည်။

အသေးစိတ်သိရှိလိုသည်များရှိပါက ဦးအောင်သက်ပိုင်၊ လုပ်ငန်းကော်မတီဝင်(ဖုန်း-၀၁-၅၇၁၃၂၁၊ ၀၉-၄၃၀၄၉၈၃၅)တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ဘားလားစံပြကျေးရွာ၊ကွင်း အမှတ်(၄၉၅-အေ)၊ မြေကွက် အမှတ်(၃၈) (ယခုရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ငွေနံ့သာစံပြကျေးရွာ၊တပင်ရွှေထီးလမ်း၊အမှတ်၃၈)ဟုခေါ်တွင်သည့်ဒုအရာခံဗိုလ်ဦးအေးမြ (၇/ပမန(နိုင်)၀၀၄၈၈၅/ ကပ-၄၁၄၇၀၈ /ရန်ကုန်တိုင်းစစ်ဌာနချုပ်) အမည်ပေါက် အလျား၁၀၀ပေ×အနံ၁၂၀ပေမြေကွက်၏ အကျိုးခံစားခွင့်အရပ်ရပ်ကို အရောင်းအဝယ်စာချုပ်အဆက်ဆက်ဖြင့်တရားဝင်လွှဲပြောင်းဝယ်ယူလက်ရှိထားပိုင်ဆိုင်သော ဒေါ်သန်းမြ၁၂/သကတ(နိုင်)၀၃၂၇၅၁ထံမှကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်လွှဲပြောင်း ဝယ်ယူရန်စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။ သို့ဖြစ်ပါ၍ အထက်ပါဒုအရာခံဗိုလ် ဦးအေးမြ၊ အမည်ပေါက် မြေကွက်၏အကျိုးခံစားခွင့်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါကခိုင်လုံသောတရားဝင်ပိုင်ဆိုင်မှုအထောက်အထားစာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ (ခုနစ်)ရက်အတွင်းလာရောက်ကန့်ကွက်နိုင်ပြီး ကန့်ကွက်မှုတစ်စုံတစ်ရာမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်စာချုပ်တစ်ရပ် ဆက်လက်ပြုလုပ်ချုပ်ဆိုသွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

ဦးအောင်ဆန်းထွန်း
(အထက်တန်းရှေ့နေ) စဉ်-၂၉၃၀၃
ဖုန်း-၀၉-၄၂၀၀၂၆၄၆၅၊ ၀၉-၇၉၉၄၉၅၀၇၁

လှိုင်သာယာမြို့နယ်အတွင်း ပြည်သူ့ဘဝလုံခြုံရေးကို ထိပါးနှောင့်ယှက်သူများအား အရေးယူ

ရန်ကုန် ဇန်နဝါရီ ၂၁

ဇန်နဝါရီ ၁၇ ရက်က ဖေ့ဘွတ်ခ်လူမှုကွန်ရက် စာမျက်နှာများ၌ "ဘုရားဒကာ အမည်ခံ လောင်းကစားနှင့် ဘိန်းရာဇာ" ခေါင်းစဉ်ဖြင့် လှိုင်သာယာမြို့နယ် ၌ လူမိုက်ဝင်းနိုင်နှင့် လူမိုက်ခင်စိန် တို့ဦးဆောင်၍ မူးယစ်ဆေးဝါး ရောင်းချခြင်း၊ လောင်းကစားဝိုင်းများ ပြုလုပ်နေခြင်း စသည့် အကြောင်းအရာများကို မှတ်တမ်းဓာတ်ပုံများဖြင့် ဖော်ပြပါရှိလာခဲ့သည်။

ဝင်းနိုင်၊ အောင်စိုး(ခ) အောင်စိုးလေး၊ ခင်စိန်၊ ရွှေအိုးစည်(ခ) ရဲညွန့်၊ စိန်ငွေး၊ ဝင်းနိုင်

ယင်းသို့ ဖော်ပြပါရှိလာမှုနှင့် ပတ်သက်၍ အများပြည်သူ၏ဘဝလုံခြုံရေးကို ထိပါးစေသည့်အပြင် ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးကို ထိခိုက်လာစေနိုင်သဖြင့် ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး၏ စီမံညွှန်ကြားမှုဖြင့် အထူးအဖွဲ့များဖွဲ့စည်း၍ ဖမ်းဆီးဆောင်ရွက်ခဲ့သည်။

ထိုသို့ ဆောင်ရွက်ခဲ့ရာ ဇန်နဝါရီ ၂၀ ရက်က လူမှုကွန်ရက် စာမျက်နှာပါ လှိုင်သာယာမြို့နယ် နေသူများဖြစ်သည့် ဝင်းနိုင် (၄၇ နှစ်)၊ လိပ်(ခ)ခင်စိန်(၄၇ နှစ်)၊ အောင်စိုး(ခ) အောင်စိုးလေး (၄၁ နှစ်)၊ ရွှေအိုးစည် (ခ)ရဲညွန့်(၄၂ နှစ်)တို့နှင့် ရွှေပြည်သာမြို့နယ်နေသူများဖြစ်ကြသည့် ဝင်းနိုင် (၅၀ နှစ်)၊ စိန်ငွေး (၅၆ နှစ်)တို့ ခြောက်ဦးကို ဖမ်းဆီးရမိခဲ့သည်။

အဆိုပါ ဖမ်းဆီးရမိခဲ့သည့် ဝင်းနိုင်ပါ ခြောက်ဦးကို စစ်ဆေးဆောင်ရွက်လျက်ရှိပြီး သက်ဆိုင်ရာရဲစခန်းများ၌ ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

ကိုရဲ

ဝိုင်းဖွဲ့မူးယစ်ရမ်းကားနေသူများကို စစ်ဆေးရာမှ ဓားလက်နက်များတွေ့ရှိသဖြင့် ဖမ်းဆီးအရေးယူ

ရန်ကုန် ဇန်နဝါရီ ၂၁

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်အတွင်း ပြည်သူ့ဘဝလုံခြုံရေးကိုထိပါးစေသည့်အပြင် ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးကိုပါ ထိခိုက်လာနိုင်သည့် လူဆိုးလူမိုက်များကအုပ်စုဖွဲ့၍ အနိုင်ကျင့်ခြင်း၊ မူးယစ်ဆေးဝါးရောင်းချခြင်း၊ လောင်းကစားဝိုင်းများပြုလုပ်ခြင်းမရှိစေရေးအတွက် ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့က အထူးစီမံချက်တစ်ရပ်အဖြစ် ဆောင်ရွက်လျက်ရှိသည်။

ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးမှတပ်ဖွဲ့ဝင်များနှင့် မြောက်ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူးရုံးမှတပ်ဖွဲ့ဝင်များပါဝင်သောပူးပေါင်းအဖွဲ့ သည် လူဆိုးလူမိုက်များသတင်းစုံစမ်းစဉ် ဇန်နဝါရီ ၂၀ ရက် နံနက် ၀၀ နာရီ ၁၀ မိနစ်ခန့်က လှိုင်သာယာမြို့နယ် (၅)ရပ်ကွက် ဗိုလ်ချုပ်လမ်းမပေါ်၌ လှိုင်သာယာမြို့နယ်နေသူများဖြစ်ကြသည့် ရဲလေး(ခ) ရဲမင်းထွန်း (၁၇ နှစ်)၊ ထွန်းထွန်းဝင်း (၁၉ နှစ်)၊ ငပိန်(ခ)စိုးနိုင်ထွန်း (၁၉ နှစ်)နှင့် ကိုနိုင်(ခ)သန်းနိုင် (၂၇ နှစ်) တို့လေးဦးသည် ဝိုင်းဖွဲ့၍ အရက်သေစာသောက်စားကာ မူးယစ်ရမ်းကားနေသည်ကိုတွေ့ရှိရသဖြင့် ထိန်းသိမ်းစစ်ဆေးမေးမြန်းခဲ့သည်။

၎င်းတို့အားစစ်မေးခဲ့ရာ ရဲလေး(ခ) ရဲမင်းထွန်း၏ခါးကြားမှ အရိုးအသွားတစ်ပေခန့်ရှိ ဓားဦးချွန်တစ်ချောင်းနှင့် တိပ်ပတ်ထားသော ဓားအိမ်တစ်ခု၊ ထွန်းထွန်းဝင်း၏ခါးကြားမှ အရိုးအသွား ၁၇ လက်မခန့်ရှိ သစ်သားရိုးတပ်နှစ်ဖက်သွားဓားဦးချွန်တစ်ချောင်းနှင့် သစ်သား ဓားအိမ်တစ်ခု၊ ငပိန်(ခ)စိုးနိုင်ထွန်း၏ခါးကြားမှ အရိုးအသွားတစ်ပေခန့်ရှိ နှစ်ဖက်သွားဓား ဦးချွန်တစ်ချောင်းနှင့် တိပ်ပတ်ထားသောဓားအိမ်တစ်ခု၊ ကိုနိုင်(ခ)သန်းနိုင်၏ခါးကြားမှ အရိုးအသွားတစ်ပေခန့်ရှိ ဓားဦးချွန်တစ်ချောင်းနှင့် သစ်သားဓားအိမ်တစ်ခုတို့ကို တွေ့ရှိသိမ်းဆည်းရမိခဲ့သည်။

ရဲလေး(ခ) ရဲမင်းထွန်း၊ ထွန်းထွန်းဝင်း၊ ငပိန်(ခ)စိုးနိုင်ထွန်း၊ ကိုနိုင်(ခ) သန်းနိုင်နှင့် သက်သေခံပစ္စည်းများ။

ယင်းသို့ အများပြည်သူ အထိတ်တလန့်ဖြစ်စေရန် လမ်းမပေါ်၌ အရက်သေစာသောက်စားရမ်းကားသည့်အပြင် အန္တရာယ်ဖြစ်စေသော ဓားလက်နက်များကိုင်ဆောင်ခဲ့ကြောင်းတွေ့ရှိရသဖြင့် ရဲလေး(ခ) ရဲမင်းထွန်းပါ လေးဦးကို လှိုင်သာယာမြို့မရဲစခန်းက ဥပဒေအရ အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

ကိုရဲ

သင်္ဘောဝမ်းဗိုက်အတွင်း ဝရိန်ဆော်ရာမှ သင်္ဘောသုံးစင်း မီးလောင်ဆုံးရှုံး

ပုသိမ် ဇန်နဝါရီ ၂၁

ပုသိမ်မြို့ တစ်ဖက်ကမ်း အမှတ်(၉) နယ်မြေ ရွှေနှင်းဆီရပ်ကွက် ကမ်းနားလမ်းရှိ ဦးမောင်မောင်ကြည်၏ ပွင့်ဦးသင်္ဘောကျင်းလုပ်ငန်းခွင်၌ ဇန်နဝါရီ ၂၁ ရက် နံနက် ၉ နာရီက မီးလောင်မှုဖြစ်ပွားကြောင်း သိရသည်။ **(အောက်ပုံ)**

ပုသိမ်ခရိုင် မီးသတ်ဦးစီးဌာနနှင့် ပုသိမ်မြို့နယ် မီးသတ်စခန်းမှ သန္ဓေမီးသတ်တပ်ဖွဲ့ဝင် ၅၀ တို့သည် အပေါ့စားမီးသတ်စက် ၁၂ လုံးဖြင့် မီးငြိမ်းသတ်ရာ နံနက် ၁၀ နာရီတွင် မီးအားကို ထိန်းနိုင်ခဲ့ကြောင်း သိရသည်။

မီးလောင်မှုနှင့် ပတ်သက်၍ စုံစမ်းမေးမြန်းရာ ပုသိမ်မြို့ တစ်ဖက်ကမ်း အမှတ်(၉) နယ်မြေ ငဝန်မြစ်ဆိပ်ကမ်းနားရှိ ဦးမောင်မောင်ကြည်၏ သင်္ဘောဒေါက်ကျဉ်းလုပ်ငန်း၌ ဒေါက်တင်ထားရှိသော အလျား ၉၆ ပေ၊ အနံ ၂၄ ပေ၊ ဇောက်ခြောက်ပေရှိ ပြည့်စုံကြွယ်ဝအမည်ရှိ သံကိုယ်ထည် သင်္ဘောဝမ်းဗိုက်အတွင်း၌ အလုပ်သမားခေါင်းဆောင် ဦးငြိမ်းချမ်း (၃၄ နှစ်)နှင့် အလုပ်သမားများက အသင့်ရေချရန် လိုအပ်လျက်ရှိသော ထိုင်ခုံသံဒေါက်များကို ဝရိန်တို့ဆက်ရာမှ ဆိုဖာထိုင်ခုံများပေါ်သို့ မီးပွားများလွင့်စဉ်ကျပြီး မီးလောင်မှုဖြစ်ပွားခဲ့သည်။ အနီးကပ်ယှဉ်တွဲလျက်ရှိသော အလျားပေ ၉၀၊ အနံ ၂၁ ပေ၊ ဇောက်ခြောက်ပေရှိသော သစ်သားကိုယ်ထည်သင်္ဘောနှစ်စင်းပါ မီးကူးစက်လောင်ကျွမ်းခဲ့သည်။

အဆိုပါ မီးလောင်မှုကြောင့် ထိခိုက်ဒဏ်ရာရရှိသူ မရှိကြောင်း လုပ်ငန်းတာဝန်ပေါ့ဆစွာ လုပ်ကိုင်သော ဦးငြိမ်းချမ်းကို သင်္ဘောကျင်းနယ်မြေရဲစခန်းက အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။ **(၀၇၇)**

တစ်ဦးတည်းဖြစ်ကြောင်း

ပေါက်ခေါင်းမြို့နယ်၊ အထက တောင်လည် နဝမတန်းမှ နော်စေးထီ၏ ဖခင် ဦးကေးလူနှင့်ဦးကျော်သန်း ၇/အတန(နိုင်)၀၂၅၁၃၄ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

ဖခင်အမည်မှန်

အထက ပေါက်ခေါင်း တက္ကသိုလ်ဝင်တန်း(D)မှ မမြင့်မြင့်ကြည်၏ ဖခင်အမည်မှန်မှာ ဦးလှဆွေ ၇/ပခတ(နိုင်)၀၂၄၃၄၁ ဖြစ်ပါကြောင်း။

ဖောင်းကြွပျောက်ဆုံးလျှောက်ထားခြင်း

ယာဉ်အမှတ် 9I/6988 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ တောင်ကြီး

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁ယ/၄၆၂၇၇ Honda C 90 Custom CMV M/C ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ကျော်နိုင် ၉/မနမ(နိုင်)၀၀၁၂၈၂ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့

လက်ထပ်မင်္ဂလာကျေးဇူးတင်လွှာ

ရခိုင်ပြည်နယ်၊ စစ်တွေမြို့ ""ထွန်း""ဆေးရုံနေ
ဒေါက်တာသိန်းစောထွန်း-ဒေါက်တာလတ်လတ်ထွန်းတို့၏သားကြီး

မောင်ထွန်းထက်အောင်

DIPLOMA IN HOSPITALITY & TOURISM MANAGEMENT (MDIS, SINGAPORE)

နှင့်

ရခိုင်ပြည်နယ်၊ ပေါက်တောမြို့နေ ဦးဦးသန်းဝင်း (ကုန်သည်)-ဒေါ်နုနုအေး (အလပြ)
တို့၏သမီးကြီး

မပန်းအိကေခိုင်

B.Sc (Chemistry)

တို့၏ ၄-၁-၂၀၁၆ ရက် စစ်တွေမြို့ HOTEL MEMORY ၌ မြို့နယ်တရားသူကြီး ဦးကျော်ဇံသာ၏ ရှေ့မှောက်လက်ထပ်မင်္ဂလာပွဲ၌ တက်ရောက်ချီးမြှင့်ခဲ့ကြသော နှစ်ဖက်ဆွေမျိုးများ၊ မိတ်ဆွေများ၊ အစစအရာရာကူညီခဲ့ကြသော ဟိုတယ်ပိုင်ရှင်နှင့်ဝန်ထမ်းများအားလည်းကောင်း၊ ၁၇-၁-၂၀၁၆ ရက် ရန်ကုန်မြို့ အလိုတော်ပြည့်ဓမ္မစရိယ တက္ကသိုလ်တွင် ကျင်းပသော မင်္ဂလာဦးဆွမ်းကျွေးပွဲသို့ တက်ရောက်ချီးမြှင့်ခဲ့ကြသော ဆွေမျိုးမိတ်ဆွေများ၊ အစစအရာရာကူညီခဲ့ကြသော ""တက်နီဝင်း""ဖိနပ်ဆိုင်မှ ဦးဂျော်လီ-ဒေါ်မေသူနှင့်ဝန်ထမ်းများအားလည်းကောင်း အထူးကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် မောင်ထွန်းထက်အောင်-မပန်းအိကေခိုင်

ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ် ၃ဖယ/၉၀၅၉၈ ယာဉ်လက်ဝယ်ရှိသူ ဦးပိုင်စိုး ၂/လကန(နိုင်)၀၆၉၃၅၂က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ကယားပြည်နယ်ရုံး(လွိုင်ကော်)

ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 4I/1312 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း) သန်လျင်မြို့

နေပြည်တော်၊ ပျဉ်းမနားမြို့ အထက(၁) မြတ်ဆရာပူဇော်ပွဲကျင်းပမည်

နေပြည်တော်၊ ပျဉ်းမနားမြို့၊ အထက(၁)၏ အဌမအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၂၄ ရက် (ပြာသိုလပြည့်နေ့) နံနက် ၉ နာရီတွင် အထက(၁) ရွှေရတုရင်ပြင်၌ ကျင်းပမည်ဖြစ်ပါ၍ ၁၉၅၃ ခုနှစ်မှ ၂၀၁၅ခုနှစ်အတွင်း ဤကျောင်းတွင် တာဝန်ထမ်းဆောင်ခဲ့ကြသော အငြိမ်းစားဆရာကြီး၊ ဆရာမကြီး များအား ကျောင်းသူ၊ ကျောင်းသားဟောင်းများက ပူဇော်ကန်တော့လိုပါသဖြင့် ဆရာကြီး ဆရာမကြီးများက ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ အပူဇော်ခံကြွရောက်ကြပါရန်နှင့် ကျောင်းသူ၊ ကျောင်းသားဟောင်းများကလည်း အခမ်းအနားသို့ တက်ရောက်ကြပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

အလှူငွေများကို အောက်ပါကျောင်းသားဟောင်းများထံ လှူဒါန်းနိုင်ပါသည်။

၁။	ဦးကျော်ငြိမ်းလွင်	ဖုန်း-၀၉-၅၀၄၈၉၉၅	၅။	ဦးအောင်ချို	ဖုန်း-၀၉-၈၃၀၃၀၈၉
၂။	ဦးမြင့်အောင်	ဖုန်း-၀၉-၅၁၇၆၉၉၀	၆။	ဦးဇော်ထက်	ဖုန်း-၀၉-၄၄၈၅၄၄၅၅၅
၃။	ဦးဘုန်းကျော်	ဖုန်း-၀၉-၄၄၈၅၄၁၂၄၄	၇။	ဦးနေလင်းထိုက်	ဖုန်း-၀၉-၅၅၈၈၄၄၄
၄။	ဦးလှမြင့်	ဖုန်း-၀၉-၂၅၀၀၉၄၇၅၇	၈။	ဦးမျိုးလွင်ဦး	ဖုန်း-၀၉-၄၂၅၀၀၄၃၃၃

၉။ **CB-Bank Account No.၀၃၃၂၀၁၇၅၅၇ (ပျဉ်းမနား)**

ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ မြန်မာ့မီးရထား
အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း

၁။ အောက်ပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

စဉ်	တင်ဒါအမှတ်	ပစ္စည်းအမျိုးအမည်
(က)	ရပ/မမ(CME)(ISN)	Rail Road Diesel Oil (RDO 40) (9000-Drums)

တင်ဒါပိတ်မည့်နေ့/အချိန် - ၂၂-၂-၂၀၁၆ (တနင်္လာနေ့) (၁၂:၃၀)နာရီထိ

၂။ တင်ဒါပုံစံများကို [illegible] (၂၂-၁-၂၀၁၆) ရက်နေ့မှစ၍ [illegible] ဝယ်ယူနိုင်ကြောင်း နှင့် အသေးစိတ် သိရှိလိုပါက [illegible] ဆက်သွယ်မေးမြန်းနိုင်ပါသည်။

[illegible] မြန်မာ့မီးရထား

[illegible] ဖုန်း-294352, 291994.

ကျောက်ကြီးမြို့နယ်တွင် ၃၃ ကေဗွီ ဓာတ်အားလိုင်းဖြင့် ရပ်ကွက်ကျေးရွာများအထိ မီးလင်းပြီ

ကျောက်ကြီး ဇန်နဝါရီ ၂၁

ပဲခူးတိုင်းဒေသကြီး လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၏ ဆောင်ရွက်မှုဖြင့် တောင်ငူခရိုင် ကျောက်ကြီးမြို့တွင် ၃၃ ကေဗွီ လျှပ်စစ်ဓာတ်အားခွဲရုံကို တည်ဆောက်ခဲ့ပြီးနောက် ဇန်နဝါရီ ၂၀ ရက်မှစတင်၍ ၃၃ ကေဗွီ ဓာတ်အားလိုင်းဖြင့် ကျောက်ကြီးမြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာများအထိ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနိုင်ပြီဖြစ်ကြောင်း သိရသည်။

ကျောက်ကြီးမြို့တွင် ၁၉၉၁ ခုနှစ်မှစ၍ ၁၁ ကေဗွီလျှပ်စစ်ဓာတ်အားလိုင်းဖြင့် ရပ်ကွက်များသို့ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးခဲ့ရာမှ ကျေးရွာများသို့ပါ ဓာတ်အားဖြန့်ဖြူးပေးနိုင်ရေးအတွက် ၃၃ ကေဗွီလျှပ်စစ်အားလိုင်းကို တိုးမြှင့်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

တည်ဆောက်ပြီးစီးနေသော ၃၃ ကေဗွီ လျှပ်စစ်ဓာတ်အားခွဲရုံ

'အခု ၁၁ ကေဗွီကနေ ၃၃ ကေဗွီဓာတ်အားလိုင်း ရပြီဖြစ်လို့ လျှပ်စစ်ဓာတ်အား အပြည့်အဝသုံးစွဲနိုင်ခဲ့ပါပြီ။ တစ်ဆက်တည်းမှာ လျှပ်စစ်ဓာတ်အား အပြည့်အဝရရှိပြီဖြစ်လို့ ရပ်ကွက်ထဲက လမ်းမီးတွေကိုလည်း လင်းစေချင်ပါတယ်' ဟု ကျောက်ကြီးမြို့ပေါ်တွင်နေထိုင်သော ပြည်သူတစ်ဦးက ပြောသည်။

ကျောက်ကြီးမြို့တွင် မြို့ပေါ်ရပ်ကွက် ခုနစ်ရပ်ကွက်ရှိပြီး ယခုအခါ ၃၃ ကေဗွီ ဓာတ်အားလိုင်းသစ်ဖြင့် ဓာတ်အားဖြန့်ဖြူးနိုင်သဖြင့် အဆိုပါရပ်ကွက်များအပြင် ပတ်ဝန်းကျင်ကျေးရွာများဖြစ်သော နတ်သံကွင်း၊ နောင်ကုန်း၊ ရန်မျိုးအောင်၊ သဲကုန်း၊ ဗျက်အင်း၊ ရွာကြီးအင်း၊ ဆိပ်ကြီး၊ မအူပင်ဆိပ်၊ ကျောက်ခဲကြီး၊ အင်းနက်၊ အောင်စိုးမိုး၊ သပြေကုန်း၊ ကျွဲခြံနှင့် တုံးကြီးစသည့် ကျေးရွာများအထိ ဓာတ်အားရရှိနိုင်ပြီဖြစ်ကြောင်း သိရသည်။

လျှပ်စစ်ဓာတ်အားဖြန့်ဖြူးနိုင်ရေးအတွက် ပဲခူးတိုင်းဒေသကြီး လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ ဒုတိယအင်ဂျင်နီယာ ဦးကျော်ရွှေ၊ တောင်ငူခရိုင်အင်ဂျင်နီယာ ဦးအေးကြူ၊ ကျောက်ကြီးမြို့ အင်ဂျင်နီယာ ဦးမျိုးမင်းဦးနှင့် နတ်သံကွင်းမြို့ အင်ဂျင်နီယာ ဦးအေးဆွေတို့က အဆင့်ဆင့်ကြီးကြပ်၍ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(ဝ၄၅)

သီတဂူ စက္ခုဒါနဆေးရုံတော်တည်ဆောက်မှု ၈၀ ရာခိုင်နှုန်းခန့်ပြီးစီးနေ ကျန်ရှိသောလုပ်ငန်းများအတွက် အလှူရှင်များ ဆက်လက်လှူဒါန်းနိုင်

ညောင်လေးပင် ဇန်နဝါရီ ၂၁

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် ပွဲတန်ဆာမြို့သစ်၌ တည်ဆောက်လျက်ရှိသော သီတဂူစက္ခုဒါနဆေးရုံတော်ကြီး၏ တည်ဆောက်မှုလုပ်ငန်းများ ၈၀ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ကာ ဆေးရုံအဆောက်အအုံနှင့်အတူ ကျန်ရှိသောဆက်စပ်လုပ်ငန်းများဖြစ်သည့် ဆရာဝန်နားနေဆောင်၊ တိုးချဲ့လူနာဆောင်၊ လူနာများနားနေဆောင်၊ သန့်စင်ခန်းနှင့် ခြံစည်းရိုးအုတ်တံတိုင်းများအတွက် အလှူရှင်များအနေဖြင့် ဆက်လက်လှူဒါန်းနိုင်ကြောင်း သိရသည်။

ညောင်လေးပင်မြို့ သီတဂူစက္ခုဒါနဆေးရုံတော်ကြီးကို သီတဂူ အဓိပတိဆရာတော် ဒေါက်တာအရှင်ဉာဏိဿရအား အမှူးထား၍ မဒေါက်မြို့ပန်းငွေရုံတောရကျောင်းဆရာတော်၊ ပဲခူးမြို့ ကြခတ်ဝိုင်းကျောင်းဆရာတော်နှင့် ပွဲတန်ဆာမြို့သစ် ဇမ္ဗူအေးတောရ (အင်းဝိုင်း)ကျောင်းဆရာတော်တို့က ဦးဆောင်ကာ တပည့်ဒါယကာများ၊ ဒေသခံပြည်သူများ၏ ပူးပေါင်းပါဝင်မှုဖြင့် တည်ဆောက်နေခြင်းဖြစ်ကြောင်း သိရသည်။

ဆေးရုံတော်ကြီးကို ၂၀၁၅ ခုနှစ် ဧပြီလအတွင်းက စတင်တည်ဆောက်ခဲ့ပြီး ယခုအခါ ၈၀ ရာခိုင်နှုန်းခန့် ပြီးစီးပြီဖြစ်ရာ မကြာမီတည်ဆောက်မှုများပြီးစီးပါက အနယ်နယ်အရပ်ရပ်ရှိ မျက်စိဝေဒနာရှင်များအား မျက်စိရောဂါများကို အခမဲ့ကုသပေးသွားမည်ဖြစ်ကြောင်း၊ ဆေးရုံတော်နှင့် ဆက်စပ်လုပ်ငန်းများအတွက် လှူဒါန်းလိုသူများအနေဖြင့်လည်း လာရောက်လှူဒါန်းနိုင်ကြောင်း သိရသည်။

နေလင်း (ညောင်လေးပင်)

အခြေခံပညာကျောင်းပေါင်းစုံ ပြည်နယ်အဆင့် အားကစားပြိုင်ပွဲ ပိတ်ပွဲကျင်းပ

တောင်ကြီး ဇန်နဝါရီ ၂၁

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့၌ကျင်းပခဲ့သော အခြေခံပညာကျောင်းပေါင်းစုံ ပြည်နယ်အဆင့် အားကစားပြိုင်ပွဲ ဘောလုံးဗိုလ်လုပွဲ၊ ဆုချီးမြှင့်ပွဲနှင့် အားကစားပြိုင်ပွဲ ပိတ်ပွဲအခမ်းအနားကို ဇန်နဝါရီ ၂၀ ရက်က ကျင်းပခဲ့သည်။

အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲတွင် ဟိုပုံးမြို့နယ်အသင်းနှင့် ဖယ်ခုံမြို့နယ်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ဖယ်ခုံမြို့နယ်အသင်းက သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရဗိုလ်စွဲခဲ့သည်။ ထို့နောက် ဆုချီးမြှင့်ပွဲ ဆက်လက်ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်နှင့် ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ပညာရေးဦးစီးဌာန ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက အမျိုးသားဘောလုံးပြိုင်ပွဲ၊ အမျိုးသမီးဘောလုံးပြိုင်ပွဲနှင့် ပြေးခုန်ပစ်ပြိုင်ပွဲများတွင် ဆုရရှိသူများအား ဆုများ ပေးအပ်ချီးမြှင့်ခဲ့သည်။

မောင်မောင်သန်း (တောင်ကြီး)

စေတနာအထူးပြုနိုဗွာန်ဆော် ခင်နန္ဒာ နှင့် သွားစို့နော် (ပြောင်းလဲမှုမရှိသော ခရီးစဉ်ရက်စွဲများ)

၁၂ ရက် - / ၁၅ ရက် - စရံ(၂)သိန်း + / ၁၅ ရက်(ကိုလ်ကတ္တားပါ) — ဒေါ်လာ ၇၀၀ / ဒေါ်လာ ၇၅၀ / ဒေါ်လာ ၈၀၀ (ဗီဇာမပါ)

ဖေဖော်(ဝလို)၊ ၂၂(ပြည့်)၊ မတ်၂(၄လို)၊ ၇(၃လို)၊ ၂၀၊ ဧပြီ ၁၀ (၁၆လို)(သင်္ကြန်ပိတ်ရက်)၊
ဖေ ၁၀ (ပြည့်)၊ မတ် ၁၆ (၂၂ လို)၊ ၂၂ (တရားစခန်း + လေးဌာန)၊ ဧပြီ ၆၊
ဖေ ၁ (၂လို)၊ ၅ (၁၆လို)၊ ၁၂ (ပြည့်)၊ ၁၅၊ ၁၉၊ ၂၂၊ ၂၆၊ Air Bus A 320 လေယာဉ်ကြီးဖြင့်သာ
မတ် ၄၊ ၇၊ ၁၁၊ ၁၈၊ ၂၀၊ ၂၅၊ ဧပြီ ၄၊ ၈၊ ၁၀(သင်္ကြန်ပိတ်ရက်)၊ သုံးခုံးလိုက်ရန်မလို

စရံ/ငွေအကြေချေ ဦးရာလူစနစ် | နေရာစုံ ပို့ပေးပြီး ဝန်ဆောင်မှု ကောင်းကြောင်းအာမခံပါသည်။ | မတ် ၂၂ (တရားစခန်း+လေးဌာန) ၁၅ ရက်ခရီးအား ၁၂ ရက်ဈေးနှုန်းဖြင့်သာ

ကွန်ဒို(E)၊ မြေညီထပ်၊ ကမ္ဘာအေးဗီလာအိမ်ရာ၊ ကမ္ဘာအေးစေတီလမ်း၊ (၈)မိုင်၊ မရမ်းကုန်း၊ ရန်ကုန်။ ၀၁-၆၅၅၅၂၀၊ ၆၅၅၈၈၅၊ ၀၉-၅၆၀၀၁၂၃၊ ၀၉-၅၆၀၀၄၄၄

အောင်မင်္ဂလာမြေဇင်းတောရရိပ်သာ၊ မှော်ဘီ ဘွက်ကြီးရွာ၊ (၄၅)ရက်၊ တရားစခန်းဖွင့်မည်

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ ဘွက်ကြီးကျေးရွာအနီးရှိ အောင်မင်္ဂလာ မြေဇင်းတောရရိပ်သာ၌ တရားစခန်း အမှတ်စဉ်(၃၉)ကို မောင်းထောင်မြေဇင်းတောရ ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ဆရာတော်အသျှင်ဇဝနမှ သမထ၊ ဝိပဿနာကျင့်စဉ်များကို ၂၄-၁-၂၀၁၆ရက်မှ ၈-၃-၂၀၁၆ရက်အထိ ဖွင့်လှစ်နည်းပြပေးမည်။ စခန်းဝင်လိုသူ ရဟန်း၊ သီလရှင်၊ အမျိုးသား၊ အမျိုးသမီးများ အမည်စာရင်းများ ပေးသွင်းကြရန်နှင့် ၂၃-၁-၂၀၁၆ရက်လူကိုယ်တိုင် စခန်းဝင်သတင်းပို့ကြရန်။

စခန်းကြေး၊ ဆွမ်းစရိတ်များ ပေးသွင်းရန်မလိုပါ။

အကျိုးဆောင်အဖွဲ့

ဖုန်း-၀၉-၇၃၀၀၉၈၃၈၊ ၀၉-၅၀၀၇၀၅၈၊ ၀၉-၇၉၅၆၂၆၀၈၃

ဘီးလင်းမြို့၊ အထက(ခွဲ)၊ ကန်သာယာ ပထမအကြိမ်မြောက် အာစရိယပူဇော်ပွဲဖိတ်ကြားလွှာ

ဘီးလင်းမြို့၊ အထက(ခွဲ)၊ ကန်သာယာကျောင်း၏ ပထမအကြိမ် အာစရိယပူဇော်ပွဲအား ၂၀၁၆ခုနှစ် ဇန်နဝါရီ ၂၄ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် အထက(ခွဲ) ကန်သာယာကျောင်းတွင် ကျင်းပသွားမည်ဖြစ်ပါသောကြောင့် ဤကျောင်းတွင် တာဝန်ထမ်းဆောင်ခဲ့သော အသက်(၆၀)ပြည့်ရှိသည့် ဆရာကြီး ဆရာမကြီးများနှင့် ကျောင်းသားကျောင်းသူဟောင်းများ တက်ရောက်ကြပါရန် အခမ်းအနားကျင်းပရေးကော်မတီမှ လေးစားစွာတိုက်တွန်းနှိုးဆော်အပ်ပါသည်။ အာစရိယပူဇော်ပွဲအတွက် ဆက်သွယ်ရန်နှင့် ထည့်ဝင်လှူဒါန်းလိုသူများအနေဖြင့် ကိုသီဟစိုး ဖုန်း-၀၉-၇၉၀၁၅၅၄၉၉၊ ကိုနန္ဒတေဇာစိုး ဖုန်း-၀၉-၉၇၇၄၈၀၇၉၊ ကိုစိုင်းရာဇာမိုး ဖုန်း-၀၉-၄၂၅၂၇၀၅၁၆၊ ကိုဥက္ကာကျော် ဖုန်း-၀၉-၇၈၇၃၅၈၄၁၀ မသူရေထွန်း ဖုန်း-၀၉-၄၂၅၃၄၉၅၂၀တို့သို့ ဆက်သွယ်မေးမြန်းလှူဒါန်းနိုင်ပါသည်။

အာစရိယပူဇော်ပွဲကျင်းပရေးကော်မတီ

မွေးသက္ကရာဇ် အမှန်

လားရှိုးမြို့နေ ဦးယန်ရှောက်ဟော၏သား အထက(၂)၊ အ၄မတန်းမှ မောင်အေးမြင့်စိုး၏ မွေးသက္ကရာဇ်အမှန်မှာ ၁၀-၅-၂၀၀၂ ဖြစ်ပါကြောင်း။

နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဘိလပ်မြေစက်ရုံ (နေပြည်တော်)

၁။ 500 Ton/Day Of Wet Process Rotary Kiln၏ Chain Zone တွင် အသုံးပြုရန်လိုအပ်သော အောက်ဖော်ပြပါအမျိုးအစား (Chain, Bolt & Nut) တို့အား ဝယ်ယူလိုပါသဖြင့် တင်ဒါပေးသွင်းလိုသည့် ကုမ္ပဏီများအား ဖိတ်ခေါ်အပ်ပါသည်-

(a)	Heat Resistant Garland Chain, 4332mmL	100 Pcs
(b)	Heat Resistant Curtain Chain, 1748mmL	300 Pcs
(c)	Heat Resistant U-ring	450 Nos
(d)	M22x120mmL (High Tension Bolt & Nut) Heat Resistant Max; Temperature 1100 C	760 Sets

၂။ တင်ဒါပုံစံများကို ၂၂-၁-၂၀၁၆ရက်မှ ၂၆-၂-၂၀၁၆ရက်အထိ အောက်ဖော်ပြပါနေရာများတွင် ရုံးချိန်အတွင်း ဆက်သွယ်ထုတ်ယူနိုင်ပြီး အိတ်ဖွင့်တင်ဒါများကို ၁-၂-၂၀၁၆ရက် ညနေ ၄နာရီတွင် နောက်ဆုံးထားပေးသွင်းရမည်။

ဘိလပ်မြေအရောင်းဌာနခွဲ၊
နေပြည်တော်စည်ပင်သာယာရေးကော်မတီ
ဖုန်း-၀၆၇-၄၃၂၃၁၂
ဘိလပ်မြေစက်ရုံ (နေပြည်တော်)
ဖုန်း-၀၁-၃၃၃၄၀၁၅၊ ၀၉-၅၁၁၀၃၃၁

ဝန်ထမ်း အလိုရှိသည်

Advanced Media Group တွင်

တာဝန်ထမ်းဆောင်ရန် အောက်ပါဝန်ထမ်းများ အမြန်အလိုရှိပါသည်။

(၁) သတင်းထောက် (Reporter) ကျား/မ (၃) ဦး

စိတ်ပါဝင်စားသူများ CV တစ်စုံနှင့်အတူ လူကိုယ်တိုင် လာရောက် လျှောက်ထားနိုင်ပါသည်။

အမှတ် (၈၈)၊ ရွှေဂုံတိုင်ဘုရားလမ်း (အလယ်)၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၁ ၂၃၀၁၁၂၄၊ ၀၁ ၂၃၀ ၁၁၂၅။



OHSAMA Japanese Restaurant

(Hot Pot,B.B.Q,Japanese Food)

(အထူး Promotion အစီအစဉ် - 31-1-2016 ရက်အထိ)

- Japan Beef,Black Pork,Chicken and Natural Sea Foods-30% Discount
- Special Menu - လေးဦးနှင့်အထက် တစ်ဦးလျှင် (12000ks) ကြိုက်နှစ်သက်ရာမှာ အဝစား
- Taxi ဖြင့် လာရောက်အားပေးကြသော ဧည့်ပရိသတ်များအား မှာယူစားသုံးပြီးသော Total Food Amount မှ Discount 10% ထပ်မံပေးမည်ဖြစ်ပါသည်။

No.28/B,Pho Sein Road,Natmauk Quarter,Tamwe Ts.
Ph:01-555539,09-31382082,09-20224438
Lunch-11:00am to 3:00pm & Dinner-5:00pm to 11:00pm

ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၉/ပုဗ္ဗသီရိအနောက်ရပ်၊ ဝဏ္ဏဒီပ ရပ်ကွက်ရှိ မြေကွက်အမှတ် (ပ-၃၁၉၁၄)၊ ဧရိယာ ဝဒသမ ဝ၅၅ ဧက နှစ်(၃၀)အငှားဂရန်မြေကွက်အား မြေကွက်အမည်ပေါက် ဦးဝင်းငွေးမှ မှတ်ပုံတင်အရောင်း အဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ/ရာဇဝင် ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင် လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

အထူးကုန်စည်ခွန် ဥပဒေပြဋ္ဌာန်း

ယမန်နေ့မှအဆက်

(၃) အခြားအထူးကုန်စည်များနှင့် သက်ဆိုင်သည့်ကိစ္စ၌ စက်ဖြင့်ဖြစ်စေ၊ လက်ဖြင့်ဖြစ်စေ ထုတ်ယူခြင်း၊ ပြောင်းလဲခြင်း၊ သို့မဟုတ် အရည်အသွေးကိုလည်းကောင်း၊ သဘာဝ၊ အရွယ်အစား၊ ပုံပန်းသဏ္ဌာန်၊ ပေါင်းစပ်ဖွဲ့စည်းမှုကိုလည်းကောင်း ပြောင်းလဲခြင်းနှင့် အစိတ်အပိုင်းတစ်ခု သို့မဟုတ် အစိတ်အပိုင်းများ စုစည်းခြင်း။

(င) **ထုတ်လုပ်သူ** ဆိုသည်မှာ အထူးကုန်စည်များကို မိမိပိုင်စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနတွင် ဖြစ်စေ၊ အခြားသူအား အပ်နှံ၍ဖြစ်စေ ထုတ်လုပ်သူကိုဆိုသည်။

(စ) **တင်သွင်းသူ** ဆိုသည်မှာ အခွန်ကျသင့်ရန် သတ်မှတ်ထားသော အထူးကုန်စည်များကို ပြည်ပမှ တင်သွင်းသူကို ဆိုသည်။

(ဆ) **ရောင်းချခြင်း** ဆိုသည်မှာ အထူးကုန်စည်ကို လက်ငင်းစနစ်ဖြင့်ဖြစ်စေ၊ အကြွေးစနစ်ဖြင့်ဖြစ်စေ၊ ဆိုင်းငံ့စနစ်ဖြင့်ဖြစ်စေ၊ ကြိုတင်အရောင်းစနစ်ဖြင့်ဖြစ်စေ ရောင်းချခြင်းကို ဆိုသည်။

(ဇ) **အထူးကုန်စည်ပိုင်ရှင်** ဆိုသည်မှာ အထူးကုန်စည်ကို ပိုင်ဆိုင်ရရှိထားသူကို ဆိုသည်။ ယင်းစကားရပ်တွင် အထူးကုန်စည်၏ပိုင်ရှင် သို့မဟုတ် ထုတ်လုပ်သူက လွှဲအပ်သည့် အထူးကုန်စည်ကို စီမံခန့်ခွဲဆောင်ရွက်ပိုင်ခွင့်ရှိသော ကိုယ်စားလှယ် သို့မဟုတ် အထူးကုန်စည်နှင့်စပ်လျဉ်း၍ အကျိုးခံစားခွင့်ရှိသူလည်း ပါဝင်သည်။

(ဈ) **ခရီးသွားသူ** ဆိုသည်မှာ ပြည်ပခရီးစဉ်ဆိုင်ရာ သွားလာမှု အထောက်အထားများ ကိုင်ဆောင်ထားသူကို ဆိုသည်။ ယင်းစကားရပ်တွင် တိုက်ရိုက်ခရီးသွားလက်မှတ်ကိုင်ဆောင်၍ ခရီးစဉ်အရ တစ်ထောက်နားခရီးအဖြစ်ရောက်ရှိပြီး အခြားနိုင်ငံတစ်ခုခုသို့ ဆက်လက်ထွက်ခွာမည့်သူလည်း ပါဝင်သည်။

(ည) **ကုန်းပေါ်ရောက်တန်ဖိုး** ဆိုသည်မှာ ပြည်ပမှတင်သွင်းသော အထူးကုန်စည်အတွက် အကောက်ခွန်ဥပဒေအရ သတ်မှတ်သည့် တန်ဖိုး၊ ယင်းကုန်စည်အပေါ် စည်းကြပ်သည့် အကောက်ခွန်နှင့် ကုန်ချစရိတ်တို့ ပေါင်းစပ်ပါဝင်သောငွေကို ဆိုသည်။

(ဋ) **အခွန်လွတ်အရောင်းဆိုင်** ဆိုသည်မှာ အထူးကုန်စည်များကို ခရီးသွားသူများအား ရောင်းချရန် သတ်မှတ်စည်းကမ်းချက်များနှင့်အညီ ဖွင့်လှစ်ခွင့်ရရှိထားသည့် အရောင်းဆိုင်ကို ဆိုသည်။

(ဌ) **စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာန ရောင်းဈေးတန်ဖိုး** ဆိုသည်မှာ ဤဥပဒေအရ ကျသင့်သည့် အခွန်မပါသော စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာန၏ ရောင်းဈေးတန်ဖိုးကိုဆိုသည်။

(ဍ) **ဈေးကွက်ပေါက်ဈေး** ဆိုသည်မှာ ရောင်းသူဝယ်သူတို့အကြား ဈေးနှုန်းထိန်းချုပ်ထားခြင်းမရှိဘဲ ရောင်းလိုအားနှင့် ဝယ်လိုအားတို့က အဆုံးအဖြတ်ပြုသည့် လက်လီရောင်းဈေး သို့မဟုတ် လက်လီ ရောင်းဈေးသတ်မှတ်နိုင်ခြင်းမရှိသည့် ကိစ္စရပ်များအတွက် သတ်မှတ်ချက်နှင့်အညီ တွက်ချက်ရရှိသည့် ခန့်မှန်းရောင်းဈေးကို ဆိုသည်။

(ပ) **ကြေညာလွှာ** ဆိုသည်မှာ ဤဥပဒေအရ အခွန်ထမ်းက မိမိ၏ ထုတ်လုပ်ပြီးဖြစ်သည့် အထူးကုန်စည်များ ထုတ်လုပ်ရောင်းချခြင်းအတွက် တင်သွင်းသောပုံစံကိုဆိုသည်။

(ဏ) **စည်းကြပ်ခြင်း** ဆိုသည်မှာ ဤဥပဒေအရ အခွန်ထမ်းက ပေးဆောင်ရမည့် အခွန်သတ်မှတ်ခြင်းကိုဆိုသည်။ ယင်းစကားရပ်တွင် ဥပဒေပါပြဋ္ဌာန်းချက်နှင့်အညီ အခွန်ထမ်းကိုယ်တိုင်က တွက်ချက်အခွန်ပေးဆောင်ပြီး ကြေညာလွှာတင်သွင်း စည်းကြပ်မှုခံယူခြင်းလည်း ပါဝင်သည်။

(တ) **နှစ်** ဆိုသည်မှာ ဘဏ္ဍာရေးနှစ်ကို ဆိုသည်။

(ထ) **ဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အစိုးရဘဏ္ဍာရေးဝန်ကြီးဌာနကို ဆိုသည်။

(ဒ) **ဦးစီးဌာန** ဆိုသည်မှာ ပြည်တွင်းအခွန်များဦးစီးဌာနကို ဆိုသည်။

(ဓ) **ညွှန်ကြားရေးမှူးချုပ်** ဆိုသည်မှာ ပြည်တွင်းအခွန်များဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ကို ဆိုသည်။

(န) **မြို့နယ်အခွန်ဦးစီးဌာနမှူး** ဆိုသည်မှာ ဤဥပဒေအရ အခွန်ထမ်းက ပေးဆောင်ရမည့်အခွန်ကို ကောက်ခံပေးရန် တာဝန်ပေးထားသည့် သက်ဆိုင်ရာ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံး၏ တာဝန်ခံအရာရှိကို ဆိုသည်။ ယင်းစကားရပ်တွင် အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံး၊ အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံးတို့၌ အခွန်စည်းကြပ်ကောက်ခံရန် တာဝန်ပေးအပ်ထားသည့် ဦးစီးအရာရှိများလည်းပါဝင်သည်။

အခန်း(၂)
အခွန်ကျသင့်စေခြင်းနှင့် အခွန်ပေးဆောင်ရန်တာဝန်ရှိစေခြင်း

၄။ (က) မည်သူမဆို အောက်ဖော်ပြပါ ဆောင်ရွက်မှုများအတွက် ဤဥပဒေ၏ နောက်ဆက်တွဲဇယားတွင် ဖော်ပြထားသည့်အတိုင်း အခွန်ကျသင့်စေရမည်-
(၁) အထူးကုန်စည်ကို ပြည်တွင်းသို့ တင်သွင်းခြင်း၊
(၂) အထူးကုန်စည်ကို ပြည်တွင်း၌ ထုတ်လုပ်ခြင်း၊
(၃) အထူးကုန်စည်ကို ပြည်ပသို့ တင်ပို့ခြင်း။

(ခ) ဤဥပဒေအရ အခွန်မပေးဆောင်ရသေးသော အထူးကုန်စည်များကို လက်ဝယ်ထားရှိသူ သို့မဟုတ် ပိုင်ဆိုင်သူများသည် ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

(ဂ) အထူးကုန်စည်များကို တင်သွင်းခြင်း၊ တင်ပို့ခြင်း၊ ထုတ်လုပ်ခြင်း၊ လက်ဝယ်ထားရှိခြင်း ဆောင်ရွက်သူတို့သည် ဤဥပဒေနှင့် ဤဥပဒေအရထုတ်ပြန်သော နည်းဥပဒေပါ ပြဋ္ဌာန်းချက်များကို လိုက်နာရမည်။

၅။ ပုဒ်မ ၄ အရ အခွန်ကျသင့်သည့် အထူးကုန်စည်နှင့် စပ်လျဉ်း၍-
(က) ပြည်ပမှ တင်သွင်းခြင်းဖြစ်ပါက-
(၁) အထူးကုန်စည်ကို တင်သွင်းသူက ပေးဆောင်ရမည်။
(၂) ပုဒ်မခွဲငယ် (၁)အရ ပေးဆောင်ရမည့်အခွန်ကို အကောက်ခွန်ကောက်ခံသည့် နည်းလမ်းများအတိုင်း အကောက်ခွန်ဦးစီးဌာနက အကောက်ခွန်နှင့်အတူ ကောက်ခံပေးရမည်။

(ခ) ပြည်တွင်း၌ ထုတ်လုပ်ခြင်းဖြစ်ပါက ယင်းအထူးကုန်စည်ကို ထုတ်လုပ်သူက ပေးဆောင်ရမည်။

(ဂ) ပြည်ပသို့တင်ပို့ခြင်းဖြစ်ပါက ယင်းအထူးကုန်စည်ကို တင်ပို့သူက ပေးဆောင်ရမည်။

၆။ (က) မည်သည့်နှစ်အတွက်မဆို ဘဏ္ဍာနှစ်အလိုက် ပြဋ္ဌာန်းသည့် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေဖြင့်-
(၁) ဤဥပဒေ၏ နောက်ဆက်တွဲဇယားပါ ဖော်ပြချက်များကို ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ ပယ်ဖျက်ခြင်းပြုနိုင်သည်။
(၂) ဤဥပဒေ၏ နောက်ဆက်တွဲဇယားပါ အခွန်ကျသင့်သော အထူးကုန်စည်များအတွက် တန်ဖိုး၊ ပမာဏ၊ အလေးချိန် သို့မဟုတ် အခြားတိုင်းတာမှုတစ်ခုခုအပေါ် အခြေပြု၍ တွက်ချက်ရမည့် အခွန်နှုန်းများကို သတ်မှတ်ရမည်။
(၃) ပြည်ပသို့တင်ပို့မှုအပေါ် အခွန်ကျသင့်မည့် အထူးကုန်စည်နှင့် အခွန်နှုန်းများကို သတ်မှတ်ရမည်။

(ခ) အခွန်ပေးဆောင်ခြင်း မရှိသေးသော ပြည်တွင်း၌ ထုတ်လုပ်သည့် အထူးကုန်စည် သို့မဟုတ် ပိုင်ဆိုင်ထားသည့် အထူးကုန်စည်များနှင့် စပ်လျဉ်း၍ သတ်မှတ်ချက်များနှင့်အညီ ရောင်းဈေးတန်ဖိုး သတ်မှတ်နိုင်ရန်အလို့ငှာ သက်ဆိုင်ရာအခွန်ထမ်းက လိုအပ်သည့် သတင်းအချက်အလက်များကို မြို့နယ်အခွန်ဦးစီးဌာနမှူးထံ ပေးပို့ရမည်။ မြို့နယ်အခွန်ဦးစီးဌာနမှူးကလည်း ထိုသတင်းအချက်အလက်များကို တောင်းယူရမည်။

၇။ (က) ပုဒ်မ ၄ အရ အခွန်ကျသင့်သော အထူးကုန်စည်များအတွက် အောက်ဖော်ပြပါနေ့ရှိ ကုန်စည်တန်ဖိုး၊ ပမာဏ၊ အလေးချိန် သို့မဟုတ် အခြားတိုင်းတာမှုတစ်ခုခုအပေါ် အခြေပြုသတ်မှတ်ထားသည့် အခွန်နှုန်းဖြင့် တွက်ချက်ရမည်-
(၁) ပြည်ပမှတင်သွင်းခြင်းဖြစ်ပါက ထိုအထူးကုန်စည်ကို အကောက်ခွန်ဆိုင်ရာ ရှင်းလင်းဆောင်ရွက်သည့်နေ့၊
(၂) ပြည်တွင်း၌ ထုတ်လုပ်ခြင်းဖြစ်ပါက အထူးကုန်စည် ထုတ်လုပ်သည့်နေ့၊
(၃) ဤဥပဒေအရ အခွန်မပေးဆောင်ရသေးသော အထူးကုန်စည်များကို ပိုင်ဆိုင်ထားသောကိစ္စရပ်တွင် စစ်ဆေးတွေ့ရှိသည့်နေ့။

(ခ) အထူးကုန်စည် ရောင်းဈေးတန်ဖိုးတွက်ချက်ရာတွင် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-
(၁) ပြည်တွင်း၌ထုတ်လုပ်သည့် အထူးကုန်စည် သို့မဟုတ် ကုန်စည်ပိုင်ရှင်ထံတွင် စိစစ်တွေ့ရှိသည့် ဤဥပဒေအရ အခွန်မပေးဆောင်ရသေးသော အထူးကုန်စည်ဖြစ်ပါက သက်ဆိုင်ရာဘဏ္ဍာရေးနှစ်အတွက် ညွှန်ကြားရေးမှူးချုပ်နှင့် ပြည်တွင်းအခွန်များဦးစီးဌာန စီမံခန့်ခွဲမှုကော်မတီအဖွဲ့က သတ်မှတ်အတည်ပြုထားသည့် ဈေးကွက်ပေါက်ဈေးကို အခြေခံရမည်။
(၂) ပြည်ပမှတင်သွင်းသည့် အထူးကုန်စည်ဖြစ်ပါက ကုန်းပေါ်ရောက်တန်ဖိုးအပေါ် အခြေခံရမည်။

၈။ (က) မည်သူမဆို ဤဥပဒေအရ ကျသင့်သည့်အခွန်ကို အောက်ပါအတိုင်း ပေးဆောင်ရမည်-
(၁) အထူးကုန်စည်ကို ပြည်ပမှ တင်သွင်းခြင်းဖြစ်ပါက ကုန်စည်ကို ရွေးယူခြင်းမပြုမီ ပေးဆောင်ရမည်။
(၂) ပြည်တွင်း၌ ထုတ်လုပ်ခြင်းဖြစ်ပါက အထူးကုန်စည်ကို ရောင်းချသည့်လ၏ လကုန်ဆုံးပြီး ၁၀ ရက် အတွင်း ပေးဆောင်ရမည်။
(၃) ဤဥပဒေအရ အခွန်မပေးဆောင်ရသေးသော အထူးကုန်စည်များကို ကုန်စည်ပိုင်ရှင်ထံတွင် စိစစ်တွေ့ရှိရခြင်းဖြစ်ပါက စိစစ်တွေ့ရှိသည့်နေ့မှ ခုနစ်ရက်အတွင်း ပေးဆောင်ရမည်။

(ခ) ပုဒ်မခွဲ(က)ပါအတိုင်း လိုက်နာဆောင်ရွက်ရန် ခက်ခဲသည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ညွှန်ကြားရေးမှူးချုပ်က သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

အခန်း(၃)
အခွန်ကင်းလွတ်ခွင့်နှင့် သက်သာခွင့်များ

၉။ (က) အောက်ဖော်ပြပါ အထူးကုန်စည်များအတွက် အခွန်မကျသင့်စေရ-
(၁) ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေဖြင့် ပြည်ပသို့တင်ပို့မှုအပေါ် အခွန်ကျသင့်စေရန် သတ်မှတ်ထားသော အထူးကုန်စည်များမှတစ်ပါး ပြည်ပသို့တင်ပို့သော အထူးကုန်စည်များ၊
(၂) ခရီးသွားသူများအား အခွန်လွတ်အရောင်းဆိုင်မှ ရောင်းချသည့် အထူးကုန်စည်များ၊
(၃) ပြည်ပသို့ ပျံသန်းပြေးဆွဲနေစဉ် လေယာဉ် သို့မဟုတ် သင်္ဘောပေါ်တွင် ရောင်းချသည့် အထူးကုန်စည်များ၊
(၄) ပြန်လည်တင်ပို့ရန် ရည်ရွယ်ချက်ဖြင့် ယာယီတင်သွင်းသော အထူးကုန်စည်များ၊
(၅) ပြည်တွင်းပြည်ပ အလှူရှင်များမှ ပြည်တွင်း၌လှူဒါန်းရန် လူမှုရေး၊ ဘာသာရေး၊ ကျန်းမာရေး၊ ပညာရေးကိစ္စရပ်များအတွက် တင်သွင်းသော သို့မဟုတ် ပြည်တွင်း၌ ထုတ်လုပ်သော အထူးကုန်စည်များ၊
(၆) အပြည်ပြည်ဆိုင်ရာဥပဒေ၊ အပြည်ပြည်ဆိုင်ရာ သို့မဟုတ် သံတမန်ဆိုင်ရာ ကွန်ဗင်းရှင်းများအရ ကင်းလွတ်ခွင့်ရရှိသူတို့အတွက် တင်သွင်းလာသည့် အထူးကုန်စည်များ၊
(၇) ပြည်ပသို့ထွက်ခွာမည့် လေယာဉ်များတွင် အသုံးပြုမည့် လောင်စာဆီများ။

(ခ) ပြည်ထောင်စုအစိုးရအဖွဲ့သည် အခွန်ကျသင့်သော အထူးကုန်စည်တစ်မျိုးမျိုးနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက်ဖြင့် ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်ပြုနိုင်သည်။

(ဂ) ပြည်ထောင်စုအစိုးရအဖွဲ့သည် အောက်ဖော်ပြပါ ကိစ္စရပ်များအတွက် အခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်ပြုနိုင်သည်-
(၁) ပြည်ပအဖွဲ့အစည်းများမှ နိုင်ငံတော်သို့ အထောက်အပံ့အဖြစ်ပေးအပ်သောအထူးကုန်စည်များ သို့မဟုတ် အထောက်အပံ့ရရှိငွေဖြင့် ဝယ်ယူသည့် အထူးကုန်စည်များ၊
(၂) တစ်နိုင်ငံနှင့်တစ်နိုင်ငံ အပြန်အလှန်အခွင့်အရေးမူတွင် ပါဝင်သည့် အထူးကုန်စည်များ၊
(၃) ကျွန်း၊ သစ်မာသစ်လုံးနှင့် အခြေခံအဆင့်သာခွဲစိတ်ထားသော သစ်ခွဲသားများ၊ ကျောက်စိမ်း၊ ပတ္တမြား၊ နီလာ၊ မြစိန်နှင့် အခြားအဖိုးတန်ကျောက်မျက်ရတနာ အရိုင်းထည်များ၊ အချောထည်များနှင့် လက်ဝတ်ရတနာများမှအပ ပြည်ထောင်စုအစိုးရက နိုင်ငံတော်၏လုံခြုံရေးနှင့် ကာကွယ်ရေးအဖွဲ့အစည်းများ အသုံးပြုရန်တင်သွင်းလာသော သို့မဟုတ် ပြည်တွင်း၌ထုတ်လုပ်သော အထူးကုန်စည်များ။

၁၀။ အောက်ဖော်ပြပါကိစ္စရပ်များကို သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ရမည်-
(က) ပြန်လည်တင်ပို့ခြင်းအစီအစဉ်ဖြင့် ပြည်ပမှ ယာယီအားဖြင့် တင်သွင်းလာသည့် အထူးကုန်စည်များဆိုင်ရာ လိုက်နာဆောင်ရွက်ရန် နည်းလမ်းများ၊
(ခ) အခွန်ပြန်အမ်းငွေ ထုတ်ပေးခြင်းအတွက် လိုက်နာဆောင်ရွက်ရမည့် နည်းလမ်းများ။

၁၁။ အထူးကုန်စည်ထုတ်လုပ်သူသည် မိမိထုတ်လုပ်သည့် ကုန်စည်ရောင်းချမှုအပေါ် ကျသင့်သည့်အခွန်မှ ယင်းအထူးကုန်စည်ကို ထုတ်လုပ်ရန် ပြည်ပမှ တင်သွင်းသော သို့မဟုတ် ပြည်တွင်း၌ အခြားအထူးကုန်စည် ထုတ်လုပ်သူထံမှ ဝယ်ယူသော ကုန်ကြမ်းများ၊ တစ်ပိုင်းတစ်စကုန်စည်များ တင်သွင်းစဉ် သို့မဟုတ် ဝယ်ယူစဉ်က ပေးဆောင်ခဲ့ရသည့်အခွန်ကို ခုနှိမ်နိုင်သည်။ အထူးကုန်စည် ထုတ်လုပ်ရောင်းချမှုနှင့်စပ်လျဉ်း၍ အခွန်တစ်ကြိမ်တည်းသာ ကျသင့်စေရန် အခွန်ခုနှိမ်ပေးသွင်းခြင်းကို သတ်မှတ်ချက်နှင့်အညီ ဆောင်ရွက်ရမည်။

အခန်း(၄)
တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၁၂။ ညွှန်ကြားရေးမှူးချုပ်သည် အောက်ဖော်ပြပါ တာဝန်နှင့်လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်ရမည်။ ယင်းတာဝန်နှင့်လုပ်ပိုင်ခွင့်များကို မိမိဦးစီးဌာနဝန်ထမ်းများအား တာဝန်ခွဲဝေပေးအပ်၍ အကောင်အထည်ဖော် ဆောင်ရွက်စေနိုင်သည်-
(က) အထူးကုန်စည်၏ ဈေးကွက်ပေါက်ဈေး သတ်မှတ်ခြင်းနှင့် ယင်းဈေးကွက်ပေါက်ဈေးကိုအခြေပြု၍ စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာန၏ ခန့်မှန်းရောင်းဈေး သတ်မှတ်ခြင်း၊
(ခ) သတ်မှတ်ရက်အတွင်း အခွန်ပေးဆောင်ရန် အခက်အခဲရှိသည့် ကိစ္စရပ်များအတွက် အခွန်ပေးဆောင်ရမည့် နည်းလမ်းသတ်မှတ်ခြင်း၊ အခွန်ပေးဆောင်ရမည့် နေ့ရက်တိုးမြှင့်သတ်မှတ်ခြင်း၊
(ဂ) လုပ်ထုံးလုပ်နည်းနှင့် ညွှန်ကြားချက်များ ထုတ်ပြန်ခြင်း၊
(ဃ) ပုံစံများ သတ်မှတ်ပေးခြင်း၊
(င) လုပ်ငန်းဥပစာနေရာများ၊ အထူးကုန်စည်များနှင့် မှတ်တမ်းများကို ဝင်ရောက်ကြည့်ရှုခြင်း၊
(စ) အထူးကုန်စည်များရွှေ့ပြောင်းခြင်းကို စစ်ဆေးခြင်းနှင့် ကန့်သတ်ခြင်း၊
(ဆ) အထူးကုန်စည်များကို ရှာဖွေခြင်း၊ သိမ်းဆည်းခြင်း၊
(ဇ) နမူနာပစ္စည်းများရယူ၍ ကိုင်တွယ်ဖြေရှင်းခြင်း။

၁၃။ ပုဒ်မ ၁၂ အရ ညွှန်ကြားရေးမှူးချုပ်က မိမိတာဝန်နှင့် လုပ်ပိုင်ခွင့်တစ်ရပ်ရပ်ကို လွှဲအပ်တာဝန်ပေးခြင်းခံရသူသည်-
(က) ဤဥပဒေအတိုင်း လိုက်နာဆောင်ရွက်နိုင်ရန်အတွက် မည်သည့်နည်းစနစ်ဖြင့်မဆို ထိန်းသိမ်းထားရှိသောစာရင်းများ၊ အထောက်အထားနှင့် အခြားစာရွက်စာတမ်းများ၊ လုပ်ငန်းဥပစာနေရာများ၊ အဆောက်အအုံများအားလုံးကို ဝင်ရောက်ခွင့်၊ လွတ်လပ်စွာ အပြည့်အဝ ဆောင်ရွက်နိုင်ခွင့်တို့ရှိသည့်အပြင် အောက်ပါတို့ကို ပြုလုပ်ခွင့်ရှိသည်-
(၁) အဆိုပါ စာရင်းစာအုပ်များ၊ အထောက်အထားနှင့် အခြားစာရွက်စာတမ်းများကို ကောက်နုတ်ချက်များထုတ်ယူခွင့်နှင့် မိတ္တူများကူးယူနိုင်ခွင့်၊
(၂) ဥပစာအတွင်း၌ရှိသော ကုန်စည်များ၊ ပစ္စည်းများ၊ အသုံးအဆောင်ပစ္စည်းများနှင့် ကွန်တိန်နာများအားလုံးကို မှတ်တမ်းတင်ခြင်း၊ ရေတွက်ခြင်းနှင့်စစ်ဆေးခြင်း၊
(၃) ထို့သို့ဝင်ရောက်ကြည့်ရှုစစ်ဆေးရာ၌ တွေ့ရှိသော စာရင်းစာအုပ်များ သို့မဟုတ် စာရွက်စာတမ်းများအပေါ်တွင် မှတ်မိစေရန် တံဆိပ်အမှတ်အသားများရိုက်နှိပ်ခွင့်၊ ယင်းတို့မှ ကောက်နုတ်ချက်များ ထုတ်ယူခွင့်နှင့် မိတ္တူများ ကူးယူခွင့်။

(ခ) အခွန်ကျသင့်သည့် အထူးကုန်စည်များထားရှိသော သိုလှောင်ရုံတစ်ခုခုမှ ထွက်ခွာလုဆဲဆဲ သယ်ယူပို့ဆောင်သည့် ယာဉ်များကို ရပ်တန့်ရန် တောင်းဆိုနိုင်သည်။

(ဂ) ဤပုဒ်မပါ ပြဋ္ဌာန်းချက်နှင့်အညီ ဆောင်ရွက်သည့်အမှုကိစ္စတစ်ခုခုအတွက် ဟန့်တားခြင်း၊ ငြင်းပယ်ခြင်းပြုမည်ဟု ယုံကြည်ရန် အကြောင်းရှိလျှင် မြို့နယ်တရားသူကြီးထံမှ ရှာဖွေဝရမ်း တောင်းခံဆောင်ရွက်နိုင်သည်။ ယင်းသို့ဆောင်ရွက်ရာတွင် တွေ့ရှိချက်များကို မြို့နယ်တရားသူကြီးနှင့် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အခွန်ဦးစီးဌာနမှူး၊ ပြည်ထောင်စုနယ်မြေအခွန်ဦးစီးဌာနမှူး၊ အခွန်ထမ်းကြီးများဆိုင်ရာ အခွန်ရုံးဌာနမှူး သို့မဟုတ် အလယ်အလတ်အခွန်ထမ်းများဆိုင်ရာ အခွန်ရုံးဌာနမှူးထံ အမြန်ဆုံးအစီရင်ခံတင်ပြရမည်။

စာမျက်နှာ ၁၆ သို့

စာမျက်နှာ ၁၅ မှ

(ဃ) ပုဒ်မခွဲ(က)ပါ ကိစ္စတစ်ရပ်ရပ်ကို ဆောင်ရွက်ရာတွင် သက်ဆိုင်သော ကုန်ထုတ်လုပ်သူ သို့မဟုတ် ကုန်စည်ပိုင်ရှင် သို့မဟုတ် ၎င်း၏ ကိုယ်စားလှယ်နှင့် သက်သေနှစ်ဦး ရှေ့မှောက်တွင် ဖြစ်စေရမည်။ စာရင်းစာအုပ်များ၊ စာရွက်စာတမ်းများ သိမ်းဆည်းခြင်းဖြစ်လျှင် လက်ခံရရှိကြောင်း အထောက်အထားထုတ်ပေးရမည့်အပြင် ယင်းတို့ကို စစ်ဆေးရန် လိုအပ်သည့်ကာလ အထိသာ လက်ဝယ်ထားရှိရမည်။

၁၄။ အဆောက်အအုံ သို့မဟုတ် လုပ်ငန်းဥပစာနေရာအတွင်းသို့ ဝင်ရောက်မှုအတွက် အခွင့်အာဏာရှိကြောင်း သက်သေခံတစ်ရပ်ကို ထိုနေရာတွင် လက်ရှိနေထိုင်သူက တောင်းဆိုသည့်အခါ ပုဒ်မ ၁၂ အရ လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်ရန် အခွင့်အာဏာပေးခြင်းခံရသူဖြစ်ကြောင်း ညွှန်ကြားရေးမှူးချုပ်က စာဖြင့်ရေးသား လက်မှတ်ရေးထိုးထားသည့် စာသက်သေခံတစ်ရပ်ကို ထုတ်ဖော်ပြသခြင်းမပြုနိုင်လျှင် အဆိုပါအဆောက်အအုံ သို့မဟုတ် လုပ်ငန်းဥပစာနေရာတစ်စုံတစ်ရာသို့ ဝင်ရောက်ရန် သို့မဟုတ် ဆက်လက်တည်ရှိရန် အခွင့်မရှိစေရ။

အခန်း(၅)
မှတ်ပုံတင်ခြင်း

၁၅။ (က) အထူးကုန်စည် ထုတ်လုပ်သူသည် သတ်မှတ်ချက်များနှင့်အညီ သက်ဆိုင်ရာ မြို့နယ်အခွန်ဦးစီးဌာနမှူးထံတွင် မှတ်ပုံတင်ရမည်။

(ခ) မြို့နယ်အခွန်ဦးစီးဌာနမှူးသည် အထူးကုန်စည်ထုတ်လုပ်သူထံ သတ်မှတ်ချက်များနှင့်အညီ မှတ်ပုံတင်ရန် အကြောင်းကြားစာပေးပို့ အကြောင်းကြားနိုင်သည်။

(ဂ) သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ လုပ်ငန်းမှတ်ပုံတင်ခွင့်ပြုရန် လျှောက်ထားခြင်းဖြစ်ကြောင်း စိစစ်တွေ့ရှိရပါက မြို့နယ်အခွန်ဦးစီးဌာနမှူးသည် သက်ဆိုင်ရာ ဘဏ္ဍာနှစ်အတွက် လုပ်ငန်းမှတ်ပုံတင်ကို ထုတ်ပေးရမည်။

အခန်း (၆)
ကြေညာလွှာ တင်သွင်းခြင်း

၁၆။ (က) အခွန်ကျသင့်သော အထူးကုန်စည်ကို ပြည်တွင်း၌ ထုတ်လုပ်သူသည် အထူးကုန်စည် ရောင်းချသည့်လ၏ လကုန်ဆုံးပြီး ၁၀ ရက်အတွင်း ကျသင့်အခွန်ကို ပေးဆောင်ရမည့်အပြင် ယင်းလအတွက် အထူးကုန်စည် ထုတ်လုပ်ရောင်းချခြင်း ကြေညာလွှာကို မြို့နယ်အခွန်ဦးစီးဌာနမှူးထံ ပေးပို့ရမည်။

(ခ) မြို့နယ်အခွန်ဦးစီးဌာနမှူးသည် အခွန်ကျသင့်သော အထူးကုန်စည် ထုတ်လုပ်သူ မည်သူ့ကိုမဆို အထူးကုန်စည်များ ထုတ်လုပ်နေသည်ဟု ယူဆရန်အကြောင်းရှိလျှင် အထူးကုန်စည် ထုတ်လုပ်ရောင်းချခြင်းအတွက် ကျသင့်အခွန် ပေးဆောင်စေရန်နှင့် ကြေညာလွှာကို ပေးပို့စေရန် အကြောင်းကြားနိုင်သည်။

(ဂ) အခွန်ကျသင့်သော အထူးကုန်စည်ကို ပြည်ပမှ တင်သွင်းသူသည် အကောက်ခွန်ဦးစီးဌာနမှ ထုတ်ယူခြင်းမပြုမီ ပြည်ပမှတင်သွင်းသည့် အထူးကုန်စည်စာရင်းကို အကောက်ခွန်ဦးစီးဌာနသို့ တင်သွင်းရမည်။

အခန်း (၇)
စည်းကြပ်ခြင်းနှင့် ပြန်အမ်းခြင်း

၁၇။ (က) ပုဒ်မ ၁၆၊ ပုဒ်မခွဲ(က)နှင့် (ခ)တို့အရ ပေးပို့သော ကြေညာလွှာသည် ဆောင်ရွက်သည့် အထူးကုန်စည် ထုတ်လုပ်ရောင်းချခြင်းနှင့် စပ်လျဉ်း၍ မှန်ကန် ပြည့်စုံသည်ဟု မြို့နယ်အခွန်ဦးစီးဌာနမှူးက ယုံကြည်ကျေနပ်လျှင် ယင်းကြေညာလွှာကို အခြေပြု၍ အခွန်စည်းကြပ်ရမည်။

(ခ) မြို့နယ်အခွန်ဦးစီးဌာနမှူးသည် အထူးကုန်စည်ထုတ်လုပ်ခြင်း၊ ရောင်းချခြင်းနှင့်စပ်လျဉ်း၍ ပေးပို့လာသည့် ကြေညာလွှာပါ အချက်အလက်များမှ အထူးကုန်စည် ထုတ်လုပ်ရောင်းချမှု ပမာဏကို မှန်ကန်စွာမရရှိနိုင်ဟု ယုံကြည်ရန် အကြောင်းရှိလျှင် လိုအပ်သော အခြားသက်သေခံ အထောက်အထားများကို စိစစ်ပြီး အခွန်စည်းကြပ်နိုင်သည်။

(ဂ) အထူးကုန်စည်ထုတ်လုပ်ရောင်းချခြင်းနှင့် စပ်လျဉ်း၍ ကြေညာလွှာ ပေးပို့ရန် ပျက်ကွက်လျှင် မြို့နယ်အခွန်ဦးစီးဌာနမှူးသည် ရရှိထားသော သတင်းအချက်အလက်များကို အခြေပြု၍ အထူးကုန်စည် ထုတ်လုပ်ရောင်းချသည့်လ ကုန်ဆုံးပြီး တစ်လအတွင်း အထူးကုန်စည် ထုတ်လုပ်သူအား အခွန်စည်းကြပ်ရမည်။ အခွန်စည်းကြပ်ခြင်းမပြုမီ မည်သူ့ကိုမဆို ခေါ်ယူစစ်ဆေးခြင်း၊ သတင်းအချက်အလက် တောင်းခံခြင်း ပြုနိုင်သည်။

၁၈။ ပေးဆောင်ထားသော အခွန်သည် အမှန်ပေးဆောင်ရမည့် ငွေထက် ပိုနေကြောင်း အခွန်ထမ်းက အထောက်အထားဖြင့် တင်ပြနိုင်လျှင်သော်လည်းကောင်း၊ မြို့နယ်အခွန်ဦးစီးဌာနမှူးက တွေ့ရှိလျှင် သော်လည်းကောင်း၊ အကောက်ခွန်ဦးစီးဌာနက တွေ့ရှိလျှင်သော်လည်းကောင်း ယင်းပိုငွေကို ပြန်အမ်းရမည်။ အခွန်ထမ်းသည် ပြန်အမ်းငွေရရန်ရှိကြောင်း အကြောင်းကြားစာရရှိသည့်နေ့မှ တစ်နှစ်အတွင်းသာ တောင်းဆိုခွင့်ရှိသည်။

အခန်း (၈)
ပြန်လည်စည်းကြပ်ခြင်းနှင့် မှားယွင်းချက်ကို ပြင်ဆင်ခြင်း

၁၉။ (က) မြို့နယ်အခွန်ဦးစီးဌာနမှူးသည် မည်သည့်နှစ်တွင်မဆို အောက်ပါအကြောင်းတစ်ခုခုနှင့် စပ်လျဉ်း၍ ပြန်လည်စည်းကြပ်ခြင်း ပြုလုပ်နိုင်သည်-

(၁) အခွန် ပေးဆောင်ထိုက်လျက် လွတ်ကင်းနေခြင်း၊

(၂) အခွန် လျော့နည်းစည်းကြပ်ခဲ့ခြင်း။

(ခ) ပုဒ်မခွဲ(က)အရ ဆောင်ရွက်ရာတွင် သက်ဆိုင်ရာနှစ်အတွက် အကျိုးသက်ရောက်သည့် အခွန်နှုန်းအတိုင်းသာ အခွန်ကို တွက်ချက်တောင်းခံရမည်။

၂၀။ (က) မြို့နယ်အခွန်ဦးစီးဌာနမှူးသည် မိမိဆောင်ရွက်ခဲ့သည့် စည်းကြပ်မှုနှင့်စပ်လျဉ်း၍ မှတ်တမ်း၌ ပေါ်လွင်ထင်ရှားသည့် မှားယွင်းချက် တစ်ခုခုကို တွေ့ရှိလျှင်ဖြစ်စေ၊ အခွန်ထမ်းက တင်ပြလျှင်ဖြစ်စေ ယင်းအမိန့်ချမှတ်သည့်နေ့မှ သုံးနှစ်အတွင်း ပြန်လည်ပြင်ဆင်နိုင်သည်။

(ခ) အခွန်အယူခံခုံအဖွဲ့ သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အခွန်ဦးစီးဌာနမှူး သို့မဟုတ် ပြည်ထောင်စုနယ်မြေအခွန်ဦးစီးဌာနမှူး သို့မဟုတ် အခွန်ထမ်းကြီးများဆိုင်ရာ အခွန်ရုံးဌာနမှူး သို့မဟုတ် အလယ်အလတ်အခွန်ထမ်းများဆိုင်ရာ အခွန်ရုံးဌာနမှူးသည် မိမိဆောင်ရွက်သည့် အယူခံမှုဆိုင်ရာ အမိန့်တစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ မှတ်တမ်းမှပေါ်လွင်ထင်ရှားသည့် မှားယွင်းချက်တစ်ခုခုကို တွေ့ရှိလျှင်ဖြစ်စေ၊ အယူခံသူက တင်ပြလျှင်ဖြစ်စေ အယူခံအမိန့် ချမှတ်သည့်နေ့မှ သုံးနှစ်အတွင်း ပြင်ဆင်နိုင်သည်။

(ဂ) ပုဒ်မခွဲ(က) သို့မဟုတ် (ခ)အရ ဆောင်ရွက်ရာတွင် သက်ဆိုင်ရာနှစ်အတွက် အကျိုးသက်ရောက်သည့် အခွန်နှုန်းအတိုင်းသာ တွက်ချက်ရမည့်အပြင် အခွန်ကို တိုးမြှင့်စေသည့် သို့မဟုတ် ပြန်အမ်းငွေကို လျော့နည်းစေသည့် ပြင်ဆင်ချက်ပြုလုပ်ရန် ဖြစ်လျှင် အခွန်ထမ်း သို့မဟုတ် အယူခံသူကို ဖြေရှင်းခွင့်ပေးရမည်။

အခန်း(၉)
အယူခံခြင်း

၂၁။ (က) အခွန်ထမ်းက မိမိနှင့်သက်ဆိုင်သော မည်သည့်အမိန့်ကိုမဆိုမကျေနပ်လျှင် အောက်ပါ ပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းများထံ အယူခံဝင်နိုင်သည်-

(၁) မြို့နယ်အခွန်ဦးစီးဌာနမှူးက စည်းကြပ်ခြင်းပြုသည့် အခွန်ကျပ် ၁၀ သိန်း ထက်ပိုလျှင် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အခွန်ဦးစီးဌာနမှူး သို့မဟုတ် ပြည်ထောင်စုနယ်မြေအခွန်ဦးစီးဌာနမှူး သို့မဟုတ် အခွန်ထမ်းကြီးများဆိုင်ရာ အခွန်ရုံးဌာနမှူး သို့မဟုတ် အလယ်အလတ်အခွန်ထမ်းများဆိုင်ရာ အခွန်ရုံးဌာနမှူး၊

(၂) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အခွန်ဦးစီးဌာနမှူး သို့မဟုတ် ပြည်ထောင်စု နယ်မြေအခွန်ဦးစီးဌာနမှူး သို့မဟုတ် အခွန်ထမ်းကြီးများဆိုင်ရာ အခွန်ရုံးဌာနမှူး သို့မဟုတ် အလယ်အလတ်အခွန်ထမ်းများဆိုင်ရာ အခွန်ရုံးဌာနမှူး၏ ဆုံးဖြတ်ချက် ဖြစ်ပြီး အခွန်ကျပ်သိန်း ၁၀၀ ထက်ပိုလျှင် အခွန်အယူခံခုံအဖွဲ့၊

(၃) အခွန်အယူခံခုံအဖွဲ့၏ ဆုံးဖြတ်ချက်မှ ပေါ်ပေါက်သည့် ဥပဒေရေးရာ ပြဿနာနှင့် သက်ဆိုင်လျှင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်။

(ခ) အခွန်ထမ်းသည်-

(၁) မိမိနှင့်သက်ဆိုင်သော မည့်သည့်အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကိုမဆို မကျေနပ်လျှင် သတ်မှတ်ချက်များနှင့်အညီ အယူခံဝင်ခွင့်ရှိသည်။

(၂) မြို့နယ်အခွန်ဦးစီးဌာနမှူးက ထုတ်ပေးသည့်အမိန့် သို့မဟုတ် ဆုံးဖြတ်ချက် ရရှိသည့်နေ့မှစ၍ ရက်ပေါင်း ၃၀ အတွင်း အယူခံလွှာတင်သွင်းရမည်။

(ဂ) အခွန်ထမ်း သို့မဟုတ် မြို့နယ်အခွန်ဦးစီးဌာနမှူးသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အခွန်ဦးစီးဌာနမှူး၊ ပြည်ထောင်စုနယ်မြေအခွန်ဦးစီးဌာနမှူး၊ အခွန်ထမ်းကြီးများဆိုင်ရာ အခွန်ရုံးဌာနမှူး သို့မဟုတ် အလယ်အလတ်အခွန်ထမ်းများဆိုင်ရာ အခွန်ရုံးဌာနမှူးက ချမှတ်သည့် အမိန့်ကို မကျေနပ်လျှင် ယင်းမကျေနပ်သည့် အမိန့်ရရှိသည့်နေ့မှ ရက်ပေါင်း ၆၀ အတွင်း အယူခံလွှာ တင်သွင်းရမည်။

(ဃ) အယူခံဝင်ရောက်ခြင်းနှင့် စပ်လျဉ်း၍ ကာလစည်းကမ်းသတ် တွက်ချက်ရာတွင် အောက်ပါကာလများကို နုတ်ပယ်ရမည်-

(၁) အယူခံဝင်လိုသည့်အမိန့် မိတ္တူကူးရန် လိုအပ်သည့်ကာလ၊

(၂) အခွန်အကျေမပေးသွင်းဘဲ အယူခံခွင့် တောင်းခံရယူသည့်ကာလ။

(င) ပုဒ်မခွဲ(ခ)နှင့်(ဂ)ပါ ကာလစည်းကမ်းသတ်ကို လုံလောက်သော အကြောင်းရှိလျှင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ အခွန်အယူခံခုံအဖွဲ့၊ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အခွန်ဦးစီးဌာနမှူး၊ ပြည်ထောင်စုနယ်မြေအခွန်ဦးစီးဌာနမှူး၊ အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံးဌာနမှူး သို့မဟုတ် အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံးဌာနမှူးက လျှော့ပေါ့၍ လက်ခံနိုင်သည်။

(စ) အယူခံဝင်လိုသူသည် အောက်ပါအချက်တစ်ရပ်ရပ်ကို ဆောင်ရွက်ပြီးမှသာ အယူခံခွင့်ရှိသည်-

(၁) ပေးဆောင်ရမည့်အခွန်ကို အကျေပေးသွင်းခြင်း၊

(၂) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အခွန်ဦးစီးဌာနမှူး၊ ပြည်ထောင်စုနယ်မြေ အခွန်ဦးစီးဌာနမှူး၊ အခွန်ထမ်းကြီးများဆိုင်ရာ အခွန်ရုံးဌာနမှူး သို့မဟုတ် အလယ်အလတ်အခွန်ထမ်းများ ဆိုင်ရာအခွန်ရုံးဌာနမှူးထံ စည်းကြပ်အခွန်၏ ၅၀ ရာခိုင်နှုန်း ပေးသွင်းလျက်အယူခံခွင့်ပြုရန် လျှောက်ထား၍ ယင်းက ဆုံးဖြတ်သည့်အတိုင်း လိုက်နာဆောင်ရွက်ခြင်း။

(ဆ) သက်ဆိုင်ရာအယူခံရုံးသည် အယူခံမှုကို ဆုံးဖြတ်ရာ၌ အယူခံသူအား ပြောရေးဆိုခွင့်ပေးပြီးနောက် သင့်လျော်သောအမိန့်ကို ချမှတ်နိုင်သည်။

(ဇ) အခွန်သည် ကျပ် ၁၀ သိန်းထက်မပိုလျှင် မြို့နယ်အခွန်ဦးစီးဌာနမှူး၏ ဆုံးဖြတ်ချက်သည်လည်းကောင်း၊ အခွန်သည် ကျပ်သိန်း ၁၀၀ ထက် မပိုလျှင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အခွန်ဦးစီးဌာနမှူး၊ ပြည်ထောင်စုနယ်မြေအခွန်ဦးစီးဌာနမှူး၊ အခွန်ထမ်းကြီးများဆိုင်ရာ အခွန်ရုံးဌာနမှူး သို့မဟုတ် အလယ်အလတ်အခွန်ထမ်းများဆိုင်ရာ အခွန်ရုံးဌာနမှူး၏ ဆုံးဖြတ်ချက်သည်လည်းကောင်း၊ အခွန်သည် ကျပ် သိန်း ၁၀၀ အထက်ဖြစ်ပြီး ဥပဒေရေးရာပြဿနာ မပေါ်ပေါက်လျှင် အခွန်အယူခံ ခုံအဖွဲ့၏ အဆုံးအဖြတ်သည်လည်းကောင်း အပြီးအပြတ်ဖြစ်စေရမည်။

(ဈ) အခွန်အယူခံခုံအဖွဲ့၏ အမိန့်တွင် ဥပဒေကြောင်းနှင့်စပ်လျဉ်း၍ ဖြေရှင်းရမည့်အချက် တစ်ခုခုပေါ်ပေါက်လျှင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ လွှဲအပ်ဆုံးဖြတ်စေရန် အယူခံသူကဖြစ်စေ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အခွန်ဦးစီးဌာနမှူး၊ ပြည်ထောင်စုနယ်မြေအခွန်ဦးစီးဌာနမှူး၊ အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံးဌာနမှူး သို့မဟုတ် အလယ်အလတ်အခွန်ထမ်းများဆိုင်ရာ အခွန်ရုံးဌာနမှူးကဖြစ်စေ အခွန်အယူခံခုံအဖွဲ့၏ အမိန့်ရရှိသည့်နေ့မှ ရက်ပေါင်း ၆၀ အတွင်း ယင်းအဖွဲ့ထံသို့ အဆိုပြုနိုင်သည်။

(ည) ပုဒ်မခွဲ(ဈ)အရ အဆိုပြုချက်ကို အခွန်အယူခံခုံအဖွဲ့က ငြင်းပယ်လျှင် ယင်းသို့ ငြင်းပယ်ခြင်း ခံရသူက ငြင်းပယ်သည့် အမိန့်ရရှိသည့်နေ့မှ ရက်ပေါင်း ၆၀ အတွင်း ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ လျှောက်ထားနိုင်သည်။

အခန်း(၁၀)
ပြစ်မှုနှင့် ပြစ်ဒဏ်များ

၂၂။ မည်သူမဆို လုံလောက်သောအကြောင်းမရှိဘဲ အောက်ဖော်ပြပါ အချက်တစ်ရပ်ရပ်ကို ဆောင်ရွက်ရန် ပျက်ကွက်လျှင် မြို့နယ်အခွန်ဦးစီးဌာနမှူးသည် ထိုသူကို သက်ဆိုင်ရာပျက်ကွက်မှု တစ်မျိုးစီအတွက် အောက်ဖော်ပြပါအတိုင်း ဒဏ်ငွေအဖြစ် ပေးဆောင်စေခြင်း သို့မဟုတ် ဆောင်ရွက်စေခြင်း သို့မဟုတ် ဆောင်ရွက်ခြင်းပြုရမည်-

(က) သက်ဆိုင်ရာနှစ်အတွင်း မှတ်ပုံတင်ရန် ပျက်ကွက်ခြင်းအတွက် ကျပ် ၅၀ သိန်း၊

(ခ) ဈေးကွက်ပေါက်ဈေး သတ်မှတ်ပေးနိုင်ရေးအတွက် ဤဥပဒေအရ တောင်းခံသည့် သတင်းအချက်အလက်များ အချိန်မီတင်သွင်းရန် ပျက်ကွက်ခြင်းအတွက် ကျပ် ၅၀ သိန်း၊

(ဂ) အခွန်မပေးဆောင်ရသေးသော အထူးကုန်စည်ကို ရရှိပိုင်ဆိုင်ထားခြင်းအတွက် ယင်းကုန်စည်တန်ဖိုး၏ ၁၀၀ ရာခိုင်နှုန်း ပေးဆောင်ရမည့်အပြင် ယင်းကုန်စည်များကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းယူခြင်း၊

(ဃ) ဤဥပဒေအရ ပေးဆောင်ရမည့်အခွန်ကို သတ်မှတ်ကာလအတွင်း ပေးဆောင်ရန် ပျက်ကွက်ခြင်းအတွက် ပေးဆောင်ရမည့် အခွန်၏ ၁၀ ရာခိုင်နှုန်း၊

(င) ကြေညာလွှာကို အချိန်မီတင်သွင်းရန် ပျက်ကွက်ခြင်းအတွက် သက်ဆိုင်ရာလအတွက် ကျသင့်အခွန်၏ ၁၀ ရာခိုင်နှုန်း၊

(စ) အခွန်အမှတ်တံဆိပ် ကပ်နှိပ်ရောင်းချစေရမည့် ကုန်စည်နှင့် စပ်လျဉ်း၍ သတ်မှတ်အခွန်အမှတ်တံဆိပ် ကပ်နှိပ်ပေးရန် ပျက်ကွက်ကြောင်း မြို့နယ်အခွန်ဦးစီးဌာနမှူးက စစ်ဆေးတွေ့ရှိရပါက ယင်းသို့ ပျက်ကွက်ခြင်းအတွက် တွေ့ရှိသည့် အထူးကုန်စည်တန်ဖိုး၏ ၅၀ ရာခိုင်နှုန်း။

၂၃။ (က) မည်သူမဆို အခွန်လွတ်ကင်းစေရန် တိမ်းရှောင်ကြောင်း သို့မဟုတ် အခွန်လျော့နည်းစေရန် အထူးကုန်စည်နှင့် သက်ဆိုင်သည့် အချက်အလက်များကို ထိမ်ချန်ကြောင်း တွေ့ရှိလျှင် ထိုသူအား သတ်မှတ်သည့် အချိန်အတွင်းတွင် အပြည့်အစုံ ထုတ်ဖော်ခွင့်ပေးရမည်။

(ခ) ပုဒ်မခွဲ(က)အရ ထုတ်ဖော်ခွင့်ရရှိသူသည် ခွင့်ပြုထားသော ကာလအတွင်း အပြည့်အစုံ ထုတ်ဖော်ခဲ့လျှင် ယင်းက ပေးဆောင်ရမည့် အခွန်အပြင် တိမ်းရှောင်သည့် အခွန်၏ သို့မဟုတ် ထိမ်ချန်ခြင်းကြောင့် ပိုမိုကျသင့်သည့် အခွန်၏ တစ်ဆနှင့် ညီမျှသော ဒဏ်ငွေကိုပါ ပေးဆောင်ရမည်။

(ဂ) ပုဒ်မခွဲ(က)အရ ထုတ်ဖော်ခွင့်ရရှိသူသည် ခွင့်ပြုထားသည့် ကာလအတွင်း ထုတ်ဖော်ရန် ပျက်ကွက်လျှင် သို့မဟုတ် တိမ်းရှောင် ထိမ်ချန်ခဲ့သည့် အထူးကုန်စည် ထုတ်လုပ်မှု ပမာဏနှင့် သက်ဆိုင်သည့် အချက်အလက်များကို လျော့နည်း ထုတ်ဖော်လျှင် ပုဒ်မခွဲ(ခ)ပါ အခွန်နှင့် ဒဏ်ငွေနှစ်ရပ်စလုံးကို ပေးဆောင်ရမည့်အပြင် တရားစွဲဆိုခြင်းလည်း ခံရမည်။

၂၄။ ပုဒ်မ ၂၃(က)အရ ထုတ်ဖော်ခွင့်ရရှိသူသည် တရားစွဲဆိုခံရပြီး ခွင့်ပြုထားသည့်ကာလအတွင်း ထုတ်ဖော်ရန် ပျက်ကွက်ကြောင်း သို့မဟုတ် တိမ်းရှောင်ထိမ်ချန်ခဲ့သည့် အထူးကုန်စည်ပမာဏနှင့် သက်ဆိုင်သည့် အချက်အလက်များကို လျော့နည်းထုတ်ဖော်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်း ခံရလျှင် ထိုသူကို သုံးနှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ် ၁၀ သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၂၅။ (က) မည်သူမဆို လိမ်လည်လှည့်ဖြားလိုသော ရည်ရွယ်ချက်ဖြင့် အထူးကုန်စည်ထုတ်လုပ်မှု ပမာဏနှင့် သက်ဆိုင်သည့် မမှန်သောကြေညာလွှာကို တမင်သက်သက်ပေးပို့ကြောင်း၊ မမှန်သော သို့မဟုတ် မမှန်ဟု မိမိသိရှိယုံကြည်သော အထောက်အထားများကို တင်ပြကြောင်း တွေ့ရှိလျှင် ကျသင့်အခွန်၏ သုံးဆနှင့်ညီမျှသော ဒဏ်ငွေကို ပေးဆောင်ရမည့်အပြင် တရားစွဲဆိုခြင်းလည်းခံရမည်။

(ခ) မည်သူမဆို ပုဒ်မခွဲ(က)ပါပြစ်မှုကို ကျူးလွန်ကြောင်း တရားစွဲဆိုခံရပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးနှစ်ထက် မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သိန်း ၃၀ ထက် မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၂၆။ မည်သူမဆို ဤဥပဒေကိုအကြောင်းပြု၍ အောက်ပါ ပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း သက်ဆိုင်ရာ၏ ခွင့်ပြုချက်ဖြင့် တရားစွဲဆို၍ ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ခုနစ်နှစ်ထက်မပိုသော ထောင်ဒဏ်ချမှတ်ရမည်-

(က) ဤဥပဒေက အပ်နှင်းထားသည့် လုပ်ပိုင်ခွင့် တစ်ရပ်ရပ်ကို မရိုးမဖြောင့်သော သဘောဖြင့်ဖြစ်စေ၊ လိမ်လည်လှည့်ဖြားလိုသော သဘောဖြင့်ဖြစ်စေ အလွဲသုံးစား ပြုလုပ်ခြင်း၊

(ခ) လုံလောက်သော အကြောင်းမရှိဘဲ ဤဥပဒေတွင် ပြဋ္ဌာန်းထားသည့် အတိုင်း လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ခြင်း၊ ဥပဒေနှင့်အညီ ဆောင်ရွက်သည့်ကိစ္စကို ဆောင်ရွက်ခြင်းမပြုနိုင်ရန် ဟန့်တားခြင်း။

၂၇။ မည်သူမဆို ဤဥပဒေကို အကြောင်းပြု၍ လာဘ်ပေးလာဘ်ယူ ပြုလုပ်လျှင် သို့မဟုတ် ပြုလုပ်ရန်အားထုတ်လျှင် ထိုသူကို ပြစ်မှုဆိုင်ရာ ဥပဒေအရဖြစ်စေ၊ ယင်းပြစ်မှုမျိုးအတွက် သီးခြားပြဋ္ဌာန်းသည့် တည်ဆဲဥပဒေ တစ်ရပ်ရပ်အရဖြစ်စေ တရားစွဲဆိုရမည်။

၂၈။ ပုဒ်မ ၃၁၊ ပုဒ်မခွဲ(ဃ)အရ တရားစွဲဆိုခံရပြီး သတင်းအချက်အလက်တင်ပြရန် လုံလောက်သောအကြောင်းမရှိဘဲ ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်း ခံရလျှင် ထိုသူကို အနည်းဆုံး ထောင်ဒဏ်တစ်နှစ်မှ အများဆုံး ထောင်ဒဏ် သုံးနှစ်အထိ ချမှတ်ရမည်။

အခန်း(၁၁)
အရကောက်ခံခြင်း

၂၉။ ဤဥပဒေအရ ပေးဆောင်ရမည့်အခွန်ကို သတ်မှတ်ကာလအတွင်း သို့မဟုတ် ညွှန်ကြားရေးမှူးချုပ်က သတ်မှတ်ပေးသည့် နည်းလမ်းများနှင့်အညီ ပေးဆောင်ခြင်းမပြုလျှင်-

စာမျက်နှာ ၁၇ သို့

စာမျက်နှာ ၁၆ မှ

(က) အခွန်ထမ်းကို ပျက်ကွက်သူအဖြစ် လည်းကောင်း၊ ပေးဆောင်ရန် ပျက်ကွက်သည့် အခွန်ငွေကို အခွန်မပြေကျန်ငွေအဖြစ်လည်းကောင်း မှတ်ယူရမည်။

(ခ) အခွန်ထမ်းထံမှ အခွန်မပြေကျန်ငွေကို ဝင်ငွေခွန်မပြေကျန်ငွေ ဖြစ်ဘိသကဲ့သို့ အရ ကောက်ခံရမည်။

အခန်း(၁၂)

အထွေထွေ

၃၀။ အခွန်အယူခံခုံအဖွဲ့၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အခွန်ဦးစီးဌာနမှူး၊ ပြည်ထောင်စု နယ်မြေအခွန်ဦးစီးဌာနမှူး၊ အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံးဌာနမှူး၊ အလယ်အလတ်အခွန်ထမ်းများဆိုင်ရာ အခွန်ရုံးဌာနမှူး သို့မဟုတ် မြို့နယ်အခွန်ဦးစီးဌာနမှူးသည် ဤဥပဒေပါကိစ္စရပ်များနှင့် သက်ဆိုင်သည့် လိုအပ်သော သတင်းအချက်အလက်ရှိသူတိုင်းကို ယင်းသတင်းအချက်အလက် တို့ကို ပေးပို့စေရန် တောင်းဆိုနိုင်သည်။

၃၁။ ပုဒ်မ ၃၀ အရ သတင်းအချက်အလက်များ တင်ပြရန် တောင်းဆိုခြင်းခံရသူသည် သတင်းအချက်အလက်ပေးပို့ရန် ပျက်ကွက်လျှင်-

(က) ထိုသူကို ၁၅ ရက်အထိ အချိန်ထပ်မံ တိုးမြှင့်ပေးနိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ တိုးမြှင့်ပေးသောအချိန်အတွင်း တင်ပြရန် ဆက်လက်ပျက်ကွက်ပါက ထိုသူအား အခွန်အယူခံခုံအဖွဲ့၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အခွန်ဦးစီးဌာနမှူး၊ ပြည်ထောင်စုနယ်မြေအခွန်ဦးစီးဌာနမှူး၊ အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံးဌာနမှူး၊ အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံး ဌာနမှူး သို့မဟုတ် မြို့နယ်အခွန် ဦးစီးဌာနမှူးက တရားမကျင့်ထုံး ဥပဒေနှင့်အညီ ကျင့်သုံးဆောင်ရွက်လျက် မည့်သည့်အကြောင်းကြောင့် ပျက်ကွက်ကြောင်းကို စစ်ဆေးနိုင်သည်။

(ဂ) ပုဒ်မခွဲ (ခ) အရ စစ်ဆေးရာတွင် သတင်းအချက်အလက်များပေးရန် ပျက်ကွက်ရခြင်းသည် ထိုသူ၏ပယောဂမပါဘဲ သက်ဆိုင်ရာ စာရွက်စာတမ်းများ ပျောက်ပျက်ခြင်းကြောင့် ဖြစ်လျှင် ၎င်းအားမှတ်မိသမျှကတိသစ္စာပြုလုပ်စေပြီး သတင်းအချက်အလက်များ တင်သွင်းရန် ခွင့်ပြုနိုင်သည်။

(ဃ) စစ်ဆေးတွေ့ရှိချက်အရ လုံလောက်သောအကြောင်းမရှိဘဲ တင်ပြရန် ပျက်ကွက်ကြောင်း အခွန်အယူခံခုံအဖွဲ့၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အခွန်ဦးစီးဌာနမှူး၊ ပြည်ထောင်စုနယ်မြေအခွန်ဦးစီးဌာနမှူး၊ အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံးဌာနမှူး၊ အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံးဌာနမှူး သို့မဟုတ် မြို့နယ်အခွန်ဦးစီးဌာနမှူးက တွေ့ရှိလျှင် ထိုသူအား တရားစွဲဆိုနိုင်သည်။

၃၂။ မည်သူမဆို မြန်မာနိုင်ငံမှ ထွက်ခွာသွားမည်ဖြစ်ပါက ဤဥပဒေအရ အခွန်ပေးဆောင်ရန် တာဝန်မရှိတော့ကြောင်း သို့မဟုတ် တာဝန်ရှိသည့် အခွန်ကို ပေးဆောင်ရန် စီမံပြီးကြောင်း သက်သေခံ လက်မှတ်ကို ဤကိစ္စအတွက် ဝန်ကြီးဌာနက တာဝန်လွှဲအပ်သော အဖွဲ့ထံမှမရလျှင် မြန်မာနိုင်ငံမှ ထွက်ခွာမသွားရ။

သို့ရာတွင် ယင်းကိစ္စနှင့် စပ်လျဉ်း၍ ဝန်ကြီးဌာနသည် အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ ချွင်းချက်ပြုနိုင်သည်။

၃၃။ (က) အထူးကုန်စည်များ ပြည်ပမှတင်သွင်းခြင်းအတွက် ကောက်ခံရငွေမှအပဖြစ်သော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အလိုက်အခွန်ကောက်ခံရငွေအပေါ် ပြည်ထောင်စုအစိုးရအဖွဲ့က သတ်မှတ်ပေးသည့် ရာခိုင်နှုန်းအချိုးအတိုင်း သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်းနိုင်သည်။

(ခ) အခွန်မပေးဆောင်ရသေးသော အထူးကုန်စည်များ ရရှိပိုင်ဆိုင်ထားခြင်းအတွက် တပ်ရိုက်သည့်ဒဏ်ငွေ ကောက်ခံရငွေအပေါ် ပြည်ထောင်စုလွှတ်တော်က သတ်မှတ်ပေးသည့် ရာခိုင်နှုန်းအချိုးအတိုင်း ဆုကြေးငွေချီးမြှင့်နိုင်သည်။

၃၄။ ဝန်ကြီးဌာနသည်-

(က) အခွန်ကျသင့်သော အထူးကုန်စည်များအနက် အခွန်အမှတ်တံဆိပ်ကပ်နှိပ် ရောင်းချစေရမည့် သို့မဟုတ် အခြားနည်းလမ်းကျင့်သုံးစေရမည့် အထူးကုန်စည်များကို သတ်မှတ်နိုင်သည်။

(ခ) အခွန်အမှတ်တံဆိပ် ကပ်နှိပ်ရောင်းချစေခြင်း၊ အခြားနည်းလမ်းကျင့်သုံးစေခြင်းဆိုင်ရာ နည်းလမ်းများကို သတ်မှတ်နိုင်သည်။

(ဂ) အထူးကုန်စည်ခံဝန်ချုပ်ဖြင့် အထူးကုန်စည်များ သိုလှောင်ခြင်း၊ ထိန်းသိမ်းခြင်းဆိုင်ရာ နည်းလမ်းများကို သတ်မှတ်နိုင်သည်။

၃၅။ ဝန်ကြီးဌာနသည် ကုန်သွယ်လုပ်ငန်းခွန်ဥပဒေ၊ ၂၀၁၄ ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက် ဥပဒေနှင့် ၂၀၁၅ ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေတို့ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ကုန်သွယ်လုပ်ငန်းခွန် ပေးဆောင်ခဲ့ရသည့် အထူးကုန်စည်များနှင့်ပတ်သက်၍ လိုက်နာဆောင်ရွက်ရမည့် နည်းလမ်းများကို သတ်မှတ်နိုင်သည်။

၃၆။ ဤဥပဒေပါပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်-

(က) ဝန်ကြီးဌာနသည် နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာနသည် အမိန့်ကြော်ငြာစာ၊ အမိန့်နှင့်ညွှန်ကြားချက်များကိုလည်းကောင်း၊ ညွှန်ကြားရေးမှူးချုပ်သည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့်လည်းကောင်း ထုတ်ပြန်နိုင်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ဇယား

အထူးကုန်စည်ခွန်ကျသင့်သည့် အထူးကုန်စည်များ

အောက်ဖော်ပြပါ အထူးကုန်စည်များနှင့်စပ်လျဉ်း၍ ပြည်ပမှတင်သွင်းသည့် အထူးကုန်စည် ဖြစ်လျှင် အခွန်ကို ကုန်းပေါ်ရောက်တန်ဖိုးအပေါ်တွင်လည်းကောင်း၊ ပြည်တွင်း၌ ထုတ်လုပ်ရောင်းချသည့် အထူးကုန်စည်ဖြစ်လျှင် စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနကဖော်ပြသော ရောင်းဈေးတန်ဖိုး သို့မဟုတ် ဈေးကွက်ပေါက်ဈေးအပေါ် အခြေပြု၍ ညွှန်ကြားရေးမှူးချုပ်နှင့် ပြည်တွင်းအခွန်များဦးစီးဌာနစီမံခန့်ခွဲမှု ကော်မတီအဖွဲ့က ခန့်မှန်းသတ်မှတ်သည့် ရောင်းဈေးတန်ဖိုး၊ ယင်းတန်ဖိုးနှစ်ရပ်အနက် များရာ တန်ဖိုးငွေအပေါ်တွင်လည်းကောင်း ယင်းတို့နှင့် ယှဉ်တွဲဖော်ပြပါ အခွန်နှုန်းအရ အခွန်ကျသင့်စေရမည်။ ယင်းအထူးကုန်စည်များအတွက် တန်ဖိုးအဆင့်နှင့်အခွန်နှုန်းသတ်မှတ်ချက်များကို သက်ဆိုင်ရာဘဏ္ဍာရေး နှစ်အလိုက် ပြဋ္ဌာန်းဆောင်ရွက်သည့် ပြည်ထောင်စု၏အခွန်အကောက်ဥပဒေနှင့်အညီ သတ်မှတ်ရမည်-

စဉ်	အထူးကုန်စည် အမျိုးအစား	တန်ဖိုးအဆင့်	အခွန်နှုန်း
၁။	(က) စီးကရက်အမျိုးမျိုး	အလိပ် ၂၀ ပါ တစ်ဘူး ရောင်းဈေးကျပ် အထိ အဆင့်ဖြစ်လျှင်	တစ်လိပ်လျှင် ကျပ်
	(ခ) စီးကရက်အမျိုးမျိုး	အလိပ် ၂၀ ပါတစ်ဘူး ရောင်းဈေး ၃ ကျပ်မှ ကျပ် ၅၀၀ အထိ အဆင့်ဖြစ်လျှင်	တစ်လိပ်လျှင် ကျပ်
	(ဂ) စီးကရက်အမျိုးမျိုး	အလိပ် ၂၀ ပါ တစ်ဘူး ရောင်းဈေး ၅၀၁ ကျပ် မှ ကျပ် ၁၀၀၀ အထိ အဆင့်ဖြစ်လျှင်	တစ်လိပ်လျှင် ကျပ်
	(ဃ) စီးကရက်အမျိုးမျိုး	အလိပ် ၂၀ ပါ တစ်ဘူး ရောင်းဈေး ၁၀ ကျပ်မှ ကျပ်၂၀၀၀ အထိ အဆင့်ဖြစ်လျှင်	တစ်လိပ်လျှင် ကျပ်
	(င) စီးကရက်အမျိုးမျိုး	အလိပ် ၂၀ ပါ တစ်ဘူး ရောင်းဈေး ၂၀၀၁ ကျပ် မှ ကျပ် ၃၀၀၀ အထိအဆင့်ဖြစ်လျှင်	တစ်လိပ်လျှင် ကျပ်
	(စ) စီးကရက်အမျိုးမျိုး	အလိပ် ၂၀ ပါ တစ်ဘူး ရောင်းဈေး ၀၀၁ ကျပ် နှင့်အထက်ဖြစ်လျှင်	တန်ဖိုး၏ %
	(ဆ) စီးကရက်အမျိုးမျိုး (ပြည်ပမှ တင်သွင်းခြင်း)	ကုန်းပေါ်ရောက်တန်ဖိုး	%
၂။	ဆေးရွက်ကြီး။		%
၃။	ဗာဂျီးနီးယားပေါင်းတင်ပြီးဆေး။		%
၄။	ဆေးပေါ့လိပ်။		%
၅။	ဆေးပြင်းလိပ်။		%
၆။	ဆေးတံသောက်ဆေးများ။		%
၇။	ကွမ်းစားဆေးအမျိုးမျိုး။		%
၈။	(က) အရက်အမျိုးမျိုး	တစ်လီတာ တန်ဖိုးကျပ် ၅၀၀ အထိ ဖြစ်လျှင်	တစ်လီတာ ကျပ်
	(ခ) အရက်အမျိုးမျိုး	တစ်လီတာ တန်ဖိုးကျပ် ၅၀၁ မှ ကျပ် ၁၀၀၀ အထိ အဆင့် ဖြစ်လျှင်	တစ်လီတာ ကျပ်
	(ဂ) အရက်အမျိုးမျိုး	တစ်လီတာ တန်ဖိုးကျပ် ၁၀၀၁ မှ ကျပ် ၂၀၀၀ အထိ အဆင့် ဖြစ်လျှင်	တစ်လီတာ ကျပ်
	(ဃ) အရက်အမျိုးမျိုး	တစ်လီတာ တန်ဖိုးကျပ် ၂၀၀၁ မှ ကျပ် ၃၀၀၀ အထိ အဆင့် ဖြစ်လျှင်	တစ်လီတာ ကျပ်
	(င) အရက်အမျိုးမျိုး	တစ်လီတာ တန်ဖိုးကျပ် ၃၀၀၁ မှ ကျပ် ၄၀၀၀ အထိ အဆင့် ဖြစ်လျှင်	တစ်လီတာ ကျပ်
	(စ) အရက်အမျိုးမျိုး	တစ်လီတာ တန်ဖိုးကျပ် ၄၀၀၁ မှ ကျပ် ၅၀၀၀ အထိ အဆင့် ဖြစ်လျှင်	တစ်လီတာကျပ်
	(ဆ) အရက်အမျိုးမျိုး	တစ်လီတာ တန်ဖိုးကျပ် ၅၀၀၁ မှ ကျပ် ၇၀၀၀ အထိ အဆင့် ဖြစ်လျှင်	တစ်လီတာ ကျပ်
	(ဇ) အရက်အမျိုးမျိုး	တစ်လီတာတန်ဖိုးကျပ် ၇၀၀၁ မှ ကျပ် ၁၀၀၀၀ အထိ အဆင့် ဖြစ်လျှင်	တစ်လီတာ ကျပ်
	(ဈ) အရက်အမျိုးမျိုး	တစ်လီတာ တန်ဖိုးကျပ် ၁၀၀၀၁ မှ ကျပ် ၂၀၀၀၀ အထိ အဆင့် ဖြစ်လျှင်	တစ်လီတာ ကျပ်
	(ည) အရက်အမျိုးမျိုး	တစ်လီတာ တန်ဖိုးကျပ် ၂၀၀၀၁ နှင့်အထက် တစ်လီတာဖြစ်လျှင်	တန်ဖိုး၏ %
	(ဋ) အရက်အမျိုးမျိုး (ပြည်ပမှ တင်သွင်းခြင်း)	ကုန်းပေါ်ရောက်တန်ဖိုး	%
၉။	ဘီယာအမျိုးမျိုး		%
၁၀။	(က) ဝိုင်အမျိုးမျိုး	တစ်လီတာ တန်ဖိုးကျပ် ၅၀၀ အထိ ဖြစ်လျှင်	တစ်လီတာ ကျပ်
	(ခ) ဝိုင်အမျိုးမျိုး	တစ်လီတာ တန်ဖိုးကျပ် ၅၀၁ မှ ကျပ် ၁၀၀၀ အထိ အဆင့်ဖြစ်လျှင်	တစ်လီတာ ကျပ်
	(ဂ) ဝိုင်အမျိုးမျိုး	တစ်လီတာ တန်ဖိုးကျပ် ၁၀၀၁ မှ ကျပ် ၂၀၀၀ အထိ အဆင့်ဖြစ်လျှင်	တစ်လီတာ ကျပ်
	(ဃ) ဝိုင်အမျိုးမျိုး	တစ်လီတာ တန်ဖိုးကျပ် ၂၀၀၁ မှ ကျပ် ၃၀၀၀ အထိ အဆင့်ဖြစ်လျှင်	တစ်လီတာ ကျပ်
	(င) ဝိုင်အမျိုးမျိုး	တစ်လီတာ တန်ဖိုးကျပ် ၃၀၀၁ မှ ကျပ် ၄၀၀၀ အထိ အဆင့်ဖြစ်လျှင်	တစ်လီတာ ကျပ်
	(စ) ဝိုင်အမျိုးမျိုး	တစ်လီတာ တန်ဖိုးကျပ် ၄၀၀၁ မှ ကျပ် ၅၀၀၀ အထိ အဆင့်ဖြစ်လျှင်	တစ်လီတာ ကျပ်
	(ဆ) ဝိုင်အမျိုးမျိုး	တစ်လီတာ တန်ဖိုးကျပ် ၅၀၀၁ မှ ကျပ် ၇၀၀၀ အထိ အဆင့်ဖြစ်လျှင်	တစ်လီတာ ကျပ်
	(ဇ) ဝိုင်အမျိုးမျိုး	တစ်လီတာ တန်ဖိုးကျပ် ၇၀၀၁ မှ ကျပ် ၁၀၀၀၀ အထိ အဆင့်ဖြစ်လျှင်	တစ်လီတာ ကျပ်
	(ဈ) ဝိုင်အမျိုးမျိုး	တစ်လီတာ တန်ဖိုးကျပ် ၁၀၀၀၁ မှ ကျပ် ၂၀၀၀၀ အထိ အဆင့် ဖြစ်လျှင်	တစ်လီတာ ကျပ်
	(ည) ဝိုင်အမျိုးမျိုး	တစ်လီတာ တန်ဖိုးကျပ် ၂၀၀၀၁ နှင့်အထက် ဖြစ်လျှင် တစ်လီတာ	တန်ဖိုး၏ %
	(ဋ) ဝိုင်အမျိုးမျိုး (ပြည်ပမှ တင်သွင်းခြင်း)	ကုန်းပေါ်ရောက်တန်ဖိုး	%
၁၁။	ကျွန်း၊ သစ်မာသစ်လုံးနှင့် အခြေခံအဆင့်သာ ခွဲစိတ်ထားသော သစ်ခွဲသားများ။		%
၁၂။	ကျောက်စိမ်း၊ ပတ္တမြား၊ နီလာ၊ မြ၊ စိန်နှင့်အခြား အဖိုးတန်ကျောက်မျက်ရတနာ အရိုင်းထည်များ။		%
၁၃။	ကျောက်စိမ်း၊ ပတ္တမြား၊ နီလာ၊ မြ၊ စိန်နှင့်အခြား အဖိုးတန်ကျောက်မျက်ရတနာ အချောထည်များနှင့် လက်ဝတ်ရတနာများ။		%
၁၄။	Double Cab 4 Door Pick Up မှအပ 1800 CC အထက် ဗင်ကားများ၊ ဆလွန်း၊ ဆီဒင်နှင့် ဝက်ဂွန်(Estate Wagon)ကားများ၊ ကူပေး (Coupe)ကားများ။		%
၁၅။	ရေနံဆီ၊ ဓာတ်ဆီ၊ ဒီဇယ်ဆီ၊ ဂျက်လေယာဉ်ဆီ။		%
၁၆။	သဘာဝဓာတ်ငွေ့။		%

သည်းခြေကျောက်တည်ခြင်း အပိုင်း(၉)

ပါမောက္ခခင်မောင်ဝင်း (အသည်း)

(ကျွန်တော့်ကိုယ်တွေ့ ကျွန်တော်ကိုယ်တိုင် သည်းခြေကျောက်တည်တာကို စင်ကာပူအထွေထွေဆေးရုံကြီးမှာတက်ပြီး အပေါက်လေးဖောက် သည်းခြေကျောက်ထုတ်ခဲ့တဲ့အကြောင်း ပြောနေပါတယ်။)

ခွဲစိတ်ခန်းရှေ့မှာ

ကျွန်တော် ခွဲခန်းထဲဝင်နေတုန်းမှာ ကျွန်တော့်အမျိုးသမီး ဒေါက်တာခင်လေးရီ၊ သမီးကြီး ဒေါက်တာမင်းမင်းဝင်း၊ သမီးလေး နှင်းနှင်းဝင်း၊ သားလေး ထူးခိုင်ဝင်း၊ မလေးရှားမှာနေတဲ့ ညီမ ဝေဝေခင်၊ ရန်ကုန်ကလိုက်လာတဲ့ ညီမအေးအေးခိုင်၊ စင်ကာပူမှာရှိတဲ့ မိတ်ဆွေတွေ၊ အမျိုးတွေအားလုံးဟာ ခွဲစိတ်ခန်းမကြီး အဝင်ပေါက်ရှေ့မှာရှိတဲ့ ထိုင်ခုံတွေပေါ်မှာထိုင်ပြီး စိုးရိမ်စိတ်အပြည့်နဲ့ စောင့်နေကြပါတယ်။

သူတို့တတွေဟာ ရင်တထိတ်ထိတ်နဲ့ပေါ့။ ကျွန်တော့်ကို မေ့ဆေးပေးပြီး ခွဲတယ်ဆိုတော့ ကြောက်မယ်ဆိုရင်လည်း ကြောက်စရာပေါ့။ မေ့ဆေးပေးတယ်ဆိုတာ ၉၉ ဒသမ ၉၉ ရာခိုင်နှုန်းမှာ ဘာမှအန္တရာယ်မရှိပေမယ်လို့ တချို့တလေလောက်မှာတော့ မဖြစ်သင့်တာတွေ ဖြစ်နိုင်ပါတယ်။ အဆိုးဆုံးကတော့ မေ့ဆေးပေးထားရင်းကနေ ပြန်နိုးမလာတော့တာပဲ။ အဲလိုအကြောင်းကြောင်းတွေ ရှိတတ်တာကြောင့် ကျွန်တော့်မိသားစုနဲ့ အမျိုးတွေလည်း ငြိမ်သက်ပြီး ဘာစကားမှမပြောနိုင်ကြဘူးလို့ ပြောပါတယ်။

ခွဲစိတ်ပြီးတဲ့ ကျွန်တော်

ကျွန်တော့်ကို မေ့ဆေးအကြောဆေး ထိုးပေးလိုက်ပြီး သတိမေ့သွားပြီး ကျွန်တော်နိုးလာတဲ့အချိန်မှာ ကျွန်တော်ဟာ ခွဲစိတ်ခန်းအပြင်ကို ရောက်နေပါပြီ။ ကျွန်တော်ဟာ ထရော်လီပေါ်မှာ ပက်လက်လေးအိပ်နေတဲ့အချိန်မှာ ကျွန်တော့်ကို ခွဲစိတ်ခန်းက သူနာပြုဆရာမလေးက လာစကားပြောပါတယ်။ 'နေကောင်းလား ဘာဖြစ်သေးလဲ' လို့ မေးပါတယ်။ ပြီးတော့ သွေးပေါင်ချိန်တိုင်း၊ နှလုံးခုန်နှုန်းတိုင်းပြီး 'အားလုံးကောင်းပါတယ်၊ ခဏနေရင် အခန်းကို ပြန်လို့ရပါပြီလို့ ပြောပါတယ်။' ၁၅ မိနစ်လောက်ကြာတော့ ဆရာမလေး ပြန်ရောက်လာပြီး ' Prof. မင်းအခန်းကို ပြန်လို့ရပါပြီ' လို့ ပြောပြီး ကျွန်တော့်လက်က GPS လက်ပတ်လေးကိုဖြုတ်ပြီး တွန်းလှဲတွန်းတဲ့သူကို ကျွန်တော့်အခန်းပြန်ပို့ဖို့ ပြောလိုက်ပါတယ်။ အဲဒါနဲ့ တွန်းလှဲတွန်းတဲ့သူက ကျွန်တော့်ကို စောင်နဲ့သေချာခြုံပေးပြီး တွန်းခေါ်သွားပါတော့တယ်။

အခန်းပြန်ရောက်ပြီး

ကျွန်တော်ဟာ မနက် ၈ နာရီခွဲလောက်မှာ ခွဲခန်းဝင်သွားပြီး ၂ နာရီလောက်ကြာခွဲစိတ်ပြီးစီးလို့ မနက် ၁၀ နာရီခွဲမှာ ခွဲစိတ်ခန်းအပြင်လောက်ကို ရောက်လာပါတယ်။ မနက် ၁၁ နာရီမထိုးခင်မှာ ကျွန်တော်အခန်းထဲပြန်ရောက်နေပါပြီ။ ကျွန်တော့်အခန်းထဲမှာရောက်တော့ ဘယ်သူမှမရှိပါဘူး။ ကျွန်တော့်ထရော်လီကို တွန်းတဲ့သူက ကျွန်တော့်အိပ်ရာပေါ်တင်ပေးခဲ့ပြီး နားလိုက်ပါလို့ပြောပြီး ပြန်ထွက်သွားတော့အခန်းထဲ ကျွန်တော်တစ်ယောက်တည်းပဲ ကျန်ခဲ့ပါတယ်။

ခဏကြာတော့ ကျွန်တော့်ကိုခွဲပေးတဲ့ ဒေါက်တာပီယာ့စ်ချောင်းရောက်လာပြီး 'ဟေ့ Prof. Khin မင်းဘယ်လိုနေလဲ၊ နေကောင်းတယ်မဟုတ်လား၊ ရေတွေဘာတွေ သောက်လို့ရပြီနော်၊ သောက်ချင်ရင်သောက်'လို့ ပြောပါတယ်။ တကယ်တော့ အခန်းထဲမှာ ကျွန်တော့်ကို ကူညီလုပ်ကိုင်မယ့်သူ ရေယူပေးမယ့်သူ ဘယ်သူမှမရှိပါဘူး။ ကျွန်တော့်ဗိုက်ကိုကြည့်လိုက်တော့ အပေါက်လေးသုံးပေါက် ပလာစတာကပ်ထားတာကိုတွေ့ရပြီး နည်းနည်းလေးတော့ နာနေတာပေါ့။ ဒါပေမယ့် လှုပ်မှနာတာပါ။ မလှုပ်ရင် လုံးဝမနာဘူး။ အဲဒီတော့ ကျွန်တော်လည်း ငြိမ်ငြိမ်လေးပဲ အိပ်နေရတာပေါ့။ ကျွန်တော့်မိသားစုတွေ ဘယ်များရောက်နေသလဲလို့ ကျွန်တော်တွေးမိရင်းနဲ့ မှေးခနဲ အိပ်ပျော်သွားပြန်ပါတယ်။

ခွဲစိတ်ခန်း ၂၀ ကျော်ရှိတဲ့ ခွဲစိတ်ခန်းမကြီးထဲကနေ ခွဲပြီးသားလူနာတွေ တစ်ယောက်ပြီးတစ်ယောက် စောင်တွေခြုံပြီး စဉ်ဆက်မပြတ် ထရော်လီတွေနဲ့ ထွက်လာတာဆိုတော့ လူနာစောင့်နေတဲ့သူတွေဟာ ကိုယ့်လူနာကိုယ် လွတ်ထွက်သွားနိုင်ပါတယ်။ အဲလိုအခြေအနေဆိုတော့ ကျွန်တော့်ဇနီးနဲ့ မိသားစုဟာ ကျွန်တော့်ကို ထရော်လီနဲ့ ခွဲစိတ်ခန်းမကြီးထဲကနေ တွန်းထုတ်သွားတာကို မတွေ့လိုက်ဘူးပေါ့. . .

ယောက်ယက်ခတ်အမျိုးတွေ

ကျွန်တော့်ကို ထရော်လီနဲ့တွန်းပြီး ခွဲစိတ်ခန်းထဲက တွန်းထုတ်သွားပြီး ကျွန်တော့်အခန်းပြန်ပို့တာကို ကျွန်တော့်ဇနီး၊ ကျွန်တော့်မိသားစုနဲ့ ကျွန်တော့်အမျိုးအဆွေတွေက မမြင်လိုက်ဘဲ လွတ်ထွက်သွားပါတယ်။ ခွဲစိတ်ခန်း ၂၀ ကျော်ရှိတဲ့ ခွဲစိတ်ခန်းမကြီးထဲကနေ ခွဲပြီးသားလူနာတွေ တစ်ယောက်ပြီး တစ်ယောက် စောင်တွေခြုံပြီး စဉ်ဆက်မပြတ် ထရော်လီတွေနဲ့ ထွက်လာတာဆိုတော့ လူနာစောင့်နေတဲ့သူတွေဟာ ကိုယ့်လူနာကိုယ် လွတ်ထွက်သွားနိုင်ပါတယ်။ အဲလိုအခြေအနေဆိုတော့ ကျွန်တော့်ဇနီးနဲ့မိသားစုဟာ ကျွန်တော့်ကို ထရော်လီနဲ့ ခွဲစိတ်ခန်းမကြီးထဲကနေ တွန်းထုတ်သွားတာကို မတွေ့လိုက်ဘူးပေါ့။

အဲလို ကျွန်တော်ခွဲစိတ်ခန်းထဲက ပြန်ထွက်လာတာကို မမြင်လိုက် တော့ ကျွန်တော် ၈နာရီခွဲကတည်းက ခွဲစိတ်ခန်းထဲဝင်သွားတာ ၁၂ နာရီ အထိ ပြန်ထွက်မလာသေးဘူးဆိုတော့ အမျိုးတွေ စိတ်ပူကြပြီပေါ့။

အဲဒီလို ကျွန်တော့်မိသားစုနဲ့ အမျိုးတွေ ယောက်ယက်ခတ်နေတဲ့ အချိန်မှာ ၁၁ နာရီမထိုးခင်ကတည်းက အခန်းထဲပြန်ရောက်နေတဲ့ ကျွန်တော့်မှာတော့ အခန်းထဲမှာ ဘယ်သူမှမရှိ ရေတစ်ခွက်လောက် သောက်ချင်တာတောင် ရေခပ်ပေးမယ့်သူမရှိ၊ တော်တော်ကြီးကို ဒုက္ခရောက်နေတဲ့ အခြေအနေပါ။

မွန်းလွဲ ၁ နာရီလောက်ရောက်တော့ ကျွန်တော်ခွဲစိတ်ခန်းထဲက ပြန်ထွက်မလာသေးဘူးလို့ထင်နေတဲ့ ကျွန်တော့်ဇနီး ဒေါက်တာခင်လေးရီနဲ့ အမျိုးတွေ ပြာကြပြီပေါ့။ မနက် ၈နာရီခွဲကတည်းက ခွဲစိတ်ခန်းဝင်သွားတဲ့ ကျွန်တော် ခွဲစိတ်ခန်းထဲကထွက်လာတာကို မမြင်လိုက်ဘဲ မွန်းလွဲ ၁ နာရီအထိ မထွက်လာသေးဘူးထင်တော့ စိုးရိမ်ပူပန်စိတ်တွေအပြည့်နဲ့ ဘလောင်ဆူနေကြပြီပေါ့။

ဒါနဲ့ ကျွန်တော့်ဇနီးက ရန်ကုန်ကိုဖုန်းဆက်ပြီး 'ရန်ကုန်ကအမျိုးတွေ အကုန်လုံးအသင့်ပြင်ထား၊ ကိုဝင်းတော့ အခုထက်ထိ ခွဲခန်းကထွက်မလာသေးဘူး၊ လိုအပ်လို့ရှိရင် ညနေလေယာဉ်နဲ့လိုက်ခဲ့ကြတော့' လို့ ပြောပြီး ယောက်ယက်ခတ်အခြေအနေပါ။

နောက်အပတ်မှာ ဆက်ပြောသွားပါမယ်။

(ဆက်လက်ဖော်ပြပါမည်။)

ဟောင်းနွမ်းဓာတ်တိုင်များ အသစ်လဲလှယ်

ညောင်လေးပင် ဇန်နဝါရီ ၂၁

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ်အတွင်းရှိ ဒေသခံပြည်သူများ လျှပ်စစ်အန္တရာယ်ကင်းဝေးစေရန်နှင့် ဓာတ်အားပျောက်ဆုံးမှု လျော့နည်းကာ မြို့နယ်အတွင်းမှ ဓာတ်အားသုံးစွဲသူများ ဓာတ်အားအပြည့်အဝ ရရှိသုံးစွဲနိုင်ရန် ရည်ရွယ်၍ ဟောင်းနွမ်းဆွေးမြည့်နေသော ဓာတ်တိုင်များကို ကွန်ကရစ် ဓာတ်တိုင်သစ်များဖြင့် ဇန်နဝါရီ ၁၉ ရက်က အစားထိုးလဲလှယ်ခဲ့ကြောင်း သိရသည်။

ညောင်လေးပင်မြို့နယ်အတွင်းရှိ ဟောင်းနွမ်းဆွေးမြည့်နေသော သံဓာတ်တိုင်များနေရာတွင် ၁၀ မီတာ ကွန်ကရစ်ဓာတ်တိုင်သစ်များဖြင့် အစားထိုးလဲလှယ်ခဲ့ခြင်းဖြစ်ပြီး ညောင်လေးပင်မြို့နယ် လျှပ်စစ်အင်ဂျင်နီယာ ဦးကြည်သိန်းနှင့် ဝန်ထမ်းများက ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ ဓာတ်တိုင်သစ်များ လဲလှယ်လိုက်သဖြင့် ဓာတ်အားလိုင်းများ ပိုမိုကြံ့ခိုင်မှုရှိလာပြီး လျှပ်စစ်အန္တရာယ်ကင်းဝေးစေမည့်အပြင် မြို့တွင်းမြို့ပြင် ဓာတ်အားဖြန့်ဖြူးရေးစနစ်များကိုလည်း ပိုမိုကောင်းမွန်လာစေမည်ဖြစ်ကြောင်း သိရသည်။

နေလင်း (ညောင်လေးပင်)

အမျိုးသားကာကွယ်ဆေးတိုက်လုပ်ငန်းအကြောင်း ကျုံပျော်မြို့နယ်၌ ရှင်းလင်းဆွေးနွေး

ကျုံပျော် ဇန်နဝါရီ ၂၁

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ်အတွင်း ဆောင်ရွက်မည့် ဒေသအလိုက် အမျိုးသားကာကွယ်ဆေးတိုက်နေ့များအကြောင်း ရှင်းလင်းပွဲကို ပြည်သူ့ဆေးရုံအစည်းဝေးခန်းမ၌ ဇန်နဝါရီ ၁၉ ရက်က ပြုလုပ်ခဲ့သည်။

ဆွေးနွေးပွဲတွင် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းတန်က မြို့နယ်အတွင်း လက်ရှိဆောင်ရွက်နေသော ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအကြောင်းနှင့် ကာကွယ်ဆေးတိုက်လုပ်ငန်း အောင်မြင်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရန်တို့ကိုလည်းကောင်း၊ ဒေါက်တာမြတ်မြတ်က ကာကွယ်ဆေးတိုက်လုပ်ငန်းဆောင်ရွက်မည့် အစီအစဉ်များနှင့် ရောဂါဖြစ်ပွားမှု အခြေအနေများကိုလည်းကောင်း ရှင်းလင်းဆွေးနွေးသည်။

ဒေသအလိုက် အမျိုးသားကာကွယ်ဆေးတိုက်လုပ်ငန်းကို ဇန်နဝါရီ ၂၃၊ ၂၄၊ ၂၅ ရက်တွင် ဆောင်ရွက်ရာ၌ မြန်မာနိုင်ငံအတွင်းရှိ မြို့နယ် ၂၇၁ ခုတွင်သာ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဖေဖော်ဝါရီ ၂၀၊ ၂၁၊ ၂၂ ရက်တွင် ဆောင်ရွက်မည့် ဒုတိယအကြိမ်တွင် တစ်နိုင်ငံလုံးအနှံ့ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အမျိုးသားကာကွယ်ဆေးတိုက်လုပ်ငန်းဆောင်ရွက်ရာတွင် မွေးစမှ ငါးနှစ်အထိ ကလေးငယ်များကို ဆေးတိုက်ကျွေးသွားမည်ဖြစ်ပြီး ၉၅ ရာခိုင်နှုန်းကျော် တိုက်ကျွေးနိုင်မှ ပိုလီယိုရောဂါကို အပြည့်အဝကာကွယ်ပေးနိုင်မည်ဖြစ်သဖြင့် စုရပ်များတွင် တိုက်ကျွေးရုံသာမက အကြောင်းအမျိုးမျိုးကြောင့် မလာရောက်သူများကိုလည်း နေအိမ်အရောက် ကောက်သင်းကောက်စနစ်ဖြင့် လိုက်လံတိုက်ကျွေးသွားမည်ဖြစ်ကြောင်း သိရသည်။

နေဝင်းမြင့် (ပြန်/ဆက်)

မီးဘေးကာကွယ်ရေးနှင့် မှုခင်းကျဆင်းရေး ပညာပေးဟောပြော

ရေး ဇန်နဝါရီ ၂၁

မွန်ပြည်နယ် ရေးမြို့ ရွှေဆံတော်စေတီဓမ္မာရုံ၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးနှင့် မှုခင်းကျဆင်းရေးဟောပြောပွဲကို ဇန်နဝါရီ ၂၀ ရက်က ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် ရေးမြို့နယ် မီးသတ်ဦးစီးဌာနမှူး ဦးသန်းထိုက်က မီးလောင်မှုဖြစ်ပွားရသည့် အကြောင်းအရင်းများ၊ မီးလောင်မှုဖြစ်ပွားခဲ့ပါက မီးအမျိုးအစားအလိုက် မီးငြိမ်းသတ်ရမည့် နည်းစနစ်များ၊ မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ပြင်ဆင်ဆောင်ရွက်ထားရမည့် လုပ်ငန်းများအကြောင်းကို ရှင်းလင်းဟောပြောခဲ့သည်။

ထို့နောက် မှုခင်းကျဆင်းရေးနှင့် ပတ်သက်သည့် အချက်များကို ရေးမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမြင့်သော်က ဆက်လက်ရှင်းလင်းဟောပြောခဲ့သည်။

ဟောပြောပွဲအပြီးတွင် ရေးမြို့ ကမ်းနားလမ်းရှိ မြသီတာဈေးကြီး၌ မီးငြိမ်းသတ်နည်းများကို လက်တွေ့သရုပ်ပြခဲ့ကြောင်း သိရသည်။

နေမျိုးထွန်း (ရေး)

ရှမ်းမျိုးနွယ်စုဝင်များ ကောက်ဦးဆွမ်း စုပေါင်းကပ်လှူမည်

ဗန်းမော် ဇန်နဝါရီ ၂၁

ကချင်ပြည်နယ် ဗန်းမော်မြို့ရှိ ရှမ်းမျိုးနွယ်စုဝင်များ စုပေါင်း၍ (၃၉) ကြိမ်မြောက် ကောက်ဦးဆွမ်း စုပေါင်းကပ်လှူပူဇော်ပွဲကို ရွှေကျေးနားကျေးရွာရှိ ရွှေကျေးနားစေတီတော်နှင့် အိုက်ခေါစေတီတော်များ၌ ဇန်နဝါရီ ၂၄ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ကောက်ဦးဆွမ်း စုပေါင်းကပ်လှူပွဲတွင် နံနက် ၄ နာရီမှစ၍ ရွှေကျီးနားစေတီတော်နှင့် အိုက်ခေါစေတီတော်များကို ရွှေသင်္ကန်း၊ ကောက်ဦးဆွမ်း၊ ဆီမီး၊ ပန်း၊ ရေချမ်းများ ကပ်လှူပူဇော်ကာ ပင့်သံဃာတော် အပါး ၂၀၀ နှင့် သီလရှင် အပါး ၁၀၀ ကျော်ကိုလည်း အရုဏ်ဆွမ်းနှင့် နေ့ဆွမ်းများ ကပ်လှူမည်ဖြစ်ကြောင်း၊ ဆရာတော် သံဃာတော်နှင့် သီလရှင်များကိုလည်း ဆွမ်းဆန်စိမ်းများနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လောင်းလှူကြမည်ဖြစ်ကြောင်း သိရသည်။

ထို့အပြင် ရှမ်း၊ မြန်မာ နှစ်ဘာသာဖြင့် စာစီစာကုံးပြိုင်ပွဲများကိုလည်း ကျင်းပမည်ဖြစ်ကာ ပိုက်ကျော်ခြင်းနှင့် ဘော်လီဘော၊ အမျိုးသား အမျိုးသမီး လွန်ဆွဲပြိုင်ပွဲများ စသည့် အားကစားပြိုင်ပွဲများလည်း ပါဝင်မည်ဖြစ်ကြောင်း၊ ရှမ်းရိုးရာယဉ်ကျေးမှု အဆိုအက အစီအစဉ်များ၊ ခေတ်ပေါ် စတိတ်ရှိုးအစီအစဉ်များ စသည့်ဖျော်ဖြေရေး အစီအစဉ်များလည်း ထည့်သွင်းကာ စည်ကားစွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ဝါဝါ(ဗန်းမော်)

ကျောက်ထုဒေသထွက်ကြက်သွန်ဖြူများ ယခင်နှစ်ကထက် ဈေးပိုရနေ

ကျောက်ထု ဇန်နဝါရီ ၂၁

ဂန့်ဂေါခရိုင် ကျောက်ထုမြို့ဒေသတွင် စိုက်ပျိုးသောကြက်သွန်ဖြူများ ယခုနှစ် အထွက်နှုန်းကောင်းကာ ဈေးကောင်းရလျက်ရှိကြောင်း သိရသည်။

နှစ်စဉ် ဇန်နဝါရီလတွင် ကြက်သွန်ဖြူဈေးနှုန်းအမြင့်ဆုံးဖြစ်ကြောင်း၊ ယခင်နှစ်က ကြက်သွန်ဖြူတစ်ပိဿာလျှင် ၁၃၀၀ ကျပ်သာ ဈေးရှိခဲ့သော်လည်း ယခုနှစ်တွင် တစ်ပိဿာလျှင် ၂၀၀၀ ကျပ်အထိ ဈေးပေါက်နေကြောင်း၊ စိုက်ပျိုးရေးဦးစီးဌာနကလည်း တောင်သူပညာပေးမှုများ ဆောင်ရွက်ပေးသည့်အပြင် တောင်သူများကလည်း စိုက်ပျိုးရေးလုပ်ငန်းတွင် လယ်ယာသုံးစက်ကိရိယာများကို အသုံးပြုမှုများလာခြင်းများကြောင့် ယခုနှစ်တွင် ကြက်သွန်ဖြူစိုက်ခင်းများ အောင်မြင်လျက်ရှိကာ အထွက်နှုန်းလည်း ပိုကောင်းမည်ဟုခန့်မှန်းထားကြောင်း ဒေသခံ ကြက်သွန်ဖြူစိုက်တောင်သူ ဦးထွန်းအေးက ပြောသည်။

ကျောက်ထုမြို့နယ်အတွင်း ပြီးခဲ့သည့် မိုးစပါးစိုက်ရာသီအပြီးတွင် နွေစပါး စိုက်ပျိုးနိုင်ခြင်းမရှိသည့် လယ်မြေများ၌ ကြက်သွန်ဖြူကို သီးထပ်အဖြစ် စိုက်ပျိုးခဲ့ကြရာ အဆိုပါ ကြက်သွန်ဖြူစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းနေပြီး ကြက်သွန်ဖြူများကို ဒေသတွင်းသာမက ပခုက္ကူ၊ မင်းတပ်၊ ထီးလင်း၊ ဂန့်ဂေါ စသည့် မြို့နယ်များသို့ပါ တင်ပို့ရောင်းချလျက်ရှိသည်။ **(၁၀၁)**

စံပြစနစ်ကျစက်မှုလယ်ယာမြေ ဧက ၄၀၀ ဖော်ထုတ်နေ

မြန်အောင် ဇန်နဝါရီ ၂၁

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ် လဟာပေါက်ကျေးရွာအုပ်စု ကွင်းအမှတ်(၂၃၇)၌ စံပြ စနစ်ကျစက်မှုလယ်ယာမြေ ဧက ၄၀၀ ဖော်ထုတ်ခြင်းလုပ်ငန်းကို တိုင်းဒေသကြီး အစိုးရအဖွဲ့ ရန်ပုံငွေဖြင့် ဇန်နဝါရီ ၁၈ ရက်က ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

စံပြလယ်ယာမြေ တစ်ဧကကွက်များ စနစ်တကျ ဖော်ထုတ်နိုင်ရန်အတွက် မိုးစပါးရိတ်သိမ်းပြီးချိန် ဒီဇင်ဘာလမှစ၍ မူလလယ်ကန်သင်းပေါင်များကို မြေညှိခြင်းနှင့် လယ်ယာမြေများ တညီတညာတည်းဖြစ်စေရန် ပြုပြင်ခြင်းများကို လယ်ထွန်စက်ကြီးများ၊ မြေညှိစက်ကြီးများ အသုံးပြု၍ မြို့နယ် စက်မှုလယ်ယာဦးစီးဌာန ဝန်ထမ်းများက ဆောင်ရွက်လျက်ရှိသည်။ လယ်ယာမြေများအတွက် ကုန်ထုတ်လမ်းများ ဖောက်ခြင်း၊ ရေသွင်းရေထုတ်မြောင်းများ၊ ရေပြွန်များနှင့် တံတားများတည်ဆောက်ခြင်းတို့ကို အေးချမ်းမြိုင်ကုမ္ပဏီနှင့် ALLIANC E STAR ကုမ္ပဏီတို့က ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

အဆိုပါ စံပြ စနစ်ကျစက်မှုလယ်ယာမြေ တစ်ဧကကွက်များ ဖော်ထုတ်၍ စိုက်ပျိုးခြင်းဖြင့် လယ်မြေများအတွင်း သွင်းအားစုများကို တိုက်ရိုက်တင်သွင်းသယ်ယူနိုင်ခြင်း၊ ထုတ်ကုန်များကို တိုက်ရိုက်သယ်ပို့နိုင်ခြင်း၊ စိုက်ပျိုးရေကို တိုက်ရိုက်အထုတ်အသွင်း ပြုလုပ်နိုင်ခြင်း စသည့်အကျိုးကျေးဇူးများရှိကြောင်း၊ ထို့အပြင် ဧကကွက်များဖြစ်သည့်အတွက် စက်အင်အားအသုံးပြု စိုက်ပျိုးနိုင်သောကြောင့် အချိန်ကုန်သက်သာပြီး အလေအလွင့်နည်းပါးခြင်း၊ စိုက်ပျိုးထုတ်လုပ်သည့် ကုန်ကျစရိတ်သက်သာခြင်းစသည့် အကျိုးကျေးဇူးများကိုလည်း တောင်သူများ ရရှိနိုင်မည်ဖြစ်ကြောင်း သိရှိရသည်။ **ဝင်းဗိုလ်**

အသည်းရောင်အသားဝါ ဘီပိုး အခမဲ့စစ်ဆေး၊ ကာကွယ်ဆေးများထိုးပေး

မော်လမြိုင်ကျွန်း ဇန်နဝါရီ ၂၁

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့ရှိ မိုးညိုပရိယတ္တိစာသင်တိုက်၌ ဒေသခံပြည်သူများအား အသည်းရောင်အသားဝါဘီပိုး အခမဲ့ စစ်ဆေးပေးခြင်း၊ ကာကွယ်ဆေးများ အခမဲ့ထိုးနှံပေးခြင်းနှင့် အသည်းရောင်အသားဝါ ဘီပိုးအကြောင်း အသိပညာပေးဟောပြောခြင်းများကို ဇန်နဝါရီ ၁၉ ရက်က ဆောင်ရွက်ခဲ့ကြသည်။

အသည်းဖောင်ဒေးရှင်း(ရန်ကုန်)၊ ကရုဏာလူမှုကူညီရေးအသင်း(မအူပင်)နှင့် မိုးမေတ္တာအာယုဒါန အခမဲ့ဆေးခန်း(မော်ကျွန်း)တို့ ပူးပေါင်း၍ ဆောင်ရွက်ခြင်းဖြစ်ပြီး ဟောပြောပွဲတွင် မိုးညိုကျောင်းတိုက်ဆရာတော်က ဩဝါဒချီးမြှင့်ကာ အသည်းရောင်အသားဝါဘီပိုးအကြောင်း သိကောင်းစရာများနှင့် ကာကွယ်ဆေးထိုးနှံခြင်းအကြောင်းတို့ကို ခုတင် ၁၀၀ ဆေးရုံအုပ် ဒေါက်တာရီရီခင်၊ ကရုဏာ လူမှုကူညီရေးအသင်း(မအူပင်)မှ တာဝန်ခံဆရာဝန် ဒေါက်တာဝတ်ရည်မွန်နှင့် မိုးမေတ္တာ အာယုဒါနဆေးခန်းမှ တာဝန်ခံဆရာဝန် ဒေါက်တာစိုးမိုးသူတို့က အသိပညာပေး ဟောပြောခဲ့သည်။

ထို့နောက် ဒေသခံပြည်သူများအား အသည်းရောင်အသားဝါဘီပိုးများ အခမဲ့စစ်ဆေးပေးပြီး ကာကွယ်ဆေးများကိုလည်း အခမဲ့ ထိုးနှံပေးခဲ့ရာ ပြည်သူ ၅၅၀ အား ကာကွယ်ဆေးများ ထိုးနှံပေးနိုင်ခဲ့ကြောင်း သိရသည်။ **မော်ကျွန်းမြင့်အောင်**

မြန်မာ့အလင်း စာတည်းထံပေးစာများ

မိလ္လာကန်အနံ့ဆိုးကြောင့် ကျန်းမာရေးထိခိုက်

ရန်ကုန်မြို့ တာမွေမြို့နယ် လမ်း(၁၄၀)နှင့် (၁၄၁)လမ်းကြားတွင်ရှိသော မိလ္လာကန်သည် ပြည့်လျှံပြီး အနံ့ဆိုးများ ထွက်ရှိနေ၍ ထိုအနံ့အသက်ဆိုးများကြောင့် ပတ်ဝန်းကျင်မှ နေထိုင်သူများနှင့် လမ်းသွားလမ်းလာများ၏ ကျန်းမာရေးကို ထိခိုက်နိုင်ပါသဖြင့် သက်ဆိုင်ရာမှ ရှင်းလင်းဆောင်ရွက်ပေးနိုင်ပါရန် တင်ပြအပ်ပါသည်။ **အနံ့ဆိုး မခံနိုင်သူများ**

အဆောင်အတွင်း ရေဆိုးများပိတ်ဆို့၍ ရှင်းလင်းပေးစေလို

လှိုင်သာယာမြို့နယ် အမှတ်(၇)ရပ်ကွက်သည် လူဦးရေများပြားကာ အဆောင်ငှားရမ်းနေထိုင်သော မိသားစုများလည်း များပြားပြီး နေအိမ်များကိုလည်း အိမ်ရှေ့ရေမြောင်းများကို ကျော်လွန်၍ လမ်းမနှင့်ပါ ထိစပ်လျက် ဆောက်လုပ်ထားပါသည်။ ထို့ကြောင့် ရေမြောင်းများမှ ရေများမှာ ပင်မရေမြောင်းများဖြစ်သော ရန်ကုန်-ပုသိမ်နှင့် ရန်ကုန်-ညောင်တုန်းများသို့ စီးဆင်းနိုင်မှုနည်းကာ စွန့်ပစ်ရေများမှာ ကြာမြင့်စွာ ခိုအောင်းနေပြီး ရပ်ကွက်နေပြည်သူများ၏ ကျန်းမာရေးကို ထိခိုက်စေသည့်အတွက် ယခုလို ပွင့်လင်းရာသီတွင် ရပ်ကွက်ရေမြောင်းများ ရေစီးရေလာကောင်းစေရေးအတွက် သက်ဆိုင်ရာမှ ကြပ်မတ်ဆောင်ရွက်ပေးစေလိုပါသည်။

ရပ်မိရပ်ဖတစ်ဦး

အညော်နံ့ထွက်သောမုန့်ဖိုအား စိစစ်ဆောင်ရွက်ပြီးစီး

(၂၂-၁၂-၂၀၁၅) ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာပါ ပုသိမ်မြို့ အမှတ် (၆) ရပ်ကွက် ဘန့်ဘွေးကုန်းလမ်းရှိ မုန့်ဖိုလုပ်ငန်းမှ အညော်နံ့များထွက်ရှိ၍ ပတ်ဝန်းကျင်နေထိုင်သူများ အနှောင့်အယှက်ဖြစ် ပေးစာနှင့် ပတ်သက်၍ ညော်နံ့ထွက်ရှိမှုကို ရှင်းလင်းဆောင်ရွက်ပြီးစီးကြောင်း ဖော်ပြအပ်ပါသည်။

ပုသိမ်မြို့နယ်စည်ပင်သာယာရေးအဖွဲ့

ဝန်ထမ်းများစွမ်းဆောင်ရည်မြှင့်တင်ရေး ကွန်ပျူတာသင်တန်းဖွင့်

နေပြည်တော် ဇန်နဝါရီ ၂၁

နေပြည်တော် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ ကွပ်ကဲမှုအောက်ရှိ ခရိုင်နှင့် မြို့နယ် ဦးစီးဌာနရုံးများမှ ဝန်ထမ်းများ၏ ရုံးလုပ်ငန်းဆောင်ရွက်မှု စွမ်းဆောင်ရည်မြှင့်တင်ရေးအတွက် ကွန်ပျူတာသင်တန်းကို နေပြည်တော် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဇန်နဝါရီ ၁၈ ရက်က ဖွင့်လှစ်ခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှူး ဦးကိုကိုနိုင်က အမှာစကားပြောကြားပြီး ABC ကွန်ပျူတာစင်တာမှ ဒါရိုက်တာ ဦးစိုးမင်းမောင်က သင်တန်းတွင် သင်ကြားပို့ချပေးမည့် ဘာသာရပ်များအကြောင်းကို ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါသင်တန်းကို တစ်ရက်လျှင် နှစ်ကြိမ်၊ ရက်သတ္တ ငါးပတ်ကြာ ဖွင့်လှစ်ပို့ချသွားမည်ဖြစ်ကာ သင်တန်းသို့ ခရိုင်နှင့် မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနရုံးများမှ ဝန်ထမ်းသင်တန်းသား ၄၀ တက်ရောက်ခဲ့ကြောင်း သိရသည်။ **မင်းမင်းလတ်(မန်းတက္ကသိုလ်)**

အိတ်ဖွင့်တင်ဒါခေါ်ခြင်း

၁။ ဆေးဝါးစက်ရုံ(အင်းစိန်)နှင့် ဆေးဝါးကုန်ကြမ်းစိုက်ကွင်းများမှ အသုံးမလို ပိုလျှံစက်နှင့် စက်အရန်ပစ္စည်း (1) Lot အား မြန်မာကျပ်ငွေဖြင့် ရောင်းချမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများ ပေးသွင်းရန် ဖိတ်ခေါ်ပါသည်။

၂။ **ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက်** - ၂၅-၁-၂၀၁၆ ရက်
တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၅-၂-၂၀၁၆ ရက် ၁၆:၀၀ နာရီ

၃။ တင်ဒါပုံစံနှင့် တင်ဒါစည်းကမ်း အသေးစိတ်အချက်အလက်များကို အောက်ပါဌာနတွင် စုံစမ်းမေးမြန်းနိုင်ပါသည်။

မြန်မာ့ဆေးဝါးလုပ်ငန်း(ရုံးချုပ်)
ရုံးအမှတ်(၃၇)၊ စက်မှုဝန်ကြီးဌာန၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၀၈၂၇၆

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွက် L.T Terminal Cover Plastic Seal (L.T Side Bushing Cap, R,Y,B,N 4 Nos - 1 Set) (10000)Sets အား မြန်မာကျပ်ငွေ Kyat ဖြင့် ဝယ်ယူလိုပါသည်။

တင်ဒါစတင်ရောင်းချမည့်ရက် - ၂၁-၁-၂၀၁၆ ရက်
တင်ဒါပိတ်မည့်ရက် - ၂၉-၁-၂၀၁၆ ရက်
တင်ဒါပိတ်မည့်အချိန် - ၁၂:၀၀ နာရီ

တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ တင်ဒါကြီးကြပ်ရေးအဖွဲ့
လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန
ရုံးအမှတ်(၂၇)၊ နေပြည်တော်၊
ဖုန်း-၀၆၇-၈၁၀၄၂၄၅၊ ဖက်စ်-၀၆၇-၈၁၀၄၂၄၆

ဟသ်ာတတက္ကသိုလ်
နည်းပြ/သရုပ်ပြရာထူး ရေးဖြေ/လူတွေ့စာမေးပွဲ စစ်ဆေးမည့် အစီအစဉ်ကြေညာချက်

၁။	**စာမေးပွဲဖြေဆိုခွင့်ကတ်ပြား ထုတ်ပေးမည့်ရက်**	-	၂၉-၁-၂၀၁၆ ရက်မှ ၅-၂-၂၀၁၆ ရက်ထိ (ရုံးချိန်အတွင်း)
၂။	**ရေးဖြေဖြေဆိုရမည့်ရက်**	-	၆-၂-၂၀၁၆ ရက် (စနေနေ့)
၃။	**ဖြေဆိုရမည့်ဘာသာ**	-	မြန်မာစာ၊ အင်္ဂလိပ်စာ၊ အထွေထွေဗဟုသုတ
	(က) **မြန်မာစာ**	-	နံနက် ၈:၃၀ နာရီမှ ၁၀:၃၀ နာရီထိ
	(ခ) **အင်္ဂလိပ်စာ**	-	နံနက် ၁၁:၃၀ နာရီမှ မွန်းလွဲ ၁:၃၀ နာရီထိ
	(ဂ) **အထွေထွေဗဟုသုတ**	-	မွန်းလွဲ ၂:၃၀ နာရီမှ မွန်းလွဲ ၄:၃၀ နာရီထိ
၄။	**ရေးဖြေ ဖြေဆိုရမည့်နေရာ**	-	ဟသ်ာတတက္ကသိုလ်
၅။	**လူတွေ့/နှုတ်ဖြေ ဖြေဆိုခွင့်ရရှိသူ အမည်စာရင်းထုတ်ပြန်မည့်ရက်**	-	၁၅-၂-၂၀၁၆ ရက် (တနင်္လာနေ့)
၆။	**လူတွေ့/နှုတ်ဖြေ စစ်ဆေးမည့်ရက်**	-	၂၃-၂-၂၀၁၆ ရက် (အင်္ဂါနေ့)

နည်းပြ/သရုပ်ပြ ရွေးချယ်ခန့်ထားရေးနှင့် အရည်အချင်းစစ်ဆေးရေးအဖွဲ့
ဟသ်ာတတက္ကသိုလ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ကျန်းမာရေးဝန်ကြီးဌာန
ကုသရေးဦးစီးဌာန
ရန်ကုန်ပြည်သူ့ဆေးရုံကြီး
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ဓာတ်အားတည်ငြိမ်စွာရရှိရေးအတွက် အောက်ပါ ပြုပြင်တိုးချဲ့ခြင်းလုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်ပါသဖြင့် အစိုးရအသိအမှတ်ပြုကုမ္ပဏီများထံမှ တင်ဒါခေါ်ယူအပ်ပါသည်။

(က) ရန်ကုန်ပြည်သူ့ဆေးရုံကြီး ဓာတ်အားခွဲရုံ(၃)မှအဆောက်အအုံများသို့ 400 volts အရန်ဓာတ်အားလိုင်းများ သွယ်တန်းခြင်းလုပ်ငန်း။
(ခ) ရန်ကုန်ပြည်သူ့ဆေးရုံကြီး ဓာတ်အားခွဲရုံအား ပြုပြင်တိုးချဲ့မြှင့်တင်ခြင်းလုပ်ငန်း။
(ဂ) ဦးနှောက်နှင့် အာရုံကြောဓာတ်အားခွဲရုံအား တိုးချဲ့ပြုပြင်မြှင့်တင်ခြင်းလုပ်ငန်း။

၂။ **ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက်** - ၁၈-၁-၂၀၁၆ ရက် (တနင်္လာနေ့)
တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၅-၂-၂၀၁၆ ရက် (သောကြာနေ့) ၁၆:၀၀ နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းများ၊ ဓာတ်ဆေးပစ္စည်းများနှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ ဆေးရုံအုပ်ကြီးရုံးသို့ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

ရန်ကုန်ပြည်သူ့ဆေးရုံကြီး

ရွှေတောင်ဦးဆောက်လုပ်ရေးကုမ္ပဏီ
Managing Director ဦးမြင့်သန်း ၁၂/သလန(နိုင်)၀၂၇၁၄၉
သိစေရန်

၁။ ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ Myanmar Info Tech, Room (6), Bld (1) တွင် ရုံးဖွင့်လှစ်ထားသော လူကြီးမင်းသည် နယ်စပ်ရေးရာဝန်ကြီးဌာန၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ကရင်ပြည်နယ်၊ လှိုင်းဘွဲမြို့နယ်၊ ထီလုံကျေးရွာနှင့် မွန်ပြည်နယ်၊ သထုံမြို့နယ်၊ သုဓမ္မဝတီမြို့သစ်တို့တွင် နိုင်ငံ့ဝန်ထမ်းဟောင်းအိမ်ရာ (၅၀)လုံးစီ (ရေ/မီး လုပ်ငန်း အပါအဝင်) ဆောက်လုပ်ခြင်းလုပ်ငန်းတို့အား စာချုပ်ချုပ်ဆိုပြီး လုပ်ငန်းများ ဆောင်ရွက်စေခဲ့ရာ သတ်မှတ်ဘဏ္ဍာရေးနှစ်ကျော်လွန်သည့်တိုင်အောင် လုပ်ငန်းများ ပြီးပြတ်အောင် ဆောင်ရွက်နိုင်ခြင်းမရှိကြောင်း စစ်ဆေးတွေ့ရှိရပါသည်။

၂။ သို့ပါ၍ အဆိုပါလုပ်ငန်းကိစ္စများ ပြီးပြတ်အောင် ဆောင်ရွက်နိုင်ရေးအတွက် ညှိနှိုင်းဆွေးနွေးရန် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန(ရုံးချုပ်)၊ နေပြည်တော်သို့ ၂၅-၁-၂၀၁၆ရက်မတိုင်မီ ကိုယ်တိုင်လာရောက် တွေ့ဆုံရှင်းလင်းရန် အကြောင်းကြားပါသည်။

၃။ ပျက်ကွက်ပါက ဥပဒေနှင့်အညီ တရားစွဲဆိုဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
နယ်စပ်ရေးရာဝန်ကြီးဌာန

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ တိုင်းဒေသကြီး/ ပြည်နယ်များရှိ သဘာဝဘေးသင့်ဒေသများတွင် ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုနှင့် သဘာဝဘေး တုံ့ပြန်ဆောင်ရွက်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် လိုအပ်သောဆေးနှင့် ဆေးပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါ ခေါ်ယူအပ်ပါသည်။ တင်ဒါစည်းမျဉ်း၊ စည်းကမ်းများကို ဝယ်ယူဖြန့်ဖြူးရေးဌာနခွဲ၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ရုံးအမှတ်(၄၇)၊ နေပြည်တော်သို့ ဆက်သွယ်စုံစမ်း မေးမြန်းနိုင်ပါသည်။

ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက် - ၁-၂-၂၀၁၆ ရက်
တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၁၅-၂-၂၀၁၆ ရက်၊ မွန်းလွဲ ၂:၀၀ နာရီ
ဆက်သွယ်ရန်ဖုန်း- ၀၆၇-၄၃၁၀၈၅၊ ၀၆၇-၄၃၁၀၇၇

ဝယ်ယူဖြန့်ဖြူးရေးဌာနခွဲ၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန

ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထား
အိတ်ဖွင့်တင်ဒါ(Open Tender) ခေါ်ယူခြင်း

၁။ [illegible]

တင်ဒါအမှတ် - [illegible] (CE) 15-16

တင်ဒါပိတ်ရက်နှင့်အချိန် - [illegible]

၂။ [illegible]

[illegible]

[illegible] -294352, 291988, 291994.

သတ္တုတွင်းဝန်ကြီးဌာန
အမှတ်(၂) သတ္တုတွင်းလုပ်ငန်းသို့ လုပ်ငန်းသဘောတူစာချုပ်အရ ရွှေပေးသွင်းရန်ကျန်ရှိသည့် ကုမ္ပဏီများအနက် ကုမ္ပဏီ(၂၅)ခုအား တရားစွဲဆိုအရေးယူမည်ဖြစ်ကြောင်း အသိပေးအကြောင်းကြားခြင်း

၁။ သတ္တုတွင်းဝန်ကြီးဌာန၊ အမှတ်(၂) သတ္တုတွင်းလုပ်ငန်းနှင့် ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားသည့်စနစ်ဖြင့် ရွှေသတ္တုအသေးစားထုတ်လုပ်မှု လုပ်ငန်းအား စာချုပ်ချုပ်ဆိုလုပ်ကိုင်ခဲ့ကြသည့် ကုမ္ပဏီများမှ လုပ်ငန်းသဘောတူစာချုပ်အရ နိုင်ငံတော်သို့ပေးသွင်းရမည့် ရွှေစင်များအား ပေးသွင်းရန်ပျက်ကွက်ခဲ့သည့် ကုမ္ပဏီများအနက် ကုမ္ပဏီ ၁၄၂ ခုတို့ကို ဌာနသို့ ရွှေပေးသွင်းခြင်းမရှိပါက တရားစွဲဆို အရေးယူသွားမည်ဖြစ်ကြောင်း နေ့စဉ်ထုတ်သတင်းစာများတွင် ကြော်ငြာ၍ အသိပေးအကြောင်းကြားခဲ့ပြီး ဖြစ်ပါသည်။

၂။ အထက်ပါအတိုင်း ကုမ္ပဏီများအား အသိပေးအကြောင်းကြားခဲ့ရာ ကုမ္ပဏီ ၁၃ ခု ဌာနနှင့် လာရောက်ဆက်သွယ်အပြီး ပေးသွင်းပြီး ကုမ္ပဏီ ၁၉ ခုမှ တစ်ချို့တဝက်ပေးသွင်း၍ ဆက်လက်ပေးသွင်းရန် ဝန်ခံကတိပြုထားပြီး ဖြစ်ပါသည်။

၃။ ဌာနအနေဖြင့် အသိပေးအကြောင်းကြားခဲ့သည့် ကုမ္ပဏီ ၁၄၂ ခုအနက် ရွှေပေးသွင်းရန်ကျန်ရှိသည့် ကုမ္ပဏီ(၃)ခုအား နေပြည်တော် ဒက္ခိဏခရိုင်တရားရုံးတွင် တရားစွဲဆိုထားပြီး ထပ်မံ၍ ကုမ္ပဏီ(၅)ခုအား တရားစွဲဆိုရန် ဆောင်ရွက်လျက်ရှိပါသည်။ လာရောက်ဆက်သွယ် စာရင်းရှင်းလင်းပေးသွင်းခြင်းမရှိသည့် ကုမ္ပဏီများအား ဆက်လက်တရားစွဲဆိုအရေးယူရန် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၄။ ထပ်မံ၍ အောက်ဖော်ပြပါ ကုမ္ပဏီ(၂၅)ခုသည် နိုင်ငံတော်သို့ ပေးသွင်းရန်ကျန်ရှိသည့် ရွှေစင်များအား ဌာနသို့ လာရောက်ပေးသွင်းခြင်း မရှိသဖြင့် အုပ်ချုပ်မှုဒါရိုက်တာနှင့် ဒါရိုက်တာအဖွဲ့ဝင်များအား မကြာမီ တရားစွဲဆို အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါသည်-

၁။ အစိမ်းရောင်နယ်မြေ	၁၁။ ခိုင်ရွှေငြိမ်းအေး	၂၁။ စံဝင်းမိသားစု
၂။ ရွှေသပြေအောင်	၁၂။ စိုးရတနာလင်း	၂၂။ ချစ်လင်းမြိုင်
၃။ တိမ်နဂါးနှစ်ကောင်	၁၃။ မြန်မာဘိုဘို	၂၃။ မြဒွေးကြွယ်လင်း
၄။ လာဘ်မိုးလျှံ	၁၄။ ကောင်းစက်မှုလက်မှု	၂၄။ အောင်နိုင်
၅။ ရွှေလင်းမာ	၁၅။ ရွှေသံတောင်မြောက်ပိုင်း	၂၅။ မင်းဝင်းစိုး
၆။ ခရအိမ်	၁၆။ ရွှေနှံ့ခမ်း	
၇။ ချမ်းမြေ့	၁၇။ မြန်မာစီးပွားဆက်	
၈။ ကောင်းမြတ်ပြည့်စုံ	၁၈။ အကောင်းဆုံးရွှေ	
၉။ ဆန်းလင်း	၁၉။ ရွှေဝင့်ဝါအောင်	
၁၀။ မြစိမ်းရောင်ကျွန်း	၂၀။ ရွှေစစ်သည်	

အလားတူ အမှတ်(၂) သတ္တုတွင်းလုပ်ငန်းနှင့် ရွှေသတ္တုအသေးစားထုတ်လုပ်မှုလုပ်ငန်း စာချုပ်ချုပ်ဆိုလုပ်ကိုင်ခဲ့ပြီး လုပ်ငန်းစာချုပ်အရ နိုင်ငံတော်သို့ ရွှေပေးသွင်းရန်ကျန်ရှိသည့်ကုမ္ပဏီများမှ ပေးသွင်းရမည့် ရွှေစင်များအား ပေးသွင်းခြင်းမရှိပါက အထက်ပါအတိုင်း တရားစွဲဆို အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

အမှတ်(၂) သတ္တုတွင်းလုပ်ငန်း

ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ဌေးဝင်း ၁၀/မလမ(နိုင်)၁၈၇၀၇၂ ၏ Passport (No. မမှတ်မိ) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၇၀၁၆၅၀၇၀

အရွယ်မရောက်သေးသူအတွက် အုပ်ထိန်းသူအဖြစ်ခန့်ထားရန် လျှောက်ထားကြောင်း
အကြောင်းကြားစာ
(အုပ်ထိန်းသူလူကြီးနှင့်အုပ်ထိန်းခံရသူလူငယ်တို့ အက်ဥပဒေပုဒ်မ ၁၁ နှင့် ၂၉)
မန္တလေးခရိုင်တရားရုံးတော်၌
၂၀၁၆ခုနှစ် တရားမအထွေထွေမှုအမှတ်-၃

ဦးစိုင်းရွက် **လျှောက်ထားသူ**
အကွက်(၆၃၄)၊ ကဥ္စဏမဟီရပ်ကွက်
ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ကဥ္စဏမဟီရပ်ကွက်၊ အကွက်(၆၃၄)နေ အရွယ်မရောက်သေးသောသူငယ် မောင်စိုင်းခွန်ထိုက်စံနှင့် ၎င်းပိုင်ဆိုင်သောပစ္စည်းအကြောင်း။

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ကဥ္စဏမဟီရပ်ကွက်၊ အကွက်(၆၃၄)နေ ဦးစိုင်းရွက်မှ အပေါ်က အမည်ရေးသားပါရှိသော အရွယ်မရောက်သေးသော သူငယ် မောင်စိုင်းခွန်ထိုက်စံ၏ ဖခင်အရင်းဖြစ်သည်ဟူ၍ ၎င်းသူငယ်၏ ကိုယ်နှင့်ပစ္စည်းကို အုပ်ထိန်းသူအဖြစ် ခန့်အပ်ပါမည့်အကြောင်းနှင့် အရွယ်မရောက်သေးသောသူ မောင်စိုင်းခွန်ထိုက်စံကို လျှောက်ထားသူ ဦးစိုင်းရွက်က အုပ်ထိန်းခွင့်လက်မှတ်ရရှိပါက ၎င်းပိုင် မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ကဥ္စဏမဟီရပ်ကွက်၊ အကွက်အမှတ်(၆၃၄)၊ ဦးပိုင်အမှတ်(၇၀-က)၊ ဧရိယာ ၀ ဒသမ ၀၃၅၆ဧကရှိ ဂရန်မြေကွက်နှင့် မြေကွက်ပေါ်ရှိ အဆောက်အအုံတို့၏ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ရောင်းချမည်ဖြစ်ကြောင်း လျှောက်ထားချက်ရှိသည်ဖြစ်၍ ထိုသို့သော လျှောက်ထားခြင်းကို လူအများကြားသိစေခြင်းငှာ ဤကြော်ငြာစာကို ထုတ်ဆင့်တော်မူသည်။ ထိုလျှောက်ထားချက်ကိုလည်း ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၅ ရက်တွင် ဆိုင်ဆိုရန် ချိန်းချက်မှုသည်။

၂၀၁၆ခုနှစ် ဇန်နဝါရီ ၁၉ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုး ထုတ်ပေးလိုက်သည်။

(ဒေါ်သန်းဌေး)
ဒုတိယခရိုင်တရားသူကြီး(၂)
မန္တလေးခရိုင်တရားရုံး

လေလံတင်ဒါခေါ်ယူခြင်း

၁။ ဆည်မြောင်းဦးစီးဌာနရှိ အသုံးပြုပြီးသော တာယာဟောင်း၊ ဘက်ထရီဟောင်း၊ ပီပါခွံဟောင်းများကို တင်ဒါစနစ်ဖြင့် လေလံတင်ရောင်းချမည်ဖြစ်ပါသည်။

၂။ လေလံတင်ဒါ ဝင်ရောက်ယှဉ်ပြိုင်လိုသူများသည် တင်ဒါစည်းကမ်းချက်များနှင့် ဈေးနှုန်းတင်သွင်းလွှာပုံစံများကို ဖြည့်တင်းရေးဌာနခွဲ၊ ဆည်မြောင်းဦးစီးဌာန (ရုံးချုပ်)၊ ရုံးအမှတ်(၄၃)၊ နေပြည်တော်တွင် ကြေညာပါသည့်ရက်မှစတင်၍ ရုံးချိန်အတွင်း လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ သိလိုသည့် အသေးစိတ်အချက်အလက်များကို ဖုန်း-၀၆၇-၄၁၀၃၁၆ သို့ ဆက်သွယ်စုံစမ်း မေးမြန်းနိုင်ပါသည်။

ဆည်မြောင်းဦးစီးဌာန(ရုံးချုပ်)
နေပြည်တော်

တစ်ဦးတည်းဖြစ်ပါကြောင်း

ထားဝယ်မြို့၊ အမှတ်(၂)၊ အခြေခံပညာ အထက်တန်းကျောင်း တက္ကသိုလ်ဝင်တန်း(A)မှ မောင်စိုင်းဇော်မင်း၏ ဖခင် ဦးဇော်ထွန်းနှင့် ဦးဇော်ထွန်းလင်း ၆/တနရ(နိုင်)၀၃၅၇၉၀ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

ဦးဇော်ထွန်း(ခ)ဦးဇော်ထွန်းလင်း
၆/တနရ(နိုင်)၀၃၅၇၉၀

အမည်မှန်နှင့်ဖခင်အမည်မှန်

မြစ်ကြီးနားမြို့၊ အထက(၁)၊ နဝမတန်း (C-7)မှ မောင်ဖောလျှော့ဘရန်ဆန်အောင်၏ အမည်မှန်မှာ မောင်ဘရန်ဆန်အောင် ဖြစ်ပြီး ဖခင်အမည်မှန်မှာ ဦးမာတူး ၁၃/နခန(နိုင်) ၀၂၈၃၉၇ ဖြစ်ပါသည်။

တစ်ဦးတည်းဖြစ်ကြောင်း

လားရှိုးမြို့၊ လားရှိုးတက္ကသိုလ် English မေဂျာမှ မဆောင်းနှင်းမှူး၏ ဖခင် ဦးမြင်ကြင်းဖုံ(ခ)ဦးမြင်ကြင်းမှူး ၁၃/လရန(နိုင်) ၀၆၂၆၅၃ မှာ တစ်ဦးတည်းဖြစ်ပါသည်။

တစ်ဦးတည်းဖြစ်ကြောင်း

လားရှိုးမြို့၊ အလက(ခွဲ) (၂)၊ သတ္တမတန်း(ခ)မှ မောင်ကောင်းထက်ကျော်(ခ)လီကျားဆိုင် LKI-037702 မှာ တစ်ဦးတည်းဖြစ်ပါသည်။

မိဘအမည်မှန်

လားရှိုးမြို့၊ စိတ္တသုခကျောင်း၊ ပဥ္စမ တန်းမှ မောင်တင်ထွန်းဝင်းနှင့် မပုလဲဝင်း တို့၏ မိဘအမည်မှန်မှာ ဦးဝင်းသိန်းထိုက် နှင့် ဒေါ်သက်ထားနွယ် ဖြစ်ပါသည်။

တစ်ဦးတည်း ဖြစ်ကြောင်း

ကန့်ဘလူမြို့နယ်၊ မင်းကုန်း(က)၊ အထက(ခွဲ)မှ ကျောင်းဝင်အမှတ်(၁၂၇၁) မနန်းစန္ဒာစိုးနှင့် ကျောင်းဝင်အမှတ်(၃၅၃၈) မစုမြတ်ခိုင်တို့၏ ဖခင် ဦးဇော်မိုးလွင်နှင့် ဦးမိုးလွင် ၅/ကဘလ(နိုင်)၁၁၄၈၄၃ သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

ဦးဇော်မိုးလွင်(ခ)ဦးမိုးလွင်

ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
မန္တလေးခရိုင်တရားရုံးတော်၌
၂၀၁၅ခုနှစ် တရားမကြီးမှုအမှတ်-၅၆၄

ဦးကျော်စွာထွန်း **နှင့်** ၁။ ဦးကိုကြီး(ခ)ဦးကိုကိုကြီး
၂။ ဒေါ်ခင်မာထွေး

တရားလို **တရားပြိုင်များ**

မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးပျော်ဘွယ် အနောက်ရပ်၊ ၈၉ လမ်း၊ ၃၁×၃၂ လမ်းကြားနေ ၁။ ဦးကိုကြီး(ခ)ဦးကိုကိုကြီး၊ ၂။ ဒေါ်ခင်မာထွေး အတူနေလင်မယား(ယခင်နေရပ်လိပ်စာ) (ယခုနေရပ်လိပ်စာမသိ) တို့ သိစေရမည်။

သင်တို့အပေါ်၌ တရားလိုက ငွေကျပ်သိန်း ၉၀၀ ပြန်လည်ရလိုမှု ဤရုံးတော်၌ လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်း အမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်တို့ ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင် သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့် ပါစေ၍ ဖြစ်စေ ၂၀၁၆ခုနှစ် ဇန်နဝါရီ ၂၉ရက် (၁၃၇၇ခုနှစ် ပြာသိုလပြည့်ကျော် ၅ရက်) မွန်းမတည့်မီ ၁၀:၀၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆို ချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်တို့သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်တို့ မလာမရောက်ပျက်ကွက်ခဲ့လျှင် သင်တို့ ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်တို့က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်တို့ ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်တို့က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၆ခုနှစ် ဇန်နဝါရီ ၁၅ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုး ထုတ်ပေးလိုက်သည်။

(ထွန်းထွန်းအောင်)
ဒုတိယခရိုင်တရားသူကြီး(၃)
မန္တလေးခရိုင်တရားရုံး

telenor
၁ ဆောင်းဖြည့် ၂ ဆောင်းယူ
အပိုလက်ဆောင်
+ ၁၀,၀၀၀ ကျပ်
5,000 ks
အပိုလက်ဆောင်
+ ၂,၀၀၀ ကျပ်
3,000 ks
အပိုလက်ဆောင်
+ ၁,၀၀၀ ကျပ်
1,000 ks
အပိုလက်ဆောင်
+ ၂၀၀ ကျပ်
အပိုလက်ဆောင်တွေကို
ငွေဖြည့်ပြီး (၁၅) ရက်အတွင်း
နှစ်သက်သလို အသုံးပြုနိုင်ပါသည်။
ပရိုမိုးရှင်းကာလ ၂၂.၁.၂၀၁၆ မှ ၃၁.၁.၂၀၁၆ အထိ
မြန်မာနိုင်ငံရဲ့ အကြီးမားဆုံး 3G ကွန်ရက်
အသေးစိတ်အချက်အလက်များကို www.telenor.com.mm တွင်ကြည့်ရှုနိုင်ပါသည်။

ဝုဏ္ဏဝိသိဋ္ဌပူဇော်ခြင်းမင်္ဂလာ

တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့၊ လေးကျွန်းဆီမီးစေတီတော်ကြီး ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့၏ ဩဝါဒစရိယ ဆရာတော်ကြီးများဖြစ်တော်မူကြသော မြိတ်မြို့၊ ကန်သာပရိယတ္တိစာသင်တိုက် ဆရာတော် ဘဒ္ဒန္တဝိမလအား အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ကိုလည်းကောင်း၊ မြိတ်မြို့ တောကျောင်းပရိယတ္တိစာသင်တိုက် ဆရာတော် ဘဒ္ဒန္တတေဇောဘာသအား အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ကိုလည်းကောင်း၊ ၂၀၁၆ခုနှစ် ဇန်နဝါရီ ၄ရက်တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံး၏ အမိန့်ကြော်ငြာစာအမှတ်(၁/၂၀၁၆)ဖြင့် သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပူဇော်ခြင်းခံတော်မူကြရသည့်အတွက် တပည့်တော်တို့ ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့မှ ဝမ်းမြောက်ဝမ်းသာစွာဖြင့် ထပ်ဆင့် ဂါရဝပြုပူဇော်အပ်ပါသည်ဘုရား။

ဆရာတော်ကြီး(၂)ပါး သက်ရှည်ကျန်းမာစိတ်ချမ်းသာစွာဖြင့် ဘာသာ သာသနာအကျိုးတို့ကို ဆတက်ထမ်းပိုးတိုး၍ ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်ဘုရား။

ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့၊ လေးကျွန်းဆီမီးစေတီတော်ကြီး၊ မြိတ်မြို့

လှိုက်လှဲစွာအထူးဂုဏ်ယူဝမ်းမြောက်ခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သမ္မတရုံးမှ အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၁၆ ဖြင့် နိုင်ငံတော်သမ္မတမှ ထိုက်တန်စွာပေးအပ်ချီးမြှင့်ပါသော သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များအနက် တိုက်ခွဲအမှတ်(၃၂) သဲအင်းဂူဝိပဿနာဓမ္မရိပ်သာမှ **အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ** ဘွဲ့တော်အား ရရှိသည့် သောတာပတ္တိမဂ်ရှုဖွယ်ကျမ်းပြု ဆရာတော် **ဘဒ္ဒန္တစန္ဒိမာ**နှင့် **ကမ္မဋ္ဌာနာစရိယ** ဘွဲ့တော်အား ရရှိသည့် ဆရာတော် **ဘဒ္ဒန္တဓမ္မပါရဂူ** တို့နှင့်အတူ ဗုဒ္ဓသာသနာတော်ကြီး အဓွန့်ရှည် အေးချမ်းစွာတည်ရှိရေးနှင့် သာသနာတော်ပြန့်ပွားရေးတို့အတွက် အကျိုးမျှော်၍ လွန်စွာနှစ်ထောင်းအားရ ဝမ်းမြောက်ဂုဏ်ယူမိရပါကြောင်း ဆရာတော်တို့အား လျှောက်ထားအပ်ပါသည် ဘုရား။

တိုက်ခွဲအမှတ်(၃၂) သဲအင်းဂူဝိပဿနာ
ဓမ္မရိပ်သာကျောင်းတိုက်၊ ဆရာတော်
ဘဒ္ဒန္တစန္ဒိမာ(အောင်လံ)၏ တပည့်
ဒါယကာ၊ ဒါယိကာမများ(မြိတ်မြို့)

အောင်စကြာရတနာဓာတ်နန်း
အမှန်ဟောဆရာ စကြာအောင်ပွင့်ခေါင်
မနောဗေဒပညာ

နံနက် ၉ နာရီမှ မွန်းလွဲ ၂ နာရီ အမှတ် ၉၅၆၊ ယသဝတီ ၁၂ လမ်း၊ (၁၃)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ဖုန်း-၀၉-၂၅၀၅၀၄၁၄၄၊ ၀၉-၇၃၂၀၄၀၈၅၊ ၀၉-၂၅၂၆၀၀၅၆၇။

တစ်နေ့ ၁၀ ဦးသာ၊ ဗုဒ္ဓဟူးနေ့တိုင်း နားသည်။

ဂုဏ်ယူဝမ်းမြောက်ပါကြောင်း

နိုင်ငံတော်မှချီးမြှင့်သော **အလင်္ကာကျော်စွာ**ဘွဲ့ကို ချီးမြှင့်ခြင်းခံရသည့် **အကယ်ဒမီ ဦးစင်ရော်မောင်မောင်** အတွက် ထပ်တူ ဂုဏ်ယူဝမ်းမြောက်မိပါကြောင်းနှင့် ဆတက်ထမ်းပိုး တိုးတက်အောင်မြင်ပါစေကြောင်း ဆုမွန်ကောင်းပို့သပါသည်။

ပါမောက္ခဦးခင်မောင်ဝင်း
(အသည်းအထူးကုဆရာဝန်ကြီး)
ဒေါက်တာ ဒေါ်ခင်လေးရီ

မြိုင်မြို့နယ် အသင်း(ရန်ကုန်)
သင်းလုံးကျွတ်အစည်းအဝေးဖိတ်ကြားခြင်း

မြိုင်မြို့နယ်အသင်း(ရန်ကုန်)၏ သင်းလုံးကျွတ်အစည်းအဝေးနှင့် အမှုဆောင်အသစ် ရွေးချယ်ပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါ၍ (အသင်းဝင်သည်ဖြစ်စေ၊ မဝင်သည်ဖြစ်စေ) မြိုင်မြို့နယ်သူ/နယ်သားများအားလုံး တက်ရောက်ကြပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

နေ့ရက် - ၃၀-၁-၂၀၁၆ရက် (စနေနေ့)
၁၃၇၇ ခုနှစ်၊ ပြာသိုလပြည့်ကျော် (၆)ရက်

အချိန် - မွန်းလွဲ ၁ နာရီ

နေရာ - စွန်းလွန်းဂူ ဝိပဿနာကျောင်းတိုက် (၁၆/၂)ရပ်ကွက်၊ ရတနာလမ်း၊ သဃ်န်းကျွန်းမြို့နယ်

(အမှုဆောင်အဖွဲ့)

တိုက်ကြီးမြို့နယ်အသင်း(ရန်ကုန်)
(၃၈)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးဖိတ်ကြားခြင်း

အသင်းသား အသင်းသူ မိတ်ဆွေများအားလုံး ခင်မင်ရင်းနှီးစွာတွေ့ဆုံပြီး တစ်ဦးနှင့်တစ်ဦး ကောင်းမွန်သောအကြံဉာဏ်နှင့် အကူအညီများပေးနိုင်ရန်နှင့် အသင်းကြီး၏ နှစ်ပတ်လည် အစည်းအဝေးပြုလုပ်မည်ဖြစ်ပါ၍ ခင်မင်လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်။

အသက်(၈၀)ပြည့် ကန်တော့ခံ အဘိုး အဘွားများ၊ ၂၀၁၅ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ဂုဏ်ထူးရရှိသော အသင်းဝင်များ၏သား သမီးများ အမည်စာရင်းနှင့် အခြားဂုဏ်ထူး၊ ဘွဲ့ထူး ရရှိသူများအား ဂုဏ်ပြုချီးမြှင့်နိုင်ရန် တိုက်ကြီးမြို့နယ်အသင်း(သို့) အတွင်းရေးမှူး ဆရာဦးတင်ကြွယ် ဖုန်း-၀၉-၇၉၇၇၄၆၇၃၃ သို့ အမြန်ဆုံးဆက်သွယ်အကြောင်းကြားပါရန် အသိပေးအပ်ပါသည်။ အသင်းဝင် သက်ကြီးပူဇော်ငွေများကို ကိုယ်တိုင်မလာနိုင်ပါက မှတ်ပုံတင်ဖြင့် ကိုယ်စားထုတ်ယူနိုင်ပြီး ဆက်လက်၍ အသင်းဥက္ကဋ္ဌ ဦးသိန်းအောင်ထံတွင် ထုတ်ယူနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

ကျင်းပမည့်ရက် - ၁၄-၂-၂၀၁၆ ရက် (တနင်္ဂနွေနေ့)
ကျင်းပမည့်အချိန် - နံနက် ၉း၀၀ နာရီမှ မွန်းလွဲ ၁း၀၀ နာရီ
ကျင်းပမည့်နေရာ - တိုက်ကြီးမြို့နယ်အသင်းဓမ္မာရုံ၊ ဗဟိုလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

အမှုဆောင်အဖွဲ့၊ တိုက်ကြီးမြို့နယ်အသင်း

ပဌမအကြိမ် ရန်ကုန်တက္ကသိုလ် ရူပဗေဒဆရာကန်တော့ပွဲ

[illegible]

ဆက်သွယ်လှူဒါန်းရန် - ကမ္ဘောဇဘဏ် (ကမာရွတ်-၂) ဘဏ်စာရင်းအမှတ် (160-302-02100209202) ဒေါက်တာ [illegible]

[illegible]

မိုးကုတ်ဝိပဿနာ (၇)ရက် တရားစခန်း နှိုးဆော်လွှာ

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ အမှတ်(၅)ဝိုင်း မဟာဝေဇယန္တာ ဓမ္မရိပ်သာကျောင်း၌ မိုးကုတ်ဝိပဿနာ (၇)ရက် တရားစခန်းကို ၁-၂-၂၀၁၆ ရက်မှ ၇-၂-၂၀၁၆ ရက်အထိ ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ တရားစခန်းဝင်လိုသော ယောဂီပုဂ္ဂိုလ်များအား အထက်ပါကျောင်းတိုက်သို့ လာရောက်စာရင်းပေးသွင်းနိုင်ကြောင်း အသိပေးနှိုးဆော်လိုက်ပါသည်။

ဆက်သွယ်ရန် ဖုန်း-၀၁-၅၆၃၄၂၁၊ ၀၉-၄၉၃၀၃၆၈၇
မဟာဝေဇယန္တာဓမ္မရိပ်သာကျောင်း

စစ်ကွင်း အထက
(၃၅)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲကျင်းပမည်

၁။ ပဲခူးတိုင်းအနောက်ပိုင်း စစ်ကွင်း အထကတွင် တာဝန်ထမ်းဆောင်ခဲ့သည့် အငြိမ်းစား ဆရာ ဆရာမကြီးများအား (၃၅)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ၁၃-၂-၂၀၁၆ ရက် နံနက် ၈ နာရီတွင် အထက ရွှေရတုခန်းမဆောင်ကြီး၌ ကျင်းပမည်ဖြစ်ပါ၍ ရပ်နီးရပ်ဝေးရှိ ဆရာ ဆရာမကြီးများ၊ တပည့်ဟောင်းများအားလုံး ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်ကြပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

အာစရိယပူဇော်ပွဲအလှူငွေနှင့် အငြိမ်းစား ဆရာ ဆရာမကြီးများအတွက် ကျန်းမာရေး စောင့်ရှောက်မှုငွေပဒေသာပင် စိုက်ထူထားပါသဖြင့် အောက်ပါပုဂ္ဂိုလ်များထံ ဆက်သွယ်လှူဒါန်းနိုင်ကြပါသည်။

၂။ ဦးသန်းစိန် ဖုန်း-၀၁-၅၄၈၇၀၁၊ ဦးတင်ဝင်း ဖုန်း-၀၉-၇၃၀၃၂၇၇၀၊ ဦးမြင့်သိန်း ဖုန်း-၀၉-၅၀၉၀၉၆၄၊ ဦးမြင့်သန်း ဖုန်း-၀၉-၄၂၃၆၉၇၅၁၆၊ ဒေါ်ရင်ရင်မြ ဖုန်း-၀၉-၂၀၃၁၂၀၆၁၊ ဦးကျင်စိန်(စစ်ကွင်း) ဖုန်း-၀၉-၅၃၆၆၂၄၉၊ ဦးထွန်းသူ(စစ်ကွင်း) ဖုန်း-၀၉-၄၂၃၇၃၉၁၇၁၊ ဦးမောင်မောင်သန်း(စစ်ကွင်း) ဖုန်း-၀၉-၄၂၃၇၀၈၁၅၀၊ ဒေါ်စီစီအောင်(စစ်ကွင်း) ဖုန်း-၀၉-၂၅၀၄၁၃၄၀၀ နှင့် ဦးစိန်ဝင်း(ရွှေပြည်သာ) ဖုန်း-၀၉-၇၃၀၆၂၅၁၄ တို့သို့ ဆက်သွယ်နိုင်ကြပါသည်။

အသွား/အပြန် ကြိုပို့ယာဉ်စီစဉ်ထားပါသဖြင့် ၁၂-၂-၂၀၁၆ရက် မြေနီကုန်း ရွှေမန်းရုပ်ရှင်ရုံဟောင်းရှေ့သို့ နံနက် ၇း၃၀ နာရီတိတိနှင့် အင်းစိန်(ဘီအိုစီကွေ့)သို့ ၈း၃၀ နာရီ အရောက် လာရောက်ကြပါရန်။

၃။ အငြိမ်းစားယူပြီးနောက် မြတ်ဆရာပူဇော်ပွဲနှင့်ကင်းကွာနေသော ဆရာကြီး ဆရာမကြီးများသည် အမှတ်စဉ်(၂)ပါ ကျောင်းသား ကျောင်းသူဟောင်းများထံ ဆက်သွယ်ကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

၄။ ၁၂-၂-၂၀၁၆ ရက် ပူဇော်ပွဲအကြိုနေ့ညတွင် စင်တင်တေးဂီတအဖွဲ့(ရန်ကုန်)မှ စတူရီယို အဆိုတော်များဖြင့် ဧည့်ခံပါမည်။

အမှုဆောင်အဖွဲ့
အာစရိယပူဇော်ပွဲကျင်းပရေးကော်မတီ(စစ်ကွင်း)

[illegible]

B.A(Law), Dip in(IT) [illegible]

B.A(Geography) [illegible]

[illegible]

ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာ

ရှမ်းပြည်နယ်၊ တောင်ကြီးမြို့၊ ရေအေးကွင်းရပ်ကွက် ဦးစောထွန်းအေး အမည်ပေါက် နယ်မြေ(၁၁)၊ ကမ္ဘောဇလမ်း၊ အမှတ်(၅၁/၁၁)၊ မြေကွက်ကို ဒေါ်ဆူချိန်လွင် ၁၃/တကန(နိုင်)၁၂၁၉၆၁ မှ (၂၃/၆/၉၄) ခုနှစ်တွင် တရားဝင် ဝယ်ယူခဲ့ပါသည်။

ယခုအခါ ဝယ်ယူသူ ဒေါ်ဆူချိန်လွင်မှ ဂရန်အမည်ပြောင်း လျှောက်ထားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက ၁၅ရက်အတွင်း တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ဒေါ်ဆူချိန်လွင်
(၅၁/၁၁)၊ ကမ္ဘောဇလမ်း၊ ရေအေးကွင်းရပ်ကွက်၊ တောင်ကြီးမြို့
ဖုန်း-၀၉-၂၅၃၆၇၀၇၇၈

အမည်ပြောင်း

ဦးစန်းနိုင်၏ သားသမီးများဖြစ်သော မေတ္တာရင်ခွင် ကိုယ်ပိုင်အထက်တန်းကျောင်း ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့၊ ပဋ္ဌမတန်းမှ မောင်စိုးသီဟထွန်းအား မောင်စန်းသီဟထွန်းဟု လည်းကောင်း၊ ဒုတိယတန်းမှ မောင်စိုးကိုကိုဦးအား မောင်စန်းကိုကိုဦးဟုလည်းကောင်း၊ ဒုတိယတန်းမှ မစိုးသီသီဦးအား မစန်းသီသီဦးဟု လည်းကောင်း ပြောင်းလဲခေါ်ဆိုပါရန်။

ကန့်ကွက်ရန်ရှိ မရှိ အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ အရှေ့မြင်းပြိုင်ကွင်းလမ်း၊ အမှတ် (၂၇၆/ဘီ)ရှိ (၆)ခန်းတွဲ (၈)ထပ်တိုက်မှ အပေါ်ဆုံး(ဘီ)အခြမ်းရှိ Pent House အခန်း တစ်ခန်း၊ အကျယ်အဝန်း စတုရန်းပေ ၉၀၀ခန့်ရှိ ရေ၊ မီးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား လက်ဝယ်ထားရှိပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုရှိသူထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ တိုက်ခန်းအရောင်းအဝယ်ပြုလုပ်ခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ပိုင်ဆိုင်မှု အထောက်အထားမူရင်းများနှင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက တိုက်ခန်းအရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်သက်နွယ် B.A (Law), LL.B
တရားလွှတ်တော်ရှေ့နေ(စဉ်-၂၇၆၇)
အမှတ် (၂၀၉)၊ ဒု(ဝဲ)၊ ၃၇လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၃၈၈၁၃၂၊ ၀၉-၄၉၃၁၉၈၆၄

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ကချင်ပြည်နယ်၊ မိုးကောင်းမြို့၊ အိုးတန်းရပ် အ/၂၆၇နေ ဦးမြင့်ခိုင်-ဒေါ်သီတာတို့၏ သား တက္ကသိုလ်ဝင်တန်းကျောင်းသား မောင်ထက်ဝေယံအောင် ၁/မကတ(နိုင်)၁၃၀၀၀၂သည် မိဘဆွေမျိုးများအပေါ် အကြိမ်ကြိမ်ဒုက္ခများပေးသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အပြီးပိုင်အမွေပြတ်စွန့်လွှတ်ကြောင်း ၄င်းနှင့်ပတ်သက်၍ မည်သည့်ကိစ္စမျှ (လုံး၀)တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါကြောင်း အသိပေးအပ်ပါသည်။ မေးမြန်းစုံစမ်းခြင်းသည်းခံပါ။

ဦးမြင့်ခိုင်-ဒေါ်သီတာ
အိုးတန်းရပ်၊ မိုးကောင်းမြို့

မြန်မာနိုင်ငံဘူမိသိပ္ပံအသင်း
(၁၂)ကြိမ်မြောက်သင်တန်းဆင်းပွဲနှင့်တက်ရောက်ခဲ့သည့်အသင်းအဆင့်
သတ္တုဗေဒကြိမ်မြောက်မြန်မာနိုင်ငံဘူမိကြီးဆရာတော်များ ရှင်များ
(အသက် ရှစ်ဆယ်ပြည့်နှင့် အထက်) ကန်တော့ပွဲအခမ်းအနား

မြန်မာနိုင်ငံဘူမိသိပ္ပံအသင်းမှကြီးမှူး၍ (၁၂)ကြိမ်မြောက် အသင်းနှစ်ပတ်လည်အစည်းအဝေးနှင့် ဘူမိဗေဒကျောင်းသား/ကျောင်းသူ ဟောင်းများ စုပေါင်း၍ သတ္တုဗေဒကြိမ် အသက်(၇၀) အထက်ရှစ်ဆယ်ပြည့်နှင့် အထက် မြန်မာနိုင်ငံသတ္တုကြီး ဘူမိဗေဒဆရာရှင်များ နှင့် ဘူမိဗေဒဌာနကျောင်းသားဟောင်းကြီးများအား ကန်တော့ပွဲကို အောက်ပါ အစီအစဉ်အတိုင်း ကျင်းပ ပြုလုပ်မည်ဖြစ်ပါ၍ အသင်းဝင်/ဘူမိဗေဒကျောင်းသား/ကျောင်းသူ ဟောင်းများ အသင်းသား/အသင်းသူများ ပြည်တွင်း/ပြည်ပရှိ ဘူမိဗေဒကျောင်းသား/ကျောင်းသူ ဟောင်းများ ဌာနဆိုင်ရာတွင် တာဝန်ထမ်းဆောင်နေသော ဘူမိဗေဒပညာရှင်များ ပုဂ္ဂလိကလုပ်ငန်းတွင် တာဝန်ထမ်းဆောင်လျက်ရှိသော ပါမောက္ခများ ဌာနမှူးများ ဆရာ/ဆရာမများ ကျောင်းသား/ကျောင်းသူများ အားလုံး (မပျက်မကွက်) တက်ရောက်ကြပါရန် လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်။

- ကျင်းပမည့်နေ့ရက် ။ ၂၀၁၆ခုနှစ်ဖေဖော်ဝါရီလ (၂၇)ရက်နေ့ (စနေနေ့)
- ကျင်းပမည့်အချိန် ။ နံနက် (၉း၀၀)နာရီ မှ (၁၃း၀၀)နာရီထိ
- ကျင်းပမည့်နေရာ ။ Novotel Hotel Yangon Max

မေတ္တာရပ်ခံချက်။ ကန်တော့ပွဲအသက်(၇၀) အသက်ရှစ်ဆယ်ပြည့်နှင့်အထက် သက်ကြီးဘူမိဗေဒပညာရှင် (၁၂)ဦးခန့်အတွက် အသင်းသားများနှင့် ကျောင်းသား/ ကျောင်းသူ ဟောင်းများမှ အလှူငွေများကိုလက်ခံနိုင်သဖြင့် ပုဂ္ဂိုလ်များ အချိန် နှင့် အောက်ပါ ပုဂ္ဂိုလ်များထံ ဆက်သွယ်လှူဒါန်း နိုင်ပါကြောင်း မေတ္တာရပ်ခံအပ်ပါသည်။

စဉ်	အမည်	ဖုန်းနံပါတ်	စဉ်	အမည်	ဖုန်းနံပါတ်	စဉ်	အမည်	ဖုန်းနံပါတ်
၁။	ဦးကျော်ဝင်း	09-2042054	၂။	ဒေါ်တင်မေဦး	09-5153441	၃။	ဦးအုန်းသိမ်း	09-977221796
၄။	ဦးညွန့်ဆွေ	09-73094812	၅။	ဦးတင်ကျော်သန်း	09-500-2581	၆။	Dr.ရွှေမြင့်အေး	09-5186403
၇။	ဦးလှမြင့်	09-73096340	၈။	Dr.မြင့်မြင့်လွင်	09-5403393	၉။	ဦးတင်ထွန်း	09799601334
၁၀။	ဦးမြင့်ဇော်	09-73154433	၁၁။	Dr.မောင်မောင်အောင်	09-5321989	၁၂။	ဦးလှမျိုးထွန်း	0909250071480
၁၃။	ဒေါ်ရွှေမီမြ	0943134059	၁၄။	ဦးသီဟဇော်	0973194076	၁၅။	Dr. ထွန်းနိုင်ဇော်	095098206
၁၆။	သူရဇော်အောင်	0973239205	၁၇။	Dr.ကျော်ညို	09421001924	၁၈။	Dr.မျိုးမင်း	09 2021835
၁၉။	ဦးကောင်းနိုင်	09250647574	၂၀။	Dr.ဝင်းနိုင်ကို	09254243946	၂၁။	Dr.သန်းထွဋ်လွင်	09-250885931
၂၂။	ဦးကာသင် - ဦးကြည်လှ (MGSS – Singapore)							

မှတ်ချက်။ အလှူငွေများကို Account Name- Dr. Phyu Phyu Lwin, Account No. 0761220021010 (Kanbawza Bank,Kyeemyindine Branch) သို့လည်း ထည့်ဝင်လှူဒါန်းနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

အလုပ်အမှုဆောင်အဖွဲ့ မြန်မာနိုင်ငံဘူမိသိပ္ပံအသင်း

ဗောဓိမြိုင် သစ္စာရွှေပြည် ဓမ္မရိပ်သာဆရာတော်၏ (၁)လ တရားစခန်း

ရန်ကုန်တိုင်းဒေသကြီး၊လှည်းကူးမြို့နယ်၊ မြတ်သန္တာမဟာစည်သာသနာ့ရိပ်သာ (၁)လ တရားစခန်းကို ဗောဓိမြိုင်သစ္စာရွှေပြည်ဓမ္မရိပ်သာနှင့် မြတ်သန္တာမဟာစည်သာသနာ့ရိပ်သာ ပဓာနနာယက ဆရာတော်**ဘဒ္ဒန္တဝိလာသဂ္ဂ** မှ ၁-၂-၂၀၁၆ ရက်မှ ၂၉-၂-၂၀၁၆ရက်အထိ ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အောက်ပါဖုန်းများသို့ ဆက်သွယ်နိုင်ပါသည်။

ဖုန်း-၀၉-၄၀၂၆၀၆၉၂၃၊ ၀၉-၃၀၀၈၂၄၃၀၊ ၀၉-၇၉၉၁၄၈၄၉၀

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး
၂၀၁၅ခုနှစ် တရားမကြီးမှုအမှတ်-၄၇၈

ဒေါ်သန္တာထွန်းလှိုင် **နှင့်** ဒေါ်ခင်မေမြင့်(ခ)ဒေါ်ပြုံး
တရားလို **တရားပြိုင်**

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ဓမ္မစေတီလမ်း၊ အမှတ် (၂၄၁/J) နေ တရားပြိုင် ဒေါ်ခင်မေမြင့်(ခ)ဒေါ်ပြုံး (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက အမေရိကန်ဒေါ်လာ ၇၅၀၀(သို့မဟုတ်) ၎င်းနှင့်ညီမျှသော မြန်မာငွေကျပ် ၉၀၀၀၀၀၀ိ/-နှင့် နစ်နာကြေးငွေကျပ် ၃၀၀၀၀၀၀ိ/-၊ စုစုပေါင်းငွေကျပ် ၁၂၀၀၀၀၀၀ိ/-ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်၏ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၉ ရက် (၁၃၇၇ခုနှစ် တပို့တွဲလဆန်း ၁ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန်ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၆ခုနှစ် ဇန်နဝါရီ ၁၉ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ခင်လေးမြင့်)
ဒုတိယခရိုင်တရားသူကြီး (၅)
ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး

တစ်ဦးတည်းဖြစ်ပါကြောင်း

မြိတ်မြို့၊ မြိတ်တက္ကသိုလ်မှ ပထဝီဝင် အထူးပြုဖြင့်အောင်မြင်ခဲ့သော မပန်းနုဖွေး၏ ဖခင်ဦးအောင်မြင့်လွင်နှင့် ဦးသိန်းကြွယ်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

ဦးအောင်မြင့်လွင်(ခ)ဦးသိန်းကြွယ်

အမည်ပြောင်း

တောင်ငူမြို့၊ လေ့ကျင့်ရေး အလက စတုတ္ထတန်း(A)မှ ဦးဗိုလ်လင်း၏သမီး မဖြိုးအိအိအောင်အား ယနေ့မှစ၍ မအိခွန်းချိုဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။

မအိခွန်းချို(တောင်ငူ)

ဖခင်အမည်မှန်

ဒေါ်သီသီဦး (မှော်ဘီ) ၇/ဇကန (နိုင်)၏ ဖခင်အမည်မှန်မှာ ဦးတင့် ၁၂/ဥကတ(နိုင်)၀၆၇၅၅၇ ဖြစ်ပါသည်။ **ဦးတင့်**

မြေကွက်ရောင်းမည်

သာကေတမြို့နယ်၊ (၄)ရပ်ကွက် (မြောက်)၊ မြို့မ(၁၀)လမ်း၊ ထောင့်ကွက်၊ ၄၀'×၅၀'၊ ဂရန်အမည်ပေါက်၊ ညှိနှိုင်းဈေး။

ဖုန်း-၀၉-၇၉၅၄၁၄၈၀၀

ဒီကရီကိုအတည်ပြုလုပ်ရန် အမိန့်မထုတ်သင့်ကြောင်း

ထုချေစေရန် အကြောင်းကြားစာ

(တရားမကျင့်ထုံးဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၂၂)
လားရှိုးခရိုင်တရားရုံး
၂၀၁၅ ခုနှစ် တရားမကြီးမှုအမှတ် ၁၁ နှင့်ဆက်နွှယ်သည့်
၂၀၁၅ ခုနှစ် တရားမဇာရီမှုအမှတ် ၆

ဒေါ်နန်းဖြူရည်ရည်မွန် **နှင့်** ဦးစိုင်းဆိုင်ခေးလိုင်း
ဒီကရီအနိုင်ရသူ **တရားရှုံး**

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ကျွဲဆည်ကန်ရပ်၊ ရန်ကုန်-မန္တလေးလမ်း၊ အမှတ် (၂၇)၊ ဧရာဝတီဘဏ်ရှေ့၊ ခေတ်သစ်ကားနှင့် ထော်လာဂျီအရောင်းဆိုင်နေ ဦးစိုင်းဆိုင်ခေးလိုင်း(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

၂၀၁၅ခုနှစ် တရားမကြီးမှုအမှတ် ၁၁တွင်၊ ကျရှိသည့်ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် ဒေါ်နန်းဖြူရည်ရည်မွန်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုရန်အမိန့်ကို မထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေသို့မဟုတ် အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ၊ ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၁၅ရက် (၁၃၇၇ ခုနှစ်၊ တပို့တွဲလဆန်း ၇ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ဤရုံးတော်ရှေ့လာရောက်ရမည်။

၂၀၁၆ ခုနှစ် ဇန်နဝါရီ ၁၅ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ဒေါ်သန်းအေး)
ဒုတိယခရိုင်တရားသူကြီး (၁)
လားရှိုးခရိုင်တရားရုံး

ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၂) ရပ်ကွက်၊ ဦးရေခဲလမ်း၊ အမှတ် (၉၇)၊ ဦးရေခဲကွန်ဒို 5th Floor, Unit (C) တိုက်ခန်းအား ကျွန်တော်၏မိတ်ဆွေ ဦးသိန်းရွှေ ၁၂/ကမရ(နိုင်)၀၂၇၇၁၅မှ ဝယ်ယူရန်အတွက် ဦးချစ်ကိုကို ၇/ရတန(နိုင်)၀၆၃၇၇၂ ထံသို့ စရန်ငွေတချို့တစ်ဝက်အား ၁၂-၁-၂၀၁၆ ရက်တွင် ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောအထောက်အထားစာရွက်စာတမ်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စများကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

တရားလွှတ်တော်ရှေ့နေများ **အထက်တန်းရှေ့နေများ**
ဦးအောင်ချို LL.B (စဉ်-၄၀၁၃) **ဦးကျော်မြင့်သွယ် LL.B(စဉ်-၂၃၆၈၇)**
ဒေါ်ဝင်းမာလာ LL.B (စဉ်-၈၆၅၀) **ဦးသီဟ LL.B (စဉ်-၄၁၇၂၁)**
အမှတ် (၅၆၃)၊ ပထမထပ်၊ အခန်း (၁၀၃)၊ MAC Tower၊ ကုန်သည်လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၇၃၁၂၂၇၁၅၊ ၀၉-၇၃၁၆၀၄၈၀၊ ၀၉-၃၁၂၈၆၉၁၁

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
မော်လမြိုင်ခရိုင်တရားရုံးတော်၌
၂၀၁၆ခုနှစ် တရားမကြီးမှုအမှတ်-၄

၁။ ဦးရာသိန်းဦး **နှင့်** ဦးသိန်းမြင့်
၂။ ဒေါ်ဇင်နန္ဒာဦး
တရားလိုများ **တရားပြိုင်**

မော်လမြိုင်မြို့၊ မောင်ငံအလယ်တန်း၊ အောက်လမ်းမကြီး၊ အမှတ် (၆၈၈)နေ တရားပြိုင် ဦးသိန်းမြင့် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးရာသိန်းဦးနှင့် ဒေါ်ဇင်နန္ဒာဦးက နေအိမ်နှင့် နေအိမ်တည်ရှိရာ မြေကွက်အား ဝယ်ယူပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာပေးစေလိုမှုကို လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၆ခုနှစ် ဇန်နဝါရီ ၂၅ ရက် (၁၃၇၇ခုနှစ် ပြာသိုလပြည့်ကျော် ၁ရက်) မွန်းမတည့်မီ ၁၀း၀၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွပ်စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၆ခုနှစ် ဇန်နဝါရီ ၁၅ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ခင်ဆွေဦး)
ဒုတိယခရိုင်တရားသူကြီး(၄)
မော်လမြိုင်ခရိုင်တရားရုံး

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

လှိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၁၄၊ မြေကွက်အမှတ် ၆၄၊ ဧရိယာ ၀ ဒသမ ၂၁၆ ဧက အနက်မှ ၃၄'/၃၅'×၃၃'/၂၅' မြေကွက်တည်နေရာအမှတ် (၆)ရပ်ကွက်၊ သုခရိပ်သာ (စ)လမ်း၊ အမှတ်၁၂၅ဘီ (လ/န၃၉(အိမ်ရာမြေသတ်မှတ်) အမည်ပေါက် ဒေါ်မြမြမြေအား လှိုင်မြို့နယ်၊ တရားမရုံး၌ တရားမကြီးမှုအမှတ် ၄၁/၂၀၁၃(၂၅-၄-၂၀၁၄)နှင့် တရားမဇာရီမှုအမှတ် ၁၁/၂၀၁၅ (၁၆-၁၂-၂၀၁၅)ဖြင့် ဘိလစ်ခန့်စာရရှိသူ ဒေါ်လွင်လွင်အောင်၈/ရစက(နိုင်)၀၉၅၂၇၂က တရားနိုင် ဦးကျော်လေးနှင့် တရားရှုံးဒေါ်လှလှချို (တရားရှုံးကိုယ်တိုင်နှင့် ၂/၃တရားရှုံးများအခွင့်ရ ကိုယ်စားလှယ်) ဦးစန်းဌေးအောင်၊ ဦးကျော်မြင့်အောင်တို့အပေါ် လှိုင်မြို့နယ် တရားရုံးတရားမကြီးမှုအမှတ် ၄၁/၂၀၁၃တွင် ဦးပိုင်အမှတ် (မြေကွက်အမှတ်)လွဲမှားချုပ်ဆိုခဲ့သော မြေအရောင်းအဝယ် ကတိစာချုပ်အား ဦးပိုင်အမှတ် အမှန်ဖြင့်ပြင်ဆင်၍ ပဋိညာဉ်အတိုင်း မြေအရောင်းအဝယ် မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးစေလိုမှုစွဲဆိုခဲ့ရာ အနိုင်ဒီကရီရရှိသဖြင့် အရောင်းအဝယ်မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးရန်အတွက် တရားရုံးအမိန့်၊ ဘိလစ်ခန့်စာများတင်ပြ၍ အရောင်းအဝယ်စာချုပ်ရန်အတွက် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
မင်းဘူးမြို့နယ်တရားရုံး၌
၂၀၁၅ခုနှစ် တရားမကြီးမှုအမှတ်-၅၇

ဒေါ်လေးလေးနွယ် **နှင့်** ဦးစိုးဝင်းမြင့်
တရားလို **တရားပြိုင်**

မကွေးတိုင်းဒေသကြီး၊ မင်းဘူး(စကု)မြို့နယ်၊ အောင်သုခကားဂိတ်ဝင်းအတွင်းနေ ဦးစိုးဝင်းမြင့်(ဘ)ဦးကျော်မြင့် (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်လေးလေးနွယ်က လင်မယားကွာရှင်းပြတ်စဲ ပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၁၁ ရက် (၁၃၇၇ခုနှစ် တပို့တွဲလဆန်း ၃ ရက်) နံနက် ၁၀း၀၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလို စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၆ခုနှစ် ဇန်နဝါရီ ၁၈ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ဇော်မင်း)
မြို့နယ်တရားသူကြီး
မင်းဘူးမြို့နယ်တရားရုံး

ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၂) ရပ်ကွက်၊ ဦးရေခဲလမ်း၊ အမှတ် (၉၇)၊ ဦးရေခဲကွန်ဒို 3rd Floor, Unit (C) တိုက်ခန်းအား ကျွန်တော်၏မိတ်ဆွေ ဒေါ်ရွှယ်ဂရောင် ၁၂/မကန(နိုင်)၀၃၃၄၅၅-ဦးဝေလင်း ၉/ခအဇ(နိုင်)၀၁၇၈၂၁မှ ဝယ်ယူရန်အတွက် ဦးချစ်ကိုကို ၇/ရတန(နိုင်)၀၆၃၇၇၂ထံသို့ စရန်ငွေတချို့တစ်ဝက်အား ၁၇-၁-၂၀၁၆ ရက်တွင် ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောအထောက်အထား စာရွက်စာတမ်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စများကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

တရားလွှတ်တော်ရှေ့နေများ **အထက်တန်းရှေ့နေများ**
ဦးအောင်ချို LL.B (စဉ်-၄၀၁၃) **ဦးကျော်မြင့်သွယ် LL.B(စဉ်-၂၃၆၈၇)**
ဒေါ်ဝင်းမာလာ LL.B (စဉ်-၈၆၅၀) **ဦးသီဟ LL.B (စဉ်-၄၁၇၂၁)**
အမှတ် (၅၆၃)၊ ပထမထပ်၊ အခန်း (၁၀၃)၊ MAC Tower၊ ကုန်သည်လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၇၃၁၂၂၇၁၅၊ ၀၉-၇၃၁၆၀၄၈၀၊ ၀၉-၃၁၂၈၆၉၁၁

ပြင်ဆင်မှုဆိုင်ရန် ချိန်းဆိုသည့်နေ့ရက်ကို ပြင်ဆင်မှုလျှောက်ထားခံရသူသို့

အကြောင်းကြားစာ

ရှမ်းပြည်နယ်တရားလွှတ်တော်

၂၀၁၅ခုနှစ်၊ တရားမပြင်ဆင်မှုအမှတ်-၆၃

ဦးလှမောင် **နှင့်** ၁။ ဒေါ်သန်းသန်းရီ
၂။ ဒေါ်ခိုင်သန္တာဦး(ခ) ဒေါ်နန္ဒာဦး
၃။ ဦးတင့်လွင်

လျှောက်ထားသူ **လျှောက်ထားခံရသူများ**

၂၀၁၅ခုနှစ် ဇူလိုင် ၃၀ရက်စွဲပါ မူဆယ်ခရိုင် တရားရုံးတော်မှ တရားမကြီးမှု အမှတ် ၆/၂၀၁၃ အမိန့်ကိုပြင်ဆင်မှု။

အထက်အမည်ပါအမှုမှ လျှောက်ထားခံရသူများ အမှတ်(၁) ဒေါ်သန်းသန်းရီ၊ အမှတ်(၂) ဒေါ်ခိုင်သန္တာဦး(ခ)ဒေါ်နန္ဒာဦး၊ အမှတ်(၃) ဦးတင့်လွင် (အတူနေမိသားစုများ) (ယခင်လိပ်စာ)ရုံ-ခ၊ ၂၉၈၊ ၂၉၉၊ သီရိမင်္ဂလာဈေး၊ ပစ်တိုင်းထောင်သစ်သီးပွဲရုံလုပ်ငန်း၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့ (ယခုနေရပ်လိပ်စာမသိသူများ) သိစေရမည်။

ယခုအမှုတွင် မူဆယ်ခရိုင်တရားရုံးကချမှတ်ပေးသည့်အမိန့်ကို လျှောက်ထားသူက ပြင်ဆင်မှုတင်သွင်းရာ ဤရုံးတွင် မှတ်ပုံတင်စာရင်းတင်သွင်း၍ ထိုပြင်ဆင်မှုကို ၂၀၁၆ခုနှစ် ဖေဖော်ဝါရီ ၅ရက် (၁၃၇၇ခုနှစ် ပြာသိုလပြည့်ကျော် ၁၂ရက်)တွင် ဆိုင်ဆိုရန် ဤရုံးက ချိန်းဆိုလိုက်သည်။ သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ၊ ဤပြင်ဆင်မှုတွင် သင့်အတွက်ဆောင်ရွက်ရန် ဥပဒေအရ ခွင့်ပြုထားသူ ကိုယ်စားလှယ်ဖြစ်စေ၊ မလာရောက်ခဲ့လျှင် ၄င်းပြင်ဆင်မှုကို သင်မရှိသည့်အခါတွင် တစ်ဖက်သတ် စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၁၆ခုနှစ် ဇန်နဝါရီ ၁၄ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

အမိန့်အရ-

(လှလှသိန်း)
ဒုတိယညွှန်ကြားရေးမှူး
ရှမ်းပြည်နယ်တရားလွှတ်တော်

အဆင့်မြင့် OBD II မော်တော်ယာဉ် စက်ပြင်သင်တန်း (အပတ်စဉ်-၇)

မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းနှင့် မြန်မာမော်တော်ကော်ပိုရေးရှင်းတို့ ပူးပေါင်းဖွင့်လှစ်သော အဆင့်မြင့် OBD II မော်တော်ယာဉ် စက်ပြင်သင်တန်း (အပတ်စဉ်-၇)ကို ၂၀၁၆ခုနှစ်၊ ဖေဖော်ဝါရီလ ၁၅ရက်တွင် မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းမှ ဝါရင့်အင်ဂျင်နီယာကြီးများမှ စတင်ဖွင့်လှစ် သင်ကြားကြမည်ဖြစ်ပါသည်။ သင်တန်းကြေး (၃)သိန်း ပေးသွင်းရမည်ဖြစ်ပြီး၊ သင်တန်းကာလမှာ နှစ်လကြာမြင့်မည်ဖြစ်သည်။ မော်ဒယ်မြင့်ကားများ၏ Engine Control Systemနှင့် Transmission Control Systemတို့ကို အဓိကထား၍ သင်ကြားမည်ဖြစ်ပြီး သင်တန်းသား၏ ပညာအရည်အချင်းအနိမ့်ဆုံး အခြေခံပညာအထက်တန်းအဆင့် ရှိရပါမည်။ ဤသင်တန်းမှ ထူးချွန်စွာအောင်မြင်သူများကို ပြည်ပနိုင်ငံများရှိ MES နှင့် ချိတ်ဆက်ထားသော AUTOMOBILE TRAINING CENTRE များသို့ ပညာတော်သင်များ စေလွှတ်ပေးလျက်ရှိပါသည်။ ပြည်တွင်းရှိ ကမ္ဘာ့အသိအမှတ်ပြုစာရင်းဝင် မော်တော်ယာဉ်ကုမ္ပဏီကြီးအချို့ကလည်း ဤသင်တန်းမှ ဆင်းပြီးသူများကို ရွေးချယ်ခန့်ထားလိုကြောင်း ကမ်းလှမ်းနေပါသည်။ လူဦးရေ ကန့်သတ်ထားပါသည်။ လျှောက်လွှာများကို စတင်လက်ခံနေပြီးဖြစ်ပြီး လူတွေ့စစ်ဆေးမှု အောင်မြင်မှသာ သင်တန်းတက်ရောက်ခွင့် ရရှိမည်ဖြစ်ပါသည်။ လျှောက်လွှာနှင့်အတူ ရောင်စုံလိုင်စင် ဓာတ်ပုံနှစ်ပုံနှင့် မှတ်ပုံတင်မိတ္တူတို့ ပါဝင်ရပါမည်။

လျှောက်လွှာတင်ရန်-

(၁) Training Manager,မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း၊ လှိုင်တက္ကသိုလ်နယ်မြေ၊ ရန်ကုန်မြို့။
(၂) မြန်မာမော်တော်ကော်ပိုရေးရှင်း၊ ချယ်ရီဥယျာဉ်အိမ်ရာ၊ သံသုမာလမ်းမကြီး၊ (၁၄/၃)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။
(၃) စုံစမ်းရန်-ဖုန်း-၀၉-၄၂၀၀၂၉၇၈၂၊
(၄) Email ဖြင့် လျှောက်လွှာတင်ရန်-
michaelsanoo 123@ gmail. com

ဖခင်အမည်မှန်

လှည်းကူးမြို့နယ်၊ အထက(ခွဲ) ဆားတလင်းကျောင်း နဝမတန်း (A) မှ မပြသဇင်မိုး၏ဖခင် အမည်မှန်မှာ ဦးခင်ဆွေဖြစ်ပါကြောင်း။

ပျောက်ဆုံးကြောင်း

ကျွန်မ မစန်းစန်းဦး ၁၀/ကမရ(နိုင်)၁၃၄၃၀၃၏ Passport (No . မမှတ်မိ) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၃၀၀၄၇၆၅

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဓဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)

သင်္ဃန်းကျွန်းမြို့နယ်တရားရုံးတော်၌

၂၀၁၅ခုနှစ် တရားမကြီးမှုအမှတ်-၈၄

ဦးဝင်းတင် (၄င်း၏အခွင့်ရကိုယ်စားလှယ် ကိုသီဟ) **နှင့်** ၁။ ဦးတင်စိန်
၂။ ဦးမြင့်သိန်း
၃။ ဒေါ်အေးအေးစန်း

တရားလို **တရားပြိုင်များ**

အမှတ် (၁၀၈၅)၊ သုမန ၁ လမ်း၊ (၁၆/၄)ရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး (ယခုနေရပ်လိပ်စာမသိ)နေ တရားပြိုင်သိစေရမည်။

သင့်အပေါ်၌ တရားလိုက တရားလိုပိုင်မြေကွက်နှင့် ဘေးကပ်လျက် ဆက်စပ်တည်ရှိနေသော မြေအစိတ်အပိုင်း ပေ (၂၀×၆၀)နှင့် နေအိမ်ကို တရားလိုကသာလျှင် ဆက်လက်သုံးစွဲပိုင်ခွင့်ရှိသူဖြစ်ကြောင်းနှင့် တရားလိုမှ သက်ဆိုင်ရာဌာနတွင် အထူးဂရန်လျှောက်ထားပိုင်ခွင့်ရှိကြောင်း မြွက်ဟကြေညာပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းတို့အမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၂ ရက် (၁၃၇၇ခုနှစ် ပြာသိုလပြည့်ကျော် ၉ရက်) မွန်းမတည့်မီ ၁၀း၀၀နာရီတွင် အထက်အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၄င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းအပြင် တရားလိုကကြည့်ရှုလိုသည့် အမှုနှင့်သက်ဆိုင်သည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၆ခုနှစ် ဇန်နဝါရီ ၁၉ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုးထုတ်ပေးလိုက်သည်။

(ဝင်းခင်မိုးဆင့်)
တွဲဖက်မြို့နယ်တရားသူကြီး(၁)
သင်္ဃန်းကျွန်းမြို့နယ်တရားရုံး

ပြင်ဆင်မှုကိုဆိုင်ရန် ချိန်းဆိုသည့်နေ့ရက်ကို ပြင်ဆင်တရားပြိုင်သို့

အကြောင်းကြားစာ

(တရားမကျင့်ထုံးဥပဒေအမိန့်-၄၁၊ နည်းဥပဒေ-၁၄)

မန္တလေးခရိုင်တရားရုံး

၂၀၁၅ခုနှစ် တရားမပြင်ဆင်မှုအမှတ်-၈၈

ဒေါ်ပု နှင့် ၁။ ဒေါ်တင်တင်မာ
၂။ ဦးကောင်းပုံ
၃။ ဒေါ်ရွှေရ
၄။ ဒေါ်စု
၅။ ဒေါ်လှဆင်
၆။ ဒေါ်ညိုပြာ
၇။ ဦးတင်စိုး

လျှောက်ထားသူ **လျှောက်ထားခံရသူများ**

၂၀၁၅ခုနှစ် နိုဝင်ဘာ ၁၁ရက်စွဲပါ ပုသိမ်ကြီးမြို့နယ် တရားရုံးတော်မှ တရားမကြီးမှုအမှတ် ၁၅/၂၀၁၅ကို ပြင်ဆင်ရန်လျှောက်ထားမှု။

စက်မှုဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးမျိုးအောင်-ဒေါ်တင်အုန်းမြင့် (အထက်တန်းပြဆရာမ၊ ငြိမ်း)တို့၏မိခင် ဒေါ်ခင်ခင်အေးသည် ၁၈-၁-၂၀၁၆ ရက်တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

စိန်ရွှေထိပ်တန်းကုမ္ပဏီ၊ဇော်ထက်ပိုင်ကုမ္ပဏီ

ဝမ်းနည်းကြေကွဲခြင်း
ဦးအေးကျော် အသက်(၈၆)နှစ်
ညွှန်ကြားရေးမှူး-ငြိမ်း မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း

[illegible]

ဝမ်းနည်းကြေကွဲခြင်း
ဦးအေးကျော် အသက်(၈၆)နှစ်
ညွှန်ကြားရေးမှူး-ငြိမ်း မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း

[illegible]

အထူးဝမ်းနည်းကြေကွဲခြင်း
ဆရာကြီး ဦးဝေလင်း
ကျောင်းအုပ်ဆရာကြီး(ငြိမ်း)၊အလက(၃)ဒဂုံ
ရန်ကုန်တိုင်းပညာရေးမှူး(ငြိမ်း)
အသက်(၈၅)နှစ်

အလက(၃)ဒဂုံတွင် ၁၉၆၆ခုနှစ်က ကျောင်းအုပ်ဆရာကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပါသောဆရာကြီး ဦးဝေလင်းသည် ၁၂-၁-၂၀၁၆ရက်(အင်္ဂါနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဆရာ/ဆရာမဟောင်းများနှင့် တပည့်ကျောင်းသား/ကျောင်းသူဟောင်းများ
အလက(၃)ဒဂုံ(ယခင်စိန့်ပက်ထရစ်ကျောင်း)

အထူးဝမ်းနည်းကြေကွဲခြင်း
ဦးဂျီ၊ အက်(စ်)၊ ရှားမား(ခ)ဦးဂျီရှန်ကာ (B.A.B.L.)
(မြန်မာနိုင်ငံလုံးဆိုင်ရာ ဟိန္ဒူဘာသာရေး ဗဟိုအဖွဲ့ချုပ်၏ဥက္ကဋ္ဌဟောင်း)
(Yamona International Co.,Ltd. ၏ မန်နေဂျင်းဒါရိုက်တာ)
အသက် (၇၆)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ အနောက်ရွှေဂုံတိုင်ရပ်ကွက်၊ ဓမ္မစေတီလမ်း၊ အမှတ် ၁၈၀/ဘီနှင့် ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ ၃၅လမ်း၊ အမှတ် ၁၇/၂၁နေ (ဦးဘိုဂီရမ်း-ဒေါ်ဆာဗိတရီဒေဝီ)တို့၏သား၊ ဒေါ်ပါရ်ဘာတီဒေဝီ၏ ချစ်လှစွာသော ခင်ပွန်း၊ မဂျန်နကီဒေဝီရှားမား-ရှရီ Ram(ခ)ဘိုင်၊ ဒေါက်တာဝိဇယလပ်(ချ်)မီးရှားမား၊ မပူနန်ရှားမားတို့၏ ချစ်လှစွာသောဖခင်သည် ၄-၁-၂၀၁၆ရက် (တနင်္လာနေ့) အိန္ဒိယစံတော်ချိန် ၅း၄၅နာရီတွင် အိန္ဒိယနိုင်ငံ မွမ်ဘိုင်မြို့၊ Asian Heart Institute ၌ ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

မြန်မာနိုင်ငံလုံးဆိုင်ရာ ဂေါ်ရခါး-ဟိန္ဒူဓမ္မအဖွဲ့ချုပ်-ရန်ကုန်အဖွဲ့ခွဲ
သျှရီရာမဂျာနကီဘုရားကျောင်းကော်မတီ-ရန်ကုန်
ဂေါ်ရခါးအမျိုးသမီးရေးရာအဖွဲ့-ရန်ကုန်
ဂေါ်ရခါးလူငယ်ရေးရာအဖွဲ့ (ယုဝအဖွဲ့)-ရန်ကုန်

အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာခြင်း

လှိုင်မြို့နယ်၊ ကန်လမ်း၊ အမှတ်(၂၂)နေ ဦးကျော်စွာ ၃/ဘအန(နိုင်)၀၀၉၄၄၅-ဒေါ်မာလာဝင်း ၃/ဘအန(နိုင်)၀၀၉၄၃၁တို့၏သား မောင်ဝေယံကျော် ၆/မမန(နိုင်)၁၄၃၁၉၁သည် မိဘများ၏ ဆိုဆုံးမမှုကိုနာခံခြင်းမရှိဘဲ ခွင့်မလွှတ်နိုင်သော အကြောင်းအရာကို ပြုလုပ်သွားပါသဖြင့် ၎င်းအား သားအဖြစ်မှအမွေပြတ်စွန့်လွှတ်လိုက်သည်။ နောက်နောင်တွင် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝအား လုံးဝတာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးကျော်စွာ-ဒေါ်မာလာဝင်း

ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ ရွာကောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်၊ အမှတ် ၃၃/ပေါင်းလောင်း(၃)၊ မြေကွက်/ဦးပိုင်အမှတ် (၁၇၇၈)၊ ဧရိယာ ၀.၁၁၃ ဧကရှိ ဒေါ်ညွှန့်ညွှန့် အမည်ပေါက် အငှားဂရန်မြေကွက်အား ဒေါ်ခင်သီတာအေး ၉/မရမ(နိုင်)၀၆၁၆၇၈ (ဘ) ဦးအေးအောင်မှ ပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြပြီး မြေငှားစာချုပ် အမည်ပြောင်းလျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ၁၅ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

အထူးဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ မုခ်ဦး၊ နတ်လမ်း၊ ရေကန် ဒါယကာကြီး
ဦးကြူးခင် (ခနောင်တို)
မိုးရေကြောင်းသယ်ယူပို့ဆောင်ရေး
ပြည်တွင်းရေကြောင်းသွားရေယာဉ်ပိုင်ရှင်များအသင်း(ဥက္ကဋ္ဌ)
ပြည်တွင်းတွဲဆွဲရေယာဉ်ပိုင်ရှင်များအသင်း(ဥက္ကဋ္ဌ)
အသက်(၇၅)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ တော်ဝင်လမ်း၊ အမှတ် (၆၅/က)နေ ဒေါ်ငွေရွှေ၏ခင်ပွန်း ဦးကြူးခင် အသက်(၇၅)နှစ်သည် ၁၈-၁-၂၀၁၆ရက်(တနင်္လာနေ့)တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

MD,Directorနှင့်ဝန်ထမ်းများ
FARMER PHOYARZAR Group of Companies

ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် ၂ခ/၉၂၉၁၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ တွံဖက်ပြည်နယ်ရုံး(ကျိုင်းတုံ)

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၁၅ယ/၈၉၂၀၃ (HONDA Click) ယာဉ်လက်ဝယ်ရှိသူ ဒေါ်ရှုံးစော ၁၃/ကလတ(နိုင်)၀၁၀၂၁၉ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(တာချီလိတ်)

ဘ၀နတ်ထံပျံလွန်တော်မူခြင်း

ဘဒ္ဒန္တ သံ၀ရ မဟာထေရ်

အဘိဓဇမဟာရဋ္ဌဂုရု

အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထ၀ါစကပဏ္ဍိတ

မဏ္ဍိုင်အဋ္ဌသာလိနီ ကျမ်းပြု

သက်တော်(၈၇)နှစ်၊ သိက္ခာတော်(၆၈)၀ါ

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့၊ ပန်းခြံကုန်းရပ်ကွက်၊ သာသနာ့မဏ္ဍိုင်ပါဠိတက္ကသိုလ်စာသင်တိုက်ကြီး၏ ဦးစီးပဓာန နာယက ဆရာတော် ဘဒ္ဒန္တသံ၀ရ မဟာထေရ်မြတ်သည် (၁၃၇၇ခုနှစ် ပြာသိုလဆန်း ၇ရက်)၁၆-၁-၂၀၁၆ (စနေနေ့)မွန်းတည့် ၁၂နာရီတွင် ဘ၀နတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်အား (၁၃၇၇ ခုနှစ်၊ ပြာသိုလပြည့်နေ့) ၂၄-၁-၂၀၁၆ရက် (တနင်္ဂနွေနေ့)တွင် အန္တိမအဂ္ဂိဈာပနပူဇာ ကျင်းပမည်ဖြစ်ပါသောကြောင့် မဏ္ဍိုင်၀ံသပါလ တပည့်သံဃာတော်များနှင့် ရပ်ဝေးရပ်နီးမှ ဒါယကာ ဒါယိကာမအပေါင်းတို့အား ပင့်လျှောက်အသိပေး အကြောင်းကြားအပ်ပါသည်။

ဈာပနကော်မတီမဏ္ဍိုင်

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး

ဒေါ်ကြည် (အဆွေတော် ကဖီး၊ ဟသ်ာတမြို့)

အသက် (၉၃)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ သာယာကုန်းရပ်ကွက်၊ နှင်းဆီလမ်း၊ ဖလွှာ၊ တိုက် ၅၊ အခန်း ၁၆နေ (ဦးချောင်ယုံ- ဒေါ်မွေး)တို့၏သမီး၊ (ဦးအီဟန်)၏ဇနီး၊ ဦးစိန်၀င်း-ဒေါ်ခင်စန်း၀င်း၊ ဦးစိန်၀င်း-ဒေါ်ခင်အေး၊ ဦးမျိုး၀င်း၊(ဦးကျော်၀င်းဖေ)-ဒေါ်ခင်သိန်း၊ ဦးသန်းအောင်၊ဒေါ်တင်လှ၊ဦးမျိုးမြင့်- ဒေါ်အုန်းမြင့်တို့၏မိခင်၊ မြေး၁၃ယောက်၊ မြစ်သုံးယောက်တို့၏ အဘွားသည် ၂၀-၁-၂၀၁၆ရက် နံနက် ၈နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၁-၂၀၁၆ရက် (သောကြာနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (အထက်ပါနေ အိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအား ရည်စူး၍ ၂၆-၁-၂၀၁၆ရက် (အင်္ဂါနေ့) နံနက် ၇နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ် ပါသည်။

ကျန်ရစ်သူမိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း

ဒေါ်ခင်ခင်အေး(ပခုက္ကူ) အသက်(၉၀)

အလယ်တန်းပြဆရာမ (ငြိမ်း)

အထက(၂)ဗဟန်း(ရန်ကင်းဆရာအတတ်သင်သိပ္ပံ)

စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးအောင်-ဒေါ်တင်အုန်းမြင့်(အထက်တန်းပြဆရာမ၊ ငြိမ်း)တို့၏ မွေးသမိခင် ဒေါ်ခင်ခင်အေး အသက်(၉၀)သည် ၁၈-၁-၂၀၁၆ရက်တွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

ညွှန်ကြားရေးမှူးနှင့်လျှပ်စစ်စစ်ဆေးရေးဌာနမှဝန်ထမ်းများ

စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန

စိုက်ပျိုးရေးဝန်ထမ်းဟောင်းများအသင်း

ဦးစိုးမြင့်

အထွေထွေမန်နေဂျာ(ငြိမ်း)

မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း

အသင်းဝင်အမှတ်(၅၅)

အသက်(၈၂)နှစ်

ကြို့ကုန်းရိပ်သာနေ ဦးစိုးမြင့်သည် ၁၆-၁-၂၀၁၆ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၁၈-၁-၂၀၁၆ရက်တွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

အမှုဆောင်အဖွဲ့

စိုက်ပျိုးရေးဝန်ထမ်းဟောင်းများအသင်း

ဦးခင်သန်း

ပစ္စည်းထိန်း (ငြိမ်း)

မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း

အသင်းဝင်(၆၂၇)

အသက်(၆၅)နှစ်

ကြည့်မြင်တိုင်မြို့နယ်နေ ဦးခင်သန်းသည် ၁၆-၁-၂၀၁၆ရက် တွင်ကွယ်လွန်သွားပါသဖြင့် ၁၈-၁-၂၀၁၆ ရက်တွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

အမှုဆောင်အဖွဲ့

ဝမ်းနည်းကြေကွဲခြင်း

ဒေါက်တာဖြူသိန်း (သခ-၁၄၃)

အသက်(၆၉)နှစ်

မြန်မာနိုင်ငံသွားနှင့်ခံတွင်း ဆရာဝန်အသင်းဝင်တစ်ဦးဖြစ်သူ ဒေါက်တာဖြူသိန်းသည် ၁၅-၁-၂၀၁၆ရက်တွင် ကျောက်မဲမြို့၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

မြန်မာနိုင်ငံသွားနှင့်ခံတွင်း ဆရာဝန်အသင်း(ဗဟို)

အထူးဝမ်းနည်းကြေကွဲခြင်း

ဒေါ်ညွန့်ညွန့်အေး (သန်လျင်)

အသက် (၅၆)နှစ်

သန်လျင်နာရေးကူညီမှု အသင်းမှ ဦးကြင်သိန်း (တွဲဖက်အတွင်းရေးမှူး-၃)၊ တာဝန်ခံ၊ ပို့ဆောင်ရေး ဆပ်ကော်မတီ၏ဇနီး ဒေါ်ညွန့်ညွန့်အေးသည် ၁၅-၁-၂၀၁၆ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

နာယကများနှင့် အလုပ်အမှုဆောင်များ

သန်လျင်နာရေးကူညီမှုအသင်း

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်အေးအေးသင်း

အသက် (၅၄)နှစ်

တောင်ကြီးမြို့၊ ပြည်တော်သာရပ်ကွက်၊ သစ္စာလမ်း၊ အမှတ် (၂၀၇/က)နေ ဗိုလ်ကြီးမောင်အောင် (ငြိမ်း)၏ဇနီး ဒေါ်အေးအေးသင်းသည် ၁၉-၁-၂၀၁၆ရက် (အင်္ဂါနေ့) ည ၁၀း၃၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဗသက(၈၂)မှ သူငယ်ချင်းများ

ဒေါ်မြမြလှိုင်

အသက် (၈၂)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်ရှေ့ရပ်ကွက်၊ မန္တလေးလမ်း၊ အမှတ် ၁၀၀၊ ၃လွှာ၊ညာနေ (ဦးတင်မြင့်၊ လ/ထ-အထွေထွေမန်နေဂျာ၊ မြန်မာ့အာမခံ၊ ငြိမ်း)၏ဇနီး၊ ဒေါ်မြင့်မြင့်ခိုင် (လယ်/ပြ၊ ငြိမ်း)၊ ဒေါ်အေးအေးခိုင် (ဒု/ကြီးမှူး၊ ငွေစာရင်းဌာန၊ မြန်မာ့အာမခံ)၊ ဦးသိန်းထိုက်မြင့်၊ ဦးမျိုးမြင့်ဦး (SH Shipping)- ဒေါ်ခင်ချော၀င်း၊ ဦးမျိုးမြင့်အောင် (ရွှေဇီးကွက် Company Ltd., MD)တို့၏ ချစ်လှစွာသောမိခင်သည် ၁၉-၁-၂၀၁၆ရက် (အင်္ဂါနေ့) ည ၈း၃၀နာရီတွင် ရွှေဂုံတိုင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၁-၁-၂၀၁၆ရက် နံနက် ၁၁နာရီတွင် အထက်ပါနေအိမ်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီး ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဒေါ်သိန်းဟန် (B.A, B.L)(ဝါးခယ်မ) အသက် (၈၂)နှစ်

ဒု-ညွှန်မှူး၊ ရှေ့နေချုပ်ရုံး (ငြိမ်း)

တရားလွှတ်တော်ရှေ့နေနှင့် နိုတြီပဗ္ဗလစ်

ဂုဏ်ထူးဆောင်နာယက (ဝါးခယ်မအသင်းရန်ကုန်)

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ ၃၃လမ်း(အထက်)၊ အမှတ် (၁၈၄/၂ခ)၊ ပထမထပ်နေ ဦးချစ်တင် (တရားလွှတ်တော်ရှေ့နေ)၏ဇနီး၊ ဒေါ်သက်တင်၏အစ်မ၊ ဒေါ်အေးအေးမွန် (မြို့နယ်တရားသူကြီး၊ ဆိပ်ကမ်းမြို့နယ်တရားရုံး)၊ (ဦး မောင်မောင်မြင့်)-ဒေါ်စိမ်းလဲ့မွန် (မပေါက်)တို့၏မိခင်၊ ဗိုလ်ကြီးမျိုးဇင်ဦး (မင်္ဂလာဒုံ လေတပ်စခန်းဌာနချုပ်)- ဒေါ်ပွင့်သက်ကျော်တို့၏အဘွား၊ မောင်မင်းခန့်ဦး၏အဘွားသည်၂၀-၁-၂၀၁၆ရက် နံနက် ၆း၂၀နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၂-၁-၂၀၁၆ရက် မွန်းလွဲ ၁၂း၃၀နာရီတွင် ရန်ကုန်ဆေးရုံကြီးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ခွာပါမည်။) ကွယ်လွန်သူအားရည်စူး၍ ၂၆-၁-၂၀၁၆ရက် နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဒေါ်မြမြ၀င်း အသက်(၆၇)နှစ်

ဒိုက်ဦးမြို့နေ(ဦးချစ်မြ-ဒေါ်ကျင်လွမ်)တို့၏သမီးချွေးမ၊ (ဦးသိန်းဟန်-ဒေါ်ကြူ)၊ (ဦး၀င်းတင်-ဒေါ်ဖြူ)၊ ဒေါ်ငွေးကြည်(ခ)ဒေါ်အိုက်တီ၊ ဦးတင်အောင်-ဒေါ်အေးအေးလွင်၊ ဒေါ်တင်တင် (ဘန်ကောက်မြို့)၏ညီမ၊ ဦးတင်ဆောင်၏ဇနီး၊ ဒေါက်တာအောင်ကြည်မြင့်-ဒေါက်တာငွေးငွေးရီ (အင်္ဂလန်နိုင်ငံ)၊ ဦးခင်မောင်မြင့်-ဒေါ်မော်မော်(တိုင်ပေ)တို့၏အစ်မသည် ၂၀-၁-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၁း၃၅ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၂-၁-၂၀၁၆ရက် (သောကြာနေ့)နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှမိတ်ဆွေများအား အကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ နံနက်၉း၃၀နာရီတွင် ထွက်ခွာပါမည်။)ကွယ်လွန်သူအားရည်စူး၍ ၂၆-၁-၂၀၁၆ရက်(အင်္ဂါနေ့)တွင်ဗဟန်းမြို့နယ်၊ နတ်မောက်လမ်းသွယ်(၁)၊စောမဟာလမ်း၊ အမှတ်၂၃/ခ နေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

ဒေါ်မြမြ၀င်း အသက်(၆၇)နှစ်

ရန်ကုန်မြို့နေ(ဦးစိုးမောင်)-ဒေါ်ခင်မြင့်တို့၏သမီး၊ ဦးဇော်၀င်း-ဒေါ်ခင်မြတ်မိုး၊ ဦးမင်းလွင်-ဒေါ်မာလာနွယ်၊ (ဦး၀င်းမြင့်)-ဒေါ်အေးအေး၀င်း၊ မအေးအေးခိုင်၊ (ကိုနေမျိုးဦး)-မနုနု၀င်း၊ မရီရီမြင့်တို့၏အစ်မသည် ၂၀-၁-၂၀၁၆ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၁၁း၃၅နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၂-၁-၂၀၁၆ရက် (သောကြာနေ့)နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်ဆွေများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၂၆-၁- ၂၀၁၆ရက်(အင်္ဂါနေ့)တွင် ဗဟန်းမြို့နယ်၊ နတ်မောက်လမ်းသွယ်(၁)၊ စောမဟာလမ်း၊ အမှတ်၂၃/ခနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဦးညိုမင်းဦး

(MANAGING DIRECTOR)

(MERCURY RAYS CO.,LTD)

အသက်(၅၅)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ဦးကျော်လှလမ်း၊ (၇)မိုင်၊ အမှတ် ၂၄/အေနေ ဦးညိုမောင်-ဒေါ်ခင်မြင့်လှိုင်တို့၏သား၊ ဒုတိယဗိုလ်ချုပ်ကြီးညွန့်သိန်း(ငြိမ်း)-ဒေါ်တင်တင်ထွေးတို့၏သားသမက်၊ ဦးသန်းနိုင်ဦး(2/E)(CHELLSHIP H.K)- ဒေါ်မီမီကြင်တို့၏ညီ၊ ဦးမျိုးဆွေ (MD)(SWEMYANMAR TRADING CO.,LTD.)-ဒေါ်အေးစန္ဒာညို၊ Capt. ညိုကိုကို(CHELLSHIP H.K)-ဒေါ်ခင်သော်တာတို့၏အစ်ကို၊ ဒေါ်တင်နွယ်၀င်း၏ချစ်လှစွာသောခင်ပွန်း၊ အေးမြတ်မွန်ကျော် (GRADE-XI,T.T.C)၏ဖခင်၊ တူ/တူမ ရစ်ယောက်တို့၏ဦးလေးသည် ၂၀-၁-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့)နံနက် ၁၁နာရီတွင် အာရှတော်၀င်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၂-၁-၂၀၁၆ရက် (သောကြာနေ့)မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၂၆-၁-၂၀၁၆ရက်(အင်္ဂါနေ့)နံနက်၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

မမေမြင့်သိန်း(ခ)သဲသဲ အသက် (၃၃) နှစ်

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ ၅ ရပ်ကွက်၊ ၄၉လမ်းတို၊ အမှတ်(၅၇-၅၉)၊ အခန်း (3A)နေ ဦးစိုးသိန်း @ ဦးစိုး၀င်းရှိန်-ဒေါ်မြင့်မြင့်သန်းတို့၏သမီး၊ (ကိုကျော်ဇောလင်း)-ဒေါ်အိအိခင်၊ (ဦးအောင်သိန်းကို)-ဒေါ်ပန်းအေး၊ ကိုအောင်မြင့်စိုး-ဒေါ်ယဉ်ယဉ်အေးတို့၏ညီမ၊ ဦးမောင်မောင်လေး-ဒေါ်ခင်မြင့်ဦး၊ ဦးသန်းဦး-ဒေါ်စန်းစန်းမြင့်တို့၏တူမ၊ ဦးဇာနည်အောင်၏ဇနီး၊ မောင်စစ်လင်း ရှိန်၊ မောင်သော်စစ်နိုင်တို့၏မိခင်သည် ၁၈-၁-၂၀၁၆ရက် (တနင်္လာနေ့) ညနေ ၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၁-၂၀၁၆ရက် (သောကြာ)နေ့ နံနက် ၁၀ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။

နေအိမ်မှကားများ နံနက် ၈ နာရီတွင် ထွက်ခွာပါမည်။ **ကျန်ရစ်သူမိသားစု**

ဘဒ္ဒန္တဂန္ဓသာရ မဟာထေရ်

သက်တော်(၉၇)နှစ် သိက္ခာတော်(၇၇)ဝါ

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ ပသီကျေးရွာ အောင်တကၠစိန်ဘုရားကြီးကျောင်းတိုက်ကြီး၏ ဦးစီးပဓာန နာယကဆရာတော် ဘဒ္ဒန္တဂန္ဓသာရ မဟာထေရ်မြတ်ကြီးသည် (၁၃၇၇ခုနှစ်၊ ပြာသိုလဆန်း ၇ ရက်) ၁၆-၁-၂၀၁၆ ရက် (စနေနေ့) ည ၁၁း၃၇ နာရီတွင် ဘ၀နတ်ထံပျံလွန်တော်မူပြီးဖြစ်ပါကြောင်း ဆရာတော်ကြီး၏ တပည့်ဒါယကာ၊ ဒါယိကာမ အပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

(အန္တိမဈာပနရက်ကို ထပ်မံကြေညာပါမည်။)

ဈာပနကျင်းပရေးကော်မတီ

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်ကြည်ကြည်လှ (အေလာ)

ကုန်သွယ်ရေးဦးစီးဌာန(ငြိမ်း)

အသက်(၉၀)

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၉)ရပ်ကွက်၊ ပါရမီရိပ်သာ၊မြစံပယ်လမ်း၊ မြစံပယ်ရိပ်မွန်လမ်းသွယ်၊ အမှတ် ၄၀၊ ၁၂(က)နေ(ဦးထွေး-ဒေါ်စိန်ညို)တို့၏သမီး၊ (ဦးကြင်မောင်-ဒေါ်တင်မြင့်)တို့၏သမီးချွေးမ၊ ဦး၀ဏ္ဏိတ (စိန္တာရာမကျောင်းတိုက်၊ ဗဟန်း)၏ ရဟန်းမယ်တော်ကြီး၊ [ဦးမင်းသွင်၊ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး၊ ငြိမ်း)]၏ဇနီး၊ ဒေါက်တာသန်းသန်းသွင်(Green Cross Hospital)-(ဦးခင်မောင်ရင်)၊ ဦးဟန်သွင်-ဒေါ်မူမူ၀င်း (ရေနံသယ်ပို့)၊ ဒေါ်အိအိသွင်-ဦးအောင်ကျော်ရှိန်း၊ ဒေါ်ချိုချိုသွင် (စက်မှုဝန်ကြီးဌာန)၊ ဦးလှသွင် (MRTV)-ဒေါ်ယဉ်ယဉ်မော်တို့၏မိခင်၊ မျိုးမင်းသိမ်း၊ ဇော်မျိုးထွန်း-သင်းပုံ့အေး (ခေတ္တ-စင်ကာပူ)၊ အိသက်ရှိန်း-ဉာဏ်၀င်း (Capital Construction Ltd)၊ ဖြိုးဟန်သွင်(Micro Biologist)၊ မေစိမ်းသွင်(ခေတ္တ-UAE)၊ ဗိုလ်လောင်းရဲမင်းသွင်(ဒုနှစ်၊ တပ်မတော်ဆေးတက္ကသိုလ်)တို့၏အဘွား၊ ရှိန်းသဒ္ဒါဉာဏ်၀င်း၊ သင်းသစ္စာဇော်၊ ဘုန်းပြည့်ဉာဏ်၀င်းတို့၏ ဘွားဘွားကြီးသည် ၁၈-၁- ၂၀၁၆ရက်(တနင်္လာနေ့)ညနေ ၃း၃၅နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၂-၁-၂၀၁၆ရက်(သောကြာနေ့)ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဦးသန်းမြင့်(ခ)ချွာဟိုရှောင်

အသက်(၈၉)နှစ်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ ဝါးတန်းလမ်း၊ ကီလီရိပ်သာလမ်းသွယ်၊ ကီလီကွန်ဒို၊ အမှတ် 7(B)နေ (ချွာကြူးလျန်-အွန်ကင်ခွမ်)တို့၏သား၊ ဒေါ်အေးမြင့်(ခ)ဒေါ်ပို့ပို့၏ချစ်လှစွာသောခင်ပွန်း၊ မောင်ကံဦး၊ မောင်ကံထွန်း-မလှလှအေး၊ မောင်ကံလှ-မချိုချို၊ မသင်းသင်းမြင့်-MR.Brain Crouse တို့၏ချစ်လှစွာသောဖခင်သည် ၂၀-၁-၂၀၁၆ရက် နံနက် ၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၁-၂၀၁၆ရက် (တနင်္ဂနွေနေ့)နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၈း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၂၆-၁-၂၀၁၆ရက်(အင်္ဂါနေ့) နံနက် ၇ နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဦးထွေးဖြူ (ရမ်းဗြဲမြို့နယ်အသင်း၊ ရန်ကုန်)အသက်(၈၇)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဆရာစံမြောက်/အရှေ့ရပ်ကွက်၊ အရှေ့အာဇာနည်လမ်း၊ အမှတ် (၃)နေ (ဦးမောင်ဘွား-ဒေါ်မွေးမညို)တို့၏သား၊ ဒေါ်စံမဖြူ၏ခင်ပွန်း၊ ဦးအောင်ကျော်ဦး-ဒေါ်စံရွှေလှ(အောင်သရဖူ တည်းခိုရိပ်သာနှင့် အထွေထွေစက်မှုလုပ်ငန်း)၊ ဦးသိန်းအောင်-ဒေါ်ခင်ခင်သိန်း(အထက-၂၊ဗဟန်း)၊ဒေါ်ဇင်မာထွေး(စီမံရေးရာဌာန၊မြို့တော်စည်ပင်)တို့၏ဖခင်၊ဒေါက်တာအာယုကျော်၊ ဗိုလ်ဖြိုးသက်ကျော်၊ မောင်ထက်ပိုင်ကျော်(U.V.C)၊ မောင်အောင်ပြည့်ဖြိုးပိုင်တို့၏အဘိုးသည် ၂၀-၁-၂၀၁၆ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၇နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၁-၂၀၁၆ရက်(သောကြာနေ့)မွန်းတည့်၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၂၆-၁-၂၀၁၆ရက် (အင်္ဂါနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ **အမှုဆောင်အဖွဲ့**

ကျန်ရစ်သူ တူ/တူမများ

မမျိုးမျိုးသိန်း(ခ)Monica R Lim

ပွြန်တန်ဆာ/WA.U.S.A

အသက်(၄၄)နှစ်

ပွြန်တန်ဆာမြို့နေ [လင်စွန်တိတ်(ခ)ဦးမြသိန်း]-တန်ယူကမ်း(ခ)ဒေါ်စမ်းစမ်းယဉ်တို့၏သမီး၊ (ဒေါ်ရီ)၊ (ဒေါ်တင်)တို့၏တူမ၊ ဒေါက်တာအေးငြိမ်း(စစ်ကိုင်းတိုင်းဒေသကြီး၊ တိုင်း/ကျန်း ဦးစီးမှူး)-ဒေါ်လီလီသိန်း၊ ဦးအောင်နိုင်ဦး-ဒေါ်အိအိသိန်း(U.S.A)၊ ဦးခင်မောင်ကြိုင်-ဒေါ်နီလာသိန်း(U.S.A)၊ ဦးနိုင်စိုး-ဒေါ်စီစီသိန်း(ဇဋ္ဌီလသက်န်းတိုက်)၊ ဦးတင်တိုး-ဒေါ်အေးမော်သိန်း(မြမူလီ-ဘုရင့်နောင်)၊ ဒေါ်မာလာသိန်း၊ ဒေါ် စန္ဒာသိန်းတို့၏ညီမ၊ ကိုဉာဏ်ငွေးသိန်း၊ မအေးထွေးသိန်း၊ ကိုကံလင်းတို့၏အစ်မ၊ တူ/တူမ ၁၀ယောက်တို့၏အဒေါ်သည် ၁၈-၁-၂၀၁၆ရက် အမေရိကန်စံတော်ချိန် ည ၉း၀၁နာရီတွင် အမေရိကန်နိုင်ငံ၊ ကယ်လီဖိုးနီးယားပြည်နယ် Vacaville မြို့၌ ကွယ်လွန်သွားပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း

ဒေါ်ခင်ခင်အေး (ပခုက္ကူ)

အသက်(၉၀)

ဦးမျိုးအောင် (ဒုတိယဝန်ကြီး၊ စက်မှုဝန်ကြီးဌာန) - ဒေါ်တင်အုန်းမြင့် (အထက်တန်းပြဆရာမ၊ ငြိမ်း)တို့၏မိခင် ဒေါ်ခင်ခင်အေးသည် ၁၈-၁-၂၀၁၆ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းနှင့်ဇနီး မိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း

ဦးကြူးခင် (ခနောင်တို)

အသက်(၇၅)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ တော်ဝင်လမ်း၊ အမှတ် (၆၅/က)နေ ဒေါ်ငွေ၏ချစ်လှစွာသောခင်ပွန်း ဦးကြူးခင် အသက်(၇၅)နှစ်သည် ၁၈-၁-၂၀၁၆ရက် (တနင်္လာနေ့) နံနက်၁း၄၀နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

ဦးညွန့်လွင်၊ ဦးမောင်အေး
ခေတ္တ (U.S.A) ရောက် ဦးမောင်မောင်လင်း၊ ဦးဝိန်၊
ဦးမောင်ကောင်း၊ ဒေါ်ခင်လှကြည်၊
ဦးမောင်မင်း၊ ဦးမျိုးညွန့်၊ ဦးမြင့်ဆွေ မိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ မုခ်ဦး၊ နတ်လမ်း၊ ရေကန်ဒါယကာကြီး

ဦးကြူးခင် (ခနောင်တို)

ပြည်တွင်းရေကြောင်းသွားရေယာဉ်ပိုင်ရှင်များအသင်း(ဥက္ကဋ္ဌ)
ပြည်တွင်းတွဲဆွဲရေယာဉ်ပိုင်ရှင်များအသင်း(ဥက္ကဋ္ဌ)

အသက်(၇၅)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ တော်ဝင်လမ်း၊ အမှတ် (၆၅/က)နေ ဒေါ်ငွေ၏ချစ်လှစွာသောခင်ပွန်း ဦးကြူးခင် အသက်(၇၅)နှစ်သည် ၁၈-၁-၂၀၁၆ရက် (တနင်္လာနေ့) နံနက် ၁း၄၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

ဦးလိန်းကျင်း-ဒေါ်ကင်း
ခေတ္တ (U.S.A) မိသားစု

ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ မုခ်ဦး၊ နတ်လမ်း၊ ရေကန် ဒါယကာကြီး

ဦးကြူးခင် (ခနောင်တို)

မိုးရေကြောင်းသယ်ယူပို့ဆောင်ရေး
ပြည်တွင်းရေကြောင်းသွားရေယာဉ်ပိုင်ရှင်များအသင်း(ဥက္ကဋ္ဌ)
ပြည်တွင်းတွဲဆွဲရေယာဉ်ပိုင်ရှင်များအသင်း(ဥက္ကဋ္ဌ)

အသက်(၇၅)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ တော်ဝင်လမ်း၊ အမှတ် ၆၅/ကနေ ဒေါ်ငွေ၏ ချစ်လှစွာသောခင်ပွန်း၊ ပြည်တွင်းရေကြောင်းသွားရေယာဉ်ပိုင်ရှင်များအသင်း (ဥက္ကဋ္ဌ) ဦးကြူးခင်သည် ၁၈-၁-၂၀၁၆ရက် (တနင်္လာနေ့)တွင် ကွယ်လွန်ကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဦးမြင့်သောင်း-ဒေါ်ဖြူဖြူ

ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း၊မုခ်ဦး၊နတ်လမ်း၊ရေကန်ဒါယကာကြီး

ဦးကြူးခင် (ခနောင်တို)

အသက်(၇၅)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ တော်ဝင်လမ်း၊ အမှတ် ၆၅/ကနေ ဒေါ်ငွေ၏ ချစ်လှစွာသောခင်ပွန်း၊ ပြည်တွင်းရေကြောင်းသွားရေယာဉ်ပိုင်ရှင်များအသင်း (ဥက္ကဋ္ဌ) ဦးကြူးခင်သည် ၁၈-၁-၂၀၁၆ရက်(တနင်္လာနေ့)တွင် ကွယ်လွန်သွားကြောင်းသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဗိုလ်မှူးချုပ်ကျော်နိုင်ဦး(ငြိမ်း)နှင့် ဒေါ်ခင်သက်မွန် မိသားစု
ချမ်းမြေ့ကြွယ်(Group of Companies)ရန်ကုန်မြို့

ဝမ်းနည်းကြေကွဲခြင်း

ရဟန်း၊ ကျောင်း၊ တန်ဆောင်း ဒါယကာကြီး

ဦးသန်းနိုင်(ခ)နိုင်နိုင် အသက်(၆၁)နှစ်

အောင်ဆန်းသူရိယလှသောင်းအထက်တန်းကျောင်း
အထက(၁)ဒဂုံ ကျောင်းသားဟောင်း
UNHCR / IND (ငြိမ်း)

ရန်ကုန်မြို့၊ဗဟန်းမြို့နယ်၊ဗိုလ်ချို(၂)ရပ်ကွက်၊မိုးမခလမ်း၊အမှတ် 449/W နေ(ဦးဟန်ထွေး-ဒေါ်ခင်စန်း)တို့၏သား၊ သရေစည်သူ ဦးအောင်တိုး-(ဒေါ်အေးကြည်)တို့၏သားသမက်၊ ဦးဝင်းလွင်-ဒေါ်ခင်စန္ဒာတိုးတို့၏အစ်ကို၊ ဒေါက်တာဒေါ်ခင်သီတာတိုး(အထက-၁၊ ဒဂုံ)၏ ချစ်လှစွာသောခင်ပွန်းသည် ၁၉-၁-၂၀၁၆ရက် (အင်္ဂါနေ့) နံနက် ၀၀း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ်နှင့်
တရားလွှတ်တော်တရားသူကြီးများ၊
တိုင်းဒေသကြီးတရားရေးဦးစီးမှူး၊ တရားရေးအရာရှိများ
ခရိုင်နှင့်မြို့နယ်တရားရုံးတရားသူကြီးများ

ဝမ်းနည်းကြေကွဲခြင်း

ရဟန်း၊ ကျောင်း၊ တန်ဆောင်း ဒါယကာကြီး

ဦးသန်းနိုင်(ခ)နိုင်နိုင်

အသက်(၆၁)နှစ်

အထက(၁)ဒဂုံမှ အထက်တန်းပြဆရာမ ဒေါက်တာဒေါ်ခင်သီတာတိုး (အထက်တန်းကိုယ်စားလှယ်မိဘဆရာအသင်း)၏ခင်ပွန်း ဦးသန်းနိုင်(ခ)နိုင်နိုင်သည် ၁၉-၁-၂၀၁၆ရက် (အင်္ဂါနေ့) နံနက် ၀၀း၂၀တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ကျောင်းအုပ်ဆရာကြီးနှင့် ဆရာ၊ ဆရာမများ
မိဘဆရာအသင်းနှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့၊ အထက(၁)ဒဂုံ

ဦးလှဖေ(ခ)ဖန်းကီကြိုက် အသက်(၁၀၁)နှစ်

(ယခင် ဒေါ်စိန် စွပ်ကျယ်စက်ပိုင်ရှင်)

ရန်ကုန်မြို့၊ လသာမြို့နယ်၊ ဗိုလ်ရွှေလမ်း၊ အမှတ် ၇၁-၇၃နေ (ဒေါ်ဟုန်)၏ခင်ပွန်း၊ USA နေ (ဦးကြည်ယုံ)-ဒေါ်စိန်တို့၏အစ်ကို၊ (ဦးသိန်းဇော်)-ဒေါ်သင်းသင်းလှိုင်၊ ဦးဖေခင်-ဒေါ်ခင်စိန်၊ ဦးကိုကိုလေး-ဒေါ်သီဂီလှဖေတို့၏ဖခင်၊ ဦးဒေဒေး-ဒေါ်တင်တင်အေး၊ ဒေါ်အေးအေးခိုင်၊ ဒေါက်တာဦးမြင့်လွင်-ဒေါက်တာဒေါ် Evelyn Khoo၊ ဦးညီညီထွေးတို့၏ဘကြီး၊ Rodney၊ ဦးဇာနည်ထွန်း၊ ဦးစည်သူထွန်း-ဒေါ် Maryann၊ ဒေါက်တာဦးအောင်ဗိုလ်ဗိုလ်ဇော်၊ ဦးဇေယျာဖြိုး-ဒေါ်Sarah၊ မမိုးမြတ်သူဇာဇော်၊ ကို Andrew၊ မောင် Ryan၊ မHillaryတို့၏အဘိုးသည် ၂၀-၁-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့)ည ၁၀း၄၀နာရီတွင် ဗဟိုရ်စည်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၄-၁-၂၀၁၆ရက်(တနင်္ဂနွေနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း

ဖီးဖီးနော်အဲသာ(ခ)နော်အဲသယ် အသက်(၉၆)နှစ်

NAW ETHEL

သူနာပြုဆရာမကြီး (SUN LIGHT HOSPITAL)

ကြည့်မြင်တိုင်မြို့နယ်၊ ကရင်အမျိုးသားရပ်ကွက်၊ ဒေါ်လှလမ်း၊ အမှတ် ၇နေ(စောတေးဖဲ-နော်ရီစီ)တို့၏သမီး၊ (စောဒေးဗစ်-နော်မရွှေ)၊ နော်ဒေါရသီဖဲ-စောအမ်ဘိုးရင်တို့၏အစ်မ၊ စောချားလ်(စ်)ဒေးဗစ်-(နော်ဝေဖော)၊ နော်မာဂရက်ဒေးဗစ်-(ဦးသန်းငွေး)၊စောအော်လီဗာ-နော်သပ်တော၊စောဂျွန်-နော်နီနီမာထွန်း၊ စောဂျိမ်း-နော်ယူလား၊ စောဒဲနီယယ်-နော်မိနီ၊ နော်တာမလာမူး-ဒေါက်တာစိုးငွေ၊ နော်ဆာကပေါ်မူး-ဦးဝေလျံ၊ နော်ဆဲထီမူး-ဦးဒေးဗစ်ရာဂျန်းတို့၏အဒေါ်၊ မြေး ၃၈ယောက်၊ မြစ်ခြောက်ယောက်တို့၏ဖီးဖီးကြီးသည် ၂၁-၁-၂၀၁၆ရက် နံနက် ၁၀း၀၅နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၂၃-၁-၂၀၁၆ရက် (စနေနေ့)နံနက် ၁၁နာရီတွင် ရန်ကုန်ကရင်နှစ်ခြင်းအသင်းတော်(သူဌေးကုန်း) ဘုရားကျောင်း(၅၁၄-အောက်ကြည့်မြင်တိုင်လမ်း၊ အနောက်ပိုင်းဆေးရုံရှေ့)၌ ဝတ်ပြုဆုတောင်းပြီး ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံဥယျာဉ်တော်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

ဒေါ်ခင်မြင့်(ပဲခူး) အသက်(၈၂)နှစ်

ပဲခူးမြို့၊ ဇိုင်း/တောင်၊ ဝင်္ဂဘာလမ်းနေ (သူကြီး ဦးစိန်ခိုင်-ဒေါ်သက်စု)တို့၏သမီး၊ (ဒေါက်တာကျော်စိန်၊ ပညာရေးဝန်ကြီး၊ ငြိမ်း)-ဒေါ်တင်တင်အေး (အထွေထွေမန်နေဂျာ၊ သစ်လုပ်ငန်း)တို့၏ညီမ၊ ဦးလှထွေး-(ဒေါ်ခင်သင်းအောင်)တို့၏အစ်မ၊ ရန်ကုန်မြို့၊ ၃၃လမ်း၊ အမှတ် ၁၈၉၊ က/၁နေ (ဗိုလ်ကြီးသိန်းအောင်)၏ဇနီး၊ ဦးဉာဏ်လင်းအောင်(သင်းလဲ့ဝင်းပုံနှိပ်တိုက်)- ဒေါ်ဖြူဖြူဝင်း(Tour Guide)၊ ဒေါ်နန်းမြင့်အောင်၊ ဒေါ်မီမီအောင် (လ/ထ ညွှန်မှူး၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာန)၊ ဦးမျိုးမြင့်အောင်(Arian ကုမ္ပဏီ)-ဒေါ်အေးစန္ဒီတို့၏မိခင်၊ မြေးသုံးယောက်တို့၏အဘွားသည် ၂၁-၁-၂၀၁၆ရက် ညနေ ၅း၄၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၁-၂၀၁၆ရက် ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ရဟန်းဒါယိကာမကြီး

ဒေါ်လေးမြင့် (သတင်းစာကိုယ်စားလှယ်)

အသက်(၆၉)နှစ်

ပြွန်တန်ဆာမြို့၊ အနောက်စုရပ်ကွက်နေ(ဦးစံတင်-ဒေါ်ကြည်လေး)တို့၏ သမီးကြီး၊ တာချီလိတ်မြို့နေ(ရဲအုပ်လေးရည်-ဒေါ်မြမြငွေ)၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၂၅)ရပ်ကွက်၊ အမှတ် ၁၁နေ ဒေါ်ခင်လေးမြ (နိုင်ငံတော်သမ္မတရုံး)၊ ဒေါ်ခင်လေးမြိုင် (သတင်းအချက်အလက်နည်းပညာတက္ကသိုလ်)၊ ဦးသေဋ္ဌလ(မုံရွာ)၊ (ဒေါ်ခင်လေးမော်)တို့၏အစ်မ၊ ဦးမြတ်သူ(ခေတ္တ-ဘန်ကောက်)၊ ဦးစန်းမောင်-ဒေါ်လဲ့လဲ့သူ၊မသိမ့်သိမ့်သူ၊(ကိုအောင်သူ)၊ကိုကျော်သူတို့၏မိခင်၊ ကိုညီညီဇော်-မနန်းတစ်၊ ကိုညီညီအောင်၊ ကိုညီညီလင်း၊ မောင်ဟိန်းညီထွန်းတို့၏ကြီးကြီးမေ၊ မနန်းခမ်းလျှံ၊ မရှင်လင်းလက်မြင့်မိုရ်တို့၏ ဘွားဘွားကြီး၊ (ဦးစိန်သောင်း)၏ချစ်လှစွာသောဇနီးသည် ၂၀-၁-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့) ည ၈နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၁-၂၀၁၆ရက်(သောကြာနေ့)မွန်းလွဲ ၂နာရီတွင် ကျီစုသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၆-၁-၂၀၁၆ရက် (အင်္ဂါနေ့) နံနက် ၇နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ ကျောင်း၊ ဇရပ် ဒါယိကာမကြီး

ဒေါ်လှတင် (ကျောက်ပန်းတောင်း) အသက်(၉၅) နှစ်

ကျောက်ပန်းတောင်းမြို့၊ လွတ်လပ်ရေးရပ်ကွက်၊ နှယ်သာကီလမ်း၊အမှတ် (၁၄)နေ (ဦးဖိုးထွန်း-ဒေါ်ချုပ်)တို့၏သမီး၊ ဦးဝါမောင်(အလယ်တန်းပြဆရာ၊ ငြိမ်း)၏ဇနီး၊ ဦးမောင်မောင်အောင် (မူလတန်းကျောင်းအုပ်ဆရာကြီး၊ ငြိမ်း)-ဒေါ်ခင်မာညို၊ ဒေါ်ခင်စန်းမြင့်(ကျောင်းအုပ်ဆရာမကြီး၊ အထက(၁)ဗိုလ်တထောင်၊ ငြိမ်း)၊ ဒုတိယဗိုလ်မှူးကြီး သန်းဝင်းမောင်(ငြိမ်း)၊ Director MBD Group Co.Ltd -ဗိုလ်ကြီးဒေါ်မေသန့်ဇင်(ငြိမ်း)၊ ဦးစိုးလွင်(အလပြ)-ဒေါ်ခင်အေးနွယ်(အလပြ)၊ ဦးသိန်းဇော်(ခရိုင်ဦးစီးမှူး ထွေ/အုပ်၊ ငြိမ်း)-ဒေါ်ခင်စန်းငွေး (အလပြ၊ငြိမ်း)၊ဦးစန်းလွင် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ(မင်္ဂလာဒုံ)-ဒေါ်စီစီသင်းတို့၏ မိခင်၊ မြေး ၁၃ယောက်၊ မြစ်လေးယောက်တို့၏ ဘွားဘွားကြီးသည် ၂၁-၁-၂၀၁၆ ရက် နံနက် ၉နာရီတွင် ကွယ်လွန်သွားပါ၍ ၂၂-၁-၂၀၁၆ရက် (သောကြာနေ့) ညနေ ၄နာရီတွင် ကျောက်ပန်းတောင်းမြို့၊ အမှတ်(၃)သုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း၊ ရပ်ဝေးရပ်နီးဆွေမျိုး မိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (ကွယ်လွန်သူအားရည်စူး၍ ၂၇-၁-၂၀၁၆ ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။)

ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်သန်းသန်းရီ

အသက်(၆၁)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ဘုရင့်နောင်ပွဲရုံတန်း၊ ပိတောက်လမ်း၊ (ဆ/၇၉-ယ)နေ မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များအသင်း၊ ဗဟိုအလုပ်အမှုဆောင် ဦးထင်အောင် (အောင်ဘောဂ ဆန်ပွဲရုံ)၏ဇနီး ဒေါ်သန်းသန်းရီသည် ၁၉-၁-၂၀၁၆ရက်(အင်္ဂါနေ့) နံနက် ၉း၅၀နာရီတွင် ဆာကူရာဆေးရုံ၌ ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

မြန်မာနိုင်ငံဆန်စပါးကုန်သည်များအသင်း

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်သန်းသန်းရီ

အသက်(၆၁)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ဘုရင့်နောင်ပွဲရုံတန်း၊ ပိတောက်လမ်း၊ (ဆ/၇၉-ယ)နေ မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များအသင်း၊ ဗဟိုအလုပ်အမှုဆောင် ဦးထင်အောင် (အောင်ဘောဂဆန်ပွဲရုံ)၏ဇနီး ဒေါ်သန်းသန်းရီသည် ၁၉-၁-၂၀၁၆ရက်(အင်္ဂါနေ့)နံနက် ၉း၅၀နာရီတွင် ဆာကူရာဆေးရုံ၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဦးအောင်သန်းဦး-ဒေါ်အေးမြင့် မိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး

ဦးသန်းမြင့် (မုံရွာမြို့)

(နေမင်းကြည်-ဖိနပ်ဆိုင်၊မုံရွာမြို့)

အသက်(၈၅)နှစ်

မုံရွာမြို့၊ မုံရွာတောင်၊ မြို့တော်ဝန်ရပ်နေ ဒေါ်မြင့်မြင့်၏ချစ်လှစွာသောခင်ပွန်း၊ ဦးနာဂိန္ဒ (ဇောမိတထောင်)၊ (ဥုးပဋ္ဌင်း ဦးနာယက)၊ ဦးမင်းမင်း-ဒေါ်နုနုယဉ်၊ ဦးတင်စိုး၊ ဒေါ်မြင့်မြင့်ဆွေ၊ ဒေါ်ခိုင်ခိုင်(နေမင်းကြည်-ဖိနပ်ဆိုင်၊ မုံရွာ)၊ ဦးကြည်ဇော်မြင့်-ဒေါ်ညွန့်ညွန့်ဝေတို့၏ဖခင်၊ ကိုရည်မွန်ဦး-မနွဲ့နွဲ့မူ၊ ကိုကျော်ဇင်ထွန်း၊ မအေးမြင့်ဦး၊ မောင်ထက်အာကာကျော်တို့၏ အဘ၊ မောင်မင်းဝေယံထွန်း၏အဘိုးသည် ၂၀-၁-၂၀၁၆ရက် နံနက် ၂း၀၅နာရီတွင် အာရုတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ မွန်းလွဲ ၂နာရီတွင်ပင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဦးဉာဏ်ရင်

(ယခင် ကုန်ဌာနမှူးချုပ်၊ ဆိပ်ကမ်းအုပ်ချုပ်ရေးအဖွဲ့)

အသက်(၈၄)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မုန့်/မြောက်ရပ်ကွက်၊တိုက် ၃၊ အခန်း ၆နေ(ဦးရွှေဖြူ-ဒေါ်အေးပု)တို့၏သား၊ (ဒေါက်တာဦးဖိုးမြိုင် - ဒေါ်စောရှင်)တို့၏သားသမက်၊(ဒေါ်တင်နု)၊ (ဦးစိန်ဖေ)-ဒေါ်ဆွေဆွေတို့၏မောင်၊ ဒေါ်ညွန့်ညွန့်မြိုင်(ဌာနမှူး၊ ငြိမ်း၊ လမ်းစဉ်ပါတီဌာနချုပ်)၏ခင်ပွန်း၊ ဦးမောင်မောင်နု-ဒေါ်မြင့်မြင့်ဆွေ၊ ဦးသိန်းစိုး-ဒေါ်လယ်လယ်မာ၊ဦးမြင့်စိုး-ဒေါ်ခင်စိုးပိုင်၊ ဦးသော်ဦး-ဒေါက်တာ ဒေါ်ကြူကြူဆွေ၊ ဦးထိန်ဝင်း-ဒေါ်ခင်မိုးမိုး၊ (ဦးဉာဏ်လင်း)တို့၏ ဦးလေးသည် ၂၁-၁-၂၀၁၆ရက် (ကြာသပတေးနေ့) နံနက် ၈း၃၀နာရီတွင် အကယ်ဒမီဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၃-၁-၂၀၁၆ရက်(စနေနေ့)မွန်းတည့် ၁၂နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဒေါ်ကျင်သန်း

အသက်(၈၁)နှစ်

ရန်ကုန်မြို့၊ သုဝဏ္ဏ၊ (၂၉)ရပ်ကွက်၊ မင်းဒင်(၃)လမ်း၊ တိုက် ၃၁၊ အခန်း ၃နေ ဦးလှရီ-ဒေါ်ငွေးရီ၊ ဦးဝင်းရွှေ-ဒေါ်ထွေးတင်တို့၏အစ်မ၊ (ဦးစိုးဝင်း)-ဒေါ်ကြည်ကြည်ဝင်း(အထက-၄၊ သဃ်န်းကျွန်း)၊ ဦးသိန်းဦး-ဒေါ်ခင်ဦးဆွေ၊ မခင်ချိုဦး၊ ဦးငွေးအောင်-ဒေါ်ဥမ္မာလှိုင်တို့၏မိခင်သည် ၂၀-၁-၂၀၁၆ရက်(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၁-၂၀၁၆ရက်(သောကြာနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၈း၁၅နာရီတွင် ထွက်ခွာပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၂၆-၁-၂၀၁၆ရက် (အင်္ဂါနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း

မိုဟာမက်အစ္စဟားက်(ခ) ဦးဝင်းလှိုင်

အသက်(၆၈)နှစ်

ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ လက်ပံတန်း (ကျွန်းကလေး)နေ (ဦးလာလား - ဒေါ်မွန်းနီ)တို့၏ သား၊ အုတ်ဖိုမြို့နေ (ဦးအဘူး-ဒေါ်တင်အေး)တို့၏သားသမက်၊ ဒေါ်မြရွှေ၏ချစ်လှစွာသောခင်ပွန်း၊(ဦးအာမက်-ဒေါ်ဟဂျရာ)၊ (ဦးသိန်းအောင်)-ဒေါ်အရှာတို့၏မောင်၊ ရန်ကုန်မြို့နေ ဟာဂျီ ဦးအာလမ်-ဟာဂျီမ ဒေါ်သန်းသန်း၊ ဦးသန်းအောင်-ဒေါ်စန္ဒာမြင့်၊ (ဦးလှဝင်း)တို့၏ အစ်ကို၊ ကိုမြင့်ဦး-မဖြူနှင်းသက် (မိသားစု ထမင်းဆိုင်)၊ ကိုထွန်းထွန်းနိုင် - မနီလာဝင်း (တောင်လေ့ကားအဆင့်မြင့် စာအုပ်ချုပ်လုပ်ငန်း)တို့၏ဖခင်၊ မြေးငါးယောက်တို့၏အဘိုးသည် ၁၆-၁-၂၀၁၆ရက် (စနေနေ့) နံနက် ၁၁း၁၅နာရီတွင် အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ယင်းနေ့ ညနေ ၅း၃၀နာရီတွင် အစ္စရ်ရှမာဇ်အပြီးတွင် လက်ပံတန်းကဘာရ်စတန်ဥယျာဉ်တော်၌ ဒါဖွာနာပြုလုပ်ပြီး ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဘဒ္ဒန္တတေဇေန

(ရပ်ကွက်သံဃနာယက ဥက္ကဋ္ဌ)

သက်တော်(၈၅)နှစ်၊ သိက္ခာတော်(၆၅)ဝါ

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁)ရပ်ကွက်၊ ရွာမကျောင်းလမ်း၊ ကမာရွတ်ရွာမကျောင်းတိုက်ကြီး၏ ဦးစီးပဓာနနာယကဆရာတော် ဘဒ္ဒန္တတေဇေနသည် ၂၁-၁-၂၀၁၆ရက် (ကြာသပတေးနေ့) နံနက် ၆း၄၅နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ရပ်ဝေးရပ်နီးမှ တပည့်သံဃာ၊ ဒါယကာ၊ ဒါယိကာမ အပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။ (အန္တိမအဂ္ဂိရှာပနသဘင် ဆင်ယင်ကျင်းပမည့်ရက်ကို ထပ်မံကြေညာပါမည်။)

ဆရာတော် ဦးသဓ္ဓနနှင့်
တပည့်သံဃာ၊
ဒါယကာ၊ ဒါယိကာမများ

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

ဦးတင်မောင်အေး (ဖျာပုံမြို့)

ကေသီပန်ရပ်ရှင်

အသက်(၈၆)နှစ်

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ မဟာဗန္ဓုလလမ်းနှင့် ၄၃လမ်းထိပ်၊ အမှတ် ၂၈၇၊ အခန်း ၉(ပထမထပ်)နေ(ဦးရှုစွမ်-ဒေါ်ချစ်)တို့၏သား၊ [ဦးမောင်မြင့်-ဒေါ်မြင့်မြင့်(ဖျာပုံ)]တို့၏မောင်၊ ဒါရိုက်တာ ဦးခင်ဇော်-ဒေါ်လှလှမြတ်တို့၏ညီ၊ ဒေါ်သောင်းတင်၏ခင်ပွန်း၊ (ကိုဟန်ထွန်း)၊ကိုကျော်နိုင်ဦး-မချိုချိုခိုင်၊ မောင်သန်းထွန်း၊ မမျိုးမျိုးလင်း (ထ-၅၊ ဗိုလ်တထောင်)၊ ဒေါ်ခင်စန်းကြည်၊ ဦးအုန်းဟန်-ဒေါ်ခင်ခင်စိန်၊ ဦးခင်မောင်အေး-ဒေါ်ခင်တုတ်၊ ဦးတင်အုန်း-ဒေါ်သန်းလှတို့၏ဖခင်၊ မြေး ၁၇ယောက်တို့၏အဘိုးသည် ၂၀-၁-၂၀၁၆ရက်(ဗုဒ္ဓဟူးနေ့)ည ၉း၀၅နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၂-၁-၂၀၁၆ရက်(သောကြာနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၆-၁-၂၀၁၆ရက်(အင်္ဂါနေ့)နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဦးတော့ဝါ(ခ)ဦးခင်ဇော်

(ရွှေသစ္စာ၊ ဘုရင့်နောင်ပွဲရုံတန်း)

အသက်(၈၆)နှစ်

လှိုင်မြို့နယ်၊ အေးရိပ်မွန်အိမ်ရာ၊ ပိတောက်လမ်းသွယ်(၂)၊ အမှတ် ၄၇နေ (ဦးစံထွန်း-ဒေါ်စိန်တင်)တို့၏သား၊ဒေါ်ရွှတ်ဝါ၏ခင်ပွန်း၊ ဦးကံဝင်း(ခ)ဦးသန်းဝင်း-ဒေါက်တာနိုင်နိုင်အေး၊ ဒေါ်ကြည်ကြည်ဝင်း(ခ)ကြည်လေး-ဦးသန်းစိုး၊ ဦးအောင်ထွန်း - ဒေါက်တာမြင့်မြင့်အေး၊ ဒေါက်တာစုစုဝင်း - ဒေါက်တာ HUANG CHU CHIUN တို့၏ဖခင်၊ မြေးငါးယောက်တို့၏အဘိုးသည် ၂၀-၁-၂၀၁၆ရက်(ဗုဒ္ဓဟူးနေ့) ညနေ ၄း၅၉နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၁-၂၀၁၆ရက်(တနင်္ဂနွေနေ့)နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၆-၁-၂၀၁၆ရက်(အင်္ဂါနေ့)နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဦးတင်လှိုင်တင်

အသက်(၇၀)

ရန်ကုန်မြို့၊ လှိုင်မြို့နယ်နေ (ဦးတင်လှ-ဒေါ်မကြီး)တို့၏သား၊ (ဦးမာရေး)-ဒေါ်သန်းကြည်တို့၏သားသမက်၊ (ဦးအောင်သန်း)-ဒေါ်ခင်မြင့်ကြည်၊ (ဦးသန်းညွန့်-ဒေါ်အုန်းမြင့်)၊(ဦးတင်စိန်)-ဒေါ်ညွန့်ညွန့်တို့၏ညီ/မောင်၊ဦးတင်ဝင်း-ဒေါ်ရီရီဝင်းတို့၏အစ်ကို၊ ဦးကျော်သူရ(ရွှေလင်းယုန်-Cartoon Box)-ဒေါ်ညီညီစန်း၊ ဦးကျော်ဝဏ္ဏ(UNITEAM MARINE)-ဒေါ်မြင့်မြင့်စန်း၊ ဦးကျော်သီဟ(KTH-Cartoon Box)-မငယ်လေးတို့၏ဖခင်၊ မြေးငါးယောက်တို့၏ဘိုးဘိုးကြီး၊ လှိုင်မြို့နယ်၊ အေးရိပ်မွန်အိမ်ရာ၊ တိုက် ၇၊ အခန်း ၂၀၅နေ ဒေါ်ဘေဘီ၏ခင်ပွန်းသည် ၂၁-၁-၂၀၁၆ရက်(ကြာသပတေးနေ့) နံနက် ၇နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၁-၂၀၁၆ရက်(စနေနေ့) ညနေ ၃နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၇-၁-၂၀၁၆ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဦးခင်ထွန်း(ခ)ဦးဖိုးချွန်

အသက်(၆၂)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၉)ရပ်ကွက်၊ သူရလမ်း၊ အမှတ် ၈၉နေ (ဦးခင်မောင်ထွန်း-ဒေါ်ခင်မြစိန်)တို့၏သား၊ ဦးဟန်ထွန်း(ရန်ကုန်တိုင်း ကျန်းမာရေးဦးစီးဌာန၊ ငြိမ်း)-ဒေါ်ခင်ခင်ညွန့်၊ ဦးနေထွန်း-ဒေါ်ခင်ခင်ညို (မြောက်ဥက္ကလာပမြို့နယ် ကျန်းမာရေးဌာန)၊ ဒေါ်မေမြတ်ထွန်း (ကုသရေးဦးစီးဌာန၊ ဘဏ္ဍာရေး)၊ ဒေါ်ဝေလွင်ထွန်း(ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကျန်းမာရေးပညာဌာနခွဲ)တို့၏အစ်ကိုကြီး၊ ဦးအောင်မျိုးမင်း၊ ဦးကျော်စိုးလင်း-ဒေါ်အိအိမွန်တို့၏ဖခင်၊ ဦးတင်နေထွန်း-မဖြူသဲ၊ ဦးတင်မင်းထွန်း-ဒေါ်ယုယထွန်း၊ ဦးမျိုးသီဟထွန်း-ဒေါ်ယမင်းထွန်း၊ ဦးတင်ကိုခန့်တို့၏ဘကြီး၊ မောင်သုတစစ်သွေး၊ မောင်ဘုန်းခန့်ကျော်တို့၏အဘိုးသည် ၂၁-၁-၂၀၁၆ရက် (ကြာသပတေးနေ့) နံနက် ၆း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၁-၂၀၁၆ရက် (စနေနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။[အမှတ် ၈၉၊ သူရလမ်း၊(၉)ရပ်ကွက်၊ တောင်ဥက္ကလာပနေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း

ဦးမောင်မောင်လှ

အသက်(၅၇)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ ဂန္ဓမာလမ်း၊ အမှတ် ၇၈နေ (ဦးကျော်လင်း-ဒေါ်စောမြင့်)တို့၏သား၊ (ဦးအင်စိန်)-ဒေါ်ရှုကြည်တို့၏သားသမက်၊ ဦးမောင်မောင်လွင်-ဒေါ်သီတာပြုံး၊ ဒေါ်တင်တင်ရွှေတို့၏ညီ/မောင်၊ ဦးမောင်မောင်ကြည်၊ ဦးမောင်မောင်မြင့်-ဒေါ်ပြုံးပြုံးတို့၏အစ်ကို၊ ဒေါ်သန်းသန်းငွေး၏ချစ်လှစွာသောခင်ပွန်း၊ မအိရွှေစင်(G.E.S.C တရုတ်စာသင်တန်းကျောင်း)၊ မောင်ပွင့်ဦး B.E (Civil)T.U(မော်ဘီ)တို့၏ချစ်လှစွာသောဖခင်သည် ၂၁-၁-၂၀၁၆ရက်(ကြာသပတေးနေ့) ညနေ ၃း၃၀နာရီတွင် ရန်ကင်းကလေးဆေးရုံ (နှလုံးအထူးကုဌာန)တွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၂၃-၁-၂၀၁၆ရက်(စနေနေ့)နံနက်၁၀နာရီတွင်ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံဥယျာဉ်တော်၌ဝတ်ပြုဆုတောင်းပြီး ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၈း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဖျာပုံမြို့တွင် JICA (ODA Loan) ဖြင့် မြစ်ရေသန့်စင်ပြီး တစ်ရက်လျှင် ရေဂါလန်ခြောက်သိန်းပေးမည်

ဖျာပုံမြို့ရှိ ရေစုကန်၊ ရေစစ်ကန်များ တည်ဆောက်နေမှုကို တွေ့ရစဉ်။

သတင်းဆောင်းပါး-အောင်ဝင်း(ဖျာပုံ)

ဖျာပုံ ဇန်နဝါရီ ၂၁

စားဝတ်နေရေးဟူသည် ကဏ္ဍသုံးရပ်အနက် အဓိက အရာကို ညွှန်ပြပါဟုဆိုလျှင် ရေကိုသာ ညွှန်ပြရမည် ဖြစ်သည်။ ရေသည် သက်ရှိသတ္တဝါတို့အတွက် သောက်သုံးရန်နှင့် စိုက်ပျိုးရန် မရှိမဖြစ်ပေ။ ထမင်းအသက် ခုနစ်ရက်၊ ရေအသက်တစ်မနက်ဟု ဆိုသကဲ့သို့ အညာဒေသ လူအများက ရွှေကိုမလို ရေကိုသာလိုသည်ဟု ပြောကြသည်။ သို့အတွက် နိုင်ငံတော်အစိုးရအဆက်ဆက်တွင် သောက်ရေ၊ သုံးရေနှင့် စိုက်ပျိုးရေရရှိရေး အလေးထား ဆောင်ရွက်ပေးလျက်ရှိခဲ့ကြသည်။

ကမ္ဘာ့လူဦးရေကလည်း နှစ်စဉ်တိုးပွားနေပြီး ၂၀၅၀ ပြည့်နှစ်မှာ ကိုးဘီလီယံဖြစ်လာနိုင်ကြောင်း ပညာရှင်တို့က ခန့်မှန်းထားကြသည်။ ကမ္ဘာ့လူဦးရေ၏ ၄၀ ရာခိုင်နှုန်းသည် ရေရှားပါးသည့်ဒေသမှာ နေထိုင်ကြပြီး ၂၀ ရာခိုင်နှုန်းက ရေကောင်းရေသန့်မရသူများဖြစ်ကြောင်း လေ့လာသိရှိရသည်။

၂၀၁၅ ခုနှစ်သည် ကမ္ဘာပေါ်တွင် အပူဆုံးနှစ်ဖြစ်ခဲ့ပြီး ၂၀၁၆ ခုနှစ်မှာ ပိုပြီးသတိပြုရန်လိုကြောင်း၊ လာမည့် ၂၀၁၆ ခုနှစ် မတ်လတွင် ပူပြီးခြောက်သွေ့နိုင်ကြောင်းနှင့် မိုးနည်းနိုင်ကြောင်း မိုးလေဝသပညာရှင်များက ခန့်မှန်းထားကြသည်။ သို့အတွက် နယ်မြေဒေသ တိုင်းသန့်ရှင်းသောသောက်သုံးရေ အလွယ်တကူရရှိရေး နိုင်ငံတော်အနေဖြင့် နိုင်ငံတကာအကူအညီ၊ ပြည်တွင်း NGO အဖွဲ့များနှင့် *စာမျက်နှာ ၁၁ ကော်လံ ၁* ■

ရန်ကုန်-မန္တလေး အမြန်လမ်းမပေါ်၌ တစ်ဖက်တစ်လမ်းမှ ပူးပေါင်းကူညီပေးလျက်ရှိသည့် အကျိုးပြုပရဟိတ လူမှုအဖွဲ့အစည်းများ

သတင်းဆောင်းပါး-ဝင်းဝင်းမော်၊ မြတ်စန္ဒီ

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးထက် တောင်ငူမြို့အထွက်တွင် အိမ်စီးမော်တော်ယာဉ်ငယ်တစ်စီး မောင်းနှင်လာစဉ် မမျှော်လင့်ဘဲတိမ်းမှောက်မှု ဖြစ်ပွားခဲ့သည်။

ယာဉ်သွား ယာဉ်လာရှင်းနေသည်မို့ ဒဏ်ရာများနှင့်လူငယ်မှာ ခိုကိုးရာမဲ့ ဒုက္ခရောက်နေရှာသည်။ ထိုစဉ်အခိုက်မှာပင် အရေးပေါ်မီးတန်းများ ဆင်မြန်းထားသည့် ဆလွန်းကားတစ်စီးထိုးဆိုက်လာပြီး ဒဏ်ရာရလူငယ်ကို သယ်ဆောင်ကာ တောင်ငူပြည်သူ့ဆေးရုံသို့ ပို့ဆောင်ကူညီပေးခဲ့၍ အမြန်လမ်းပေါ်၌ အသက်တစ်ချောင်း ဝေးလွင့်ကွယ်ပျောက်ရမည့် ဘေးနှင့် ကင်းဝေးသွားခဲ့ရသည်။ *စာမျက်နှာ ၈ ကော်လံ ၁* ❖

မောင်းသူမဲ့လေယာဉ်(ဒရုန်း)များကို အဆင့်သတ်မှတ်ချက်အပေါ်မူတည်၍ ကန့်သတ်ထိန်းချုပ်ရန် စီစဉ်ဆောင်ရွက်နေ

သတင်း-ဇော်ကြီး(ပဏီတ)၊ ဓာတ်ပုံ-အင်တာနက်

ရန်ကုန် ဇန်နဝါရီ ၂၁

အဝေးထိန်းစနစ်ဖြင့်ပျံသန်းသည့်မောင်းသူမဲ့လေယာဉ်(ဒရုန်း)များကို အဆင့်သတ်မှတ်ချက် အပေါ်မူတည်၍ ကန့်သတ်ထိန်းချုပ်သွားရန်စီစဉ်ဆောင်ရွက်နေကြောင်း ပို့ဆောင်ရေးဝန်ကြီးဌာန လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

"ဒရုန်းတွေကို ကစားစရာအဆင့်၊ ဝါသနာရှင်အဆင့်နဲ့ စီးပွားရေးလုပ်ငန်းသုံးအဆင့်ဆိုပြီး အလေးချိန်နဲ့ စွမ်းဆောင်ရည်ပေါ်မူတည်ပြီး *စာမျက်နှာ ၁၁ ကော်လံ ၁* ✻

ယနေ့ ဖတ်စရာ

ကမ္ဘာထက် ၁၀ ဆကျော်ကြီးသော ဂြိုဟ်ကြီးတစ်လုံး နေအဖွဲ့အစည်း၏ ကိုးလုံးမြောက်ဂြိုဟ် ဖြစ်လာဖွယ်ရှိ စာမျက်နှာ » ၄

သဘော်ဝမ်းပိုက်အတွင်း ဝရိန်ဆော်ရာမှ သဘော်သုံးစင်း မီးလောင်ဆုံးရှုံး စာမျက်နှာ » ၁၃

Media Sponsor by MRTV4
ရွှန်းလဲ့ရည်ထရေးဒင်းကုမ္ပဏီလီမိတက်မှ စီစဉ်ကျင်းပသော
ရေဘေးသင့်ဒေသများ ပြန်လည်ထူထောင်ရေးရန်ပုံငွေပွဲ
Media Sponsor by FM Bagan
၂၉-၀-၂၀၁၆ မှ ၁-၂-၂၀၁၆ ထိ
သုဝဏ္ဏအားကစားရုံ (ဝ)၊
သင်္ဃန်းကျွန်းမြို့နယ်။
#supportmyanmar expo
နံနက် (၉) နာရီမှ
ည (၈) နာရီထိ
စုန်းနှင့် ဆက်စပ်ပစ္စည်း၊ လျှပ်စစ်ပစ္စည်းများ၊ အလှကုန်များ၊ ဆေးဝါးများနှင့် လူသုံးကုန်ပစ္စည်းများ ပြပွဲ၊
ဆိုင်ခန်းငှားရမ်းရောင်းချလိုသူများ ဆက်သွယ်နိုင်ပါသည်။
Ph: 09421125226, 09428031364, 09970488884

mmalin.npt @ gmail.com, www.facebook.com/MYANMAALINNEWS
မြန်မာ့အလင်း

မြန်မာ့အလင်း
ဂျေမ်းစ်ပွဲ အားကစား (masthead)
၂၀၁၆ခုနှစ်၊ ဇန်နဝါရီ ၂၂ ရက်၊ သောကြာနေ့။

ပြည်တွင်းရေးရာ

ပိသုကာလက်ရာ အဆင့်အတန်းမြင့်မားမှုကို သက်သေပြလျက်ရှိသော ဗားကရာကျောင်းတော်ကြီး

စာ - ၅

လူမှုစီးပွား

ထိန်ညိုတောင်သို့ နှစ်ခေါက်လေ

စာ - ၆



နွေရာသီစာတ်ခုံပေါ်မှ ဆက်လက်စောင့်ကြည့်ရမယ့် ချယ်လ်ဆီးနဲ့ ဟာဇက်တို့ရဲ့ ပြဇာတ်

အောင်က

စာ - ၂

ပရီမီယာလိဂ်ပွဲစဉ်(၂၃)

စနေနေ့ (၂၃-၁-၁၆)	
ည ၇:၁၅	နော့ဝစ်ချ် - လီဗာပူး
ည ၉:၃၀	ဝက်စ်ဘရွန်း - အက်စ်တွန်ဗီလာ
ည ၉:၃၀	ဆန်းဒါးလန်း - ဘုန်းမောက်
ည ၉:၃၀	ဝတ်ဖို့ဒ် - နယူးကာဆယ်
ည ၉:၃၀	မန်ယူ - ဆောက်သမ်တန်
ည ၉:၃၀	လက်စတာစီးတီး - စတုတ်
ည ၉:၃၀	ခရစ္စတယ်လ်ပဲလေ့စ် - စပါး
နံနက် ၀၀:၀၀	ဝက်စ်ဟမ်း - မန်စီးတီး
(တနင်္ဂနွေနံနက်)	
တနင်္ဂနွေနေ့ (၂၄-၁-၁၆)	
ည ၈:၃၀	အဲဗာတန် - ဆွမ်ဆီး
ည ၁၀:၃၀	အာဆင်နယ် - ချယ်လ်ဆီး

မြန်မာအင်ဂျင်နီယာများအတွက် "Project Management အကြောင်းသိကောင်းစရာများ"

- မြန်မာနိုင်ငံမှ အင်ဂျင်နီယာဘွဲ့ရများ၊ BE Civil, IT ဘွဲ့ရများ၊ ... Project Manager ... MSc Project Management ...
- Project Management ...
- ... Birmingham City University မှ ... MSc Project Management ကို ...

(၆)လ အတွင်း

CROWN EDUCATION
AUSTON

Date : 23 Jan (Sat) - 2016
Time : 10:00 am to 12:00 noon
Venue : CROWN Education Center

Call Us : 01 527 838 - 09 730 40 688 - 09 732 732 77

ဘွန်ဒက်စ်လီဂါပွဲစဉ် (၁၈)

သောကြာနေ့ (၂၂-၁-၁၆)	
နံနက် ၂:၀၀ (စနေနံနက်)	ဟမ်းဘတ် - ဘိုင်ယန်
စနေနေ့ (၂၃-၁-၁၆)	
ည ၉:၀၀	ကိုလုံး - စတုဂတ်
ည ၉:၀၀	ဟန်နိုဗာ - ဒမ်စတတ်
ည ၉:၀၀	ဟာသာဘာလင် - အော့ဘတ်
ည ၉:၀၀	ဟော့ဖန်ဟိမ်း - လေဗာကူဆင်
ည ၉:၀၀	အင်ဂိုစတက် - မိန့်ဇ်
နံနက် ၀၀:၀၀	ဂလာဘတ်ချ် - ဒေါ့မွန်
(တနင်္ဂနွေနံနက်)	
တနင်္ဂနွေနေ့ (၂၄-၁-၁၆)	
ည ၉:၀၀	ဖရန့်ဖတ် - ဝုဖ်ဘတ်
ည ၁၁:၀၀	ရှော်လ်ကေး - ဝါဒါဘရီမင်

ဒီနှစ်ပရီမီယာလိဂ်ကိုကြည့်မယ်ဆိုရင် အပြောင်းအလဲတွေ အများအပြားတွေ့မြင်ရမှာ ဖြစ်ပါတယ်။ အဲ့ဒီထဲမှာမှ အထူးခြားဆုံးကတော့ ပြီးခဲ့တဲ့ရာသီက ချန်ပီယံဖြစ်ခဲ့တဲ့ ချယ်လ်ဆီးအသင်းအနေနဲ့ တန်းဆင်းဇုန်က ကင်းလွတ်နိုင်ဖို့အတွက် အပြင်းအထန်ကြိုးစားနေရခြင်းပဲ ဖြစ်ပါတယ်။ ဒါ့အပြင် ပြီးခဲ့တဲ့ရာသီက ပရီမီယာလိဂ်ရဲ့ အကောင်းဆုံးကစားသမား တစ်ဦးအဖြစ် သတ်မှတ်ထားခြင်းခံရတဲ့ ချယ်လ်ဆီးအသင်း ကွင်းလယ်ကစားသမား ဟာဇက်ရဲ့ ခြေစွမ်းပြကစားနိုင်ခြင်းမရှိတာတွေကလည်း လူတိုင်းအတွက်တော့ အံ့အားသင့်စရာဖြစ်ခဲ့ရပါတယ်။ ဒါကြောင့်လည်း ချယ်လ်ဆီးအသင်းအနေနဲ့ ဒီရာသီကုန်မှာ ဟာဇက်ကိုရောင်းထုတ်ဖို့ ရှိနိုင်မလားဆိုတဲ့မေးခွန်းကတော့ လူတိုင်းအတွက် စိတ်ဝင်စားစရာဖြစ်နေခဲ့ပါတယ်။ လက်ရှိရာသီမှာ ဖြစ်ပျက်နေတဲ့အခြေအနေတွေအရ ကြည့်မယ်ဆိုရင်လည်း ဟာဇက်ဟာ နွေရာသီမှာ ချယ်လ်ဆီးအသင်းကနေ ရောင်းထုတ်သင့်တဲ့ ကစားသမားတစ်ဦးဖြစ်တယ်ဆိုတာကို အောက်ဖော်ပြပါအချက်တွေကိုကြည့်တာနဲ့ သိနိုင်ပါတယ်။

နွေရာသီဈေးကွက်ခုံပေါ်မှာ ဆက်လက်စောင့်ကြည့်ရမယ့် ချယ်လ်ဆီးနဲ့ ဟာဇက်တို့ရဲ့ ပြဿနာ

တိုးတက်မှုကင်းမဲ့ခြင်း

ဘယ်ဂျီယံကွင်းလယ်ကစားသမား ဟာဇက်ဟာ ချယ်လ်ဆီးအသင်းကို ပြင်သစ်ကလပ် လိုင်လီအသင်းကနေ ပြောင်းရွှေ့လာခဲ့တာဖြစ်ပြီး အသင်းကို စတင်ရောက်ရှိခဲ့စဉ်ကတည်းက အံ့အားသင့်ဖွယ်ကောင်းလောက်အောင် တိုးတက်မှုတွေ အဆက်မပြတ်ရရှိခဲ့ပါတယ်။ ဟာဇက်ဟာ ချယ်လ်ဆီးအသင်းကို စတင်ရောက်ရှိခဲ့တဲ့နှစ်မှာ ပရီမီယာလိဂ် ကိုးဂိုးသာသွင်းယူနိုင်ခဲ့ပေမယ့် နောက်နှစ်တွေမှာတော့ ၁၄ ဂိုးအထိ သွင်းယူနိုင်ခဲ့ပါတယ်။ ပြီးခဲ့တဲ့ရာသီကတော့ ဟာဇက်အတွက် ချယ်လ်ဆီအသင်းမှာ အတောက်ပဆုံးရာသီတစ်ခုလို့ ပြောရမှာဖြစ်ပါတယ်။

သူဟာပြီးခဲ့တဲ့ရာသီက အသင်းမှာ ၁၄ ဂိုးသွင်းယူနိုင်ခဲ့သလို အသင်းအတွက် ဂိုးရရှိဖို့ကိုလည်း ကိုးကြိမ်တိုင်ပံ့ပိုးပေးနိုင်ခဲ့ပါတယ်။ ဒါကြောင့်လည်း ပြီးခဲ့တဲ့ရာသီမှာ ချယ်လ်ဆီး အသင်းဟာ ဟာဇက်ရဲ့အကောင်းဆုံးခြေစွမ်းတွေနဲ့အတူ ပရီမီယာလိဂ်ဆုဖလားနဲ့ ကတ်ပီတယ်ဝမ်းဆုဖလားတို့ကို ရယူပေးနိုင်ခဲ့တာဖြစ်ပါတယ်။ ဒါတွေကြောင့်လည်း ဟာဇက်ဟာ PFA ရဲ့ တစ်နှစ်တာအကောင်းဆုံး ကစားသမားဆုကိုလည်း ရရှိခဲ့ပါတယ်။ ဒါပေမယ့် အဲ့ဒီအရာတွေဟာ ဒီနှစ်ရာသီမှာတော့ အဆုံးသတ်သွားပြီလို့တောင် ပြောရမလိုဖြစ်နေပါတယ်။ ဟာဇက်ဟာ ဒီရာသီမှာ အသင်းမှာ ပရီမီယာလိဂ် ၁၉ ပွဲ ပါဝင်ကစားထားပေမယ့် ဂိုးလုံးဝသွင်းယူနိုင်ခြင်းမရှိသေးသလို ဂိုးရရှိဖို့ကိုလည်း နှစ်ကြိမ်သာပံ့ပိုးပေးနိုင်ပါသေးတယ်။ ဒါ့အပြင် သူ့ရဲ့ ကစားထားမှုတွေကိုကြည့်မယ်ဆိုရင်လည်း လုံလောက်အောင် ကောင်းမွန်ခြင်းမရှိတာကို တွေ့ရပါတယ်။ ဒါကြောင့် ဒီရာသီမှာတော့ ဟာဇက်ရဲ့ တိုးတက်မှုတွေဟာ ရပ်တန့်သွားပြီလို့တောင် ဆိုရမလိုဖြစ်နေပါတယ်။

ဂိုးသွင်းနိုင်မှုမရှိခြင်း

ပြီးခဲ့တဲ့ရာသီကဆိုရင် ဟာဇက်ကို မက်ဆီ၊ ရော်နယ်ဒိုတို့လို ကမ္ဘာ့ကျော်တိုက်စစ်မှူးတွေနဲ့ ယှဉ်ပြီးခိုင်းနှိုင်းလေ့ရှိကြပါတယ်။ ဒါပေမယ့် ဟာဇက်ရဲ့ အမြင့်ဆုံးဂိုးသွင်းစံချိန်ဟာ လက်ရှိအချိန်အထိတော့ တစ်ရာသီမှာ လိဂ်ဂိုး ၁၄ ဂိုးအထိသာ သွင်းယူနိုင်ခြင်းရှိနေပါသေးတယ်။ ဒါ့အပြင် ဒီနှစ်ရာသီမှာတော့ ဟာဇက်ဟာ ဂိုးလုံးဝသွင်းယူနိုင်ခြင်းမရှိသေးပါဘူး။ ဒါပေမယ့် လက်ရှိထွက်ပေါ်နေတဲ့ ကောလာဟလသတင်းတွေမှာ ဟာဇက်ရဲ့ ပြောင်းရွှေ့ကြေးဟာ ပေါင် သန်း ၇၀ ကျော်ရှိနေပါတယ်။ ဟာဇက်ရဲ့ ချယ်လ်ဆီးအသင်းမှာ ကစားခဲ့တဲ့ပွဲပေါင်း ၁၂၀ မှာ ၃၇ ဂိုးသာရှိတာကတော့ ကစားသမားကောင်းတစ်ဦးအနေနဲ့ အကောင်းဆုံးအခြေအနေမှာရှိတယ်လို့ ပြောရမှာကတော့ သံသယဖြစ်စရာပါပဲ။ ဒါကြောင့်လည်း သူ့ရဲ့ ဂိုးသွင်းယူနိုင်တဲ့နှုန်းကတော့ သုံးပွဲ တစ်ဂိုးသာရှိပါတယ်။ လက်ရှိ ကမ္ဘာ့ထိပ်တန်းတိုက်စစ်မှူးတွေဖြစ်တဲ့ မက်ဆီနဲ့ ရော်နယ်ဒိုတို့ရဲ့ ဂိုးသွင်းစံချိန်ကိုကြည့်မယ်ဆိုရင်တော့ တစ်ပွဲ တစ်ဂိုးနှုန်းရှိတာကြောင့် ဟာဇက်အနေနဲ့ သူတို့ရဲ့ စံချိန်ကို လိုက်မီနိုင်ဖို့ဆိုရင်တော့ အတော်ကလေးကို ကြိုးစားရဦးမှာဖြစ်ပါတယ်။

တကယ်လို့ ဟာဇက်ကို ရော်နယ်ဒို၊ မက်ဆီတို့လို ကမ္ဘာ့အကောင်းဆုံးတိုက်စစ်မှူးတွေနဲ့ မနှိုင်းယှဉ်ဘူးဆိုရင်တော့ ဟာဇက်ဟာ ချယ်လ်ဆီးလို အသင်းအတွက်တော့ လုံလောက်အောင်ကောင်းမွန်ခြင်းမရှိတဲ့ ကစားသမားတစ်ဦးလို့ ဆိုရမှာဖြစ်ပါတယ်။

ပြောင်းရွှေ့ကြေးမြင့်မားမှု

ချယ်လ်ဆီးအသင်းအတွက် ဟာဇက်ကိုသာ ရောင်းထုတ်မယ်ဆိုရင်တော့ ပေါင်သန်း ၇၀ ကျော် ရရှိနိုင်ဖို့ရှိနေပါတယ်။ အဲ့ဒီပြောင်းရွှေ့ကြေးဟာ ချယ်လ်ဆီးအသင်းအတွက်တော့ ရီးရဲမက်ဒရစ်ရဲ့ တောင်ပံကစားသမား ဂါရတ်ဘေးလ်ကို ပရီမီယာလိဂ်ပြန်လည်ခေါ်ယူနိုင်လောက်တဲ့ ငွေကြေးလည်းဖြစ်ပါတယ်။ လက်ရှိအချိန်မှာတော့ ချယ်လ်ဆီးအသင်းရဲ့ တိုက်စစ်ပိုင်းက ဒီယေဂိုကော်စတာ တစ်ဦးတည်းသာရှိတာကြောင့် ထိပ်တန်းတိုက်စစ်မှူးတစ်ဦး ခေါ်ယူဖို့လိုအပ်တယ်။ ဒါကြောင့် ဟာဇတ်ဟာ အသင်းကနေထွက်ခွာဖို့ဆန္ဒရှိတယ်ဆိုရင်တော့ ချယ်လ်ဆီးအသင်းအနေနဲ့ ရောင်းထုတ်ဖို့ စဉ်းစားရမှာလည်း ဖြစ်ပါတယ်။

ချယ်လ်ဆီးအသင်းကျဆုံးမှုတွေ ဟာဇက်အဓိကပါဝင်နေခြင်း

ဟာဇက်ဟာ ပြီးခဲ့တဲ့ရာသီက အကောင်းဆုံးခြေစွမ်းတွေနဲ့ ရှိနေခဲ့ပေမယ့် ဒီနှစ်ရာသီမှာ ခြေစွမ်းလုံးဝမပြနိုင်တာကတော့ လူတိုင်းအတွက် မေးချင်စရာမေးခွန်းအဖြစ်လည်း ရှိနေခဲ့ပါတယ်။ ဟာဇက်ဟာ ဒီနှစ်ရာသီမှာတော့ ချယ်လ်ဆီးအသင်းနဲ့အတူ ပရီမီယာလိဂ်မှာ ဂိုးသွင်းယူနိုင်ခြင်းမရှိသေးပါဘူး။ ဒါ့အပြင် မော်ရင်ညိုကို ချယ်လ်ဆီးအသင်းကနေ ဒုတိယအကြိမ် မောင်းထုတ်ခဲ့တဲ့သူတွေထဲမှာ ဟာဇက်လည်း တစ်ဦးအပါအဝင်ဖြစ်တယ်ဆိုတာကို မမေ့သင့်ပါဘူး။ တကယ်လို့သာ ချယ်လ်ဆီးအသင်းအနေနဲ့ ဒီနှစ်ရာသီကုန်မှာ ပရီမီယာလိဂ်ရဲ့ ထိပ်ဆုံးလေးသင်း မဝင်ခဲ့ဖူးဆိုရင်တော့ အရင်ဆုံးအပြစ်တင်သင့်တဲ့ကစားသမားကတော့ ဟာဇက်လို့ ဆိုရမှာဖြစ်ပါတယ်။

မန်ယူသည် ပရီမီယာလိဂ်ချန်ပီယံလမ်းကြောင်းပေါ်၌ ရှိနေဆဲဟု မန်နေဂျာ ဗန်ဟားလ်ပြောဆို



မန်ယူအသင်းသည် ၂၀၁၅-၁၆ ခုနှစ် ပရီမီယာလိဂ် ချန်ပီယံဆုဖလားရရှိရေး ယှဉ်ပြိုင်မှုလမ်းကြောင်းပေါ်၌ ရှိနေဆဲဖြစ်ကြောင်း မန်ယူအသင်း မန်နေဂျာ လူးဝစ်ဗန်ဟားလ်က လီဗာပူးအသင်းအား အဝေးကွင်း၌ ၁-၀ ဖြင့် အနိုင်ရရှိခဲ့သော ပရီမီယာလိဂ်ပွဲအပြီးတွင် ထုတ်ဖော်ပြောဆိုလိုက်သည်။

ပြီးခဲ့သည့် ဇန်နဝါရီ ၁၇ ရက်တွင် မန်ယူအသင်းက လီဗာပူးအသင်းအား အနိုင်ရရှိခဲ့ခြင်းကြောင့် မန်ယူအသင်းသည် အမှတ်ပေးဇယား၏ အဆင့် ခြောက်နေရာမှ အဆင့်ငါးနေရာသို့ တက်ရောက်လာနိုင်ခဲ့ပြီး ရမှတ် ၄၄ မှတ်စီဖြင့် အမှတ်ပေးဇယား၏ အဆင့် ၁ နှင့် ၂ နေရာတွင် ရပ်တည်နေသော အာဆင်နယ်၊ လက်စတာစီးတီးတို့ထက် ခုနစ်မှတ်သာ လျော့နည်းလျက်ရှိသည်။

မန်ယူအသင်းအနေဖြင့် ယခုနှစ် ပရီမီယာလိဂ်ပြိုင်ပွဲတွင် အောင်မြင်မှုရရှိနိုင်မည်လားဟု မေးမြန်းမှုကို မန်နေဂျာ ဗန်ဟားလ်က "အခုနှစ် ပရီမီယာလိဂ်ပြိုင်ပွဲမှာ ကစားဖို့ပွဲတွေအများကြီး ကျန်ရှိနေပါသေးတယ်။ မန်ယူဟာ အခုနှစ် ပရီမီယာလိဂ်ပြိုင်ပွဲမှာ ချန်ပီယံဖြစ်နိုင်ခွင့်ရှိနေပါသေးတယ်။ သီတင်းပတ်တိုင်းမှာလည်း ကျွန်တော်တို့ဟာ ချန်ပီယံဖြစ်နိုင်ဖို့ အလားအလာရှိတယ်ဆိုတာကို ပြသခဲ့တယ်"ဟု ဖြေဆိုခဲ့သည်။

ဆက်လက်၍ မန်နေဂျာ ဗန်ဟားလ်က "လီဗာပူးကို အနိုင်ရခဲ့တာက ကျွန်တော်တို့အတွက် အလွန်အရေးပါတဲ့ နိုင်ပွဲပါ။ ဘာကြောင့်လဲဆိုတော့ ပွဲစဉ်(၂၁)မှာ အမှတ်ပေးဇယားထိပ်ဆုံးက အာဆင်နယ်ရော လက်စတာပါ သရေရလဒ်တွေ ကြုံတွေ့ခဲ့တာကြောင့် ဖြစ်ပါတယ်။ အခုဆိုရင် မန်ယူဟာ ထိပ်ဆုံးက နှစ်သင်းနဲ့ ခုနစ်မှတ်သာ ကွာခြားပါတော့တယ်။ ကျွန်တော်တို့ဟာ ဒီအမှတ်ကွာဟချက်ကို အမီလိုက်နိုင်ပါလိမ့်မယ်"ဟု ဆက်လက်ပြောဆိုသွားသည်။

လီဗာပူးနှင့်ပွဲတွင် မန်ယူအတွက် အဖိုးတန်အနိုင်ဂိုးသွင်းယူပေးခဲ့သူ တိုက်စစ်မှူး ရွန်းနေနှင့်ပတ်သက်၍ မန်နေဂျာ ဗန်ဟားလ်က "တိုက်စစ်မှူးတစ်ဦးအတွက် ဂိုးသွင်းယူနိုင်ဖို့က အလွန်အရေးကြီးပါတယ်။ အခုဆိုရင် ရွန်းနေဟာ မန်ယူအသင်း နောက်ဆုံးကစားခဲ့တဲ့ လေးပွဲဆက်တိုက် ဂိုးသွင်းယူနိုင်ခဲ့တယ်။ ရွန်းနေအတွက်ရော မန်ယူအတွက်ပါ ကျွန်တော်ကျေနပ်မိတယ်။ လူတိုင်းက ရွန်းနေဂိုးသွင်းယူတာကို မြင်ချင်ကြပါတယ်"ဟု ပြောဆိုသွားသည်။

တိုက်စစ်မှူး ရွန်းနေသည် လီဗာပူးနှင့်ပွဲတွင် ဂိုးသွင်းယူနိုင်ခဲ့ခြင်းကြောင့် မန်ယူအတွက် ပရီမီယာလိဂ်သွင်းဂိုး ၁၇၆ ဂိုး ရှိသွားခဲ့ပြီဖြစ်ကာ ကလပ်အသင်း တစ်သင်းတည်းတွင် ပရီမီယာလိဂ်သွင်းဂိုး အများဆုံးသွင်းယူနိုင်သည့် ကစားသမားအဖြစ် စံချိန်သစ်တင်နိုင်ခဲ့သည်။ **အောင်က**

တိုက်စစ်မှူးကောင်းတစ်ဦး ခေါ်ယူနိုင်ပါက ပြိုင်ဘက်များကို လီဗာပူး ပိုမိုဖိအားပေးနိုင်မည်ဟု ပေါလ်အင့်မှတ်ချက်ပြု

လီဗာပူးအသင်းအနေဖြင့် ဘောလုံးရာသီတစ်ရာသီတွင် ဂိုး ၂၀ သွင်းယူနိုင်သည့် တိုက်စစ်မှူးသစ်တစ်ဦး ခေါ်ယူနိုင်ခဲ့ပါက ပရီမီယာလိဂ်ပြိုင်ပွဲတွင် ပြိုင်ဘက်အသင်းများအပေါ် ပိုမိုဖိအားပေးနိုင်သည့် အသင်းဖြစ်လာလိမ့်မည်ဟု ယုံကြည်ထားကြောင်း လီဗာပူးနှင့် အင်္ဂလန်ကွင်းလယ်ကစားသမားဟောင်း ပေါလ်အင့်က မှတ်ချက်ပြုပြောဆိုလိုက်သည်။

လီဗာပူးအသင်းသည် ဇန်နဝါရီ ၁၇ ရက်တွင် မန်ယူနှင့်ကစားခဲ့သော ပရီမီယာလိဂ်ပွဲတွင် ၁-၀ ဖြင့် အရေးနိမ့်ခဲ့ရပြီး အဆိုပါပွဲသည် လီဗာပူးအသင်းကို မန်နေဂျာ ဂျာဂျင်ကလော့ တာဝန်ယူပြီးနောက်ပိုင်း အိမ်ကွင်းအန်ဖီးလ်၌ ဂိုးသွင်းယူနိုင်ခြင်းမရှိသည့် ပထမဆုံးပွဲဖြစ်ခဲ့ရသည်။ လီဗာပူးနှင့် မန်ယူတို့ပွဲ၏ အချက်အလက်မှတ်တမ်းများအရ လီဗာပူးအသင်းသည် ဘောလုံးပိုင်ဆိုင်မှု ၅၉ ရာခိုင်နှုန်းရှိခဲ့ပြီး ဂိုးကန်သွင်းမှု ၁၉ ကြိမ်တိုင်ပြုလုပ်နိုင်ခဲ့သော်လည်း ဂိုးပေါက်တည့်မှုမှာ လေးကြိမ်သာ ရှိခဲ့သည်ဟုဆိုသည်။

လီဗာပူးအသင်း၏ အဓိကတိုက်စစ်မှူးဖြစ်သူ စတာရစ်ချ်မှာ ဒဏ်ရာပြဿနာများနှင့် ရင်ဆိုင်နေရပြီး ယခုနှစ်ဘောလုံးရာသီတွင် လီဗာပူးအသင်းအတွက် ခြောက်ပွဲသာ ပါဝင်ကစားပေးထားနိုင်သူဖြစ်သည်။

ကွင်းလယ်ကစားသမားဟောင်း ပေါလ်အင့်(၄၈နှစ်)က "လီဗာပူးဟာ အခြား ပရီမီယာလိဂ်အသင်းကြီးတွေနဲ့ ကွာဟချက်ကြီးကြီးမားမားရှိတယ်လို့ ကျွန်တော်မထင်ပါဘူး။ မန်ယူနဲ့ပွဲမှာဆိုရင် လီဗာပူးအသင်းဟာ ဂိုးကန်သွင်းခွင့် အများအပြား ဖန်တီးနိုင်ခဲ့တယ်။ အဲဒီပွဲမှာ သူတို့ဖန်တီးနိုင်ခဲ့တဲ့ ဂိုးကန်သွင်းခွင့်ပမာဏမျိုးနဲ့ဆိုရင် ပွဲနှစ်ပွဲလောက်တောင် အနိုင်ရနိုင်ပါတယ်။ ဒါပေမယ့် လီဗာပူးအသင်းဟာ ဂိုးရရှိဖို့ အဆုံးသတ်ပိုင်းကြိုးစားမှုမှာတော့ လုံလောက်တဲ့ ကောင်းမွန်မှုမရှိသေးဘူး။ လီဗာပူးအသင်းမှာ တစ်ရာသီကို ဂိုး ၂၀ လောက် သွင်းယူနိုင်ပြီး ပြိုင်ဘက်အသင်းရဲ့ ဂိုးဧရိယာထဲမှာ ပြိုင်ဘက်ခံစစ်ကစားသမားတွေကို အလုပ်ရှုပ်စေနိုင်တဲ့ ကစားသမားမျိုး လိုအပ်နေတယ်လို့ ကျွန်တော်ထင်ပါတယ်။ လီဗာပူးအသင်းအတွက် မန်နေဂျာ ဂျာဂျင်ကလော့ ကြိုးစားပေးနေမှုတွေကို ကျွန်တော်နှစ်သက်ပါတယ်။ လီဗာပူးရဲ့ အခြေအနေကလည်း တိုးတက်မှုရှိတယ်။ တကယ်လို့ လီဗာပူးဟာ ကစားသမားသစ်တစ်ဦး၊ နှစ်ဦးလောက် ခေါ်ယူနိုင်ခဲ့ရင် လီဗာပူးအသင်းဟာ ပရီမီယာလိဂ်ပြိုင်ဘက်အသင်းတွေကို ပိုမိုဖိအားပေးနိုင်လိမ့်မယ်လို့ ကျွန်တော်ထင်တယ်"ဟု ပြောဆိုသွားသည်။

ကွင်းလယ်ကစားသမား ပေါလ်အင့်သည် ၁၉၉၇ ခုနှစ်မှ ၁၉၉၉ ခုနှစ်အထိ လီဗာပူးအသင်းတွင် ပါဝင်ကစားခဲ့သူဖြစ်ပြီး လီဗာပူးအတွက် စုစုပေါင်း ၈၁ ပွဲ ပါဝင်ကစားခဲ့ကာ ၁၇ ဂိုး သွင်းယူပေးခဲ့သူဖြစ်သည်။

လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်ခွင့်

ကိုစစ်(လူမှု)

လောကကြီးကို စောင့်ရှောက်သောတရားဖြစ်သည့် လောကပါလတရား (၃)ပါးရှိသည်။ ထိုတရား (၃) ပါးမှာ **"တန်းတူညီမှု (equality)၊ လွတ်လပ်မှု (Liberty)** နှင့် **တရားမျှတမှု** (Justice)" တို့ဖြစ်သည်။

၁၉၄၇ ခုနှစ် "ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ" ၏ နိဒါန်းတွင် **"တရားမျှတခြင်း၊ လွတ်လပ်ခြင်း၊ ညီမျှခြင်းတည်းဟူသော လောကပါလတရားများကို အခြေပြုကာ လူသတ္တဝါခပ်သိမ်းတို့၏ ငြိမ်းချမ်းသာယာရေးကို ခိုင်မြဲတည်တံ့အောင် ထိန်းသိမ်းရန် သန္နိဋ္ဌာန်ချ၍လည်းကောင်း"** ဟု ဖော်ပြပါရှိသည်။

၂၀၀၈ ခုနှစ် **"ဖွဲ့စည်းပုံအခြေခံဥပဒေ"** ၏ အပိုဒ် (၂၁)(က)တွင် **"နိုင်ငံသားတိုင်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် သတ်မှတ်ပြဋ္ဌာန်းထားသည့် တန်းတူညီမျှမှု အခွင့်အရေး၊ လွတ်လပ်မှု အခွင့်အရေး၊ တရားမျှတမှု အခွင့်အရေးတို့ ခံစားခွင့်ရှိသည်"** ဟု ဖော်ပြ ပြဋ္ဌာန်းထားသည်။ နိုင်ငံသားတိုင်း ရရှိခံစားနိုင်သော အခွင့်အရေးများအဖြစ် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် တိကျစွာ ပြဋ္ဌာန်းပေးထားခြင်း ဖြစ်ပေသည်။

နိုင်ငံတော်သီချင်းတွင်လည်း လောကပါလတရား (၃) ပါးကို ရှေ့တန်းတင်၍ သီကုံးထားသည်။ **"တရားမျှတ လွတ်လပ်ခြင်းနဲ့မသွေ -တို့ပြည်-တို့မြေ- များ လူခပ်သိမ်းငြိမ်းချမ်းစေဖို့ ခွင့်တူညီမျှ ဝါဒဖြူစင်တဲ့ ပြည်-တို့ပြည်-တို့မြေ"** ဟု အစချီထားသည်ကို သတိပြုမိသည်။ သိရှိခံစားသီဆိုလိုက်ပါက ကြက်သီးမွေးညင်း ထလောက်ပေသည်။

ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း၏ နိဒါန်းထိပ်ဆုံးအပိုဒ်တွင် "Whereas recognition of the inherent dignity and of the equal and inalienable rights of all members of the human family is the foundation of freedom, Justice and peace in the world" ဟုဖော်ပြထားသည်။

"လူသားအားလုံး၏ မွေးရာပါဂုဏ်သိက္ခာနှင့် တန်းတူညီမျှရှိပြီး ဖယ်ရှားထုတ်ပယ်၍မရသော အခွင့်အရေးများကို အသိအမှတ်ပြုခြင်းသည် ဤကမ္ဘာပေါ်တွင် လွတ်လပ်မှု၊ တရားမျှတမှုနှင့် ငြိမ်းချမ်းမှုတို့အတွက် အခြေခံအုတ်မြစ်ဖြစ်သောကြောင့် လည်းကောင်း" ဟု ထိပ်ဆုံးမှ ကြွေးကြော်တိုက်တွန်းထားသည်။

ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းပါ တိုက်တွန်းချက် သုံးချက်သည် လောကပါလတရား (၃) ပါးနှင့် နှစ်ချက်တူညီသည်။ လောကပါလတရားတွင် **"တန်းတူညီမျှရှိမှု"** ဟုပါရှိပြီး ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းတွင် **"ငြိမ်းချမ်းမှု"** ဟု ဖော်ပြပါရှိသည်။ သို့သော် ဤနှစ်ချက်စလုံးသည်လည်း လူ့အခွင့်အရေးများသာဖြစ်သည်။

"All human beings are born free" **"လူသားများသည် လွတ်လပ်သူများအဖြစ် မွေးဖွားလာကြသည်"** ဟု ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်း၏ ပထမဆုံး ဖော်ပြချက်အဖြစ် အပိုဒ် (၁)တွင် ဖော်ပြခဲ့သည်။ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း၏ အပိုဒ် (၃) တွင် "everyone has the right to life, liberty and security of person" **"လူတိုင်းတွင် အသက်ရှင်သန်ခွင့်၊ လွတ်လပ်ခွင့်နှင့် လူပုဂ္ဂိုလ်လုံခြုံမှု ရခွင့်ရှိသည်"** ဟု ဖော်ပြထားသည်။ ဤနှစ်လိုမြတ်နိုးဖွယ်ရာ **"လွတ်လပ်ခြင်းဂုဏ်ဒြပ်"** ကို လူသားများဂုဏ်ယူစွာ ပိုင်ဆိုင်နိုင်ကြပါသည်။

အားလုံးခြုံငုံ၍ ဖော်ပြရသော် **"လွတ်လပ်ခြင်း"** အခွင့်အရေးကို လောကပါလတရား (၃) ပါး၊ ဖွဲ့စည်းပုံအခြေခံဥပဒေများ၊ နိုင်ငံတော်သီချင်းနှင့် ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းတို့တွင် အလေးထားမှု ဦးစားပေးဖြစ်သည်ကို တွေ့ရပေမည်။ **"လွတ်လပ်ခြင်း"** ကို နိုင်ငံသားတိုင်းခံစားလိုကြသည်၊ ရယူပိုင်ဆိုင်လိုကြသည်။ ခံစားခွင့်၊ ရယူပိုင်ဆိုင်ခွင့်ကို နိုင်ငံသားတိုင်း ရရှိထိုက်ပေသည်။

နိုင်ငံသားများ၏ အသက်ရှင်သန်ခွင့်၊ တစ်ဦးချင်းလွတ်လပ်ခွင့်များကို ဖွဲ့စည်းပုံ အခြေခံဥပဒေ ပုဒ်မ -၃၅၃ တွင် အောက်ပါအတိုင်း ပြဋ္ဌာန်းကာကွယ်ပေးထားသည်-

"မည်သူ့ကိုမှ တည်ဆဲဥပဒေနှင့်အညီမှ တစ်ပါး အသက်ကိုဖြစ်စေ၊ ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှုကိုဖြစ်စေ နစ်နာဆုံးရှုံးမှု မရှိစေရ"

လူပုဂ္ဂိုလ်လွတ်လပ်ခွင့်၊ လုံခြုံမှုတို့နှင့် ပတ်သက်၍ အာဆီယံလူ့အခွင့်အရေးကြေညာစာတမ်း အပိုဒ် (၁၂) တွင် အောက်ပါအတိုင်း ဖော်ပြထားသည်-

"လူတိုင်းသည် လူပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှုနှင့် လုံခြုံမှုကိုရပိုင်ခွင့်ရှိသည်။ မည်သူတစ်ဦးတစ်ယောက်မျှ မတရားဖမ်းဆီးခြင်း၊ ရှာဖွေခံရခြင်း၊ ထိန်းသိမ်းခံရခြင်း၊ အမွှေခါဆောင်ခြင်း (သို့မဟုတ်) လွတ်လပ်မှု ဆုံးရှုံးခြင်း မခံထိုက်စေရ"

လွတ်လပ်ခွင့်ကို လူ့အခွင့်အရေးစံများနှင့်အညီ၊ တည်ဆဲဥပဒေများနှင့်အညီ ကျင့်သုံးရေးမှာ လွန်စွာအရေးကြီးသည်။ "မိမိ၏ လွတ်လပ်ခွင့်ကို ကျင့်သုံးရာတွင် အခြားသူများ၏ လွတ်လပ်ခွင့်ကို လေးစားရန်နှင့် မထိပါးမိစေရန်" မှာ လူ့အခွင့်အရေး၏ အနှစ်သာရတစ်ခုဖြစ်

ဥပဒေများ၊ ကြေညာစာတမ်းများဖြင့် လူသားတို့၏ လွတ်လပ်ခွင့်ကို စောင့်ရှောက်ကာကွယ်ပေးထားသည်။ တာဝန်ရှိသူများကလည်း လူ့အခွင့်အရေးကို လေးစားလိုက်နာလျက် ကျင့်သုံးဖော်ဆောင်သင့်ကြပေသည်။ နိုင်ငံသားများကလည်း ဒီမိုကရေစီနည်းလမ်းကျကျ၊ လူ့အခွင့်အရေး အနှစ်သာရရှိရှိဖြင့် လွတ်လပ်ခွင့် ကို ကျင့်သုံးသင့်ပေသည်။

လွတ်လပ်ခွင့်သည် များစွာကျယ်ပြောလှသည်။ လူသားတို့၏ အလိုဆန္ဒများ(လောဘ)နှင့် ယှဉ်တွဲ၍ ပုထုဇဉ် လူသားတို့ရယူလိုသော လွတ်လပ်ခြင်းမှာ အတိုင်းအဆမရှိနိုင်ပါ။ လွတ်လပ်ခွင့်ကို အခြေခံလွတ်လပ်ခွင့် (Fundamental Freedom) ဟုလည်း ကန့်သတ်၍ အသုံးပြုကြသည်။ လွတ်လပ်ခွင့်များတွင် အကျုံးဝင်သည့် အချို့သော လွတ်လပ်ခွင့်များကို ဖော်ပြလိုက်ရပါသည်။ လွတ်လပ်စွာကြံဆခွင့်၊ တွေးခေါ်ခွင့်၊ ယူဆခွင့်၊ ဖွင့်ဟပြောဆိုခွင့်၊ အကြံပြုခွင့်၊ ဆန္ဒထုတ်ဖော်ခွင့်၊ ငြိမ်းချမ်းစွာစုဝေးခွင့်၊ စီတန်းလှည့်လည်ခွင့်၊ စည်းရုံးခွင့်၊ သင်းပင်းဖွဲ့ခွင့်၊ ကိုးကွယ်ခွင့်၊ ယုံကြည်တည်ဆောက်ခွင့်၊ မဲပေးခွင့်၊ လှုပ်ရှားသွားလာခွင့်၊ အခြေချနေထိုင်ခွင့်၊ စာပေယဉ်ကျေးမှု ဓလေ့ထုံးစံ ဆောင်ရွက်ခွင့်၊ နိုင်ငံသားအဖြစ်ရခွင့်၊ အလုပ်လုပ်ကိုင်ခွင့်၊ စီးပွားရေးဆောင်ရွက်ခွင့်၊ သတင်းအချက်အလက်များ လွတ်လပ်စွာရရှိခွင့် စသည်တို့ဖြစ်သည်။ ဤလွတ်လပ်ခွင့်များကို ကျင့်သုံးလိုသူ၊ ရရှိခံစားလိုသူများသည် တည်ဆဲဥပဒေများ၊ ဘာသာရေးနှင့်ယဉ်ကျေးမှု ဓလေ့ထုံးစံများကို လေးစားလိုက်နာ၍ ကျင့်သုံးသင့်ပေသည်။

လွတ်လပ်ခြင်းကို လွဲမှားစွာကျင့်သုံးမှုကို ဖော်ပြလိုသည်။ ဥပမာ ဗိုလ်ချုပ်ပြောခဲ့သလို **"ဂျပန်ခေတ်တုန်းက ဂျပန်ခေတ် မြန်မာ့လွတ်လပ်ရေး ဘုရားစူးစေ့ မြန်မာ့လွတ်လပ်ရေးတုန်းက အဲ့သည်တုန်းကဆိုလို့ရှိရင် လွတ်လပ်ရေးရပြီဆိုတော့ကာ ဟာသ်ာတနယ်ထဲမှာ ကျွန်တော်တွေ့ခဲ့တယ်၊ ဘာတွေတွေ့ခဲ့သလဲဆိုရင် လမ်းမပေါ်မှာထွက်ပြီး ဆေးတွေလှန်းတယ်။ အဲ့ဒီတော့ လမ်းသွား လမ်းလာလုပ်တဲ့သူတွေ အတော်ခွကျသွားတယ်"** ယနေ့ခေတ်မှာတော့ လမ်းပေါ်တက်ဆေးရိုးမလှန်းတော့၊ **"အဝေးပြေးကတ္တရာလမ်းများပေါ် စပါးလှန်းကြသည်"**။ ဤသည်မှာ လွတ်လပ်ခွင့်ကို အတ္တအကျိုးငှာ ပြောင်းလဲအသုံးပြုလိုက်ခြင်း ဖြစ်သည်။ လမ်းမပေါ် စပါးလှန်းသဖြင့် ခရီးသွားယာဉ်များ အန္တရာယ်ရှိသည်ကို ထည့်သွင်းစဉ်းစားသင့်သည်။ လမ်းမကြီးများဥပဒေ (၂၀၀၀) ခုနှစ်နှင့်လည်း ငြိစွန်းနိုင်သည်။

လွတ်လပ်ခွင့်အား အတိုင်းအဆထက် ကျော်လွန်၍ စည်းမျဉ်း၊ စည်းကမ်းကို ဖောက်ဖျက်၍ ကျင့်သုံးမိတတ်သည်။ ဥပမာ-အများပြည်သူနှင့်ဆိုင်သောနေရာများ၊ အပန်းဖြေနေရာများတွင် အရက်သောက်ခြင်း၊ အော်ဟစ်ဆူညံခြင်း၊ ခွင့်ပြုချက်မဲ့ဈေးရောင်းခြင်း၊ ဥပဒေနှင့်မညီသော ရွှေ့ပြောင်းအခြေချ နေထိုင်ခြင်းများ စသည်တို့ဖြစ်သည်။ အများပြည်သူဆိုင်ရာနေရာများနှင့် ဘာသာရေးအဆောက်အအုံများတွင် **"ဆေးလိပ်မသောက်ရ" "ကွမ်းတံတွေးမထွေးရ" "ဆူညံခြင်းမပြုရ" "အမှိုက်မပစ်ရ" "အတွဲများမထိုင်ရ မဖွယ်မရာမပြုရ"** စသည့် သတိပေးစာတန်းများမှာ လွတ်လပ်ခွင့်ကို လွဲမှားစွာ မကျင့်သုံးမိစေရန် သတိပေး တိုက်တွန်းချက်များဖြစ်သည်။

ကျွန်တော်တို့ မြန်မာနိုင်ငံသည် ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးနေပြီဖြစ်သည်။ ယခင်ခေတ်ကာလများတွင် ရရှိခံစားရခြင်းမရှိသော လွတ်လပ်ခွင့်များကို ရရှိခံစားနိုင်ကြပြီဖြစ်သည်။ အထက်တွင်ဖော်ပြခဲ့သည့် လွတ်လပ်ခွင့်များကို ပြည်သူများ၊ အဖွဲ့အစည်းများက ကျင့်သုံး၍ ဒီမိုကရေစီနှင့် လူ့အခွင့်အရေးများကို ဖော်ဆောင်နေကြသည်၊ တောင်းဆိုနေကြသည်၊ ကျင့်သုံးနေကြသည်။ ကျင့်သုံးဖော်ဆောင်ကြသူများသည် လူ့အခွင့်အရေး၏ အနှစ်သာရများနှင့် အခြေခံသဘောတရားများကို မှန်ကန်စွာ သိရှိကြ၍ လေးစားလိုက်နာ ကျင့်သုံးကြရန် လိုအပ်လှပေသည်။ ဥပမာ-လက်ကိုင်ဖုန်း၊ i Pad စသည်တို့ဖြင့် ဖေ့စ်ဘွတ်ခ် (Facebook) အသုံးပြုသူများသည် သတင်းလွတ်လပ်ခွင့်နှင့် လွတ်လပ်စွာထုတ်ဖော်ခွင့်များကို အားပါးတရ၊ စိတ်ရှိတိုင်း ကျင့်သုံးနေကြသည်ကို ပြည်သူအများသိရှိကြပါသည်။ ဖေ့စ်ဘွတ်ခ်၏ အားသာချက်၊ အားနည်းချက် အကျိုးပြုမှုနှင့် အန္တရာယ်ရှိမှု၊ ဂုဏ်သိက္ခာလေးစားမှုနှင့် ထိပါးမှု၊ သတင်းအမှားနှင့် အမှန်ခွဲခြားရန် ခက်ခဲမှုများကို ဖတ်ရှုခံစားနေကြရသည်။ လွတ်လပ်ခွင့်ကို လူ့အခွင့်အရေးစံများနှင့်အညီ၊ တည်ဆဲဥပဒေများနှင့်အညီ ကျင့်သုံးရေးမှာ လွန်စွာအရေးကြီးသည်။ **"မိမိ၏ လွတ်လပ်ခွင့်ကို ကျင့်သုံးရာတွင် အခြားသူများ၏ လွတ်လပ်ခွင့်ကို လေးစားရန်နှင့် မထိပါးမိစေရန်"** မှာ လူ့အခွင့်အရေး၏ အနှစ်သာရတစ်ခု ဖြစ်သည်။

ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းကို လေ့လာရာတွင် အပိုဒ်(၁)မှ(၂၇) အထိသည် **"လူ့အခွင့်အရေး"** များကို ဖော်ပြထားသည်။ အပိုဒ် (၂၈) (၂၉) (၃၀) မှာ သီးခြားဖော်ပြလိုသော ကန့်သတ်ချက်၊ တားမြစ်ချက်များ အဖြစ်တွေ့ရသည်။ လူ့အခွင့်အရေးကို ရယူကျင့်သုံးခံစားလိုသူများ သတိပြုဆင်ခြင်နိုင်ရန် ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်းအပိုဒ် (၂၉) (၂)ကို ထုတ်နုတ်ဖော်ပြလိုပါသည်။ **"မိမိ၏ အခွင့်အရေးများနှင့် လွတ်လပ်ခွင့်များကို ကျင့်သုံးရာတွင် အခြားသူများ၏ အခွင့်အရေးများနှင့် လွတ်လပ်ခွင့်များကို အသိအမှတ်ပြု၍လေးစားရန် အလို့ငှာ လည်းကောင်း၊ ဒီမိုကရေစီ လူ့အဖွဲ့အစည်းတွင် တရားမျှတသော လိုအပ်ချက်များဖြစ်သည့်ကိုယ်ကျင့်တရား၊ အများပြည်သူအေးချမ်းသာယာရေးနှင့် အကျိုးစီးပွားဖြစ်ထွန်းစေရေးတို့ကို ဖြည့်ဆည်းပေးရန် အလို့ငှာလည်းကောင်း၊ ဥပဒေအရ သတ်မှတ်ထားသည့် ကန့်သတ်ချက်များအတိုင်းသာ ကျင့်သုံးပိုင်ခွင့်ရှိသည်"** ဟူ၍ဖြစ်သည်။ ဤဖော်ပြချက်သည် အပိုဒ်(၁)မှ(၂၇)အထိ ဖော်ပြထားသော လူ့အခွင့်အရေးများနှင့် သက်ဆိုင်ပေသည်။

တစ်ဖန် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၅၄ တွင် အောက်ပါအတိုင်းပြဋ္ဌာန်းပါရှိသည်။ **"နိုင်ငံသားတိုင်းသည် နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေး သို့မဟုတ် ပြည်သူတို့၏ ကိုယ်ကျင့်တရားအလို့ငှာ ပြဋ္ဌာန်းထားသည့် ဥပဒေများနှင့် မဆန့်ကျင်လျှင် အောက်ပါအခွင့်အရေးများကို လွတ်လပ်စွာ သုံးစွဲဆောင်ရွက်ခွင့်ရှိသည် -**

- **(က) မိမိ၏ ယုံကြည်ချက်၊ ထင်မြင်ယူဆချက်များကို လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်၊ ရေးသားဖြန့်ဝေခွင့်၊**
- **(ခ) လက်နက်မပါဘဲ ငြိမ်းချမ်းစွာ စုဝေးခွင့်၊ စီတန်းလှည့်လည်ခွင့်၊**
- **(ဂ) အသင်းအဖွဲ့ သို့မဟုတ် အစည်းအရုံးများ ဖွဲ့စည်းဆောင်ရွက်ခွင့်၊**
- **(ဃ) တိုင်းရင်းသားလူမျိုး တစ်မျိုးနှင့် တစ်မျိုး သို့မဟုတ် တိုင်းရင်းသားလူမျိုးအချင်းချင်း ကိုလည်းကောင်း၊ အခြားဘာသာ သာသနာကိုလည်းကောင်း ထိခိုက်နစ်နာမှုမရှိစေဘဲ မိမိချစ်ခင်မြတ်နိုးသည့် စကား၊ စာပေ၊ ယဉ်ကျေးမှု၊ ကိုးကွယ်သည့်ဘာသာ သာသနာနှင့် ဓလေ့ထုံးတမ်းများကို လွတ်လပ်စွာ ဆောင်ရွက်ပိုင်ခွင့်။"**

ကျွန်တော့်အနေဖြင့် လူ့အခွင့်အရေးဆိုင်ရာ လက်လှမ်းမီသမျှ လေ့လာဖတ်ရှု ဗဟုသုတများအရ တင်ပြရပါလျှင် ယနေ့ကမ္ဘာကြီးတွင် လူ့အခွင့်အရေးများကို ရယူကျင့်သုံးခံစားရာတွင် ဥပဒေစည်းမျဉ်းစည်းကမ်းများ၊ ဘာသာရေး၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးစံများ၏ ကန့်သတ်ချက်ဘောင်အတွင်းမှသာ ကျင့်သုံးနိုင်ကြသည်ကို တွေ့ရှိရပေသည်။

စကားလက်ဆောင်ပါးပါရစေ **"ကျွန်တော်တို့သည် အခြားလူများ၏ အခွင့်အရေးနှင့် လွတ်လပ်ခွင့်များကို လေးစားမှသာ လူ့အခွင့်အရေးစံနှုန်း မြင့်မားသော လူမှုအဖွဲ့အစည်းတစ်ရပ် ပေါ်ထွန်းလာမည် ဖြစ်ပေသည်။"**

ပဲခူးတိုင်းဒေသကြီး

မြစိမ်းရောင်စီမံကိန်းအလုပ်ရုံဆွေးနွေး

ပြည်ခရိုင် သဲကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး၌ ဇန်နဝါရီ ဒုတိယပတ်က မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အထောက်အကူပြုကော်မတီ၊ မြို့နယ်မြစိမ်းရောင်ကော်မတီတို့က ကြီးမှူး၍ မြစိမ်းရောင်စီမံကိန်းကျေးရွာ ၁၆ ရွာ၏ကျေးရွာအဆင့်ကော်မတီများ စီမံကိန်းကျေးရွာအုပ်စု နာယကများနှင့် မြစိမ်းရောင် စီမံကိန်း အလုပ်ရုံဆွေးနွေးပွဲကို ကျင်းပခဲ့ကြောင်းသိရသည်။

(မြို့နယ် ပြန်/ဆက်)

မကွေးတိုင်းဒေသကြီး

မကွေးတိုင်းဒေသကြီး ဆန်စပါးအထွက်နှုန်းကောင်းမွန်ပြီး ဒေသအနှံ့တင်ပို့ရောင်းချလျက်ရှိ

၂၀၁၅ ခုနှစ်အတွင်း ဖြစ်ပွားခဲ့သော သဘာဝဘေးရေကြီးနစ်မြုပ်မှုကြောင့် မကွေးတိုင်းဒေသကြီးအတွင်း ဆန်စပါးအထွက်နှုန်းများ သိသိသာသာကျဆင်းလိမ့်မည်ဟု ထင်မြင်ယူဆချက်များ ထွက်ပေါ်ခဲ့သော်လည်း စပါးစိုက်ဧကများ သိသိသာသာ လျော့နည်းသွားခြင်းမရှိကြောင်း၊ ပျက်စီးသွားသော ရက်ရှည်စပါးမျိုးစိုက်ခင်းများ နေရာတွင် သက်တမ်းတိုစပါးများအချိန်မီ ဖြည့်ဆည်း စိုက်ပျိုးနိုင်ခဲ့ခြင်းကြောင့် ယမန်နှစ်များနည်းတူ ဆန်စပါးအထွက်နှုန်းများ ကောင်းမွန်ပြီး ဒေသအနှံ့တင်ပို့ရောင်းချမှုများရှိနေကြောင်း စိုက်ပျိုးရေးဦးစီးဌာနနှင့် ဒေသတွင်း ဆန်စပါးဈေးကွက်မှ သိရသည်။

"ပြီးခဲ့တဲ့ မိုးစပါးစိုက်ရာသီမှာ တစ်တိုင်းလုံးစိုက်ဧက ၇၉၃၈၂၅ ဧက၊ တစ်ဧကအထွက်နှုန်း ၈၄ ဒသမ ၉၆ တင်းဖြစ်ပါတယ်။ ၂၀၁၅ ခုနှစ်ထဲမှာ သဘာဝဘေးကြောင့် စိုးရိမ်မှုတွေရှိခဲ့ပေမယ့် နိုင်ငံတော်သမ္မတရန်ပုံငွေကနေ သက်တမ်းတို ရက် ၉၀ စပါးမျိုးတွေ အချိန်မီထောက်ပံ့ပေးနိုင်တာရယ်၊ ရေကြီးမှုကကျန်ခဲ့တဲ့ နုန်းတင်မြေနုတွေက စပါးအတွက် အကျိုးပြုတဲ့မြေသြဇာတွေ ဖြစ်ခဲ့တာကြောင့်ရယ် ဒီရာသီမှာစပါးအထွက်နှုန်းတွေကောင်းခဲ့ပါတယ်။ စပါးစိုက်ဧက ၇၈၉၀၀၀ ရှိပြီး ရိတ်သိမ်းမှု မှတ်တမ်းအရ တစ်ဧကအထွက်နှုန်း ၈၅ ဒသမ ၄၃ တင်းခန့် ထွက်ရှိပါတယ်"ဟု မကွေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးဦးခင်မောင်ဝင်းက ပြောသည်။

ရိတ်သိမ်းခြွေလှေ့စက်ဖြင့် စပါးရိတ်သိမ်းနေမှုကို တွေ့ရစဉ်။

ဆန်သိုလှောင်ရုံတစ်ခု၌ ဒေသအနှံ့ ဖြန့်ဖြူးမည့်ဆန်အိတ်များကို အလုပ်သမားများ လုပ်ကိုင်နေသည်ကို တွေ့ရစဉ်။

စလင်း၊ ပွင့်ဖြူဒေသတွင် ဧရာပဒေသာကဲ့သို့ ရက်ပေါင်း ၁၅၀ ရှိ ရက်ရှည်စပါးမျိုးကို စွဲမြဲစွာ စိုက်ပျိုးလေ့ရှိပြီး သဘာဝဘေးနှင့် ကြုံတွေ့ပျက်စီးခဲ့ရာ စပါးစိုက်ပျိုးချိန်များ တစ်လခန့်နောက်ကျခဲ့သော်လည်း နိုင်ငံတော်သမ္မတ ရန်ပုံငွေမှ စပါးမျိုး၊ အိတ်ခွန်၊ သယ်ယူခ စုစုပေါင်း ငွေကျပ် ၃၈၈ သန်း ထောက်ပံ့မှုများရရှိခဲ့ခြင်းကြောင့် ရက် ၉၀ စပါးမျိုးများဖြစ်သည့် ဗီယက်နမ်၊ ဆင်းသုခ၊ မနောသုခ၊ ရတနာတိုးစပါးများ အချိန်မီ အစားထိုးစိုက်ပျိုးနိုင်ခဲ့သည်ဟု စိုက်ပျိုးရေးဦးစီးဌာန တာဝန်ရှိသူထံမှ သိရသည်။

စပါးအထွက်နှုန်းများ ကျဆင်းမှုမရှိသောကြောင့် စလင်း၊ ပွင့်ဖြူမြို့နယ်များတွင် စပါးဈေးနှင့်အရောင်းအဝယ်များ ကောင်းမွန်နေပြီး ဒေသအနှံ့တင်ပို့ရောင်းချမြဲဖြစ်သည့် ကုန်စည်များမှာ ပုံမှန်စီးဆင်းလည်ပတ်လျက်ရှိသည်ဟု ဒေသခံများကဆိုသည်။

"ကုန်သည်တစ်ယောက် ပို့ကုန်က တစ်ရက်အိတ် ၃၀၀ ကနေ ၅၀၀ အထိရှိတယ်။ တစ်ရက်ကုန်ကား ၁၀ စီးလောက်ဆန်တွေ တင်ပို့နေကြတယ်။ တစ်ရက်အိတ် ၅၀၀၀ လောက်၊ တန်နဲ့တွက်ရင် တန် ၂၀၀ ကျော် လောက် စလင်းဒေသတစ်ခုတည်းကနေ တင်ပို့နေတာကိုတွေ့ရတယ်။ စပါးတစ်တင်း ဈေးက ဧရာပဒေသာ ငွေကျပ် ၉၀၀၀၊ မနောသုခ ငွေကျပ် ၇၀၀၀၊ ရတနာတိုး ငွေကျပ် ၆၀၀၀ ဈေးပေါက်တယ်။ ပြီးခဲ့တဲ့တစ်ပတ်ကထက် တစ်တင်း ငွေကျပ် ၅၀၀ လောက် ဈေးတက်သွားတာပါ။ ဆန်ကတော့ ဒေသခံတွေအစားများတဲ့ မနောသုခက ငွေကျပ် ၂၉၀၀၀၊ ပြည်တွင်းစားသုံးမှုနည်းပြီး တင်ပို့တာများတဲ့ ရတနာတိုးက ဒေသဈေး ငွေကျပ်၂၂၀၀၀၊ မူဆယ်ဈေး ငွေကျပ်၂၈၀၀၀၊ ဧရာပဒေသာအသစ်ဈေး ငွေကျပ် ၃၉၀၀၀၊ အဟောင်း ငွေကျပ် ၄၄၀၀၀၊ မကွေးလက်လီပေါက်ဈေးငွေကျပ် ၄၈၀၀၀ လို့ သိရပါတယ်။ မူဆယ်ထိ တိုက်ရိုက်ကားခက တစ်အိတ် ငွေကျပ် ၅၀၀၀ ပေးရတယ်။ ပို့ဆောင်ရေးလုပ်ငန်းသမားတွေလည်း အဆင်ပြေတဲ့အချိန်ပါ"ဟု စလင်းမြို့ ဒေသခံတစ်ဦးဖြစ်သူ ကိုစောက ပြောသည်။

ဆန်စပါးကို ယခင်က မန္တလေးမြို့အထိသာ တင်ပို့မှုများရှိခဲ့ပြီး ဆက်သွယ်ရေးများ တိုးတက်ကျယ်ပြန့်လာမှုနှင့်အတူ မူဆယ်မြို့အထိ တိုက်ရိုက်တင်ပို့ရောင်းချမှုများရှိလာကြောင်း၊ ရွှေဘိုပေါ်ဆန်းနေရာတွင် အစားထိုး စားသုံးလာကြသည့် ဧရာပဒေသာဆန်ကို မန္တလေး၊ မူဆယ်အပြင် ကျောက်ပန်းတောင်း၊ မိတ္ထီလာဈေးကွက်ဝယ်လိုအားမြင့်တက်လာမှုကြောင့် နေ့စဉ်နီးပါးတင်ပို့ပေးနေရကြောင်း၊ အညာကြိုက်အစားခံစပါးမျိုးဖြစ်သည့် မနောသုခဆန်ကိုမူ မကွေးဒေသတွင်း စားသုံးမှုများကြောင်း ဒေသတွင်းစပါးဈေးကွက်မှသိရသည်။

ဇေယျတု(မကွေး)

မိုးရာသီဘဏ်ချေးငွေ နတ်မောက်မြို့နယ်လုံးကျွတ် ပြေကျေစွာ ကောက်ခံရရှိ

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် ၂၀၁၅ ခုနှစ်မေလ နောက်ဆုံးပတ် မိုးရာသီသီးနှံများကို မြို့နယ်မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမှတောင်သူများအား ဘဏ်ချေးငွေအဖြစ်ထုတ်ချေးပေးခဲ့ကြောင်းသိရသည်။

နတ်မောက်မြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမှ မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၇၅ အုပ်စု ဘဏ်အဖွဲ့ဝင်တောင်သူ ၁၁၀၀၃ ဦးသို့ထုတ်ချေးခဲ့သည်။ အဆိုပါ ၂၀၁၅ ခုနှစ် မိုးရာသီ သီးနှံထုတ်လုပ်မှုဘဏ်ချေးငွေကျပ် ၁၄၉၄၀၀၀၀၀၀ ကို ဇန်နဝါရီ ၁၉ ရက်တွင် မြို့နယ်လုံးကျွတ်တောင်သူများထံမှ ပြေကျေစွာ ကောက်ခံရရှိကြောင်း မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲ မြို့နယ်မန်နေဂျာ ဦးမျိုးနိုင်က ပြောကြားခဲ့သည်။

လှဝင်း(နတ်မောက်)

စစ်တွေမြို့၌ စားနပ်ရိက္ခာဖူလုံမှုဆိုင်ရာ အရင်းအမြစ်ဗဟိုဌာနဖွင့်

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး ဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ကုလသမဂ္ဂကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (WFP) တို့ ပူးပေါင်းဆောင်ရွက်သည့် စားနပ်ရိက္ခာဖူလုံမှုဆိုင်ရာ အရင်းအမြစ် ဗဟိုဌာန (Resource Center, Sittwe, Rakhine) ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၁၉ ရက်က စတင်ဖွင့်လှစ်ကြောင်းသိရသည်။

ရှေးဦးစွာ ရခိုင်ပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးထွန်းဝေနှင့် (WFP) မှ Heat of Sub-officer Ms. Victoria TA.asan တို့က အမှာစကားပြောကြားကြသည်။ ထို့နောက်တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

အခမ်းအနားသို့ ပြည်နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပြည်နယ်/ခရိုင်/ မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

စားနပ်ရိက္ခာဖူလုံမှုဆိုင်ရာအရင်းအမြစ်ဗဟိုဌာနကို ရခိုင်ပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနရုံး၌ ဖွင့်လှစ်ထားရှိပြီး သင်တန်းများ ဖွင့်လှစ်ပို့ချပေးလျက်ရှိသည်။

ဇန်နဝါရီ ၁၉ ရက်မှ ၂၀ ရက်အထိ ဖွင့်လှစ်သော Training on food security Concept/Survey Techniques and Questionnaire Design သင်တန်းသို့ သင်တန်းသား ၂၅ ဦး တက်ရောက်ခဲ့ကြောင်းနှင့် သင်တန်းများကို ဆက်လက်ဖွင့်လှစ်ပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ သင်တန်းအနေဖြင့် ကျေးလက်ဒေသများတွင် အစားအသောက်များ ဘေးအန္တရာယ်ကင်းရှင်းရေး၊ အစားအသောက်ဖူလုံမှုရရှိရေးစသည့်အချက်များကို ဝန်ထမ်းများအနေဖြင့် သိရှိနားလည်ပြီး ကျေးလက်ဒေသဖွံ့ဖြိုးမှုများတွင် ဆောင်ရွက်နိုင်ရန် ရည်ရွယ်ပြီး ဖွင့်လှစ်ခြင်းဖြစ်ကြောင်းသိရသည်။

"သင်တန်းကတော့ အစားအသောက်ဆိုင်ရာတွေနဲ့ ပို့ချတာဆိုတော့ ဝန်ထမ်းတွေအတွက် စွမ်းရည်ဖြည့်တဲ့ သဘောမျိုးပါ။ ကျေးလက်နေပြည်သူတွေအတွက် အကျိုးရှိမယ့်လုပ်ငန်းတွေပါ"ဟု သင်တန်းသား ဦးမောင်မောင်သိန်းက ပြောသည်။

ရခိုင်ပြည်နယ်

ကိုကြီးစော

မန္တလေးတိုင်းဒေသကြီး

ဗိသုကာလက်ရာအဆင့်အတန်းမြင့်မားမှုကို သက်သေပြလျက်ရှိသော ဗားကရာကျောင်းတော်ကြီး

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ်ရှိ မဟာဝေယံဘုံသာ ဗားကရာကျောင်းတော်ကြီးသည် ရှေးခေတ်ဘုရင်မင်းအဆက်ဆက်တို့၏ ဗုဒ္ဓဘာသာယုံကြည် ကိုးကွယ်မှု၊ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များကို တန်ဖိုးထားမြတ်နိုးစွာဖော်ထုတ်ထိန်းသိမ်း ကာကွယ်စောင့်ရှောက်မှုတို့ဖြင့် ရှေးမြန်မာလူမျိုးတို့၏ ဗိသုကာအနုပညာလက်ရာများ အဆင့်အတန်းမြင့်မားမှုတို့ကို အထောက်အထား ပြယုဂ်များအဖြစ် ခံ့ညားတင့်တယ်စွာ တည်ရှိနေပေသည်။

မဟာဝေယံဘုံသာကျောင်းတော်ကြီးကို ဗားကရာကျောင်းဟု လူသိများကြသည်။ ဗားကရာဆိုသည်မှာ မွန်ဝေါဟာရ ဗက်ကရာမှ ဆင်းသက်ခဲ့ပြီး မြန်မာဘာသာအားဖြင့် ခရေပင်ကျောင်းဟု အဓိပ္ပာယ်ရသည်။ အဆိုပါ ကျောင်းတော်ကြီးကို အင်းဝမှ အမရပူရမြို့သို့ ပြောင်းရွှေ့နန်းစံခဲ့သော ဘိုးတော်ဗဒုံမင်းမှ သက္ကရာဇ် ၁၁၄၄ ခုနှစ်တွင် တည်ဆောက်လှူဒါန်းခဲ့ခြင်းဖြစ်ပြီး အင်းဝမြို့မှ အင်းဝတိပိဋကလင်္ကာရသီရိဇေ မဟာဓမ္မရာဇဂုရု ပထမဗားကရာဆရာတော်ကိုပင့်၍ မဟာဝေယံဘုံသာဗားကရာကျောင်းတော်ကြီးတွင် ပြောင်းရွှေ့ကိုးကွယ်ခဲ့သည်။ အဆိုပါ ကျောင်းတော်ကြီးမှာ ပထမအမရပူရဗားကရာကျောင်းတော်ကြီးပင်ဖြစ်သည်။ ဘကြီးတော်မင်းတရားကြီးလက်ထက် (သက္ကရာဇ် ၁၁၈၃ခုနှစ်) တွင် ကျောင်းတော်ကြီးမှာ မီးခပျက်စီးခဲ့သည်။

ထို့နောက် အမရပူရဒုတိယမြို့တည် ပုဂံမင်းတရားလက်ထက် သက္ကရာဇ် ၁၂၀၉ ခုနှစ်တွင် မဟာဝေယံ ဘုံသာဗားကရာကျောင်းတော်ကြီးကို တည်ဆောက်၍ သာသနာပိုင် ဆရာတော်အရှင်ပညာဇောတ ဒုတိယဗားကရာဆရာတော်ကို တင်လှူကိုးကွယ်ခဲ့သည်။

ကျောင်းတော်ကြီးကို အထူးထူးသော အပြောက်အမွမ်းတို့ဖြင့် တန်ဆာဆင်ကာ ဘုံခုနစ်ဆင့်ပြာသာဒ်တော်ကြီးနှင့်တကွ စံမြင့်ခံဘုံလေးဆင့် နောက်ဆောင်၊ ဘောဂဆောင်ပါရှိပြီး မဟာရံတံတိုင်းမီးတုံးမုခ်လေးမုခ်နှင့်တကွ အုတ်ပြာသာဒ်ပေါင်း ၁၂ ဆောင်နှင့် ခံ့ညားစွာတည်ဆောက်ခဲ့သည်။ ထိုခေတ်က ငွေစင်လက်ခ ၁၂၀၀၀၀ ကျော် အကုန်အကျခံ၍ ပတိမ်းမဘဲမြို့စားသတိုးမင်းကြီး မဟာမင်းလှကျော်သူအတွင်းဝန်မင်းက ဦးစီးတည်ဆောက်ခဲ့သည်။

သက္ကရာဇ် ၁၂၂၈ ခုနှစ် မင်းတုန်းမင်းလက်ထက်တွင် ဒုတိယအကြိမ် မီးခပျက်စီးခဲ့ရာ အုတ်လှေကားကြီး ရှစ်စင်းသာကျန်ရစ်ခဲ့သည်။ ထို့နောက်သက္ကရာဇ် ၁၃၁၃ ခုနှစ်တွင် မြသိန်းတန်ဆရာတော် အရှင်ဉာဏုတ္တရက ဗားကရာတိုက်ဟောင်းကို ပြန်လည်ဖော်ထုတ်ပြီး အနယ်နယ်အရပ်ရပ်မှ ဆင်းတုတော်များနှင့် ရှေးဟောင်းပေစာများကို စုဆောင်းထားရှိခဲ့သည်။

ထို့ပြင် သက္ကရာဇ် ၁၉၉၃ ခုနှစ်တွင် တောင်သမန် ကျောက်တော်ကြီးဘုရား၏ နံရံတွင် မှတ်တမ်းတင်ရေးခြယ်ခဲ့သော ဗားကရာကျောင်းတော်ကြီး၏ ပန်းချီပုံနှင့် ရှေးဟောင်း မြန်မာဗိသုကာပညာရပ်စနစ်များ ပေါင်းစပ်၍ မဟာဝေယံဘုံသာ ကျောင်းတော်ကြီးကို ရှေးမူမပျက်ပြန်လည်တည်ဆောက်ပြီး ဆောင်မကြီး၏အပေါ်ထပ်တွင် ဗုဒ္ဓဆင်းတုတော်ပြတိုက်နှင့် ဆောင်မကြီး၏ အောက်ထပ်တွင်ပိဋကတ်တော်စာကြည့်တိုက်အဖြစ် ထားရှိပူဇော်ထားလေသည်။ ဗုဒ္ဓဆင်းတုတော်ပြတိုက်တွင် ရှေးဟောင်းဆင်းတုတော်ပေါင်း ၄၇၄ ဆူနှင့် ပိဋကတ်တော်စာကြည့်တိုက်တွင် ရှေးဟောင်းပေစာ အမျိုးအစားပေါင်း ၅၂၈၀ဆူနှင့် ပရပိုဒ် စာပေါင်း၂၃၁ဆူပြသထားရှိသည်။

ကျောင်းတော်ကြီး တူးဖော်ရာတွင် ကျွန်းတိုင်ပေါင်း ၃၄၆ တိုင်တို့၏အောက်တွင်အောက်ခံကျောက်တုံးကြီးများကိုတွေ့ရှိရသည်။ အကောင်းတိုင်းတွေ့ရှိရသော အောက်ခံကျောက်ဖိနပ်ပေါင်း ၂၈၂ လုံးကို ပြသထားသည်။ အချင်း ၂၈ လက်မ၊ ကျောက်ဖိနပ်အထု ၁၁ လက်မရှိသည်။

လက်ရှိကျောင်းတော်ကြီးမှာ အရှေ့အနောက်အလျား ၃၅၁ ပေ၊ တောင်မြောက်အနံ ၁၆၅ ပေရှိပြီး အုတ်လှေကားပေါင်း ရှစ်စင်း၊ တိုင်ပေါင်း ၃၄၆ လုံး၊ တိုင်လုံးအချင်း ၂၂ လက်မရှိ၍ ဆောင်မကြီး၊ ပြာသာဒ်ဆောင်၊ စနူဆောင်နှင့် ဘောဂဆောင်များပါရှိသည်။

မဟာဝေယံဘုံသာ ဗားကရာကျောင်းတော်ကြီးကို လေ့လာကြည့်ရှုခြင်းဖြင့်ရှေးခေတ်မြန်မာလူမျိုးတို့၏ ဗိသုကာအနုပညာလက်ရာများနှင့်ယဉ်ကျေးမှုအမွေအနှစ်များအား ဖော်ထုတ်ထိန်းသိမ်းစောင့်ရှောက်မှုတို့ကို တွေ့မြင်ကြရမည်ဖြစ်ပေသည်။

မင်းထက်အောင်(မန်းကိုယ်ပွား)

မြန်မာ့အနောက်တံခါးဆိုင်ရာ စာတမ်းဖတ်ပွဲကျင်းပ

မြန်မာပြည်ချစ်သူများအဖွဲ့မှ ကြီးမှူးကျင်းပသော မြန်မာ့အနောက်တံခါးနှင့် အချုပ်အခြာအာဏာဆိုင်ရာ စာတမ်းဖတ်ပွဲကို ဇန်နဝါရီ ၂၀ ရက် ညနေ ၃ နာရီက မန္တလေး ချမ်းအေးသာစံမြို့နယ် ၂၆၊ လမ်း ၆၅×၆၆ လမ်းကြားရှိ စွမ်းဟိုတယ်၌ကျင်းပခဲ့သည်။ အဆိုပါဟောပြောပွဲ၌ သမိုင်းသုတေသီ ဒေါက်တာအေးချမ်းက မြန်မာ့အနောက်တံခါးနှင့် အချုပ်အခြာအာဏာဆိုင်ရာ စာတမ်းဖတ်ကြားပြီး အပြန်အလှန်ဆွေးနွေးခြင်းများပြုလုပ်ခဲ့သည်။

ဒေါက်တာအေးချမ်းသည် ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ်ဇာတိဖြစ်ပြီး ဘူးသီးတောင်မြို့နယ် အခြေခံပညာအထက်တန်းကျောင်းနှင့် စစ်တွေမြို့အခြေခံပညာအထက်တန်းကျောင်း၌ ၁၉၆၈ခုနှစ်တွင် အထက်တန်းအောင်မြင်ပြီး ရန်ကုန်တက္ကသိုလ်၌ သမိုင်းဘာသာရပ်ကို တက်ရောက်ပညာသင်ကြားခဲ့သည်။ ၁၉၇၈ ခုနှစ်တွင် မဟာဝိဇ္ဇာဘွဲ့ရရှိခဲ့သည်။ ၁၉၈၂ ခုနှစ်တွင် လက်ထောက်ကထိကရာထူးဖြင့် ရန်ကုန်တက္ကသိုလ်သမိုင်းဌာနသို့ ပြန်လည်တာဝန်ထမ်းဆောင်ခဲ့ပြီး ၁၉၈၃ ခုနှစ်တွင် ဂျပန်နိုင်ငံ တိုကျိုတက္ကသိုလ်တွင် ပါရဂူသင်တန်းတက်ရောက်ခွင့်အတွက် နိုင်ငံတော်ကရွေးချယ်သော ပညာသင်ဆုရရှိ၍ ၁၉၈၈ ခုနှစ်တွင် တိုကျိုတက္ကသိုလ်မှ D.Litt ကို ရရှိခဲ့သူဖြစ်သည်။ ၁၉၈၈ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်သမိုင်းဌာနတွင် လက်ထောက်ကထိကတာဝန် ပြန်လည်ထမ်းဆောင်ပြီးနောက် မကွေး တက္ကသိုလ်သို့ ပြန်လည်ထမ်းဆောင်ခဲ့သူဖြစ်သည်။ ၁၉၉၈ ခုနှစ်တွင် အမေရိကန်ပြည်ထောင်စု နယူးယောက်ပြည်နယ် Bard ကောလိပ်တွင် ကထိကတာဝန်ကိုထမ်းဆောင်ခဲ့ပြီး Bard ကောလိပ် တွဲဖက်ပါမောက္ခရာထူး တိုးမြှင့်ခန့်အပ်ခြင်းခံရသူလည်းဖြစ်သည်။ ၂၀၀၁ ခုနှစ်တွင် ဂျပန်နိုင်ငံ ခန်းဒနိုင်ငံတကာလေ့လာရေးတက္ကသိုလ်၌ တွဲဖက်ပါမောက္ခအဆင့်ဖြင့် ဂျပန်နိုင်ငံလေ့လာရေးဌာနတွင်ဂျပန်နိုင်ငံနှင့် အရှေ့တောင်အာရှနိုင်ငံဆက်ဆံရေး သုတေသန ပြုလုပ်ရန်ခေါ်ယူပြီး ၂၀၁၅ ခုနှစ်တွင် နိုင်ငံတကာယဉ်ကျေးမှုဌာန ပါမောက္ခအဖြစ် တာဝန်တိုးကာ ယနေ့တိုင်တာဝန်ထမ်းဆောင်နေသူလည်း ဖြစ်သည်။

အဆိုပါစာတမ်းဖတ်ပွဲမျိုးကိုဇန်နဝါရီ ၂၈ ရက် နံနက် ၁၁ နာရီတွင် ရန်ကုန်မြို့ ယုဇနဟိုတယ်၌ကျင်းပမည်ဖြစ်ရာ မည်သူမဆိုတက်ရောက်လေ့လာနိုင်ကြောင်းသိရသည်

ကျော်ထူး(မန္တလေး)

ပဲခူးတိုင်းဒေသကြီး

ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးဖွင့်ပွဲကျင်းပ

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ရှမ်းဒိုးတန်းကျေးရွာအုပ်စု ရှမ်းဒိုးတန်းကျေးရွာ ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးလင်းရေးဖွင့်ပွဲကို ဇန်နဝါရီ ၁၈ ရက်က အဆိုပါကျေးရွာ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ ရှမ်းဒိုးတန်းကျောင်း ဆရာတော်ဦးသာသနက ထရန်စဖော်မာနှင့် မော်ကွန်းတင်ကျောက်စာကို အမွှေးနံ့သာရည်များပက်ဖျန်းပြီး ဖဒိုဒေသလျှပ်စစ်မှူး ဦးအောင်ကြိုင်မင်းနှင့် လျှပ်စစ်မီးလင်းရေးကော်မတီဝင် ဦးမြင့်အောင်တို့က မော်ကွန်းတင်ကျောက်စာကို ဖတ်ကြားပေးခဲ့သည်။

ဆက်လက်၍ ရှမ်းဒိုးတန်းကျောင်းဆရာတော်အင်းဝိုင်း ကျောင်းဆရာတော်၊ ကျောက်တံခါးမြို့နယ် ဒုတိယအုပ်ချုပ်ရေးမှူး ဦးဇော်လင်း၊ ဖဒိုဒေသလျှပ်စစ်မှူး ဦးအောင်ကြိုင်မင်း၊ မီးလင်းရေးကော်မတီဝင် ဦးအောင်လွင်နှင့် ဦးမြင့်လွင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပြီး ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးခင်မောင်ဝင်းက ကျေးဇူးတင်စကားပြောကြားသည်။

အဆိုပါ ကိုယ့်အားကိုယ်ကိုးလျှပ်စစ်မီးလင်းရေးကို ၂၀၁၂ ခုနှစ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး ၃၁၅ ကေဗွီအေထရန်စဖော်မာနှင့် ကွန်ကရစ်မီးတိုင်မီးကြိုးများသွယ်တန်းကာ ကုန်ကျငွေကျပ် ၁၁၄၁ သိန်းဖြစ်ပြီးကျေးရွာနေအိမ်ထောင်စုပေါင်း ၅၇၀ လူဦးရေ ၂၂၆၀ အတွက် လျှပ်စစ်မီးလုံလောက်စွာသုံးစွဲနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

ခင်ကို(ကျောက်တံခါး)

တနင်္သာရီတိုင်းဒေသကြီး

အယ်လ်နီညိုရာသီဉတုပြောင်းလဲမှု တုံ့ပြန်ပြင်ဆင်ရေး စီမံချက်သရုပ်ပြလေ့ကျင့်

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့တွင် အယ်လ်နီညိုရာသီဉတုပြောင်းလဲမှု တုံ့ပြန်ပြင်ဆင်ရေးစီမံချက် သရုပ်ပြလေ့ကျင့်ခြင်းကို ဇန်နဝါရီ ၁၈ ရက်က မြိတ်မြို့ ဘုရားငါးဆူရပ်ကွက် မြို့မအားကစားကွင်း၌ ပြုလုပ်ခဲ့သည်။

ထိုသို့ သရုပ်ပြလေ့ကျင့်ရာတွင် မြိတ်ခရိုင်မီးသတ်ဦးစီးမှူး ဦးဇော်ဝင်းက တပ်ဖွဲ့ဝင်များအား သရုပ်ပြလေ့ကျင့်ခြင်း စီမံချက်နှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး မီးသတ်ရေသယ်ယာဉ်ဖြင့် စနစ်တကျရေပေးဝေမှု၊ မီးလောင်ရာသို့ နောက်ချန်မီးငြိမ်းသတ်ယာဉ်များဖြင့် ထွက်ခွာငြိမ်းသတ်ခြင်း၊ ရေရှားပါးချိန် အလှမ်းဝေးသောနေရာမှ ရေကို အပေါ့စားမီးသတ်စက်များဖြင့် ဆင့်ကဲရေဖြည့်တင်းမှုလေ့ကျင့်ခြင်း၊ ရေပေးဝေနေသော ရေသယ်ယာဉ်များမှ မီးလောင်မှုသို့ ချက်ချင်းထွက်ခွာကူညီခြင်းတို့ကို သန္ဓေမီးသတ်တပ်ဖွဲ့ဝင် ၂၃ ဦး၊ မီးငြိမ်းသတ်ယာဉ်သုံးစီး၊ ရေသယ်ယာဉ်တစ်စီး၊ အပေါ့စားမီးသတ်စက်နှစ်လုံးဖြင့် သရုပ်ပြလေ့ကျင့်ခဲ့ကြောင်း သိရသည်။

ဇော်မျိုးနိုင်(ပြန်/ဆက်)

နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ

ထိန်ညိုတောင်သို့ နှစ်ခေါက်လေ

နှင်းမှုန်ကြားက လဟယ်မြို့မြင်ကွင်း

ဒါရိုက်တာကြီး ဦးတင်ယု ရိုက်ကူးခဲ့ပြီး မင်းသားဇော်ဝမ်း ပါဝင်သရုပ်ဆောင်ခဲ့သည့် မေတ္တာဘုံသို့နှစ်ခေါက်လေ ရုပ်ရှင်ဇာတ်ကား အမည်ကို ငယ်စဉ်ကတည်းက သဘောကျခဲ့သည်။ သည့်အတွက်လည်း ယခုကျွန်တော်ရေးမည့် ဆောင်းပါးအမည်ကို ထိန်ညိုတောင်သို့ နှစ်ခေါက်လေဟု အမှတ်တရပေးလိုက်မိပါပြီ။ ပြီးခဲ့သည့် နိုဝင်ဘာလက နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ တကားကျေးရွာဘက်မှ နယ်စပ်ဖွံ့ဖြိုးရေးလုပ်ငန်းများကို သွားရောက်ကြည့်ရှုစစ်ဆေးစဉ် လဟယ်မြို့သို့လည်း နေ့ချင်းပြန်သွားရောက်ခဲ့သည်။ ခန္တီးမြို့ တစ်ဖက်ကမ်း ဆင်သေမှ လဟယ်မြို့ထိ မိုင် ၅၀ စွန်းစွန်းမျှသာ။ နမ့်ဆလိန်ချောင်းကူးတံတားသည် ခန္တီးမြို့နယ်နှင့် လဟယ်မြို့နယ်တို့ကို ပိုင်းခြားထားသည်။ လမ်းတွင်တွေ့ခဲ့ရသော နာဂကျေးရွာလေးများထဲမှ ပင်လုံဟတ္ထိဆိုသော ရွာငယ်လေး၏ အမည်က ပြီးခဲ့သည့်တစ်ခေါက်ကတည်းက ကျွန်တော့်ကို ဖမ်းစားနိုင်ခဲ့သည်။ သိလိုစိတ်ပြင်းပြနေ၍ ယခုခရီးစဉ်တွင် မေးမြန်းကြည့်ခဲ့ရာ ဟတ္ထိဆိုသည်မှာ ထိုရွာကိုပထမဆုံး စတည်ထောင်ခဲ့သည့် ရွာအကြီးအကဲ၏ အမည်ကို အစွဲပြုမှည့်ခေါ်ထားခြင်းဖြစ်ကြောင်း၊ နယ်မြေမတည်မငြိမ်ဖြစ်ပြီး ၁၉၈၈ ခုနှစ်တွင် ရွာပျက်ခဲ့ကြောင်း၊ ထိုမှတစ်ဖန် ၂၀၀၀ ပြည့်နှစ်တွင် ရွာသစ်ပြန်တည်ပြီး အခြားသော နာဂမျိုးနွယ်စုများ၊ တိုင်းရင်းသားများအတူ လာရောက်နေထိုင်လျက်ရှိခြင်းကြောင့် ထိုအချိန်က စစ်ဗျူဟာမှူး တာဝန်ထမ်းဆောင်နေသော ဗိုလ်မှူးကြီး ခင်မောင်မြင့်(ငြိမ်း)က ရှမ်းပြည်နယ်၏ အထင်ကရ ပင်လုံဒေသအမည်ကိုပါရယူပြီး ပင်လုံဟတ္ထိဟု အမည်ပေးခဲ့ခြင်းဖြစ်ကြောင်း ကြားသိခဲ့ရသည်။ နာဂရိုးရာနှစ်သစ်ကူးပွဲတော်တွင် ခန္တီးမြို့မှ ကိုရန်းလီနှင့် တွေ့ဆုံခဲ့ရာ ဟတ္ထိကျေးရွာသည် သူ့မိခင်၏ ဇာတိရွာဖြစ်ကြောင်း၊ အဆိုပါကျေးရွာ၌ မင်းသားကြီး ကျော်ဆွေ ပါဝင်သော တောင်ပေါ်မြေမှမြေပြန့်ပန်း ရုပ်ရှင်ဇာတ်ကားကြီးကို ရိုက်ကွင်းတည်ကာ ရိုက်ကူးခဲ့ဖူးကြောင်းကိုလည်း သိခွင့်ရလိုက်၏။

တစ်ခုသတိပြုမိသည်မှာ နာဂဒေသတွင် ရွာဟောင်းမှရွာသစ်သို့ အရွှေ့အပြောင်း တော်တော်များများ ရှိနေခဲ့ဖူးသည်ဆိုခြင်းကိုပင်။ ဆော့လော်ဆိုသောရွာမှာပင် ဆော့လော် နောက်အင်းနှင့် ဆော့လော်နောက်ကုန်း ရွာနှစ်ရွာရှိနေသကဲ့သို့ လောက်ကျန်း နောက်ကုန်းနှင့် လောက်ကျန်းနောက်အင်း ဆိုတာမျိုးလည်း တွေ့ရမည်။ နောက်အင်းဆိုသည်မှာ ရွာသစ်ကိုခေါ်ပြီး နောက်ကုန်းဆိုတာကတော့ ရွာဟောင်းရွာမကိုခေါ်ခြင်းဖြစ်ကြောင်း သိရ၏။ ဆင်သေနှင့်လဟယ်အကြား လောင်စောက်၊ သက္ကယ်တောင်၊ ပင်လုံဟတ္ထိ၊ လောင်ငေါက်၊ မွန်ထွေ၊ စံပြအစရှိသော ကျေးရွာများကို ဖြတ်ကျော်ခဲ့ရသကဲ့သို့ လဟယ်ဒေသ၏ အထင်ကရ ထိန်ညိုတောင်ကိုလည်း ရှောင်ကွင်းသွားလာ၍မရနိုင်ပေ။ အမြင့်ပေ ၄၉၉၇ ပေရှိ ၎င်းတောင်ထိပ်ကို ရောက်တိုင်း ညီတော်မောင် ဒုတိယညွှန်မှူး ကိုသန့်ဇင်ပြောခဲ့ဖူးသည့် လိုနေတဲ့နောက်ထပ် သုံးပေကို မြေကြီးတူးဖို့လိုက်ရင် အမြင့်ပေ ၅၀၀၀ ဆိုပြီး မှတ်သားရလွယ်သွားတာပေါ့ဗျာ ဆိုသည့်စကားကို အမှတ်ရစမြဲဖြစ်သည်။ ယခင်တစ်ခေါက်က ထိန်ညိုတောင် View Pointမှ လှမ်းမျှော်ကြည့်လိုက်လျှင် ခန္တီးမြို့၏ တစ်စိတ်တစ်ပိုင်းကို တွေ့မြင်ရသော်လည်း ယခုတစ်ခေါက်တွင်မတော့ မြူနှင်းများ ဆိုင်းနေသဖြင့် မြင်ကွင်းမရှင်းတော့ပေ။ လဟယ်မြို့သို့ မရောက်မီ ၄၉ မိုင်တိုင်မှ ဝဲဘက်သို့ ချိုးကွေ့၍ ဟွေထိုက်ချောင်းတွင် ဘေလီတံတားတစ်စင်း တည်ဆောက်နေမှုကို ဝင်ရောက်ကြည့်ရှုခဲ့ပါသေးသည်။ လဟယ်သို့ ရောက်လျှင်ရောက်ချင်းမှာလည်း နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့ ဥက္ကဋ္ဌ ဦးရှုစံကြူးက ကျွန်တော်တို့အဖွဲ့ကို လှမ်းခေါ်ပြီး သူကြိုးပမ်းဆောက်လုပ်ထားသည့် (နယ်စပ်ဖွံ့ဖြိုးရေး ရန်ပုံငွေမှခွင့်ပြုထားသည့်) ရိပ်သာသစ်ကြီးကို လိုက်လံပြသပါသည်။

ထို့အပြင် အသစ်ဖောက်လုပ်ထားသော ရဟတ်ယာဉ်ကွင်းကို လိုက်လံပြသပြီး နောင်တွင် ခရီးသွားလုပ်ငန်းကို ကြီးမားကျယ်ပြန့်စွာ ဆောင်ရွက်နိုင်ချိန်၌ ဒေသကို အကျိုးပြုနိုင်အောင် စဉ်းစားဖောက်လုပ်ခဲ့ခြင်းဖြစ်ကြောင်း ရှင်းပြသည်။ သူနှင့် ကျွန်တော်သည် စစ်တက္ကသိုလ်တက်ရောက်ခဲ့စဉ်က အပတ်စဉ် ရှေ့နောက်၊ ကျွန်တော်က (၂၂)၊ သူက(၂၃)ဖြစ်၏။ သူယာယီတပ်ရင်းမှူးဘဝက နာဂတိုင်းရင်းသားသွေးချင်းများနှင့်အတူ ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးအား လဟယ်မြို့၌ ကြိုဆိုခဲ့သည့်ဓာတ်ပုံကို ရန်ကုန်မြို့ရှိ မူးယစ်ဆေးဝါးပပျောက်ရေး အထိမ်းအမှတ်ပြတိုက်ကြီးတွင် (၁၀×၄) ပေ အရွယ်အစား Light Box ဖြင့် ကျွန်တော် ပြသခဲ့ဖူးသည်။ ယခုချိန်ထိလည်း ဗိုလ်ချုပ်မှူးကြီး သန်းရွှေအား ရဝမ်တိုင်းရင်းသားခေါင်းဆောင်များက နောင်မွန်းမြို့တွင် ကြိုဆိုနှုတ်ဆက်ခဲ့သော ဓာတ်ပုံနှင့် အဆိုပါ လဟယ်ခရီးစဉ် ဓာတ်ပုံများသည် မူးယစ်ပြတိုက်ကြီးတွင် ရှိနေဆဲ။ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ကျွန်တော့်မိတ်ဆွေ ကိုအောင်တင်နှင့် ကိုသန်းအောင်တို့၏ လက်ရာများပင်တည်း။

ဇန်နဝါရီ ၁၅ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် နာဂရိုးရာနှစ်သစ်ကူးပွဲတော်ကို အကြောင်းပြု၍ လဟယ်မြို့သို့ ဒုတိယတစ်ခေါက်ရောက်ရှိလာရခြင်း ဖြစ်ပါသည်။ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် ပွဲတော်အတွက် အားကြိုးမာန်တက် ပြင်ဆင်နေမှုများကို တွေ့ရသည်။ ရိုးရာကွင်းကြီးကို သန့်ရှင်းသပ်ရပ်စွာ ပြင်ဆင်ထားပြီးဖြစ်သည်။ ဌာနအလိုက် ခင်းကျင်းပြသမည့်ပြခန်းများ၊ အရောင်းပြခန်းများကိုလည်း တာဝန်ရှိသူများက နေ့/ညပြင်ဆင် ဆောင်ရွက်လျက်ရှိကြသည်။ ထုံးစံအတိုင်း မြို့နယ်အသီးသီးမှ ရောက်ရှိလာကြသော နာဂရိုးရာ ယဉ်ကျေးမှုအဖွဲ့များကလည်း တစ်ဖွဲ့ပြီးတစ်ဖွဲ့ ဝင်ရောက်လာကြပြီဖြစ်သည်။ တချို့က ညဘက်မှာပင် ရိုးရာကွင်းထဲ၌ သီချင်းနှင့် တီးလုံးများဖွင့်၍ အကတိုက်နေကြပေပြီ။ ကျွန်တော်အနှစ်သက်ဆုံး နာဂရိုးရာ တေးသီချင်းတစ်ပုဒ်ဖြစ်သည့် “ကိုင်းအီလို” သီချင်းနှင့်အကကိုတော့ မကြားရ မမြင်ရသေး။ ပွဲတော်နေ့၌ သေချာပေါက်ကြည့်ရှု နားဆင်ခွင့်ရလိမ့်မည်ဟု ယုံကြည်ပါသည်။

လဟယ်မြို့ပတ်ဝန်းကျင်ကို လေ့လာကြည့်လိုက်တော့မှ လဟယ်ဆိုသည်မှာ တောင်ပတ်လည်ဝန်းရံထားသော မြို့ကလေးတစ်မြို့ပါတကားဟု အတွေးရောက်မိ၏။ ကြည့်လေ. . . . မြောက်ဘက်တွင် ဖူဂျီဟုခေါ်သောအပင်များ စုဝေးပေါက်ရောက်နေသော ဖူဂျီတောင်တည်ရှိနေသလို တောင်ဘက်၌လည်း ဒေသခံတို့က မာလာတောင်ဟု အမည်ပေးထားသော တောင်ထွတ်တစ်ခုတည်ရှိနေပေသည်။ အမှန်က မာလာတောင်မဟုတ်ဘဲ ဝမ်လာထန် တောင်ဖြစ်ကြောင်း၊ တောမီးမကြာခဏ လောင်တတ်သောတောင်ဟု အဓိပ္ပာယ်ရကြောင်း၊ ကာလရွေ့လျားပြီး မာလာတောင်ဟု ခေါ်ဝေါ်နေကြခြင်းဖြစ်ကြောင်း လဟယ်မြို့မှ မိတ်ဆွေကြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဆားမူက ရှင်းပြသည်။ ၎င်းအပြင် အနောက်ဘက်တွင်လည်း အာရီးကွေးတောင်ဟု အမည်ရသော တောင်တစ်လုံး ရှိနေပြန်သည်။ ၎င်းတောင်ပေါ်တွင် လေပြင်းများ တိုက်လေ့ရှိသဖြင့် အာရီးကွေးတောင်ဟု ဒေသခံတို့ကခေါ်ခြင်းဖြစ်ကြောင်း သိလိုက်ရသောအခါ ဩော်. . . နာဂဒေသ လဟယ်မြို့မှာလည်း လေထန်ကုန်းရှိနေတာပါပဲကလားဟု အတွေးရောက်ရင်း ပြုံးလိုက်မိသေး၏။

မြင့်စိုး(နတလ)

ပဲခူးတိုင်းဒေသကြီး

နတ်တလင်းမြို့နယ်တွင် ထန်းလျက်ချက်သူများ စီးပွားရေးအဆင်ပြေ

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် နတ်တလင်းမြို့နယ်(အနောက်ခြမ်း)ရှိ ပွဲသာကျေးရွာအုပ်စု ဇီးကုန်းလေးရွာ၊ ဂုဏ်တောရွာ၊ လှေကြပ်ကုန်းကျေးရွာအုပ်စု ကြာကံ၊ လိမ်ကွင်း၊အိုးဘိုကုန်း စသည့်ကျေးရွာများသည် ယခုရာသီတွင်ထန်းလျက်ချက်လုပ်ငန်းဖြင့် စီးပွားရေးအဆင်ပြေကြောင်း သိရသည်။

ဒေသခံဦးမျိုးမင်းဦးက “ကျွန်တော်တို့ဒေသမှာ ထန်းတောပိုင်တဲ့သူတွေက ထန်းတောတစ်တောကိုအပင် ၁၀ ပင်ကစပြီး အပင် ၄၀ လောက်ရှိတယ်။ လယ်မြေလိုပဲ လယ်သမားတွေမှာ တချို့လည်း ငါးဧကပိုင်သလို တချို့ကျတော့လည်း ဧက ၂၀၊ ၃၀ ပိုင်ကြသလိုမျိုးပေါ့၊ ထန်းရည်က အချိုရည်၊ အခါးရည်ရှိတယ်။ အခုသောက်နေကြတာကအခါးရည်ပဲ။ ထန်းချိုးမြူအိုးမှာများရင် အခါးဓာတ်များပြီး နည်းရင်အခါးဓာတ်နည်းတယ်။ ထန်းလျက်ချက်တာကျတော့ အချိုရည်ကို ချက်ရတယ်။ အချိုရည်ရအောင်က မြူအိုးအသစ်ကို အတွင်းအပြင်ထန်းလက်မီးကင်ပြီး အတွင်းဖင်ပိုင်းကိုထုံးသုတ်၊ ထန်းနို့မှာခံထားရင်အချိုရည်ရပြီ။ ထန်းတက်သမားက ထန်းတက်ချိန်မှန်ရတယ်၊ မနက်တစ်ချိန် ညနေတစ်ချိန်တက်ရတယ်၊ မနက်ထန်းတက်ပြီးချတဲ့ အချိုရည်ကို ထန်းလျက်ချက်တာပါ။ မီးဖိုမှာ သံဒယ်ပိုင်းထဲထည့်၊ အရည်ပျစ်တဲ့အထိကျိုပြီး အခဲလေးတွေ လုပ်တာပါ။ အခုပေါက်ဈေးကတော့ တစ်ပိဿာဖောက်သည် ကောက်ဈေး ကျပ် ၁၅၀၀ ရှိတယ်။ ထန်းတောများတဲ့သူက ပိုပြီး အဆင်ပြေတယ်။ ထန်းလျက်ဈေးကတော့ အတက်အကျရှိတယ်။ အရင်ဆုံးချက်ရောင်းတဲ့သူတွေက ဈေးကောင်းပိုရတယ်။ ထန်းလျက်ချက်တဲ့ ကျွန်တော်တို့ဒေသကလူတွေ စီးပွားရေးအဆင်ပြေကြပါတယ်” ဟု ပြောသည်။

တင်မြင့်(နတ်တလင်း)

ဒီရာသီ ဘွန်ဒက်စ်လီဂါပြိုင်ပွဲရဲ့ဒုတိယရာသီဝက် ကို လာမယ့်ဇန်နဝါရီ ၂၃၊ ၂၄ နေ့တွေမှာ ပြန်လည်ကျင်းပ သွားတော့မှာဖြစ်တယ်။ ဒီဇင်ဘာ ၂၀ ရက်နေ့ပြီးကတည်းက ရပ်နားခဲ့တာဖြစ်ပြီး တစ်လကြာရပ်နားပြီးမှ အခုလို ဘွန်ဒက်စ်လီဂါပြိုင်ပွဲက ပြန်လည်အသက်ဝင်လာတော့ မယ်ဆိုတော့ အဲ့ဒီအကြောင်းအရာနဲ့ ပတ်သက်ပြီး ဘာများပြောစရာရှိမလဲ။ အထူးသဖြင့် လက်ရှိအချိန်မှာ ဘွန်ဒက်စ်လီဂါဟာ ပွဲစဉ်(၁၇)ပြီးပြီ။ အရှင်းဆုံးပြောရရင် ဒီရာသီရဲ့ထက်ဝက်တိတိကျိုးခဲ့ပြီးပြီ။ အဲ့ဒီလိုအချိန်မျိုး မှာ ဘိုင်ယန်က အမှတ်ပေးဇယားကို ရှစ်မှတ်အသာနဲ့ ဦးဆောင်ထားနိုင်တယ်ဆိုတော့။ တချို့က ဘွန်ဒက်စ်လီဂါမှာ ဘိုင်ယန်ရဲ့လွှမ်းမိုးမှုအခြေအနေကို ထောက်ပြလာကြတယ်။

ဘိုင်ယန်နှင့် ဘွန်ဒက်စ်လီဂါနေ့စွဲများ

ပြောမယ်ဆိုရင်တော့ ဘိုင်ယန်အနေနဲ့ လက်ရှိအမှတ်ပေးဇယား ထိပ်ဆုံးမှာရှိနေကာ ရှစ်မှတ်အထိ အသာရထားတယ်ဆိုသော်ငြား။ အဲ့ဒီရှစ်မှတ်ဟာ မကျေပျက်နိုင်လောက်တဲ့ ပမာဏမဟုတ်ဘူး။ လက်ရှိ ဘိုင်ယန်ရဲ့ဦးဆောင်မှုကို အခြားအသင်းတွေကျော်ဖြတ်ဖို့ ခဲယဉ်းလွန်းတဲ့ ပမာဏမျိုးမဟုတ်ဘူး။ အရှင်းဆုံးပြောရရင် သုံးပွဲလောက်အနိုင်အရှုံး အဖြေပြောင်းသွားရုံနဲ့ ဦးဆောင်သူနေရာဟာလည်း အပြောင်းအလဲပြန်ဖြစ်နိုင်ခြေရှိတယ်လို့ တချို့ကတော့ ပြန်လည်သုံးသပ်ကြပြီး ဘွန်ဒက်စ်လီဂါ ဒုတိယရာသီဝက်အပေါ် ရင်ခုန်စိတ်လှုပ်ရှားကြတယ်။

ဒါပေမယ့် ပြောမယ်ဆိုရင် အဲ့ဒီလို လက်ရှိဘိုင်ယန်ရဲ့ဦးဆောင်မှုအခန်းကဏ္ဍဟာ ရှစ်မှတ်သာကွာဟသလို အဲ့ဒီ ရှစ်မှတ်ဆိုတဲ့ပမာဏဟာလည်း ကြီးမားတဲ့ကွာခြားမှုရယ်လို့ မဆိုနိုင်တာမှန်သော်ငြား။ တချို့ကတော့ အဲ့ဒီ ရှုမြင်သုံးသပ်မှုဟာ သချ်ာသဘောဆန်လွန်းတယ်လို့ ထောက်ပြကြတယ်။ အထူးသဖြင့် ဘွန်ဒက်စ်လီဂါမှာ ပြီးခဲ့တဲ့ရာသီဝက်အတွင်း ဘိုင်ယန်ရဲ့ တည်ငြိမ်မှုလိုမျိုး တွေ့ရတဲ့အသင်းဆိုတာ မရှိသလောက်ရှားတယ်လို့ အကောက်အယူလုပ်ကြတယ်။

ပြောရရင် ပြီးခဲ့တဲ့ရာသီဝက်မှာ ဘိုင်ယန်ဟာ အင်ပြည့်အားပြည့် ပွဲထွက်နိုင်တဲ့ပွဲအရေအတွက် နည်းတယ်။ ရိဘာရီနဲ့ ရော်ဘင်တို့က ပြီးခဲ့တဲ့ရာသီဝက်တစ်လျှောက်လုံး ဒဏ်ရာပြဿနာနဲ့ ရုန်းကန်ခဲ့ကြရတယ်။ ပြောချင်တာက အဲ့ဒီလို အဓိကတောင်ပံကစားသမားနှစ်ဦး တစ်ပြိုင်နက် ဒဏ်ရာပြဿနာနဲ့ ရုန်းကန်နေရခြင်းဟာ အခြားအသင်းတစ်သင်းအတွက်ဆိုရင် ကြီးမားတဲ့ထိုးနှက်ချက်တစ်ရပ် ဖြစ်နိုင်သော်ငြား ဘိုင်ယန်ကတော့ ဒေါက်ကလပ်ကော်စတာ၊ ကိုးလ်မန်းတို့ရဲ့ အစားဝင်ဖြည့်တင်းနိုင်မှုအားနဲ့အတူ လုံးဝယိုင်ထွက်သွားခြင်း မရှိခဲ့ဘူး။

အရှင်းဆုံးပြောရရင် အဲ့ဒီလို ရိဘာရီနဲ့ရော်ဘင်တို့ ဒဏ်ရာပြဿနာနဲ့ ရုန်းကန်ခဲ့ကြရတဲ့ ပထမအကျော့ ၁၇ပွဲမှာတောင် ဘိုင်ယန်ဟာ ၁၅ ပွဲ တိတိနိုင်ပြီး ၁ ပွဲသာ ရှုံးတယ်ဆိုတော့ ဘွန်ဒက်စ်လီဂါမှာ ဘိုင်ယန်ရဲ့ အခြေခိုင်မှုဟာ အခြားအသင်းတွေထက် ခေါင်းတစ်လုံးပိုမြင့်တယ်ဆိုတာ မြင်သာလွန်းတဲ့အနေအထားအရ ဒီဒုတိယရာသီဝက်မှာရော သချ်ာသဘောတရားအရ အမှတ်ကွာဟမှုဟာ မလိုက်နိုင်လိုက်အောင် မပြင်းထန်သော်ငြား ဘိုင်ယန်ကို ပြန်ကျော်တက်နိုင်တဲ့အသင်း ရှိပါ့မလားဆိုတာ မေးစရာဖြစ်လာတယ်။

တကယ်တော့ပေါ့။ ပြီးခဲ့တဲ့ ပထမရာသီဝက်မှာ ဘိုင်ယန်ဟာ ဖရန့်ဖတ်နဲ့ ဂိုးမရှိသရေကျခဲ့မှု၊ ဂလာဘတ်ချ်ကို အရေးနိမ့်ခဲ့မှုဆိုတဲ့ နှစ်ပွဲသာခြေချော်ခဲ့ပြီး ကျန် ၁၅ ပွဲလုံးနိုင်တယ်။ အဲ့ဒီလိုနိုင်တဲ့အထဲမှာ လေဗာကူဆင်လို ထိပ်တန်းအသင်းဝင်အသင်းကို သုံးဂိုးပြတ် အသင်းကောင်းတစ်သင်းဖြစ်တဲ့ ဝုဖ်ဘတ်ကို ၅-၁ ဂိုး၊ အဓိကပြိုင်ဘက်ဖြစ်ပြီး ဒီရာသီမှာလည်း ဒုတိယနေရာကနေ အနီးကပ်ဆုံး ဖိအားပေးနိုင်တဲ့ ဒေ့ါမွန်ကို ၅-၁ ဂိုးတို့နဲ့ အနိုင်ရတဲ့ပွဲတွေတောင်ပါတယ်။ ဒီတော့ ပြီးခဲ့တဲ့ရာသီဝက်မှာ ဘိုင်ယန်ရဲ့အခြေခိုင်မှုကို အခြားအသင်းတွေ ဘယ်လိုမှလိုက်မမီနိုင်ဘူးဆိုတာ မြင်သာလွန်းတယ်။

ပြောမယ်ဆိုရင်ပေါ့။ ဒီရာသီမှာ ဘိုင်ယန်ဟာ ပွဲစဉ်(၆)ပြီးကတည်းက အဆင့် (၁)နေရာကို စပြီးရခဲ့တာ အဲ့ဒီလိုရပြီးကတည်းက အဆိုပါနေရာကနေ ဆင်းပေးရခြင်းလုံးဝမရှိခဲ့သလို မနှစ်က ရာသီတုန်းကဆိုရင်လည်း ဘိုင်ယန်တို့ ဘွန်ဒက်စ်လီဂါမှာ ချန်ပီယံဖြစ်ခဲ့ရာမှာ ပွဲစဉ်(၅)ကနေစပြီး အဆင့် (၁)နေရာကို ရောက်ရှိကာ ရာသီဆုံးအထိ အဆင့် (၁)နေရာမှာသာ တောက်လျှောက်ရပ်တည်ပြီး ချန်ပီယံဖြစ်ခဲ့တာပဲဖြစ်တယ်။ ထပ်ပြောရရင် တစ်နှစ်ကလည်း ပွဲစဉ်(၈)အပြီးမှာ ဘိုင်ယန်ဟာ အဆင့်(၁)နေရာကိုရရှိခဲ့ပြီး ရာသီဆုံးအထိအဆိုပါ အဆင့်(၁)နေရာမှာသာ တောက်လျှောက်ရပ်တည်ကာ ချန်ပီယံဖြစ်ခဲ့တာဖြစ်သလို ၂၀၁၂-၁၃ တုန်းကဆိုရင် ရာသီတစ်လျှောက်လုံး ပွဲစဉ် (၁) ကနေစပြီး ပွဲစဉ် ၃၄ အထိ အဆင့် (၁)နေရာမှာသာ တောက်လျှောက်ရပ်တည်ပြီး ချန်ပီယံဖြစ်ခဲ့တာဆိုတော့ ဘွန်ဒက်စ်လီဂါမှာ ဘိုင်ယန်ရဲ့ လွှမ်းမိုးမှုဟာ အတော်လေးပြင်းထန်မှုရှိတယ်လို့ ညွှန်းဆိုထောက်ပြကြတယ်။

ပြောမယ်ဆိုရင်ပေါ့။ ပြီးခဲ့တဲ့ ၁၀ စုနှစ် နှစ်ခုအတွင်းမှာ ဘိုင်ယန်ရဲ့လွှမ်းမိုးမှုကို ဖောက်ထွက်ပြီး ချန်ပီယံဖြစ်ခဲ့တဲ့အသင်းဆိုလို့ ဒေ့ါမွန်၊ စလေ့ာတန်၊ ဝါဒါဘရီမင်၊ စတုဂတ်၊ ဝုဖ်ဘတ်တို့ ငါးသင်းပဲရှိတယ်။ ဒါပေမယ့် အဲ့ဒီ ငါးသင်းစလုံးဟာ ရောက်ပြီးသားအဆင့်တစ်ရပ်မှာ ဆက်လက်ရပ်တည်နိုင်ဖို့အတွက် ဘယ်လိုမှစွမ်းဆောင်နိုင်မှု မရှိခဲ့ကြဘူး။ စလေ့ာတန်ဆိုရင် ဘွန်ဒက်စ်လီဂါမှာတောင် ရပ်တည်နိုင်ခြင်းမရှိတော့ဘဲ ဘွန်ဒက်စ်လီဂါဒုတိယတန်းကိုတောင် ဆင်းသက်ရပ်တည်ခဲ့ရတယ်။ စတုဂတ်ဆိုရင်လည်း မနှစ်ကရာသီမှာ တန်းတင်ကျန်ရစ်ဖို့တောင် ရုန်းကန်ခဲ့ရပြီး ဒီရာသီမှာလည်း အောက်ဆုံးလေးသင်းအတွင်းမှာသာ ကျင်လည်နေရတယ်။ ဝါဒါဘရီမင်ဆိုရင်လည်း တန်းဆင်းဇုန်အတွင်းတောင်ရောက်နေပြီး ဝုဖ်ဘတ်ကလည်း ဒီရာသီမှာ ဥရောပဝင်ခွင့် အဝန်းအဝိုင်းအတွင်းကိုတောင် မရောက်နိုင်သေးဘူး။

ဒီတော့ အဲ့ဒီအခြေအနေတွေဟာ ဘွန်ဒက်စ်လီဂါမှာ အခြားအသင်းတွေနဲ့ ဘိုင်ယန်ကြား ခြားနားမှုကြီးမားလွန်းတယ်ဆိုတာ ပြသရာရောက်တယ်လို့ ထောက်ပြကြတာပဲဖြစ်တယ်။ အရှင်းဆုံးပြောရရင်တော့ ဘိုင်ယန်က တစ်နှစ်ထက်တစ်နှစ် ခနအင်အားပိုင်းအရရော၊ ကစားသမားအင်အားပိုင်းအရပါ တောင့်တင်းသထက် တောင့်တင်းနေချိန်မျိုးမှာ အခြားအသင်းတွေက ရှိပြီးသားအလုံးအရပ်လျော့မသွားဖို့တောင် မနည်းကျားကန်နေရတယ်။

ပြောမယ်ဆိုရင်။ အသင်းပုံရိပ်အရလည်း ဘွန်ဒက်စ်လီဂါမှာ ဘယ်အသင်းမှ ဘိုင်ယန်ကို မမီကြဘူး။ ဘိုင်ယန်က ကမ္ဘာနဲ့ချီပြီး ဈေးကွက်ထိုးဖောက်နိုင်သော်ငြား အခြားအသင်းတွေက ဥရောပနဲ့ ပြည်တွင်းကို လွှမ်းမိုးနိုင်ဖို့တောင် အနိုင်နိုင်ဖြစ်နေကြတယ်။ ဒီတော့ ခနအင်အားပိုင်းကလည်း တစ်နေ့တခြား ကွာဟလာတာနဲ့အမျှ ကိုယ့်အသင်းရဲ့ ရပ်တည်မှုကို အခွန့်ရှည်အောင် မထိန်းနိုင်ကြတဲ့အပြင် ကိုယ့်အသင်းရဲ့အင်အားကို တိုးပွားအောင်မလုပ်နိုင်သလို ကိုယ့်ရဲ့အဓိကအားတွေကိုပါ ဘိုင်ယန်ဆီထိုးပေးရတဲ့ဘဝ တွေဖြစ်ခဲ့မှုနဲ့အတူ ဘိုင်ယန်ရဲ့လွှမ်းမိုးမှုဟာ ဘွန်ဒက်စ်လီဂါမှာ အခွန့်ရှည်လာခဲ့တာပဲဖြစ်တယ်။

လက်ရှိအချိန်မှာတင် ဘိုင်ယန်ရဲ့ အဓိကကစားသမားတွေအထဲမှာတောင် အဓိကပြိုင်ဘက်အသင်းတွေဆီက ရောက်ရှိလာတဲ့ကစားသမား အတော်များများရှိတယ်။ လီဝမ်ဒေါစကီးနဲ့ ဂေ့ါဇီကို ဒေ့ါမွန်ကနေရတာ။ နူအာကို ရှော်လ်ကေးကနေခေါ်ခဲ့တာ။ ဘက်စတူအာကိုလည်း စတုဂတ်ကနေရခဲ့တာ။ ဒါ့အပြင် ဘိုင်ယန်ရဲ့ သမိုင်းကြောင်းမှာ ခြေစွမ်းပြခဲ့တဲ့ ကစားသမားတွေထဲမှာလည်း ပြည်တွင်းပြိုင်ဘက်တွေဆီကနေရခဲ့တဲ့ ကစားသမားအတော်များများရှိတယ်။ ဂန္တဝင်ကစားသမား အိုလီဗာခန်းဆိုရင် ကားရူဟာကနေရခဲ့တာဖြစ်သလို ဂန္တဝင်တိုက်စစ်မှူး အယ်ဘာကိုလည်း စတုဂတ်ကနေ ခေါ်ယူနိုင်ခဲ့တာပဲဖြစ်တယ်ဆိုတော့ ဘွန်ဒက်စ်လီဂါမှာ ဘိုင်ယန်ရဲ့ နာမည်အရရော ငွေကြေးအရပါ လွှမ်းမိုးမှုကို အခြားအသင်းတွေ တောင့်ခံနိုင်ခြင်း လုံးဝမရှိခဲ့ကြတာ ထင်ရှားလွန်းတယ်။

ဒီတော့ ဆိုခဲ့ပြီးတဲ့အတိုင်း ဒီနှစ်ရာသီမှာလည်း ဘိုင်ယန်ရဲ့လွှမ်းမိုးမှုကိုတောင် ကျော်ဖြတ်ပြီး ချန်ပီယံဖြစ်လောက်တဲ့အသင်း ရှိနိုင်ပါ့မလား။ ဒီနောက်ပိုင်းခေတ်မှာ ခေါင်းထောင်လာတဲ့ ဒေ့ါမွန်တောင်မှ ဘိုင်ယန်ရဲ့ စနစ်တကျဖြိုချမှုကို ခံခဲ့ရပြီး ပြန်လည်တည်ငြိမ်အောင်မနည်း လုပ်ယူနေရတဲ့အခြေအနေရောက်နေပြီဆိုတော့။ တချို့သော ကျွမ်းကျင်သူတွေကတော့ ရှေ့နှစ်တွေတုန်းကလို ဘိုင်ယန်သာ ဘွန်ဒက်စ်လီဂါထိပ်ဆုံးနေရာကို ရောက်ရှိခဲ့ရင် အဲ့ဒီနေရာကို အခြားအသင်းတွေ လုယူနိုင်မှုမရှိခဲ့သလိုမျိုး ဒီရာသီ ဒုတိယနှစ်ဝက်မှာလည်း ဘိုင်ယန်ရဲ့ ထိပ်ဆုံးနေရာကို ပြန်လုယူနိုင်ဖို့ခက်မယ်လို့ တွက်ဆသလို ဘွန်ဒက်စ်လီဂါသမိုင်းဟာ ဘိုင်ယန်ရဲ့သမိုင်းသာဖြစ်တယ်လို့ပဲဆိုချင်မိတယ်။

ဝေမိုးဆက်

ဒီယေဂိုကော်စတာကို ခေါ်ယူရန် အက်သလက်တီကို အရှိန်မြှင့် ကြိုးစားလာဖွယ် ရှိကြောင်း သတင်းများ ထွက်ပေါ်လာ

စပိန်ကလပ် အက်သလက်တီကိုအသင်းသည် ဇန်နဝါရီဈေးကွက်ကာလ မပိတ်သိမ်းမီတွင် ချယ်လ်ဆီးအသင်းတိုက်စစ်မှူး ဒီယေဂိုကော်စတာကို ပြန်လည်ခေါ်ယူနိုင်ရေးအတွက် အရှိန်အဟုန်မြှင့်ကြိုးစားရန် စီစဉ်နေသည်ဟု သတင်းများထွက်ပေါ်လျက်ရှိသည်။

အသက် ၁၈ နှစ်အောက် လူငယ်ကစားသမားများကို ခေါ်ယူရာတွင် စည်းကမ်းချိုးဖောက်ခဲ့မှုများကြောင့် အက်သလက်တီကိုအသင်းနှင့်အတူ မြို့ခံပြိုင်ဘက် ရီးရဲမက်ဒရစ်အသင်းကို ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ)က လာမည့် နွေရာသီဈေးကွက်နှင့် ၂၀၁၇ ခုနှစ် ဇန်နဝါရီဈေးကွက်ကာလတို့တွင် ကစားသမားခေါ်ယူခွင့်ပိတ်ပင်သည့် ပြစ်ဒဏ်ချမှတ်လိုက်ပြီးနောက် ယခုကဲ့သို့ သတင်းများထွက်ပေါ်လာခြင်းဖြစ်သည်။ အက်သလက်တီကိုအသင်းသည် ဖီဖာမှချမှတ်ခဲ့သည့် ပြစ်ဒဏ်အတွက် အယူခံတင်သွင်းမည်ဖြစ်သော်လည်း အဆိုပါ အယူခံတင်သွင်းမှုမှာ အောင်မြင်ဖွယ်မရှိဟု ထင်ကြေးပေးမှု ကျယ်ကျယ်ပြန့်ပြန့် ထွက်ပေါ်နေခြင်းကြောင့် တိုက်စစ်မှူး ဒီယေဂိုကော်စတာကို ယခု ဇန်နဝါရီဈေးကွက်ကာလအတွင်း ခေါ်ယူနိုင်ရန် ရည်ရွယ်ထားခြင်းဖြစ်ကြောင်း သတင်းများတွင် ဆက်လက်ရေးသားထားသည်။

ဘရာဇီးနိုင်ငံဖွား စပိန်တိုက်စစ်မှူး ဒီယေဂိုကော်စတာ(၂၇နှစ်)သည် ၂၀၁၄ ခုနှစ် ဇူလိုင်လ ၁ ရက်တွင် အက်သလက်တီကိုမှ ချယ်လ်ဆီးအသင်းသို့ ပြောင်းရွှေ့ကြေး ပေါင် ၃၂ သန်း ဖြင့် ပြောင်းရွှေ့လာသူဖြစ်သည်။ ချယ်လ်ဆီး ကစားသမားဘဝ ပထမဆုံးရာသီဖြစ်သည့် ၂၀၁၄-၁၅ ခုနှစ် ဘောလုံးရာသီတွင် တိုက်စစ်မှူး ဒီယေဂိုကော်စတာသည် ခြေစွမ်းပြကစားနိုင်ခဲ့ကာ ပရီမီယာလိဂ်ပြိုင်ပွဲ၌ ၂၆ ပွဲ ပါဝင်ကစားပြီး ဂိုး ၂၀ အထိ သွင်းယူနိုင်ခဲ့သူဖြစ်သည်။ သို့သော်လည်း ယခုနှစ် ဘောလုံးရာသီတွင်မူ ဒီယေဂိုကော်စတာ အနေဖြင့် ခြေစွမ်းပြနိုင်ရန် ရုန်းကန်နေရပြီး ပရီမီယာလိဂ်ပြိုင်ပွဲတွင် ၁၇ ပွဲ ပါဝင်ကစားပြီးချိန်၌ ခြောက်ဂိုးသာ သွင်းယူပေးထားနိုင်သေးသည်။

တိုက်စစ်မှူး ဒီယေဂိုကော်စတာသည် ဇန်နဝါရီ ၁၆ ရက်တွင် ချယ်လ်ဆီးနှင့် အဲဗာတန်အသင်းတို့ သုံးဂိုးစီသရေကျခဲ့သော ပရီမီယာလိဂ်ပွဲစဉ်၌ ညာဘက်ခြေထောက် ညို့သကျည်းဒဏ်ရာရရှိခဲ့ခြင်းကြောင့် ပွဲချိန် မိနစ် ၈၀ တွင် လူစားလဲခံခဲ့ရကာ အဆိုပါဒဏ်ရာကြောင့် ဇန်နဝါရီ ၂၄ ရက်တွင် ချယ်လ်ဆီးအသင်းက အာဆင်နယ်အသင်းနှင့် ရင်ဆိုင်ရမည့် ပရီမီယာလိဂ် အဝေးကွင်းပွဲစဉ်တွင် ပါဝင်နိုင်ရန် မသေမချာဖြစ်နေရသည်။

ဂ နိုင်ငံတကာဘောလုံး

မြန်မာအလင်း

၂၂-၁-၂၀၁၆ (သောကြာနေ့)

ပရီမီယာလိဂ်ပွဲစဉ် (၂၂) မှာတော့ ချယ်လ်ဆီးဟာ အဲဗာတန်ကို အနိုင်မယူနိုင်ခဲ့ဘဲ သရေသာကစားနိုင်ခဲ့ကာ နှစ်ပွဲဆက်သရေရလဒ်နဲ့ ကြုံတွေ့သွားခဲ့ရပါတယ်။ ဒါကြောင့် ချယ်လ်ဆီးအနေနဲ့ လာမယ့်ဇန်နဝါရီ ၂၃၊ ၂၄ ရက်တွေမှာ ကျင်းပမယ့် ပွဲစဉ် (၂၃) မှာ နိုင်ပွဲပြန်ရအောင် အားစိုက်လာဖို့ရှိနေပါတယ်။ ဒါပေမယ့်လည်း အဆိုပါပွဲစဉ်မှာ ချယ်လ်ဆီးဟာ အာဆင်နယ်နဲ့ ဆုံတွေ့နေရပါတယ်။ ဒါကြောင့် အဆိုပါပွဲစဉ်မှာ ချယ်လ်ဆီး နိုင်ပွဲပြန်ရနိုင်ပါ့မလားဆိုတာ စောင့်ကြည့်သွားရမှာပါ။

အာဆင်နယ် VS ချယ်လ်ဆီး 10 : 30 / 24 January 2016 / Anfield

ပွဲကြီး၊ ပွဲကောင်းတစ်ပွဲဖြစ်ပါတယ်။ ပထမအကျော့တုန်းက အာဆင်နယ်ဟာ မော်ရင်ညိုရဲ့ချယ်လ်ဆီးကို အကောင်းဆုံးတုံ့ပြန်ကစားနိုင်ခဲ့ပေမယ့် ချယ်လ်ဆီးတိုက်စစ်မှူး ဒီယေဂိုကော်စတာရဲ့ ဗျူဟာကြောင့် ဂါဘရီရယ်နဲ့ ကာဇိုလာတို့ ထုတ်ပယ်ခံရမှုနဲ့အတူ နှစ်ဂိုးပြတ်အရေးနိမ့်ခဲ့ရပါတယ်။ ဒါကြောင့်လည်း ဒီပွဲစဉ်မှာ အာဆင်နယ်တို့ရှုံးကြွေးပြန်ဆပ်နိုင်ဖို့ ကြိုးစားလာမယ့်အပြင် အဆိုပါ ဒီယေဂိုကော်စတာနဲ့ဖြစ်ပွားခဲ့တဲ့ပြဿနာကြောင့် ပွဲကပြိုင်ဆိုင်မှု ပိုမိုပြင်းထန်နိုင်ကာ အကြိတ်အနယ်ရှိပါလိမ့်မယ်။ လက်ရှိအချိန်မှာတော့ ချယ်လ်ဆီးဟာ မန်နေဂျာ ဟစ်ဒင့်ရဲ့လက်ထက်မှာ ကစားပုံနဲ့စိတ်ဓာတ်ပိုင်းက ကောင်းမွန်မှုအပြည့်ရှိလာသလို နိုင်လိုစိတ်လည်းပြင်းထန်လာပါတယ်။ တိုက်စစ်ပိုင်းမှာလည်း ဒီယေဂိုကော်စတာ ဂိုးသွင်းခြေရနေပါတယ်။ ဒါပေမယ့် တယ်ရီဦးဆောင်တဲ့ခံစစ်ကတော့ အခုအချိန်ထိ တည်ငြိမ်မှုမရှိသေးပါဘူး။ နောက်ဆုံးနှစ်ပွဲမှာ ငါးဂိုးအထိပေးခဲ့ရပါတယ်။ ဒါ့အပြင် အဲဗာတန်နဲ့ပွဲမှာ ရရှိခဲ့တဲ့ဒဏ်ရာကြောင့် အဓိကတိုက်စစ်မှူး ဒီယေဂိုကော်စတာသာ ဒီပွဲမှာ ပါဝင်နိုင်မှုမရှိခဲ့ရင် ချယ်လ်ဆီးတို့ပိုမိုအားပျော့သွားနိုင်ပါတယ်။ အာဆင်နယ်ကတော့ အခုနောက်ပိုင်းမှာ ဂိုးသွင်းခြေရရှိနေသလို အိမ်ကွင်းမှာ နိုင်ပွဲရရှိရေးအတွက်လည်း အားစိုက်ကစားလာမှာ သေချာနေပါတယ်။ ဒါ့အပြင် အာဆင်နယ်ရဲ့ အသင်းလိုက်ကစားအားကလည်း ထက်မြက်မှုရှိတာကြောင့် ဒီပွဲမှာတော့ အာဆင်နယ်ကသာ နိုင်ပွဲပြန်လည်ရယူသွားဖို့ရှိနေပါတယ်။

နော့ဝှစ်ချ် VS လီဗာပူး

ဘုန်းမောက်ကို ဂိုးပြတ်ရှုံးနိမ့်ပြီး နှစ်ပွဲဆက်တိုက်ရှုံးပွဲကြုံခဲ့တဲ့ နော့ဝှစ်ချ် ခြေက ပျက်ယွင်းနေပါတယ်။ ဒီပွဲမှာလည်း အိမ်ကွင်းအားနဲ့ရလဒ်ကောင်းဖို့ ကြိုးစားမှာဖြစ်ပေမယ့် ခံစစ်ပိုင်းအားနည်းနေမှုအရ လီဗာပူးရဲ့တုံ့ပြန်ထိုးဖောက်မှုတွေကို ထိန်းချုပ်ဖို့ခက်ပါတယ်။ ချန်ပီယံလိဂ်ဝင်ခွင့်မျှော်လင့်နေတဲ့ လီဗာပူးတို့ နိုင်ပွဲရယူသွားနိုင်မှာပါ။

ဝက်ဖို့ဒ် VS နယူးကာဆယ်

မန်ယူကို သရေကစားနိုင်ခဲ့သလို ပြီးခဲ့တဲ့နောက်ဆုံးပွဲစဉ်မှာလည်း ဝက်စ်ဟမ်းကို အနိုင်ရခဲ့တဲ့ နယူးကာဆယ်ရဲ့ခြေက ပြန်ပြီးကောင်းမွန်လာပါတယ်။ နယူးကာဆယ်အနေနဲ့ အဝေးကွင်းမှာ တိုက်စစ်ကစားပုံအားနည်းတတ်တယ်ဆိုပေမယ့်လည်း အိမ်ရှင်ဝက်ဖို့ဒ်ရဲ့ခြေက ပျက်ယွင်းနေပါတယ်။ ကာဆယ်တို့ သရေလောက်ကစားနိုင်မှာပါ။

ခရစ္စတယ်လ်ပဲလေ့စ် VS စပါး

စပါးက ချန်ပီယံလိဂ်ဝင်ခွင့်ရဖို့ မျှော်လင့်နေတဲ့အသင်းဖြစ်ပါတယ်။ တိုက်စစ်ပိုင်းက ဂိုးသွင်းခြေအနည်းငယ်မတည်ငြိမ်ပေမယ့် အသင်းလိုက်ကစားပုံကတော့ ထက်မြက်မှုရှိပါတယ်။ ပဲလေ့စ်ကတော့ အိမ်ကွင်းကစားပုံကောင်းမွန်တတ်ပေမယ့် လက်ရှိခြေနဲ့ တိုက်စစ်ပိုင်းက ကျဆင်းနေပါတယ်။ စပါးတို့ နိုင်ပွဲရနိုင်ပြီး ဂိုးပြတ်ဖို့တော့ခက်ပါတယ်။

ဝက်စ်ဘရွန်း VS အက်စ်တွန်ဗီလာ

ပဲလေ့စ်ကို အနိုင်ရခဲ့သလို နောက်ဆုံးပွဲစဉ်မှာလည်း လက်စတာကို သရေကစားနိုင်ခဲ့တဲ့ ဗီလာရဲ့ခြေက တက်လာတယ်လို့ဆိုနိုင်ပါတယ်။ တန်းမဆင်းရဖို့အတွက်လည်း အားစိုက်ကစားလာမှာ သေချာနေပါတယ်။ ဝက်စ်ဘရွန်းကတော့ အိမ်ကွင်းအားနဲ့ ဖိအားပေးသွားမှာဖြစ်ပေမယ့် ခြေကတော့ သာမန်သာရှိပါတယ်။ ဝက်စ်ဘရွန်းနိုင်ရင်တောင် မပြတ်သားဘူး။

မန်ယူ VS ဆောက်သမ်တန်

ဝက်စ်ဘရွန်းနဲ့ ဝက်ဖို့ဒ်တို့ကို နှစ်ပွဲဆက်အနိုင်ကစားခဲ့တဲ့ ဆောက်သမ်တန်ရဲ့ခြေက ထက်မြက်မှုရှိလာပါတယ်။ အထူးသဖြင့် အဲဒီနှစ်ပွဲမှာ ငါးဂိုးသွင်းပြီး ပေးဂိုးမရှိခဲ့တဲ့ ဆောက်သမ်တန်ရဲ့ကစားအားက မန်ယူကို အခက်တွေ့စေနိုင်တယ်။ မန်ယူတို့ အမှတ်လိုအပ်နေတာကြောင့် အိမ်ကွင်းမှာ အားစိုက်ကစားမှာဖြစ်ပေမယ့် နိုင်ရင်တောင်မှ မပြတ်သားဘူး။

ဝက်စ်ဟမ်း VS မန်စီးတီး

မန်စီးတီးက နောက်ဆုံးပွဲစဉ်မှာ ပဲလေ့စ်ကို ဂိုးပြတ်နိုင်ခဲ့ပေမယ့် အဝေးကွင်းပွဲစဉ်တွေမှာဆိုရင် တိုက်စစ်ပိုင်းက ဂိုးသွင်းခြေတည်ငြိမ်မှု အားနည်းတာကို သတိပြုရမယ်။ ဝက်စ်ဟမ်းကလည်း ရှုံးပွဲကြုံတွေ့ခဲ့ရလို့ နိုင်ပွဲပြန်ရရေး အိမ်ကွင်းမှာ အားစိုက်ကစားလာဖို့ ရှိနေတယ်။ မန်စီးတီး အနိုင်ရနိုင်ပေမယ့် ဂိုးပြတ်ဖို့ တော်တော်ခက်မယ်။

ဆန်းဒါးလန်း VS ဘုန်းမောက်

ဆွမ်ဆီး၊ ဗီလာတို့ကို နိုင်ခဲ့ပြီးမှ စပါးကို ဂိုးပြတ်ရှုံးခဲ့တဲ့ ဆန်းဒါးလန်းခြေက မတည်ငြိမ်ပါဘူး။ တိုက်စစ်က ဂိုးသွင်းခြေရှိပေမယ့် ခံစစ်က ဘယ်ပြိုင်ဘက်ကိုမဆို ဂိုးတွေလွယ်လွယ်ပေးနေရပါတယ်။ ဘုန်းမောက်တို့ အဝေးကွင်းခြေ အနည်းငယ်မတည်ငြိမ်ပေမယ့် ဆန်းဒါးလန်းရဲ့ ခံစစ်အားနည်းမှုကြောင့် သရေလောက်ကစားနိုင်မှာပါ။

လက်စတာ VS စတုတ်

လက်စတာဟာ အသင်းလိုက်ခြေစွမ်းပိုင်းကောင်းမွန်နေဆဲဆိုပေမယ့် တိုက်စစ်ကတော့ ဂိုးသွင်းခြေကျဆင်းလာတာကို တွေ့ရပါတယ်။ စတုတ်ကလည်း အသင်းလိုက်ကစားပုံမာကျောပြီး တိုက်စစ်ကထိုးဖောက်ကစားပုံကောင်းမွန်နေတာကြောင့် ဒီပွဲမှာလည်း လက်စတာတို့အခက်အခဲနဲ့ ရင်ဆိုင်နိုင်ပါတယ်။ လက်စတာ သရေလောက်ပဲရမယ်။

အဲဗာတန် VS ဆွမ်ဆီး

အဲဗာတန်က ခံစစ်မငြိမ်ပေမယ့် ကွင်းလယ်ကစားအားနဲ့ ထိုးဖောက်ကစားပုံကထက်မြက်ကာ အိမ်ကွင်းလည်းဖြစ်လို့ ခြေစွမ်းပိုင်းသာမန်သာရှိတဲ့ ဆွမ်ဆီးကို ဖိအားပေးကစားသွားနိုင်မှာပါ။ လေးပွဲတိတိနိုင်ပွဲပျောက်ခဲ့တဲ့ အဲဗာတန်ပဲ နိုင်ပွဲပြန်ရဖို့ရှိပါတယ်။